အုံဖွယ်စာရေးဆရာ

[ထာသာစာပေ၊ ယဉ်ကျေးမှုအထွေထွေ]

ဒဂုန်ဦးထွန်းမြင့်

ပဲခူးတိုင်း ပဲခူးမြို့နယ် (ယခင် ကဝမြို့နယ်) မယ်သီလုကန်ရွာ ဇာတိ ဖြစ်သည်။ အဖ လယ်သမားကြီး ဦးမောင်ဖေနှင့် အမိ ဒေါ်နှင်းရည်တို့မှ ၁၉၀၈ ခု ဇွန်လ ၂၇ ရက် စနေနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးထွန်းမြင့် ဖြစ်သည်။

၁၃ နှစ်သားတွင် ကိုရင် ဝတ်သည်။ ဘွဲ့မှာ ရှင်တေဇောသာရ ဖြစ်သည်။ ၁၉ နှစ်သားတွင် ပထမကြီးတန်း အောင်သည်။ ရဟန်းဝတ်သည်။ ကိုရင်ဘဝတွင် ၁၂၉၃ ခုနှစ် နယုန်လထုတ် လယ်တီတရား သတင်းစာ၌ **ရှင်တေဇောသာရ** ဘွဲ့အမည်ဖြင့် စာ စရေးသည်။ ရဟန်းဘဝတွင် ဒဂုန်မဂ္ဂဇင်း ယုဝတီစက္ကူ ကဏ္ဍ၌ **ဟသံတာဓင်ညို** အမည်ဖြင့် စာရေးသည်။ ဒုတိယကမ္ဘာစစ်တွင် လူဝတ်လဲသည်။

၁၉၄၈ တွင် ဒဂုန်မဂ္ဂဇင်း အမှုဆောင်အယ်ဒီတာ၊ ၁၉၅၀ တွင် သုမင်္ဂဝတီ ပိဋကတ်ပုံနှိပ်တိုက်၌ ပါဠို–မြန်မာ စာပြင်ဆရာ၊ ၁၉၅၂ တွင် ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေး ဌာန တွင် စာပြ၊ ၁၉၅၉ တွင် လက်ဆောက်စာတည်း စသည်ဖြင့် အမှုထမ်း သည်။ **ဒဂုန်ဦးထွန်းမြင့်၊ ဒဂုန်တေဇော** အမည်တို့ဖြင့်လည်း စာရေး သည်။

ပထမပြန်သဒ္ဒါ (၁၉၃၉)၊ **ဂေါတမဗုဒ္ဓ** (၁၉၆၅)၊ **ဗုဒ္ဓ၏ သြဝါဒ အမြွေတော** (၁၉၆၅)၊ **ဗုဒ္ဓတရား** (၁၉၆၇)၊ **ပါဠိသက် ဓေါဟာရ အဘိဓာန်** (၁၉၆၈)၊ **ဓာတ်ကြီးဆယ်ဘွဲ့** (၁၉၇၃)၊ **မဟာရာမ ဝတ္ထု** (၁၉၇၃)၊ **ဗုဒ္ဓဘာသာ ကမ္မဝါဒနှင့် မြန်မာ့ယဉ်ကျေးမှု** (၁၉၇၇)၊ **စကား၊ မင်္ဂလာ ရုပ်စုံ၊ အခြေခံ ဗုဒ္ဓဘာသာ၊ အခြေခံ လူ့ကျင့်ဝတ်၊ အနတ္တကဗျာ၊ ငါးပါးသီလ ကဗျာ** စသည်တို့ကို ပြုစုခဲ့သည်။ မြန်မာနိုင်ငံ သုတေသန အသင်းအတွက် သတ္တရူပက ဝိလာသနီကျမ်းကို တည်းဖြတ်ခဲ့သည်။ ၁၉၇၂ ခု အောက်တိုဘာ ၈ ရက်တွင် ကွယ်လွန်သည်။

ရာပြည့်စာအုပ်တိုက်
၁၅ နှစ်ပြည့်
အမှတ်တရ စာစဉ်များ

၁။ မော်ဘီဆရာသိန်း၏ ဘုရားသမိုင်းပေါင်းချုပ်
၂။ ဒဂုန်ဦးထွန်းမြင့်၏ အံ့ဖွယ်စာရေးဆရာ
[ဘာသာ စာပေ၊ ယဉ်ကျေးမှု အထွေထွေ]
၃။ နွယ်နိုး၏ စိမ်းလန်းသော တောင်ကုန်း
[အက်ဆေး၊ ဝတ္ထုတို / ရှည် စုစည်းမှု]
၄။ သန်းဆွေ၏ သံသာလေ ကမ်းတိုင်
၅။ သိပ္ပံမောင်ဝ ပြဇာတ်များ
၆။ မောင်ခင်မင် (ခနဲဖြူ)၏ စာအုပ်များအကြောင်းကို ပြောဆိုပါမည်
၇။ ဒေါက်တာကျော်စိန်၏ ပျိုဖော်ဝင် စိတ်ပညာ
၈။ ကျော်အောင်၏ အိုက်ဗန်၏ နိဂုံးကမ္မတ်
[The Death of Ivan Ilych by Leo Tolstoy]
၉။ မြင့်သန်း၏ တို့များ အချစ်အကြောင်း ပြောကြတဲ့အခါ တို့များ
ပြောကြတာတွေက ..... နှင့် အခြား ဝတ္ထုတိုများ

ရာပြည့်စာအုပ်တိုက်
၁၅ နှစ်ပြည့် အမှတ်တရ စာစဉ် ၂

အံ့ဖွယ်စာရေးဆရာ

[ဘာသာ စာပေ၊ ယဉ်ကျေးမှု အထွေထွေ]

ဒဂုန်ဦးထွန်းမြင့်

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁၊ ၇၁၀၁၀၃

ပုံနှိပ်ခြင်း
ပထမအကြိမ်
(ဧန်နဝါရီ ၂၀၁၀)
အုပ်ရေ [၁၀၀၀]

❑

ထုတ်ဝေသူ
ဦးဝင်းနိုင်၊ ညွှန်ကြားရေးမှူး၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊
သာသနာရေးဦးစီးဌာန၏ စာအုပ်မှတ်။ ၁၁၉/၀၁(ပုံနှိပ်)သသန-၉၊
ရက်စွဲ။ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် ခွင့်ပြုချက်ဖြင့်
ထုတ်ဝေခြင်း။

❑

ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်အော့ဖ်ဆက် [၀၅၉၀၁]၊
၂၄၊ သာယာကုန်းလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇင်

❑

မျက်နှာဖုံး ပန်းချီ
ပန်းချီဆရာကြီး ဦးအုန်းလွင်၏ ပန်းချီကားများကို
လင်းဝင္ဆာ ဒီဇိုင်းဖွဲ့သည်။

❑

တန်ဖိုး
၂၀၀၀ကျပ်

ကူးယူခြင်းခံအခွင့်အရေးမရှိပါ။

မာတိကာ

(က) ဘာသာရေး စာပန်းချီ

၁။ လောကကြီး မမှောင်သေး ၇
၂။ တပည့်ဦး ၁၄
၃။ ညီတော်မင်းနန် ၂၉
၄။ မောင့် ဖခမည်း ၄၆
၅။ သား စေတီ ၆၃
၆။ တရား သေပြီလော ၈၉
၇။ အံ့ဖွယ် စာရေးဆရာ ၁၁၃
၈။ အုတ်ခဲ အစည်းအဝေး ၁၂၇

(ခ) စာအုပ်စာပေ

၁။ ငါးရှဉ်ငါးဆယ် ဇာတ်တော်များ ၁၃၉
၂။ တောင်ဘီလာ
ဆရာတော်နှင့် ရှင်ဥပါလိ ၁၅၄
၃။ မင်္ဂလာကဗျာ ၁၆၃
၄။ ကင်းဝန်မင်းကြီးစာ မဟုတ်ပါ ၁၇၄

စာပြုသူအတွက်ကိုကို

၅။ စကားလုံး သံခိပ်ရေးနည်း ၁၈၃
၆။ ၎င်း ပြဿနာ ၁၉၁
၇။ မုမုနှစ်ဆင့် ခ–နှင့်တွက်ရေ ခုနစ်နေ ၂၀၃
၈။ မြန်မာ့ရိုးရာ ဂဏန်းသင်္ချာ ၂၁၀
၉။ ရွှေကျီးညို ၂၁၉
၁၀။ ကရဝိက်ဖောင် ၂၃၄
၁၁။ စာအုပ်နှင့် ပုံနှိပ်နှစ် ၂၄၃
၁၂။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၂၄၇
၁၃။ အလျားမှောက် ရေးသော်လဲ ၂၅၆
၁၄။ စိတ်ချပါ ငွေတာရီ ၂၆၄

(ဂ) ယဉ်ကျေးမှု အထွေထွေ

၁။ ဟိုတုန်းက ဝါဆို ၂၇၂
၂။ ထမင်းလက်ဆုံစားခြင်း ၂၇၉
၃။ တန်ဆောင်တိုင်ပွဲတော် ၂၈၇
၄။ ငယ်ဦးမှ ကြီးရာသည် ၂၉၂
၅။ လှူကထိန် ၃၀၀

လောကကြီးမမှောင်သေး

သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည်။

ပတ်ဝန်းကျင် လောကကြီးမှာ စိမ်းလန်းသော ကောက်ပဲသီးနှံပင်များ၊ ညို့မှိုင်းသော သစ်ပင်များဖြင့် ကြည်နူးစဖွယ် တင့်တယ်ဝေဆာလျက် ရှိလေရာ အစိမ်းရင့်ရောင် ပန်းအဆုပ်ကြီးများပါသည့် ကတ္တီပါ ကော်ဇောစိမ်းကြီးကို ဖြန့်ခင်းထားသကဲ့သို့ ရှိလေသည်။ နေဝင်လုဆဲ အချိန်ဖြစ်၍ အရှေ့လောကဓာတ်မှ ကြည်ဝင်း ရွန်းတင့်သည့် ပုလဲပွင့်ကြီးနှင့် တူသော လပြည့်ဝန်းကြီးလည်း ထွက်ပြူ၍ လာလေပြီ။ အစိမ်းရောင် ကတ္တီပါ ကော်ဇောကြီးတွင် အရှေ့ဘက်အစွန်း၌ ပုလဲလုံးကြီး တင်လျက် အနောက်ဘက်အစွန်းတွင် ပတ္တမြားလုံးကြီး တင်ထားသကဲ့သို့ စိမ်းလန်း စိုပြည်သည့် လောကဓာတ်ကြီးမှာ ထွက်ပြူစ လဝန်းနှင့် ဝင်လုဆဲ နေဝန်းကြီး၏ အကြားတွင် လွန်စွာ ကြည်နူးဖွယ် ကောင်းသော ရှမျှော်ခင်းကြီး ဖြစ်နေလေတော့သည်။

တစ်မိုးတွင်းလုံး ပင်ပန်းကြီးစွာ ထွန်ယက်လုပ်ကိုင်ခဲ့ပြီးနောက် အောင်မြင်သော အသီးအနှံကြီးများကို ကြည့်ကာ အားရနှစ်သိမ့်ကြသော တောင်သူလယ်သမားများနှင့် ဝါတွင်း သုံးလ

ပတ်လုံး တရားပေစာ အားထုတ်ခဲ့၍ မျှော်မှန်းသည့် အဆင့် အတန်းသို့ ရောက်ရှိသဖြင့် ကျေနပ်နှစ်သိမ့်တော်မူကြသည့် ရဟန်းတော်များ၏ ကြည်လင်သန့်ရှင်း ဖြူဝင်း အေးကြည်သည့် စိတ်ဓာတ်များသည် မိုးကောင်းကင်သို့ လွင့်ပါး ပျံတက်နေကြသည့် အလား ကောင်းကင်ကြီး တစ်ခွင်လုံးမှာလည်း မိုးသားများ ကင်းစင်ကာ ကြည်လင် သန့်ရှင်း၍ နေလေသည်။

ထိုအချိန်၌ သာဝတ္ထိမြို့တော် အရှေ့တံခါးရှိ ကျောင်းတိုက်ကြီး အတွင်းဝယ် ရဟန်းတော်တစ်ပါးသည် ဝင်လုဆဲ နေမင်းကြီးကို စူးစိုက်ရှုစား၍ နေလေ၏။

"နေမင်းကြီးဟာ အခုလို ဝင်ခါနီးမှာ တော်တော် ကြည့်လို့ ကောင်းတာပဲ"

ရဟန်းတော်သည် စိတ်ထဲက ပြောဆိုမိလေ၏။ သူသည် ဝင်လုဆဲ နေကိုကြည့်ရင်း ထွက်ခါစ နေမင်း၏ လှပပုံကိုလည်း တွေးတောလျက် ရှိလေ၏။

"နေသည် ထွန်းလင်းတောက်ပသော အရောင်ဓာတ်ဖြင့် လောကတွင် လွန်စွာတင့်တယ်သော အရာတစ်ခု ဖြစ်ပေသည်တကား"

ရဟန်းတော်သည် ဤသို့ ရှုစား တွေးတောနေရာမှ အရှေ့လောကဓာတ်သို့ လှည့်ကြည့်မိလေရာ ကြည်ပြာရောင် နောက်ခံကားတွင် ပုလဲလုံးကြီး ဆွဲချိတ်ထားသကဲ့သို့ ပြည့်ပြည့်ဝန်းဝန်း ရွန်းရွန်းတင့်တင့် ပုလဲပွင့်ကြီးနှင့် တူသော လပြည့်ဝန်းကြီးကို တွေ့ရလေ၏။

"အင်း... လပြည့်ဝန်းကြီးဟာလည်း မြင်ရသူ နှလုံးအေးအောင် ဖြူဖြူဖွေးဖွေးနဲ့ အလွန် တင့်တယ်ပေတာပဲ"

ရဟန်းတော်သည် လဝန်းကြီးကို စူးစိုက်ရှုစားရင်း ဖြူဖွေးစိမ်းကြည် အမှုန်အနည်ကင်း သန့်ရှင်းအေးမြသည့် နတ်ရေကန်ကြီးကို အပေါ်မှစီး၍ ကြည့်ရသကဲ့သို့ တစ်လောကလုံး ရွင်ပြုံးနှစ်သိမ့်အောင် တောက်ပြောင် ထွန်းပသည့် လမင်း၏ တင့်တယ်ပုံကို တွေးတောနေလေ၏။

သို့ တွေးတောရှုစားနေစဉ် လှုပ်ရှားသော အသံများကို ကြားမိသလိုလို ရှိသဖြင့် ပတ်ဝန်းကျင်သို့ ဟိုဟိုဒီဒီ ကြည့်မိလေရာ ခပ်လှမ်းလှမ်းတွင် ရတနာအစစ်များ ခြယ်လှယ်သည့် အဖိုးတန် မင်းမြောက်တန်ဆာများကို ဝတ်ဆင်ကာ ပန်းနံ့သာ လက်စွဲလျက် အခြံအရံများနှင့် အတူ လာနေသော ပဿေနဒီ ကောသလမင်းကြီးကို မြင်ရလေ၏။ ကောသလမင်းကြီးသည် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာဘုရားနှင့်တကွ သံဃာတော်များ ပဝါရဏာ ပြုကြသည်ကို ကြည်ညိုရန်၊ တရားတော်ကို နာကြားရန် ပုဗ္ဗာရုံကျောင်းတိုက်သို့ ထွက်လာခြင်း ဖြစ်လေသည်။

"ဒကာတော် မင်းကြီးလည်း အခုလိုဆိုတော့ တယ် ကျက်သရေ ရှိပါကလား"

ရဟန်းတော်သည် နေမင်း လမင်းတို့၏ တင့်တယ်ပုံကို စိတ်ဝင်စားနေခိုက် ဖြစ်၍ ကောသလမင်းကြီးကို မြင်သောအခါ အထက်ပါအတိုင်း မှတ်ချက်ချမိလေ၏။ ထို့နောက် သူသည် အဘယ်အကြောင်းကြောင့် ဟူ၍ မသိ။ သူ့ပတ်ဝန်းကျင် ကျောင်းတိုက်အတွင်းသို့ လှည့်၍ ကြည့်မိလေ၏။ ဓမ္မာရုံကြီး အတွင်း၌ကား ရဟန်းပရိသတ်၊ လူပရိသတ်များ ပြည့်လျက် ရှိလေ၏။ ပရိသတ် အစွန်၌ ကာဋ္ဌုဒါယီမထေရ်သည် ထိုင်လျက် ဈာန်ဝင်စားနေသည်ကို တွေ့ရလေ၏။

"သိပ်ကြည်ညိုဖို့ ကောင်းပါကလား၊ သပ္ပာယ်လိုက်တာ။ သူ့အရောင်အဆင်းဟာ ဝင်းဝင်းမှည့်နေတဲ့ ရွှေဆင်းတုကြိုးလိုပဲ"

နေမင်း၊ လမင်းနှင့် ကောသလမင်းကြီးတို့၏ တင့်တယ်ပုံ၊ ကျက်သရေရှိပုံကို ဝေဖန်စဉ်းစားနေဆဲ ဖြစ်သော ရဟန်းတော် အာနန္ဒာမထေရ်သည် ပရိသတ် အစွန်၌ ဈာန်ဝင်စားနေသော ကာဠဒါယီမထေရ်၏ ကြည်ညိုစဖွယ် သပ္ပာယ်တော်မူပုံကိုလည်း အမှတ်မဲ့ သဘောမထားနိုင်ချေ။

သူ့မျက်လုံးများသည် ပရိသတ်ထိပ်သို့ အလိုလို ရောက်သွားပြန်လေ၏။ တရားပလ္လင်တော်၌ကား မင်္ဂလာအမြတေ၊ ကျက်သရေပေါင်းစုံ၊ တင့်တယ်ခြင်း ဟူသမျှတို့၏ အနှစ်တွေ စုပုံနေသကဲ့သို့ ရောင်မျိုးစုံ ကွန့်မြူးလျက် ကြည်နူးစဖွယ် အလွန်အလွန် သပ္ပာယ်သည့် ဗုဒ္ဓမြတ်စွာဘုရားကို တွေ့မြင်ရလေသည်။ ဗုဒ္ဓမြတ်စွာဘုရားမှာ ရွှေဆင်းတုကြိုးပမာ ဝါဝင်းလျက်၊ တစ်ခါတစ်ရံလည်း ပတ္တမြား ဆင်းတုကြိုးလိုလို နီဝင်းလျက်၊ တစ်ခါတစ်ရံလည်း စိန်ဆင်းတုကြိုးလိုလို ပတ္တမြားညို ဆင်းတုကြိုး အသွင် ထင်မြင်ရလေသည်။ အများအားဖြင့်ကား ရောင်မျိုးစုံ ကွန့်မြူးလျက် ကြည်နူးဖွယ်ကောင်းသော အရောင်များဖြင့် ကျက်သရေအပေါင်း ခညောင်းရစ်ရုံကာ ပုံနမူနာပြစရာ မရှိအောင်ပင် တင့်တယ်လှပေသည်။

နေမင်း၊ လမင်း၊ ကောသလမင်းနှင့် ကာဠဒါယီ ရဟန္တာ အရှင်မြတ်ကြီးတို့၏ တင့်တယ်ပုံကို စိတ်ဝင်စားစွာ ဝေဖန်နေသော အာနန္ဒာထေရ်သည် ဗုဒ္ဓမြတ်စွာဘုရားကို ဖူးမြင်မိသော အခါ မျိုသိပ်၍ မထားနိုင်သဖြင့် ချက်ချင်းပင် နေရာမှ ထ၍ သွားလေ၏။

ထိုအချိန်၌ နေဝန်းကြီးမှာ တစ်ခြမ်းမြုပ်လျက် ရှိလေပြီ။ လပြည့်ဝန်းကြီးကား ဝိုင်းဝိုင်းစက်စက် ပေါ်တက်၍ လာပေပြီ။ သဘာဝသည် စိမ်းစိုသော လောကဓာတ်ကြီးကို ပိုမို လေးနက်စေရန်အတွက် အနည်းငယ် မှိုင်းမှုန်ပေးလျက် ရှိလေသည်။

'ရွှေဘုန်းတော်သခင် အရှင်ဘုရား...'

အာနန္ဒာသည် ပရိသတ်ကြီး တစ်ခုလုံး၏ တိတ်ဆိတ်ခြင်းအထဲသို့ အောင်မြင်သော သူ့အသံကို ထိုးထည့်လိုက်လေ၏။

'ဒီနေ့ တပည့်တော် နေဝန်းကြီး၏ တင့်တယ်တောက်ပပုံနှင့် လပြည့်ဝန်းကြီး၏ တင့်တယ် လှပပုံတို့ကို သေချာစွာ ကြည့်ပြီး စိတ်ဝင်စားမိပါတယ်။ ပြီးတော့ ဒကာတော် ကောသလမင်းကြီး၏ ကျက်သရေရှိပုံနဲ့ ဈာန်ဝင်စားနေတဲ့ အရှင်ကာဠဒါယီ၏ ကြည်ညိုစဖွယ် သပ္ပာယ်ပုံများကိုလည်း တွေ့မြင်ရပါတယ်ဘုရား'

ပရိသတ်ကြီး တစ်ခုလုံးသည် ရှင်အာနန္ဒာ၏ စကားဝါကျများ နောက်သို့ ငြိမ့်ခနဲ ငြိမ့်ခနဲ ပါ၍ နေလေ၏။ သူတို့သည် ပျောက်လုပျောက်ခင် ဖြစ်နေသော နေဝန်းကြီးကို လည်းကောင်း၊ ဝိုင်းဝိုင်းစက်စက် ပေါ်တက်လာသော လပြည့်ဝန်းကြီးကို လည်းကောင်း၊ ကာဠဒါယီထေရ်နှင့် ကောသလမင်းကြီးကို လည်းကောင်း လှမ်း၍ ကြည့်မိကြလေ၏။

'အဲဒီ... နေဝန်း... လဝန်း... ပြည့်ရှင်မင်းနှင့် ရဟန္တာ အရှင်မြတ်တို့ထက် ရွှေဘုန်းတော်သခင် အရှင်ဘုရား၏ ကျက်သရေကိုသာ တပည့်တော် နှစ်သက်ပါတယ် ဘုရား'

အာနန္ဒာသည် သူ့စကား အဆုံးသတ်ပုံ ရိုးလွန်းသည်ဟု ထင်သဖြင့်-

'အရှင်ဘုရား၏ အရောင်အဆင်း တင့်တယ်ခြင်းဟာ အားလုံးတို့ထက် ပိုလွန်ပြီး အလွန်အကြူး အထူးသဖြင့် တင့်တယ်တော်မူပါတယ် ဘုရား' ဟု ထပ်၍ နိဂုံးသတ်လိုက်လေ၏။ ပရိသတ်ကြီးတစ်ခုလုံးမှာ ကိုယ်နှင့် နှုတ်သာမက စိတ်ကပါ မလှုပ်ရှားဘဲ အထူးငြိမ်သက်လျက် ရှိလေ၏။ လူတိုင်း လူတိုင်းသည် ဗုဒ္ဓမြတ်စွာဘုရား ပြန်ကြားမိန့်မြွက်မည့် စကားတော်ကို အာရုံစူးစိုက်ခြင်း တစ်မျိုးတည်း၌ စုပေါင်း၍ နေကြလေသည်။

'အာနန္ဒာ... နေဆိုတာ နေ့အခါမှာသာ ထွန်းလင်းတောက်ပတယ်။ လဝန်းဟာလည်း ညအခါမှာသာ တင့်တယ်တောက်ပတယ်။ ပြည့်ရှင်မင်းဟာ မင်းမြောက်တန်ဆာ ဝတ်ဆင်ထားတဲ့ အခါသာ တင့်တယ်တယ်။ ရဟန္တာပုဂ္ဂိုလ်လည်း သမာပတ် ဝင်စားနေတုန်းသာ ပိုပြီး သပ္ပာယ်တယ်။ မြတ်စွာဘုရားကတော့ နေ့ရောညပါ အခါခပ်သိမ်း အစွမ်းငါးမျိုးဖြင့် တင့်တယ်တော်မူတယ်'

ရိုးရိုးကလေး မိန့်တော်မူလိုက်သည့် အထက်ပါ စကားတော်သည် ပရိသတ်၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်လိုက်သကဲ့သို့ ရှိလေ၏။ သူတို့သည် နေမထွက်မည်ကိုလည်း မပူကြ၊ လ မထွက်မည်ကိုလည်း မစိုးရိမ်ကြ၊ ဗုဒ္ဓမြတ်စွာဘုရား ရှိနေသရွေ့ လောကကြီးသည် အမြဲလင်း၍ နေလိမ့်မည်ဟု ယုံကြည်ကြလေသည်။

ထိုခေတ်က များစွာသော လူတို့သည် မြတ်စွာဘုရား ရှိခိုက်တွင် လည်းကောင်း၊ မရှိခိုက်တွင် လည်းကောင်း ဆီမီးဖြင့် ပူဇော်ကြခြင်းမှာလည်း ကုသိုလ်ကောင်းကျိုးကို မျှော်လင့်၍ ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်ခြင်း သဘောသာမက "လောကကြီး

လင်းနေသေးသည်။ ဗုဒ္ဓမြတ်စွာဘုရား ရှိနေသေးသည်" ဟူသော အထိမ်းအမှတ်လည်း ဖြစ်လေသည်။

ထိုအစဉ်အလာ ဘာသာ ဓလေ့အတိုင်း နှောင်းခေတ် လူများသည်လည်း ဗုဒ္ဓ၏ကိုယ်စား အထိမ်းအမှတ်ဖြစ်သော စေတီပုထိုး စသည်တို့၌ ဆီမီးထွန်းညှိ ပူဇော်ကြလေသည်။ အဓိပ္ပာယ်ကား "မြတ်စွာဘုရား သက်တော်ထင်ရှား မရှိသော်လည်း ဗုဒ္ဓ၏ တရားအလင်းရောင်များ ရှိနေကြသေးသည်။ လောကကြီးသည် မှောင်မကျသေး" ဟူ၍ ဖြစ်ပေသတည်း။

[ရှုမဝ၊ အောက်တိုဘာ ၁၉၄၉]

ဖြစ်သော်လည်း သူတို့အားလုံးသည် ထိုပုဂ္ဂိုလ် လာနေသည်ကို ခပ်လှမ်းလှမ်းကပင် ထင်ထင်ရှားရှားကြီး မြင်နေကြရလေသည်။

မိုးနံ့ရသဖြင့် ပျော်မြူးနေကြသော မိဂဒါဝုန်တောရှိ သစ်ပင်တို့သည် မိုးသားတိမ်တိုက်တို့ဆီမှ လက်ဆောင်ရသော ဝင်ခါနီးနေမင်း၏ အရောင်တို့ကို ပန်ဆင်ကာ အစွမ်းကုန် လှ၍ နေကြလေသည်။

လာနေသော ပုဂ္ဂိုလ်ကို မြင်ခါစက နေဝင်ခါနီးချိန်ဖြစ်၍ ဝါမှိုင်းသော သင်္ကန်းကို ဝတ်ရုံထားသဖြင့် နောက်ခံဖြစ်သော သစ်ပင် ဝါးပင်တို့နှင့် ပန်းရနေသောကြောင့် ထင်ထင်ရှားရှား တွေ့ရခြင်း ဖြစ်သည်ဟု ထင်ခဲ့ရာ တဖြည်းဖြည်း အနားသို့ ရောက်လာသောအခါ သူ့အထင်ကိုပင် သံသယ ဖြစ်လာလေသည်။ အဘယ့်ကြောင့်ဆိုသော် ကြည့်ရင်း ကြည့်ရင်းနှင့် သူသည် ထိုပုဂ္ဂိုလ်သဏ္ဌာန်၌ နေဝင်ဆည်းဆာရောင်နှင့် စိမ်းစိုသော နောက်ခံသစ်ပင် ပတ်ဝန်းကျင်တို့နှင့်မဆိုင်သော ထူးဆန်းသည့် အသရေကို မြင်ရသောကြောင့် ဖြစ်သည်။

'ငါတို့ သူ့ကို ခရီးဦးကြို့ မလုပ်ဘဲ နေကြမယ်'

'ဟုတ်တယ်၊ ပစ္စည်းလာဘ်လာဘ ပေါများအောင် လှည့်လည်နေတဲ့ သူကို ခရီးဦးကြို့ လုပ်နေဖို့ မလိုဘူး၊ သူ့ဘာသာ လာပစေပေါ့၊ သပိတ်သင်္ကန်းလည်း လှမ်းမယူဘူး။ တရားကျင့်မှုကို စွန့်ခွာထားတဲ့ ပုဂ္ဂိုလ်ပဲ၊ ဂရုစိုက်စရာ မလိုပါဘူး၊ အရိုအသေပေးဖို့လည်း မလိုဘူး'

ထိုပုဂ္ဂိုလ်ကို ကြည့်နေရင်း တွေးတောနေစဉ် ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်နှင့် အဿဇိတို့က အထက်ပါအတိုင်း ပြောနေကြသည်ကို ကြားရသဖြင့် သူက 'သူ့အတွက် နေရာထိုင်ခင်းတော့ ခင်း

တပည့်ဦး

'ငါ့ရှင်တို့၊ ကမ္မဋ္ဌာန်းလူထွက် လာပြီ'

တစ်ယောက်က အထက်ပါစကားကို ပြောလိုက်သည်နှင့် တစ်ပြိုင်နက် သူတို့အားလုံးသည် လမ်းဘက်သို့ လှည့်ကြည့်မိလျက်သား ဖြစ်သွားလေသည်။ လာနေသည့်ပုဂ္ဂိုလ် အပေါ်၌ သူတို့ ဘယ်လောက် စိတ်ဝင်စားနေကြသနည်း ဆိုလျှင် အားလုံးမှ ငါ တစ်ယောက်တည်းသာ ရှိသည့် သူတို့အထဲတွင် အထက်ပါစကားကို ဘယ်သူက ပြောလိုက်မှန်းပင် မသိဘဲ စကားမဆုံးခင်ပင် သူတို့၏ မျက်လုံးများသည် လမ်းဆီသို့ ရောက်နေကြလေသည်။ နေ့ကမ္မဋ္ဌာန်းခွင်ကို ဖြုတ်၍ ညကမ္မဋ္ဌာန်းခွင်သို့ မဝင်မီ ခေတ္တမျှ အပန်းဖြေရင်း သခ်ၤမ်းကျောင်းကလေး၌ စုဝေးနေခိုက်တွင် အထက်ပါအတိုင်း တစ်ပါးက ပြောလိုက်ခြင်း ဖြစ်သည်။

သူတို့ ကြည့်နေသော ပုဂ္ဂိုလ်မှာ အရှေ့တောင် ယွန်းယွန်းဘက်မှ သူတို့၏ သခ်ၤမ်းကျောင်းကလေးဆီသို့ လာနေခြင်း ဖြစ်သည်။ လမ်းဟူ၍ မည်မည်ရရ မပြောနိုင်သည့် မထင်ရှားသော ခြေလမ်းကလေးအတိုင်း သစ်ပင်ကြို့ သစ်ပင်ကြားမှ လာနေခြင်း

ကို ကျင့်နေစဉ်က သူတို့ငါးဦးလုံးပင် ဘုရားဖြစ်တော့မယ်၊ ဘုရားဖြစ်တော့မယ်ဟု မျှော်တလင့်လင့် ဖြစ်နေကြလေသည်။ ထိုနောက် အလောင်းတော်မြတ်သည် ဤသို့ ခန္ဓာကိုယ်ကို ညှဉ်းဆဲသည့် အကျင့်မျိုးမှာ အမှန်တရားကို သိနိုင်သောလမ်း မဟုတ်ဟု သဘောပေါက်သဖြင့် ဒုက္ကရစရိယာ အကျင့်ကို လက်လွှတ်လိုက်သောအခါ သူတို့သည် စိတ်အပျက်ကြီး ပျက်ကာ ရဟန်းဂေါတမတော့ ဘုရားဖြစ်ဖို့ အကျင့်ကိုစွန့်လွှတ်ပြီ၊ သက်သက်သာသာနှင့် ပစ္စည်းလာဘ်လာဘာ များဖို့လမ်းကို လိုက်လေပြီ၊ ဘုရားဖြစ်တော့မည် မဟုတ်ဟု ဆိုကာ အလောင်းတော်မြတ်ထံမှ ထွက်ခွာလာခဲ့ကြလေသည်။ ထိုအခါကလည်း အပေါင်းအဖော် လေးဦး၏ ဆန္ဒကို မဆန့်ကျင်လိုသဖြင့် ထွက်ခွာလာခဲ့ရသော်လည်း သူ့သဘောအရဆိုလျှင် ဝေးဝေးသို့ ထွက်ခွာမသွားချင်ပေ။ အဘယ့်ကြောင့်ဆိုသော် ရဟန်းဂေါတမသည် တစ်နေ့နေ့တွင် မုချ ဘုရားဖြစ်မည်ဟု ယုံကြည်ထားသောကြောင့် ဖြစ်သည်။

ယခုမှသာ ယုံကြည်သည် မဟုတ်ချေ။ ရဟန်း ဂေါတမ ဖွားမြင်ခါစကပင် ဘုရားဖြစ်လိမ့်မည်ဟု ယုံကြည်ခဲ့လေသည်။ အလောင်းတောင် သိဒ္ဓတ္ထမင်းသားကလေး ဖွားမြင်ခါစ လက္ခဏာဖတ်ကြစဉ်အခါက လက္ခဏာတော်ဖတ် ပုဏ္ဏားတော်ကြီးခုနစ်ဦးက ဤမင်းသားကလေးသည် လူ့ဘောင်၌နေလျှင် စကြဝတေးမင်း ဖြစ်မည်၊ တောထွက်လျှင် ဘုရားဖြစ်မည်ဟု ဟောကြသော်လည်း သူကမူ တောထွက်ပြီး ဘုရားဖြစ်မည်ဟု လက်တစ်ချောင်းတည်း ထောင်ကာ ဟောခဲ့သည်။ သူ ဟောသည့်အတိုင်းပင် တောထွက်လာပြီး ဘုရားဖြစ်ရန် အကျင့်များကို ကျင့်နေသဖြင့် သူ့ဟောချက်မှာ လေးပုံ သုံးပုံ မှန်နေလေပြီ။ အလောင်းတော်

ထားမှ တော်မယ်' ဟု အပေါင်းအဖော်များကို မကြည့်ဘဲ ပြောလိုက်လေသည်။ သူက ဆက်ပြောပြန်သည်။

'သူဟာ တောမထွက်ခင်တုန်းက ဆိုလျှင် ဘုရင်တစ်ပါးဖြစ်တယ်။ တကယ်ဆိုတော့ သူလို ပုဂ္ဂိုလ်တစ်ပါး အာဂန္တု အဖြစ်နဲ့ လာရောက်တာကို ခရီးဦးကြို မပြုဘဲ နေဖို့တောင် မတော်ဘူး'

သူသည် သူ့အပေါင်းအဖော်များက ခရီးဦးကြိုမပြုဘဲ နေကြမည်ဟု ညှိနှိုင်း ပြောဆိုနေကြသည်ကို မနှစ်သက်ပေ။ သို့ရာတွင် သူ့အပေါင်းအဖော်များ၏ ဆန္ဒကို မဆန့်ကျင်လိုသဖြင့် မကန့်ကွက်ဘဲ နားထောင်နေလိုက်လေသည်။ သူတို့ငါးဦးမှာ ပုဂ္ဂိုလ်ငါးယောက် စုပေါင်းနေကြသည့် သာမန် အစုအဝေးမျိုး မဟုတ်ချေ။ စိတ်တူ၊ ကိုယ်တူ၊ ရည်မှန်းချက်တူသော ပုဂ္ဂိုလ်ငါးဦး စုနေသည့် အစုဖြစ်သည်။ သူတို့ငါးဦးအနက် တစ်ပါးပါးက ပြုလုပ်သည်ကို ငါးဦးလုံး၏ အလုပ်ဟု ကျေနပ် ဝန်ခံကြလေသည်။ အများကလည်း သူတို့ငါးဦးအနက် တစ်ပါးပါးက ပြုလုပ်သည်ကို ကောဏ္ဍညတ္ထေရ၏ ပြုမူချက်၊ ဝပ္ပ၏ ပြုမူချက် ဟူ၍ မခွဲခြားဘဲ ငါးဦး၏ ပြုမူချက် ဟူ၍သာ မြင်ကြသည်။ သူတို့ ငါးဦးမှာ ပဉ္စဝဂ္ဂီ ဟူ၍ အမည်ရနေသော ငါးပါးစုပင် ဖြစ်သည်။

ဥရုဝေလမှ ထွက်လာစဉ်ကလည်း သူ့အပေါင်းအဖော်များ၏ ဆန္ဒကို မဆန့်ကျင်ခဲ့ပေ။ သူတို့ ငါးဦးလုံးသည် ဥရုဝေလတွင် အလောင်းတော်မြတ် ဒုက္ကရစရိယာ ကျင့်စဉ်က ဝတ်ကြီးဝတ်ငယ် ပြုနေကြသူများ ဖြစ်သည်။ ရဟန်းဂေါတမသည် တစ်နေ့နေ့တွင် မုချ ဘုရားဖြစ်လိမ့်မည်ဟု သူတို့ငါးဦးလုံး ယုံကြည်ထားကြသည်။ အလောင်းတော်မြတ်သည် မည်သည့် ပုဂ္ဂိုလ်မျှ မကျင့်နိုင်သည့် အလွန် ခက်ခက်ခဲခဲ ကျင့်ရသော အကျင့်များ

မြတ်က ဒုက္ကရစရိယာ အကျင့်ကို စွန့်လွှတ်လိုက်သောအခါ သူသည် အပေါင်းအဖော် လေးဦးတို့ ကဲ့သို့ပင် စိတ်ပျက်သွားသော်လည်း သူ့ဟောချက်အတိုင်း ဘုရားဖြစ်လိမ့်မည် ဟူသော ယုံကြည်ချက်ကိုကား မစွန့်လွှတ်သေးပေ။ သို့ဖြစ်၍ သူ့သဘော အရဆိုလျှင် ဒုက္ကရစရိယာ အကျင့်ကို စွန့်လွှတ်လိုက်သည့်အတွက် ဝတ်ကြီးဝတ်ငယ် မပြုဘဲ နေလိုလျှင် နေနိုင်သည်။ သို့ရာတွင် အဝေးသို့ ထွက်ခွာမသွားဘဲ အလောင်းတော်မြတ် အနီးအနား ဥရုဝေလ တောထဲမှာပင် အကဲခတ်ကာ စောင့်ကြည့်နေချင်သည်။

သို့ရာတွင် ကျန်လေးပါး၏ ဆန္ဒကို မဆန့်ကျင်လိုသဖြင့် ဤမိဂဒါဝုန်တောသို့ ပြောင်းရွှေ့လာရခြင်း ဖြစ်သည်။ ယခုလည်း သူ့အပေါင်းအဖော် လေးဦး၏ အလိုကို မဆန့်ကျင်လိုသဖြင့် သူတို့၏စကားကို မကန့်ကွက်ဘဲ နေခြင်း ဖြစ်သည်။

သူတို့ငါးဦး ပြောဆိုနေကြစဉ်ပင် ဗုဒ္ဓမြတ်စွာသည် သခ်ိမ်းကျောင်းရှေ့နားသို့ ရောက်လာလေသည်။ ဗုဒ္ဓမြတ်စွာ သခ်ိမ်းကျောင်းရှေ့သို့ ရောက်လာသောအခါ ခရီးဦးကြို မပြုဘဲ နေကြမည်ဟု သူတို့ ညီထားချက်မှာ ပြောင်းပြန်ဖြစ်ကာ ခရီးဦးကြို ပြုကြမည်ဟု ညီထားသကဲ့သို့ သူတို့ငါးဦးလုံးပင် နေရာမှ ထကာ ခရီးဦးကြို ပြုပြီးလျှင် တစ်ပါးက သပိတ်ကို လှမ်းယူလေသည်။ တစ်ပါးက ပခုံးပေါ် တင်ထားသော သင်္ကန်းကို လှမ်းယူလေသည်။ တစ်ပါးက ခြေဆေးရေ ခပ်ပေးလေသည်။ သူကမူ ပုဂ္ဂိုလ်မြတ် ထိုင်ဖို့ရန်အတွက် နေရာခင်းပေးလေသည်။

ဗုဒ္ဓမြတ်စွာ နေရာတွင် ထိုင်သောအခါ သူတို့သည် ဗုဒ္ဓမြတ်စွာ၏ ရှေ့နား၌ နိမ့်သော နေရာများတွင် ထိုင်ကြလေသည်။

'ငါ့ရှင် ဂေါတမ၊ ဒုက္ကရ စရိယာ ကျင့်နေတုန်းက ကျွန်ုပ်တို့က ငါ့ရှင်ကို မျက်နှာသစ်ရေနှင့် တံပူကို ပေးကြတယ်၊ သခ်ိမ်းကျောင်းကို တံမြက်လှည်းပေးကြတယ်၊ ကျွန်ုပ်တို့ ထွက်လာတော့ ငါ့ရှင်ကို ဘယ်သူက ဝတ်ကြီး ဝတ်ငယ် ပြုသလဲ'

'ကျွန်ုပ်တို့ ထွက်လာတော့ ဝတ်ကြီးဝတ်ငယ် ပြုတဲ့သူလည်း မရှိတော့ပါလားလို့ မတွေးမိဘူးလား'

ဝပ္ပနှင့် ဘဒ္ဒိယတို့က အထက်ပါအတိုင်း အာလာပသလ္လာပ စကားပြောကြလေသည်။ သူတို့ငါးပါးသည် ပုဂ္ဂိုလ်မြတ်ထံမှ ထွက်ခွာ လာကြသော်လည်း ပုဂ္ဂိုလ်မြတ် အပေါ်၌ကား ကြင်နာစိတ် မကင်းကြချေ။ ထို့ကြောင့်ပင် အထက်ပါ စကားကို ပြောခြင်း ဖြစ်သည်။ သူကမူ တစ်စုံတစ်ရာ မပြောဘဲ ဝပ္ပနှင့် ဘဒ္ဒိယတို့ ပြောသည်ကိုသာ နားထောင်နေလေသည်။ ယင်းသို့ မပြောဘဲ နေခြင်းမှာလည်း အခြားကြောင့် မဟုတ်။ ရဟန်း ဂေါတမ၏ ရုပ်သွင်မှာ ရှေးကနှင့် မတူဘဲ ထူးခြားနေသည်ဟု ထင်သဖြင့် ထိုထူးခြားခြင်း၌ စိတ်ဝင်စားနေသောကြောင့် ဖြစ်သည်။

'ရဟန်းတို့၊ ငါ့ကို စကားပြောသည့်အခါ နာမည်ခေါ်ပြီး မပြောကြနှင့်၊ ငါ့ရှင်လို့လည်း မခေါ်ကြနှင့်၊ ငါ ဘုရားအဖြစ်သို့ ရောက်ပြီ၊ ရဟန်းတို့... နားထောင်ကြ၊ သင်တို့ကို တရားဟော တော်မူမည်။ ငါ ဟောကြားတော်မူသည့်အတိုင်း လိုက်နာကျင့်သုံးလျှင် သင်တို့ ရဟန်းပြုစဉ်က ရည်ရွယ် မျှော်မှန်းထားသည့် တရားထူးကို ကိုယ်တိုင် ဒိဋ္ဌ မျက်မှောက်ထင်ထင် တွေ့မြင်ရရှိကြလိမ့်မည်'

ဗုဒ္ဓမြတ်စွာက အထက်ပါအတိုင်း တည်ငြိမ်လေးနက်စွာ မိန့်ကြားတော်မူလိုက်လေသည်။

'အလွန် ကျင့်နိုင်ခက်တဲ့ အကျင့်တွေကို ကျင့်နေတုန်းက တောင်မှ ဘုရားအဖြစ် မရောက်ဘဲနဲ့ ကမ္ဘာ့ဘန်းအကျင့်ကို စွန့်ခွာပြီး ပစ္စည်းဘဏ္ဍာ များအောင် လှည့်လည်နေတဲ့ အခါကျမှ ဘုရားအဖြစ် ရောက်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား'

ဝပွက အထက်ပါအတိုင်း ပြန်ပြောလိုက်သည်။ သူကမူ တစ်ခွန်းမျှ မပြောချေ။ သူသည် သူတို့ငါးဦးတွင် အကြီးဆုံးလည်းဖြစ်၊ ခေါင်းဆောင်လည်း ဖြစ်၍ ကိစ္စပေါ်တိုင်း သူကသာ ရှေ့ဆောင် ရှေ့ရွက်လုပ်ကာ ပြောဆိုလေ့ရှိသော်လည်း ယခု ဗုဒ္ဓမြတ်စွာနှင့် တွေ့ဆုံသည့် အခါ၌ကား နှုတ်နည်း၍ နေလေသည်။ ယင်းသို့ နှုတ်နည်းနေခြင်းမှာလည်း အခြားကြောင့် မဟုတ်၊ ရဟန်းဂေါတမကို ကြည့်ရသည်မှာ ထူးခြားနေသည်ဟု ထင်သောကြောင့် ဖြစ်သည်။

'ရဟန်းတို့၊ ငါသည် သင်တို့ ထင်သလို ကမ္ဘာ့ဘန်းကျင့်ခြင်းကို စွန့်ခွာသည် မဟုတ်။ ပစ္စည်းဘဏ္ဍာ များအောင် လှည့်လည်နေခြင်းလည်း မဟုတ်။ ရဟန်းတို့၊ ငါသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီ။ ရဟန်းတို့... နားထောင်ကြ၊ သင်တို့ကို တရားဟောတော်မူမည်။ ငါ ဟောကြားသည့်အတိုင်း လိုက်နာကျင့်သုံးလျှင် သင်တို့ ရဟန်းပြုစဉ်က ရည်ရွယ်မျှော်မှန်းထားသည့် တရားထူးကို ကိုယ်တိုင်ဒိဋ္ဌ မျက်မှောက်ထင်ထင် တွေ့မြင်ရရှိကြလိမ့်မည်'

ဗုဒ္ဓမြတ်စွာက အထက်ပါ စကားကိုပင် သုံးကြိမ်တိုင်တိုင် ထပ်၍ မိန့်ကြားတော်မူသည်။ ပြောတိုင်းပင် ဝပွတို့ကလည်း ဘုရားဖြစ်သည် ဆိုသည်ကို လက်မခံကြပေ။ အလွန်ကျင့်နိုင်ခက်

တဲ့ အကျင့်တွေကို ကျင့်နေတုန်းက တောင်မှ ဘုရားအဖြစ် မရောက်ဘဲနဲ့ ကမ္ဘာ့ဘန်းကို စွန့်ခွာပြီး ပစ္စည်းဘဏ္ဍာ များအောင် လှည့်လည်နေတဲ့ အခါကျမှ ဘုရားအဖြစ် ရောက်တယ် ဆိုတာ မဟုတ်နိုင်ဟု ပြန်၍ ပြောကြလေသည်။

သူကမူ ဘာမျှမပြောဘဲ ရဟန်းဂေါတမကိုသာ စူးစမ်းသော မျက်လုံးဖြင့် ကြည့်နေလေသည်။

သူ့ကို ကြည့်ရတာ အလျင်ကနဲ့ မတူဘူး၊ ထူးတော့ ထူးလာတာ အမှန်ပဲ။

မျက်နှာ၊ ရုပ်သွင်နဲ့ အသွေးအရောင်များကတော့ ထူးထူးခြားခြားကြီးကို ကြည်လင်လာတာပဲ။

သူ့မျက်နှာ ကြည့်ရတာ ဘာမဆို အကုန် သိနေသလိုပဲ။ ပြီးတော့ ဘာကိုမှ စဉ်းစားစရာ၊ စိုးရိမ်စရာ မရှိတော့တဲ့ အသွင်လည်း ပေါ်နေတယ်။

သူ့မျက်နှာဟာ လောကကြီး တစ်ခုလုံးကို သိမ်းကျုံးပြီး စိုးပိုင်နေတဲ့ အဓိပ္ပာယ်မျိုး ပေါ်နေတယ်။

သူ့ကို အကဲခတ်ရတာ သူဟာ လောကကြီး တစ်ခုလုံးနဲ့ ဘာမှ မပတ်သက်သလိုပဲ။ သူဟာ လောကကြီးနဲ့ အဆက်အစပ် မရှိ ကင်းရှင်းနေသလိုပဲ။

သူသည် နှစ်ပေါင်းများစွာ မလေ့လာဘဲ ထားသော လက္ခဏာ ပညာများကိုပင် ပြန်လည် သုံးသပ်မိလေသည်။ သို့ရာတွင် ပြည်တန် ပတ္ထမြားကို အဖိုးမဖြတ်နိုင်သည့် ကျောက်ကုန်သည် ပေါက်စကလေးကဲ့သို့ သူ့ရှေ့တွင် ရောက်နေသော ပုဂ္ဂိုလ်မြတ်၏ ထူးခြားသည့် အခြင်းအရာကို မဆုံးဖြတ်နိုင် ဖြစ်နေလေသည်။

ဗုဒ္ဓမြတ်စွာသည် ဘုရားအဖြစ်သို့ ရောက်ပြီ ဖြစ်ကြောင်းကို သုံးကြိမ်တိုင်တိုင် ပြောသော်လည်း ပဉ္စဝဂ္ဂီ ရဟန်းတို့က မယုံကြည် ဖြစ်နေသောအခါ–

'ရဟန်းတို့၊ ဒီလို ထူးခြားသော စကားကို ရှေးက ငါ ပြော ဖူးသလား' ဟု မေးလိုက်လေသည်။

'ရှေးကတော့ ဒီလို တစ်ခါမှ မပြောဖူးပါ'

ဗုဒ္ဓမြတ်စွာက မေးလိုက်သည်နှင့် တစ်ပြိုင်နက် သူတို့ ငါးပါးလုံးက တစ်ပြိုင်တည်း အထက်ပါအတိုင်း ဖြေကြားကြလေသည်။ နှုတ်က ဖြေကြားရုံသာ မဟုတ်၊ သူတို့ငါးပါးလုံးပင် အေး၊ ဟုတ်တယ်။ ရှေးကတော့ ဒီစကားမျိုးကို တစ်ခါမှ မပြော ဖူးဘူး။ အခု တစ်ကြိမ်သာ ထုတ်ဖော်ပြောဖူးသေးတယ်ဟု တွေးမိလာကြလေသည်။ ထိုအတွေးစိတ်သည် အပြင်သို့ စကားအဖြစ် ဖြင့် ထွက်မလာဘဲ သူတို့၏ အကြောအခြင်များကို ဝင်ကာ တစ်ကိုယ်လုံး ပျံ့နှံ့သွားသဖြင့် သူတို့ အသီးအသီး၏ တစ်ကိုယ်လုံးမှာ ချက်ချင်းပင် နူးညံ့ပျော့ပျောင်း သွားလေသည်။

နေဝန်းကြီးသည် ဗုဒ္ဓမြတ်စွာ၏ အေးမြသော ကရုဏာ ရောင်ခြည်တော် အရှိန်ကြောင့် အနောက်ဘက် လောကဓာတ် ထဲသို့ တစ်ဝက် နစ်မြုပ်သွားလေသည်။ အရှေ့လောကဓာတ်မှ ထွက်ပြူလာသော လဝန်းကြီးမှာလည်း ဗုဒ္ဓမြတ်စွာ၏ ကရုဏာ ရောင်ခြည်တော်ကို ရွံ့သဖြင့် မထွက်ဝံ့ဝံ့ ထွက်ဝံ့ဝံ့ဖြစ်ကာ တစ်ဝက်သာ ပေါ်လာပြီး တစ်လစ်ကြီး ဖြစ်နေလေသည်။ နစ်မြုပ်စ နေတစ်ခြမ်း၏ အရောင်နှင့် ထွက်ပေါ်စ လတစ်ခြမ်း၏ အရောင် နှစ်မျိုး ရောစပ်ထားသည့် အမည်မတပ်နိုင်သော အလင်းရောင်

ကြောင့် မဂဒါဝုန်တောတွင် နေ့ဟူ၍လည်း မဆိုသာ၊ ညအခါလည်း မဟုတ်သော အချိန်တစ်ခု ဖြစ်နေသကဲ့သို့ ရှိလေသည်။

ဗုဒ္ဓ မြတ်စွာသည် ငြိမ်သက်စွာ ထိုင်နေလျက်ပင် ရှိ၏။ ပဉ္စဝဂ္ဂီငါးဦးတို့၏ စိတ်သည် မိမိသို့ ညွှတ်ကိုင်းနေပြီ ဖြစ်ကြောင်းကို သိတော်မူသော်လည်း တစ်စုံတစ်ရာ ထူးခြားသည့် အမူအရာ မရှိချေ။ စင်စစ်အားဖြင့် ပဉ္စဝဂ္ဂီ ငါးပါးသာ ဗုဒ္ဓမြတ်စွာအား ရှေးရှု ညွှတ်ကိုင်းနေကြသည် မဟုတ်၊ လောကကြီး တစ်ခုလုံးပင် ဗုဒ္ဓမြတ်စွာအား ကိုင်းရှိုင်း၍ နေလေသည်။ သက်မဲ့ဖြစ်သော သစ်ပင်များပင်လျှင် လရောင်ကြောင့် ပြာလဲ့လဲ့ တောက်ပနေသည့် ရွက်ညွှန့်တည်းဟူသော မျက်လုံးများဖြင့် ဗုဒ္ဓမြတ်စွာကို စူးစူးစိုက်စိုက် ဖူးမြော်နေကြသကဲ့သို့ ရှိလေသည်။

ထိုအချိန်အခါ၌ မဂဒါဝုန် တောကြီး တစ်ခုလုံး အသက်ဝင်လာသကဲ့သို့ ရှိလေသည်။ တစ်တောလုံးသည် မမြင်ရသော အရာတို့ဖြင့် သဲသဲရဲရဲ လှုပ်လှုပ်ရှားရှား ဖြစ်နေလေသည်။ မရေတွက်နိုင်သော နတ်ဗြဟ္မာတို့သည် ဗုဒ္ဓမြတ်စွာ၏ တရားဦးကို နာကြားရန် တစ်သုတ်ပြီးတစ်သုတ် စုရုံးရောက်ရှိလာကြပြီး လျှင် မဂဒါဝုန်တောတွင် နေရာယူလျက် ရှိလေသည်။ သူသည် ဗုဒ္ဓမြတ်စွာ၏ မျက်နှာတော်ကို ထပ်၍ ကြည့်လိုက်မိပြန်သည်။ ယခုအကြိမ် ကြည့်လိုက်သောအခါ သူသည် ရဟန်းတော်ဂေါတမဟု မမြင်ဘဲ ထူးမြတ်သော ပုဂ္ဂိုလ်အဖြစ် မြင်လာလေသည်။ ယင်းသို့ မြင်သည်နှင့် တစ်ပြိုင်နက် သူ့စိတ်များမှာ သူ့ကိုယ်မှထွက်ပြီး ပုဂ္ဂိုလ်မြတ် မိန့်ကြားတော်မူမည့် တရားတော်ကို သွားရောက် ကြုံဆိုနေကြသကဲ့သို့ ဖြစ်နေလေသည်။ သူ့အပေါင်းအဖော်များမှာလည်း ငြိမ်ချက်သား ကောင်း၍ နေလေ

ကျင့်ခြင်း၊ ကိုယ်ကို ညှဉ်းဆဲခြင်းမှာလည်း လမ်းမှန် မဟုတ်သော တစ်ဖက်စွန်းဖြစ်ကြောင်း သိရလေသည်။ ဤနှစ်မျိုးလုံးသည် မှန်သော လမ်း၏ ဤဘက်စွန်းနှင့် ဟိုဘက်စွန်း ဖြစ်ကြသည် ဆိုလျှင် မှန်ကန်သောလမ်းကား အဘယ်နည်း။

'ရဟန်းတို့၊ ထိုလမ်းစဉ် နှစ်မျိုးသို့ မသက်ရောက်စေဘဲ ငါဘုရား ထိုးထွင်း၍ သိတော်မူအပ်သော အလယ်အလတ် အကျင့်လမ်းစဉ် "မရွိမ ပဋိပဒါ" သည် အမှန်တရားကို မြင်နိုင်၏။ အမှန်တရားကို သိနိုင်၏။ ကိလေသာ ငြိမ်းအေးရန်အတွက်လည်း ဖြစ်၏။ အမှန်တရားကို အထူးသဖြင့် သိရန်၊ မဖောက်မပြန် သိရန် အတွက်လည်း ဖြစ်၏။ ဝဠဲဆင်းရဲမှ ထွက်မြောက်ရန် အတွက်လည်း ဖြစ်၏'

ဗုဒ္ဓမြတ်စွာက ဆက်၍ မိန့်ကြားလိုက်သဖြင့် သူသည် အထူး စိတ်ဝင်စားလာလေ၏။

'ရဟန်းတို့၊ ငါဘုရား ထိုးထွင်း၍ သိအပ်သော အမှန်တရားကို မြင်အောင်၊ သိအောင် ပြုတတ်သည့် ငြိမ်းအေးခြင်း၊ အထူးသိခြင်း၊ မဖောက်မပြန် သိခြင်းနှင့် ထွက်မြောက်ခြင်းငှာ ဖြစ်သည့် ထိုအလယ်အလတ်လမ်းကား အဘယ်နည်း ဆိုသော် အင်္ဂါရှစ်ပါးရှိသည့် ဤမြတ်သော လမ်းကြောင်းပင်တည်း။ ယင်းတို့ကား မှန်ကန်စွာ သိမြင်ခြင်း၊ မှန်ကန်စွာ တွေးကြံခြင်း၊ မှန်ကန်စွာ ပြောဆိုခြင်း၊ မှန်ကန်စွာ ပြုလုပ်ခြင်း၊ ကောင်းမွန် စင်ကြယ်စွာ အသက်မွေးခြင်း၊ မှန်ကန်စွာ အားထုတ်ခြင်း၊ မှန်ကန်စွာ အောက်မေ့ ဆင်ခြင်ခြင်း၊ မှန်ကန်စွာ စူးစိုက်တည်ကြည်ခြင်းတို့ပေတည်း'

သည်။ သူတို့ငါးပါးသာ မဟုတ်၊ မိဂဒါဝုန် တစ်တောလုံးလည်း ငြိမ်သက်နေလေသည်။

ထိုအချိန်၌ ဗုဒ္ဓမြတ်စွာ၏ နှုတ်တော်မှ-

'ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ' ဟူသော စကားများ ထွက်ပေါ်လာလေသည်။

'ရဟန်းတို့၊ ယုတ်သောအကျင့် လမ်းစဉ်နှစ်မျိုးကို ရဟန်းဖြစ်သူသည် မမှီဝဲ မလိုက်နာအပ်။ ယင်းနှစ်မျိုးကား အဘယ်နည်း ဆိုသော် ယုတ်ညံ့သော ရွာသူရွာသား လူဝတ်ကြောင်တို့၏ အလေ့ဖြစ်သော အကျိုးစီးပွားနှင့် မစပ်ယှဉ်သည့် ကာမဂုဏ်တို့၌ ကာမချမ်းသာကို သာယာငြိကပ်၍ အားထုတ်ခြင်း ဟူသော "ကာမသုခလ္လိကာ နုယောဂ" အကျင့် လမ်းစဉ်တစ်မျိုး၊ ဆင်းရဲသော အရိယာတို့ မလိုက်နာအပ်သော အကျိုးစီးပွားနှင့် မစပ်ယှဉ်သည့် ကိုယ် ပင်ပန်းခံကာ ပြင်းထန်စွာ အားထုတ်ခြင်း၊ ကိုယ်ကို ညှဉ်းဆဲခြင်း ဟူသော "အတ္တကိလမထာနုယောဂ" အကျင့်လမ်းစဉ်တစ်မျိုး။ ဤနှစ်မျိုးတို့ပင်တည်း'

ဗုဒ္ဓမြတ်စွာ၏ မိန့်ကြားတော်မူချက်ကို ကြားရသောအခါ သူ့စိတ်မှာ ဇဝေဇဝါ ဖြစ်သွားလေသည်။ ကာမဂုဏ်ကို သာယာခံစားလျက် သက်သက်သာသာ ကျင့်ခြင်းဖြင့် အမှန်တရားကို မသိနိုင်ကြောင်း သူ သဘောပေါက်ထားသော်လည်း ကိုယ်ပင်ပန်းခံကာ ပြင်းပြင်းထန်ထန် ကျင့်ခြင်းကိုကား မှားသည်ဟု သူ မထင်ခဲ့ချေ။ ယခုမှ ကာမဂုဏ် ချမ်းသာကို သာယာကပ်ငြိနေခြင်းမှာ အမှန်တရားကို သိရေး၌ လမ်းမှန်မကျ။ တစ်ဖက်အစွန်း ဖြစ်သကဲ့သို့ပင် ကိုယ်ပင်ပန်းခံကာ ပြင်းပြင်းထန်ထန်

အမြိုက်တရားကို ရအောင် အားထုတ်မှုဌ် ယခုမှပင် လမ်းစဉ် အမှန်ကို သိရတော့သည်။ ထိုလမ်းစဉ်ကား အခြားမဟုတ်၊ အမြင်မှန်ဖို့ လိုသည်။ အမြင် မှားနေလျှင် အမှန်တရားကို သိနိုင်မည် မဟုတ်။ အတွေးအကြံ မှန်ဖို့လည်း လိုသည်။ အလွဲအမှားကို တွေးကြံနေလျှင်လည်း အမှန်တရားကို သိမည် မဟုတ်။ မှန်ကန်စွာ ပြောဖို့၊ မှန်ကန်စွာ ပြုလုပ်ဖို့လည်း လိုသည်။ အသက်မွေးမှု စင်ကြယ်ဖို့လည်း လိုသည်။ မှန်ကန်စွာ အားထုတ်ဖို့၊ မှန်ကန်စွာ အောက်မေ့ ဆင်ခြင်ဖို့ လိုသည်။ အလွဲအမှားကို အားထုတ်နေလျှင်၊ အလွဲကို အောက်မေ့ဆင်ခြင်နေလျှင် အမှန်တရားကို သိမည် မဟုတ်။ မှန်ကန်စွာ တည်ကြည်ဖို့လည်း လိုသည်။ မဟုတ်တဲ့အရာဌ် စူးစိုက် တည်ကြည်နေလျှင်လည်း အမှန်တရားကို သိနိုင်မည် မဟုတ်။ ဤရှစ်မျိုးလုံး ပါဝင် ပြည့်စုံသည့် လမ်းစဉ်သာလျှင် အမှန်တရားကို သိဖို့ရန် လမ်းစဉ်အမှန် ဖြစ်သည်ဟု ယခုမှ သူ သိရတော့သည်။

'ရဟန်းတို့၊ ဤဆိုလတ္တံ့သော တရားတို့သည် ဆင်းရဲခြင်း အမှန် "ဒုက္ခသစ္စာ" တရားတို့ ပေတည်း။ ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲ၏။ အိုရခြင်းသည် ဆင်းရဲ၏။ နာရခြင်းသည် ဆင်းရဲ၏။ သေရခြင်းသည် ဆင်းရဲ၏။ မချစ်သော သူတို့နှင့် အတူနေရခြင်းသည် ဆင်းရဲ၏။ ချစ်သောသူတို့နှင့် ကွဲကွာရခြင်းသည် ဆင်းရဲ၏။ အလိုရှိသော အရာကို မရခြင်းသည် ဆင်းရဲ၏။ အချုပ်အားဖြင့် တဏှာဒိဋ္ဌိတို့၏ စွဲလမ်းရာ ခန္ဓာငါးပါးတို့သည် ဆင်းရဲကုန်၏။

'ရဟန်းတို့၊ ဤဆိုလတ္တံ့သော တရားတို့သည် ဒုက္ခ၏ အကြောင်းရင်းအမှန် "သမုဒယသစ္စာ" တို့ ပေတည်း။ ဎင်းကား

တစ်ဖန် ဘဝသစ်၌ ဖြစ်တတ်သော နှစ်သက်ခြင်း ရာဂနှင့်တကွ ဖြစ်သော ထိုထိုအာရုံ၌ တပ်မက်တတ်သည့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတို့ပင်တည်း။

'ရဟန်းတို့၊ ဤဆိုလတ္တံ့သော တရားသည် ဒုက္ခ၏ ချုပ်ငြိမ်းခြင်း အမှန် "နိရောဓသစ္စာ" တရား ပေတည်း။ ဎင်းကား ဆိုခဲ့ပြီးသော တဏှာ၏ အကြွင်းမဲ့ ချုပ်ခြင်း၊ တဏှာကို စွန့်ခြင်း၊ တဏှာ တစ်ဖန် မဖြစ်တော့ခြင်း၊ တဏှာမှ လွတ်ခြင်း၊ တဏှာ၏ မှီတွယ်ရာ မရှိတော့ခြင်း ပင်တည်း။

'ရဟန်းတို့၊ ဤဆိုလတ္တံ့သော တရားသည် ဒုက္ခချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့် လမ်းစဉ်အမှန် "မဂ္ဂသစ္စာ" တရား ပေတည်း။ ဎင်းမှာ အင်္ဂါရှစ်ပါး ရှိသော ဤမြတ်သော လမ်းပင်တည်း။ ယင်းတို့ကား မှန်ကန်စွာ သိမြင်ခြင်း၊ မှန်ကန်စွာ တွေးကြံခြင်း၊ မှန်ကန်စွာ ပြောဆိုခြင်း၊ မှန်ကန်စွာ ပြုလုပ်ခြင်း၊ ကောင်းမွန် စင်ကြယ်စွာ အသက်မွေးခြင်း၊ မှန်ကန်စွာ အားထုတ်ခြင်း၊ မှန်ကန်စွာ အောက်မေ့ဆင်ခြင်ခြင်း၊ မှန်ကန်စွာ တည်ကြည်ခြင်းတို့ ပေတည်း'

သူတို့ ရှာဖွေနေသော အမှန်တရားကို သိရလေပြီ။ အမှန်တရား ဆိုသည်မှာ တကယ့်အဖြစ်မှန်ကို မြင်အောင် ကြည့်မှု၊ အဘယ့်ကြောင့် ဖြစ်လာသည် ဆိုသည့် အကြောင်းရင်းကို ရှာဖွေမှု၊ ထိုအဖြစ်အပျက်တို့ ချုပ်ငြိမ်းခြင်းနှင့် ယင်းသို့ ချုပ်ငြိမ်းအောင် ပြုလုပ်ရမည့် နည်းလမ်းအမှန်တို့ပင် ဖြစ်သည်ဟု သိလာလေသည်။

ဗုဒ္ဓမြတ်စွာသည် သစ္စာလေးပါး အမှန်တရားကို ဟောကြားပြီး ဤသစ္စာလေးပါး အမှန်တရားတို့ကို တစ်ပါးစီ ကိုယ်တော်

တိုင် ထိုးထွင်း၍ သိပြီ ဖြစ်ကြောင်း၊ ဤသစ္စာလေးပါး အမှန်တရားတို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ် အမြင် မစင်ကြယ်မီ အခါက ငါသည် လောကဌ အထွတ်အမြတ်ဆုံး ဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိသည်ဟု ဝန်ခံတော်မမူခဲ့။ ဤသစ္စာလေးပါး အမှန်တရားတို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိသော၊ ဉာဏ်အမြင် စင်ကြယ်သော အခါမှ သာလျှင် ငါသည် လောကဌ အထွတ်အမြတ်ဆုံး ဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိသည်ဟု ဝန်ခံတော်မူပြီ စသည်ဖြင့် ဆက်လက်၍ ဟောကြားတော်မူလေသည်။

တရားဟော၍ ပြီးသောအခါ ဗုဒ္ဓမြတ်စွာက–

'အို... တရားနာ ပရိသတ်တို့၊ ကောဏ္ဍညသည် အမှန်တရားကို သိပြီ၊ ကောဏ္ဍညသည် အမှန်တရားကို သိပြီ' ဟု နှစ်ခွန်းဆင့်၍ မိန့်ကြားတော်မူလေရာ သူသည် အတိုင်းမသိ ဝမ်းမြောက်သွားလေသည်။ သူသည် ချက်ချင်းပင် 'ရွှေဘုန်းတော်သခင် အရှင်ဘုရား၊ တပည့်တော်သည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရလိုပါသည်၊ ရဟန်းအဖြစ်ကို ရလိုပါသည် ဘုရား' ဟု ထ၍ လျှောက်လိုက်သည်။

ဗုဒ္ဓမြတ်စွာဘုရားက 'ချစ်သား ရဟန်း၊ လာလော့၊ ငါသည် တရားတော်ကို ကောင်းစွာ ဟောကြားအပ်ပြီ၊ ဆင်းရဲဒုက္ခ ကုန်ဆုံးရန် အလို့ငှာ မြတ်သောအကျင့်ကို ကျင့်လော့' ဟု မိန့်တော်မူလေရာ သူသည် ရဟန်းဖြစ်သွားလေသတည်း။

[စန္ဒာမဂ္ဂဇင်း၊ ဇူလိုင် ၁၉၇၁]

ညီတော်မင်းနန်

ကဆုန်လပြည့်ကျော် ၃ ရက်နေ့ ညဦးယံအချိန် ဖြစ်သည်။ ကျောင်းတော်ကြီး၏ အနီးအနား ပတ်ဝန်းကျင်တစ်ဝိုက်မှာ တိတ်ဆိတ်လျက် ရှိသည်။ ရဟန်းတော်ပေါင်း နှစ်သောင်းကျော်ခန့် ရှိသော်လည်း မိမိအနီးရှိ ရဟန်းများ၏ ဖြည်းညင်းစွာ လမ်းသွားသံ၊ ကိုယ်ရုံသင်္ကန်း ပြင်ဝတ်သည့်အသံနှင့် တစ်ခါတစ်ရံ တိုးတိုးသာသာ စကားပြောသော အသံလောက်ကိုသာ ကြားရသဖြင့် တစ်ကျောင်းလုံးတွင် ရဟန်း လေး ငါး ဆယ်ပါးခန့် လောက်သာ ရှိလိမ့်မည်ဟု မှတ်ထင်ရလေသည်။

ထိုအချိန်၌ ရဟန်းသစ်တစ်ပါးမှာ ညောင်စောင်းပေါ်တွင် လဲလျောင်းနေရာမှ ထ၍ထိုင်ကာ ကိုယ်ရုံသင်္ကန်းကို ပြင်ဝတ်ပြီး ရိတ်ပြီးစ ဖြစ်သော ဦးပြည်း ခေါင်းကတုံးကို ညာလက်ဖြင့် ပွတ်သပ်လျက် တစ်ဖန် ပြန်၍ လျောင်းအိပ်လိုက်လေသည်။ သို့ရာတွင် ခဏမျှပင် လျောင်းမနေဘဲ ထထိုင်ပြီးနောက် ညောင်စောင်းဘေးတွင် ရပ်လျက် ကိုယ်ရုံသင်္ကန်းကို ပြင်ဝတ်ပြန်သည်။ ထို့နောက် အခန်းထဲတွင် အနည်းငယ် လမ်းလျှောက်လျက် တစ်ဖန် ညောင်စောင်းတွင် ထိုင်လိုက်ပြန်သည်။ သူသည် ကြောင်

တက်တက်နှင့် အနေရ အထိုင်ရ ခက်၍ နေလေသည်။ သူ့နှားထဲ၌ "မြန်မြန်ပြန်လာပါ မောင်မောင်ဘုရား၊ အကြာကြီး မနေပါနှင့်" ဟူသော အသံကလေးကို ကြားယောင်နေလေသည်။

သူသည် ပြတင်းပေါက်သို့ သွား၍ ရပ်ကာ ခပ်လှမ်းလှမ်းတွင် မီးရောင်များကြောင့် ဝိုးတိုးဝါးတား မြင်နေရသော နန်းတော်ကြီးဆီသို့ လှမ်းမျှော်ကြည့်ရှု နေလေသည်။ အနီးအနားရှိ ရဟန်းတော်များမှာ ထိုရဟန်းသစ်၏ အမူအရာ ဂနာမငြိမ် ဣန္ဒြေမဆည်နိုင် ဖြစ်နေပုံကို ကြင်နာစွာကြည့်၍ ဘာသိဘာသာ အကဲခတ်နေကြလေသည်။ နန်းတော်ကြီးဆီသို့ မျှော်ကြည့်မိရာ သူ၏ စိတ်မျက်စိတွင် နေ့လယ်က အဖြစ်အပျက်များသည် ထင်ထင်ရှားရှားပင် ပြန်၍ ပေါ်လာလေသည်။

*

သာယာသော တူရိယာသံများသည် ထိုးစိုက်ချိတ်ဆွဲထားသော မင်္ဂလာပန်းများကို လည်းကောင်း၊ တလူလူလွင့်နေသော မင်္ဂလာအလံကလေးများကို လည်းကောင်း ပွတ်သီးပွတ်သပ် တိုးဝှေ့ကာ နံနက်ခင်း လေပြည်ကလေးတွင် အေးအေးသာသာ ပျံဝဲနေကြလေသည်။ မြို့သူမြို့သားများသည် ထူးခြားသော ပွဲသဘင်ကြီးများကို ၃ ရက်ဆက်၍ ဆင်နွှဲခဲ့ကြရသော်လည်း ပင်ပန်းနွမ်းနယ်ခြင်း မရှိဘဲ ယနေ့ မင်္ဂလာပွဲကြီးများအတွက်လည်း စိတ်လက်ပေါ့ပါး နေကြလေသည်။ သူတို့သည် အသစ်ကျပ်ချုတ် အင်္ကျီဆုံး အဝတ်များကို ဝတ်ဆင်ကာ ပွင့်စဖြစ်သော ပန်းများကို ကိုင်ဆောင်လျက် နန်းတော်ကြီးသို့ စောစောကပင် ရောက်ရှိနေကြလေသည်။ နန်းတော်ဝင်းကြီး အတွင်းရှိ အဆောက်အဦ ဟူ

သမျှကား သစ်လွင်တောက်ပကာ ပန်းများ၊ အလံများဖြင့် ဝေဆာနေလေသည်။

နန်းမကြီးအတွင်း ကျယ်ဝန်းသော အခန်းဆောင်ကြီးထဲ၌ သာကီဝင်မင်း သက်ကြီးရွယ်ကြီးများ၊ သာကီဝင်မင်းသားများ၊ သာကီဝင် မင်းသမီးများ၊ မှူးမျိုးမတ်မျိုးများ၊ သူဌေးကြီးများ၊ ရာထူးအလိုက် မင်းမူထမ်းများ စသည်ဖြင့် တစ်သန့်စီ တစ်သန့်စီ သီးသန့်ခြားနားကာ ထိုင်နေကြလေသည်။ ဖြူဆွတ်လတ်ဆတ်သည့် စံပယ်ပန်းကလေးများသည် သာယာငြိမ့်ညောင်းသော တူရိယာသံများ အပေါ်၌ အငြိမ့်စီးရင်း မင်္ဂလာခန်းမကြီးအတွင်း ပရိသတ်များ အပေါ်သို့ တဖွဖွ ကျနေကြလေသည်။

နေရောင်ခြည်သည် တဖြည်းဖြည်း ရင့်၍ရင့်၍ လာလေသည်။ ကပိလဝတ် နေပြည်တော်နှင့် ပတ်ဝန်းကျင်ရှိ ပန်းကလေးများလည်း မင်္ဂလာအောင်ခြင်း ခရာသင်းသံကို နားထောင်ရန် တဖြည်းဖြည်း စွင့်၍ စွင့်၍ လာလေသည်။ သာယာငြိမ့်ညောင်းသော တူရိယာသံလည်း တဖြည်းဖြည်း မြင့်၍မြင့်၍ လာလေသည်။ တဖွဖွကျနေသော စံပယ်ပန်းမိုးကလေးလည်း တစ်ကြိမ်ထက် တစ်ကြိမ် ဆင့်၍ဆင့်၍ ကျလာလေသည်။ နန်းတော်အဆောက်အဦများနှင့်တကွ မြေကွက်လပ်များ၌ စုဝေးနေကြသည့် ထောင်ပေါင်းများစွာသော ပရိသတ်ကြီး၏ ကောင်းချီးပေးသံ၊ ဆုတောင်းသံများမှာ ကောင်းကင်ယံတွင် ဒီလှိုင်းသဲကြီးများ အလိပ်အလိပ် တက်သကဲ့သို့ တစ်ခဲနက် လွှင့်၍လွှင့်၍ သွားလေသည်။

နံနက် ၉ နာရီ အချိန်ခန့်တွင် ဗုဒ္ဓမြတ်စွာဘုရားသည် သံဃာတော်ပေါင်း များစွာ ခြံရံလျက် မင်္ဂလာခန်းမဆောင်ကြီး

လျှင် ယူလိမ့်မည်ဟု မျှော်လင့်ပြန်သည်။ သို့သော်လည်း မယူပြန်ချေ။ သူ့စိတ်ထဲမှာ အကြဲအိုက်နေလေသည်။ သူသည် မြတ်စွာဘုရား၏ နောက်တည့်တည့်က လိုက်နေရာ နှာ အေးသို့ထွက်ကာ မြတ်စွာဘုရား မြင်သာအောင် လိုက်ပါလေသည်။ မြတ်စွာဘုရားသည် သူ့ကိုမြင်လျှင် သပိတ်ကို ပြန်ယူလိမ့်မည်ဟု မျှော်လင့်သောကြောင့် ဖြစ်သည်။ မြတ်စွာဘုရားကား ကြွမြဲ ကြွတော်မူလျက် ရှိသည်။

နှမတော် ရူပနန္ဒာ၏ အဆောင်တော် ရှေ့သို့ ရောက်သော အခါ နန္ဒသည် သပိတ်တော်ထမ်းလျက် လိုက်နေရာမှ အပေါ်သို့ မော့ကြည့်မိသည်။ သူ တောင့်တသည့် အတိုင်းပင် နှမတော် ရူပနန္ဒာသည် လေသာပြတင်းမှ သူ့ကို ထွက်ကြည့်နေသည်ကို တွေ့ရသည်။ ရူပနန္ဒာသည် ပိတုန်းရောင့်ကဲ့သို့ နက်မှောင်သော ဆံပင်တစ်ဝက်ကို လက်ဖြင့် ကိုင်လျက်၊ ကျန်တစ်ဝက်မှာ ကပို ကရို ကျကာ ထိတ်ထိတ်ပျာပျာ အမူအရာမျိုးဖြင့် စိုးရိမ်တကြီး ကြည့်နေရှာသည်။ 'မြန်မြန်ပြန်လာပါ မောင်တော်ဘုရား၊ အကြာကြီး မနေပါနှင့်' ဟုလည်း အရေးတကြီး မှာကြားရှာလေသည်။ ပြောပုံမှာ ငယ်မူငယ်ရာ ငယ်ဟန်ပါလှသော်လည်း မျက်နှာတွင် အလွန်စိုးရိမ်သည့် အမူအရာများ ပေါ်နေသည်ကို သူ ကောင်းကောင်းကြီး သိလိုက်သည်။ ထိုစကားမှာ နှမတော်၏ နှလုံးသားထဲက ထွက်လာပြီး သူ၏ရင်ဝကို ဖောက်ထွင်းကာ နှလုံးသားထဲသို့ ဝင်သွားသည်ဟု ထင်လိုက်သည်။ သူသည် နှမတော် ရူပနန္ဒာအား ပြန်ကြည့်ပြန်ကြည့်နှင့် မြတ်စွာဘုရားနှင့် သံဃာတော်များကိုပင် သတိမထားမိနိုင်အောင် ဖြစ်သွားလေသည်။

အတွင်းသို့ ကြွလာတော်မူသည်။ သူ (နန္ဒမင်းသား) ၏ နန်းတက်မင်္ဂလာ၊ ဦးသျှောင်ထုံးမင်္ဂလာ၊ လက်ထပ်မင်္ဂလာများအတွက် ခမည်းတော် သုဒ္ဓါဒနမင်းကြီးသည် ဘုရား အမှူးရှိသော သံဃာတော်များကို မင်္ဂလာဆွမ်းကပ်လှူရန် ပင့်ထားသောကြောင့် မြတ်စွာဘုရား ကြွလာတော်မူခြင်း ဖြစ်သည်။ ပရိသတ်များသည် ငြိမ်သက် တိတ်ဆိတ် သွားလေသည်။ ဗုဒ္ဓမြတ်စွာဘုရားက မင်္ဂလာတရား ဟောတော်မူသဖြင့် သူ (နန္ဒမင်းသား) လည်း ရှေ့တော်တွင် ရိုသေစွာ ဝပ်တွား၍ တရားနာလေသည်။

"နန္ဒ၊ ရော့... ငါ့သပိတ်ကို ထမ်းခဲ့စမ်း"

ဗုဒ္ဓမြတ်စွာဘုရားသည် တရားဟောအပြီး ပြန်ကြွခါနီးတွင် နန္ဒမင်းသားအား သပိတ်တော်ကို လှမ်း၍ ပေးတော်မူသည်။ စင်စစ်အားဖြင့် မြတ်စွာဘုရားသည် တစ်စုံတစ်ရာ မပြောဘဲ သပိတ်ကို လှမ်းပေးခြင်းသာ ဖြစ်သည်။ သို့ရာတွင် နန္ဒမင်းသား၏ စိတ်တွင် အထက်ပါအတိုင်း "နန္ဒ၊ ရော့... ငါ့သပိတ်ကို ထမ်းခဲ့စမ်း" ဟူ၍ မိန့်တော်မူလိုက်သည်ဟု ထင်ကာ အခြားသူ တစ်စုံတစ်ယောက်အား လွဲပြောင်းမပေးဝံ့ဘဲ သပိတ်ကို ကိုယ်တိုင် ထမ်းကာ လိုက်ပါရရှာလေသည်။ သူ့စိတ်ထဲတွင်ကား ပရိသတ်အကြားမှာ ဖြစ်၍ သူ့ကို အထမ်းခိုင်းခြင်း ဖြစ်သည်၊ ပရိသတ်နှင့် လွတ်သော နန်းရင်ပြင် ရောက်လျှင်တော့ သပိတ်တော်ကို ပြန်ယူလိမ့်မည်ဟု ထင်မိလေသည်။

သူ့အထင် မမှန်ချေ။ မြတ်စွာဘုရားသည် နန်းရင်ပြင် ရောက်သော်လည်း သပိတ်ကို ပြန်၍မယူဘဲ ရှေ့က ကြွမြဲတိုင်းသာ ကြွတော်မူလေသည်။ ကိုယ်တော်က ပြန်မတောင်းသဖြင့် သူကလည်း မဆက်ကပ်ဝံ့ချေ။ တစ်ဖန် စောင်းတန်းဦးသို့ ရောက်

တွင်ကား ရဟန်းတော်များ ဝန်းရံလျက် ရှိသည်။ ဝတ်ကြောင်ဆို၍ သူတစ်ယောက်သာ ရှိသည်။ ရဟန်းတော်များကို ကြည့်ရသည်မှာ ဘာမျှ မထူးဆန်းသလို သဘောထားသည့်အသွင် ပေါ်နေသည်။ ဤအတိုင်းလည်း အမှန်ပင် ဖြစ်သည်။ ရဟန်းတော်များသည် မြတ်စွာဘုရားက နန္ဒမင်းသားကို သပိတ်ထမ်းခေါ်လာကတည်းကပင် ရဟန်းပြုပေးတော့မည်ဟု သိနေကြလေသည်။ သူတို့သည် ရာဇဂြိုဟ်တွင် နေခဲ့စဉ်က ဤအဖြစ်မျိုးကို အကြိမ်ကြိမ် တွေ့ခဲ့ရပြီး ဖြစ်သည်။

နန္ဒသည် နောင်တော်ဖြစ်သော မြတ်စွာဘုရားအား အလွန်ရိုသေ ကြောက်ရွံ့လှသဖြင့် ရဟန်းမပြုနိုင်ပါဟု မလျှောက်ဝံ့ရှာချေ။ နောင်တော်ဘုရား အပေါ်၌ ရိုသေကြောက်ရွံ့သော အရိုန်ကြောင့် ရဟန်းပြုလျှင် နှမတော် ရူပနန္ဒာ မည်မျှ စိတ်သောက ဖြစ်ရှာမည်၊ သူကိုယ်တိုင်လည်း ဘယ်မျှလောက် စိတ်ဒုက္ခ ဖြစ်ရမည် ဆိုသည့် အရေးကို တွေးဖို့ရန်ပင် သတိမရချေ။ သူသည် 'မှန်ပါ၊ ရဟန်းပြုပါမယ် ဘုရား' ဟု သူ့စိတ်ထဲက မပါသော စကားကို ပြောလိုက်မိလေသည်။

*

နေ့လယ်က ဖြစ်ပျက်ခဲ့သော မိမိ အဖြစ်အပျက်များကို တွေးရင်း ခေါင်းကို မကြာမကြာ သပ်မိလေ၏။ သူသည် သူ့ကိုယ်ပေါ်၌ သက်နိုးများ ဝတ်ရုံထားသည်ဟုပင် မထင်၊ မင်းမြောက်တန်ဆာ အဝတ်အစားများ ဝတ်ထားသည်ဟုပင် မှတ်ထင်နေလေသည်။ သို့ရာတွင် သူ့စိတ်မှာ ဟာတာတာကြီး ဖြစ်နေလေသည်။ မြတ်စွာဘုရား၏ အမိန့်အရ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက သူ့ကို

လပြည့်ဝန်းကြီးသည် လှပသော ကျက်သရေရှိသည် မှန်သော်လည်း လမင်း၏ အလှကျက်သရေတို့မှာ ကောင်းကင်ပြင်ကြီး တစ်ခုလုံး၌ ပျံ့နှံ့နေသကဲ့သို့ ဖြစ်နေလေသည်။ ပြတင်းပေါက်မှ ထွက်ပြူနေသော နှမတော် ရူပနန္ဒာ၏ မျက်နှာသည်ကား ဘောင်ခတ်ထားသော လပြည့်ဝန်းကလေးပမာ ရှိသမျှ အလှကျက်သရေများ ဘေးသို့ မပြန့်မကားဘဲ တစုတရုံး တလုံးတခဲတည်း စုရုံးနေသဖြင့် ကောင်းကင်က လမင်းထက်ပင် ပို၍ ကျက်သရေရှိသည်ဟု သူ့စိတ်ထဲက ထင်မိလေသည်။ ယခု မကြာမီ နာရီပိုင်းအတွင်း မွန်းမတည့်မီ အချိန်လောက်၌ပင် နှမတော် ရူပနန္ဒာကို လက်ဆွဲပြီး နန်းသိမ်းပွဲ ခံရတော့မည်ဖြစ်၍ သူသည် လှပတင့်ရွန်းသည့် ဘောင်ခတ်ထားသော လပြည့်ဝန်းကလေး၏ အလှကျက်သရေထဲတွင် မှေးစက်ရတော့မည်ဟု တွေးကာ ပျော်မြူးလာလေ၏။ ထမ်းထားသော သပိတ်ကိုပင် ယောင်မှားပြီး မွေ့ပိုက်တော့မည် ပြုပြီးမှ သတိရကာ ပြန်၍ ထမ်းရလေ၏။ နန်းတော်မှ ထွက်လျှင် သပိတ်ကို ယူလိမ့်မည်ဟု မျှော်လင့်သော်လည်း နန်းတော်မှ ထွက်သောအခါ မြတ်စွာဘုရားသည် သပိတ်ကို မယူဘဲ ကြွမြဲ ကြွတော်မူနေလေသည်။ သို့နှင့်လည်း စိတ်မလျှော့သေးချေ။ ကျောင်းတော်တံခါးသို့ ရောက်လျှင် ယူကောင်းပါရဲ့ဟု မျှော်လင့်ပြန်သည်။

'နန္ဒ၊ ရဟန်းပြုမလား'

ကျောင်းတော်သို့ ရောက်၍ သပိတ်ကိုထားပြီး ပြန်မည် လုပ်နေစဉ် မြတ်စွာဘုရားက မေးတော်မူလေသည်။ နန္ဒသည် ရုတ်တရက် အံ့အားသင့်ကာ ငိုင်သွားလေသည်။ သူသည် သူပြောရမည့် စကားလုံးကို ရှာသကဲ့သို့ ဟိုဟိုဒီဒီ ကြည့်မိသည်။ သူ့ဘေး

ရဟန်းပြုပေးသည်ကိုလည်း သူ သတိမရ၊ သူ အမြဲ သတိရနေသော အရာမှာ ဘောင်ခတ်ထားသော လဝန်းနှင့် "မြန်မြန် ပြန်လာပါ မောင်မောင်ဘုရား၊ အကြာကြီး မနေပါနှင့်" ဟူသော အသံကလေးသာ ဖြစ်သည်။ သူ့နားထဲတွင် ထိုအသံကို ကြားယောင်လျက်၊ သူ့မျက်လုံးထဲတွင် ရှင်းပြီးသား ဆံပင်တစ်ဝက်ကို လက်နှင့်ကိုင်လျက် အခြားဆံပင်များက ဖရိုဖရဲ ပျံဝဲကျနေကာ ညှိုးငယ်သည့် အမူအရာနှင့် ပြတင်းပေါက်မှ ကြည့်နေသော နှမတော် ရူပနန္ဒာ၏ မျက်နှာကလေးကို မြင်ယောင်နေလေသည်။ ဦးထိပ်မှာ ရှင်းပြီး အေးနေသဖြင့် မကြာမကြာ စမ်းသပ်မိလေသည်။ သို့ စမ်းသပ်မိတိုင်း စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်ကာ မိမိအသွင်ကို ငဲ့ကြည့်မိလေသည်။ သူသည် သင်္ကန်းကို ပြန်၍ သပ်ယပ်ကာ ညောင်စောင်းပေါ်သို့ သွား၍ လဲလျောင်းပြန်သည်။ သူ့အမူအရာမှာ ကြောင်တောင်တောင် ယောင်ဝါးဝါး ဖြစ်နေလေသည်။

လပြည့်ကျော် ၃ ရက်နေ့ဖြစ်၍ လမင်းသည် များစွာ ပုံမပျက်သေးဘဲ ခပ်ဝိုင်းဝိုင်းပင် ထွက်လာသည်။ မြို့တော်ကြီးကား စိတ်ပန်းလက်ပန်းကျကာ ငြိမ်သက်၍ နေလေသည်။ နန်းတော်ကြီး အတွင်း၌ကား သာကီဝင် မင်းသားများ၊ မင်းသမီးများ၊ အထူးသဖြင့် ရံရွေတော်များသည် အချင်းချင်းစုကာ တိုးတိုးတိတ်တိတ် ညည်းညူပြောဆို နေကြလေသည်။ သူတို့ စိတ်တွင် အဟုတ်တကယ် ဖြစ်သွားသော မျက်လှည့်ပွဲကြီးကို ကြည့်ရသကဲ့သို့ ဖြစ်နေလေသည်။ နံနက်ပိုင်းတွင် ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးများကို စိမ်ခင်းကျင်းလျက် မွန်းလွဲသောအခါ မင်္ဂလာ

သတို့သားက ရဟန်းဖြစ်သွားလေရာ ထိုအဖြစ်အပျက်မှာ မျက်လှည့်ပြသကဲ့သို့ အံ့သြလောက်အောင် လျင်မြန်စွာ ပြောင်းလဲသွားသော်လည်း၊ ၎င်းမှာ အဟုတ်တကယ်ဖြစ်သော အဖြစ်အပျက် ဖြစ်နေလေသည်။

ဇနပဒကလျာဏီ ခေါ် ရူပနန္ဒာ၏ အဆောင်တော်၌ ရံရွေတော်များသည် သူတို့သခင်မလေး ဖြစ်ပုံကို တွေးပြီး ကိုယ်တိုင် ခံစားရသလို ယူကျုံးမရ ဖြစ်နေကြလေသည်။ သူတို့သည် မနက်က အစောကြီး ထလျက် သူတို့သခင်မ ရူပနန္ဒာအား နံ့သာရည်များဖြင့် ချိုးပေးပြီး အမွေးနံ့သာများ လိမ်းခြယ်ပေးကာ လက်ဝတ်လက်စားများကို ဝတ်ဆင်ပေးရင်း ပြက်ရယ်စကားများကို ပင် ကျီစယ် ပြောဆိုခဲ့ကြသေးသည်။

'သခင်မက သိပ်လှတာပဲ၊ ဒါကြောင့်မို့လည်း ကိုယ်တော်လေးက လေးမြတ်တော်မူတာပဲ'

'ဟုတ်ပါရဲ့၊ ကျွန်မဖြင့် ထိပ်ထားကလေး မျက်နှာဟာ ဒီနေ့ ခါတိုင်းထက်တောင် ပိုလှတယ်လို့ ထင်တယ်၊ ကြည့်ကြစမ်းပါဦး၊ ကျွန်မစိတ်ကပဲ ထင်လို့များလား'

'ဟုတ်ပါရဲ့နော်၊ သခင်မဟာ ဒီနေ့ ခါတိုင်းထက် ပိုလှနေတယ်'

ဤသို့ပြောရင်း ဝိုင်းကြည့်ကြသဖြင့် ရူပနန္ဒာက 'အို... အမိတို့ကလည်း သူများ မျက်နှာ မထားတတ်အောင်' ဟု ညည်းပြော ပြောလေသည်။

'အို... သခင်မကလည်း ကျွန်မတို့ ဝိုင်းကြည့်တာတောင်မှ မျက်နှာ မထားတတ်အောင် ဖြစ်နေရင် တော်တော်ကြာ မင်္ဂလာပွဲထိုင် ထွက်တော့ မခက်ပါလား၊ အဲဒီအခါကျမှ လှပတဲ့ ကြာပန်း

လေးတစ်ပွင့်ကို ပိတုန်းပေါင်း ဆယ်သိန်းလောက် ပိုင်းအုံသလို အခုရောက်နေတဲ့ ပရိသတ်ကြီး၏ ရှိသမျှ မျက်လုံးတွေအကုန် သခင်မမျက်နှာ ပဒုမ္မာကြာပန်းကလေးကို ပိုင်းပြီး အုံကြပါလိမ့်မယ်'

'အင်း... ပရိသတ်ကြားထဲမှာ ဘယ်လောက်ကြာကြာများ ထိုင်နေရမှာလဲ မသိဘူး'

ရူပနန္ဒာက အထက်ပါအတိုင်း ညည်းတွားသလို ပြော၍ စကားမဆုံးမီပင် ရဲရွေတော်တစ်ယောက်က 'သတိထားတော်မူပါ သခင်မ၊ ဒီနေ့ဟာ မင်္ဂလာယူရမယ့် နေ့ပါ' ဟု သတိပေးလိုက်လေသည်။ ထိုရဲရွေတော်ကပင်–

'တစ်သက်တစ်ခါ မင်္ဂလာကိစ္စကိုး ထိပ်ထားရဲ့၊ ဒီလို ပရိသတ်များများနဲ့ မင်္ဂလာအခမ်းအနား ကျင်းပရတယ် ဆိုတာ လူတိုင်းနဲ့ဆိုင်တာ မဟုတ်ဘူး ဘုရား' ဟု ဆက်ပြောလေသည်။

'ဟုတ်ပါရဲ့၊ ထိပ်ထားကလည်း ကျွန်မတို့များဖြင့် ဒီလို ပရိသတ်များများနဲ့ ခမ်းခမ်းနားနား လက်ထပ်ရမယ်ဆိုရင် တစ်ရက် မဟုတ်ဘူး၊ ခုနစ်ရက် ခုနစ်လီ ထိုင်ရထိုင်ရ မထဘဲ ထိုင်နိုင်ပါတယ်'

ရူပနန္ဒာက ထိုအပျိုတော်အား ပြုံး၍ ရှုစားကာ–

'ပြောတော့မယ် အမိကဖြင့်' ဟု ဆိုလေ၏။

သခင်မက သိပ်လှတာပဲဟု ပထမဆုံး စ၍ ပြောသော အပျိုတော်က–

'ဟော... ဟော ကြည့်ကြစမ်းပါ၊ အခုလို ပြုံးလိုက်လို့ ပါးခွက်ကလေးတွေ ပေါ်လာတော့ တာဝတိံသာ နတ်ပြည် နန္ဒ

ဝန်ဥယျာဉ် အတွင်းက သိကြားမင်းကြီး ရေကစားတဲ့ မင်္ဂလာမြရေကန်မှာ လှိုင်းကလေးတွေ ထ လာသလို သခင်မမျက်နှာ မင်္ဂလာမြရေကန်ဟာ အင်မတန် ပိုပြီး လှမလာဘူးလား အမိတို့ရဲ့' ဟု ဆိုလေ၏။

တစ်ယောက်က 'အမိ ပြောသလိုဖြင့် တာဝတိံသာ မြရေကန်မှာ လှိုင်းကလေး ထ လာတော့ ရွှေဝမ်းဘဲကလေး တစ်ကောင်က လှိုင်းစီးနေသလို သခင်မမျက်နှာ မင်္ဂလာမြရေကန်မှာ လှိုင်းကလေး ထ လာလို့ ရွှေဝမ်းဘဲကလေးတစ်ကောင်များ လှိုင်းစီးဖို့ ပေါ်လာမလား မသိဘူး' ဟု ကျီစယ်လိုက်ရာ–

ရူပနန္ဒာက 'တော်ကြစမ်း အမိတို့၊ သူတို့ဖြင့် ပြောင်ဖို့ လှောင်ဖို့ပဲ စိတ်ကူးနေကြတာပဲ၊ ကဲပါ ဆံပင်ကို မြန်မြန်ပြီးအောင် ရှင်းကြပါ' ဟု ဆိုလေ၏။

ထိုအခိုက် လက်ပါးစေ အပျိုတော်ကလေး တစ်ယောက် ရေကြီးသုတ်ပျာ ဝင်လာပြီး–

'ထိပ်ထားသခင်မ ဘုရား၊ မောင်တော်မင်းနန္ဒကို နောင်တော်ကြီးဘုရားက ခေါ်သွားပါတယ်' ဟု ပြောသဖြင့် ရူပနန္ဒာသည် ဖြီးပြီးသား ဆံပင်တစ်စက်ကို လက်ဖြင့်ကိုင်ကာ လေသာပြတင်းပေါက်မှ ထွက်ကြည့်ပြီး မြန်မြန်ပြန်လာပါ မောင်မောင် ဘုရား၊ အကြာကြီး မနေပါနဲ့ ဟု မှာကြားလိုက်လေသည်။

ဤကား မနက်ခင်းက အဖြစ်အပျက် ဖြစ်သည်။ ရဲရွေတော်များသည် ထိုအဖြစ်အပျက်ကို တွေးကာ သူတို့သခင်မကို သနားနေကြလေသည်။

'ဘယ့်နယ်လဲအေ့၊ ကိုယ်တော်ကလေး ရဟန်းပြုတယ် ဆိုတာ အသေအချာပဲလား'

သူတို့အချင်းချင်း စု၍ တိုးတိုး တိုးတိုးနှင့် ပြောနေကြစဉ် ဝင်လာသော အပျိုတော်တစ်ယောက်က အထက်ပါအတိုင်း မေးလိုက်လေသည်။

'အလို... ဒီကောင်မ ဘယ်ချောင်သွားပြီး အိပ်နေသလဲ၊ ကျောင်းရောက်လို့ မကြာခင်ပဲ ရဟန်းပြုတယ် ဆိုတာကို မကြားဖူးလား၊ တစ်နန်းတော်လုံး ဆူလို့ ပြောနေကြတာ'

'ဒါနဲ့ တချို့က ပြောတော့ ကိုယ်တော်ကြီးက ရဟန်းပြုမလား မေးတော့ ကိုယ်တော်ကလေးက စဉ်းစားပရစေဦးလို့ ပြောသလိုလို၊ တချို့ကလည်း ရဟန်းပြုခါနီးမှာ ခေါင်းရိတ်မေးမယ့် ရဟန်းက ကိုယ်တော်ကလေးကို သနားလို့ ဝှက်ထားသလို လိုတောင် ပြောကြတယ်'

'ညည်းလင် တဲ့၊ တယ် ငါ ပြောလိုက်ရ၊ ကိုယ်တော်ကြီးဘုရား၏ အမိန့်ကို ရဟန်းတွေက သွေဖည်ရဲပါ့မလား၊ ကိုယ်တော်ကလေးတောင်မှ ရဟန်းပြုမလားလို့ မေးတော့ မပြုချင်ပါဘူးလို့ ပြောချင်လျက်နဲ့ ကိုယ်တော်ကြီးကို ကြောက်လို့ မှန်ပါ၊ ပြုပါမယ်ဘုရားလို့ ခေါင်းငုံ့ပြီး လျှောက်တင်ရှာတယ်တဲ့ သိရဲ့လား'

'သနားစရာနော်၊ ကိုယ်တော်ကလေးဖြင့် ဘယ်လောက်များ...'

'ဟေ့ ကောင်မတွေ တိတ်ကြ၊ ဟိုမှာ ထိပ်ထားသခင်မကလေး ကြည့်နေတယ်' ဟု တစ်ယောက်က ဟန့်လိုက်သဖြင့် မီးကို ရေဖြင့် ဖျန်းသကဲ့သို့ တိတ်သွားကြလေ၏။

ဇနပဒကလျာဏီ အမည်ရှိသော ရူပနန္ဒာ မင်းသမီးကလေးသည် သလွန်ပေါ်တွင် လျောင်းကာ ဘယ်ပြောင်းညာလှည့် နဲ့.နဲ့.

ကလေး မှိုင်တွေးငေးမောလျက် အပူဟုန် ရေယဉ်ကြောမှာ နစ်မျောသကဲ့သို့ ဖြစ်နေရှာလေ၏။ တစ်ခါတစ်ခါ ပင့်သက်ကလေးချလျက် အနားက ပန်းယပ်ခတ်ပေးနေသော လက်ပါးစေ အပျိုတော်ကလေးအား လေပါအောင် ခပ်နာနာ ယပ်စမ်းပါ ဟူ၍ လည်းကောင်း၊ ဒီနေ့မှပဲ လေကလည်း ငြိမ်လိုက်တာ ဟူ၍ လည်းကောင်း ညည်းတွား ပြောဆိုလေ၏။

ခဏမျှကြာလျှင် လေသာပြတင်းမှ လရောင်ကလေး သမ်း၍ လာသည်ကို မြင်သဖြင့် သလွန်တော်မှ ထကာ နံနက်က မောင်တော် နန္ဒမင်းသားအား ရှမ္ဘော်မှာကြားလိုက်သည့် ပြတင်းပေါက်သို့ သွား၍ ရပ်လေ၏။ ရံရွေတော်များသည် နောက်ပါးမှ လိုက်သွားကြရာ ရူပနန္ဒာက ဟိုမှာ နေကြပါ၊ ဒီပြတင်းကလေးက လေညင်းကလေး လာလို့ သာယာတဲ့ လရောင်ကလေးကို ရှစားမလို့ပါ ဟု လှည့်၍ ပြောသဖြင့် အသာယို့၍ ပြန်ဆုတ်ကြရလေ၏။

ရူပနန္ဒာသည် နန္ဒမင်းသား လိုက်ပါသွားသော လမ်းကို ငေးမောရှစား နေလေသည်။ မောင်တော်သည် သူ မှာကြားလိုက်သည်ကို ကောင်းစွာ ကြားသည်ဟု ယုံကြည်လေသည်။ သူ့အသံကို ကြားသဖြင့် ပြန်ကြည့်ပြန်ကြည့်နှင့် လိုက်ပါသွားပုံကလေးကိုပင် သူ့မျက်စိထဲမှာ ဖျောက်လို့ မရချေ။

"ခေါ်လို့သာ လိုက်ရှာတာပဲ၊ မောင်တော်ကတော့ လိုက်ချင်လို့ မဟုတ်ရှာပါဘူး၊ ရဟန်းပြုတယ်ဆိုတာလည်း မောင်ကြီးဘုရား စကားကို မငြင်းဆန်ဝံ့လို့ ဖြစ်မှာပဲ၊ မောင်ကြီးဘုရားဟာ သိပ်ရက်စက်တာပဲ"

ဤကား သူ့စိတ်ထဲက ပြောနေသော စကားဖြစ်သည်။

'စက်တော်မူချိန် နှောင်းသွားရင် နေမကောင်းဖြစ်မှာ စိုးရပါတယ် သခင်မ'

ရဲရွေတော်က အထက်ပါအတိုင်း ပြောသော်လည်း ရူပနန္ဒာသည် ထိုစကားမျိုးကို ကြားပုံမပေါ်ချေ။ သူသည် ပြတင်းပေါက်မှ နေကာ အဝေးသို့ လှမ်းမျှော်ကြည့်နေပြန်လေသည်။ ခဏမျှကြာသောအခါ ရူပနန္ဒာသည် "မျှော်လင့်ချက်ဖြင့် ဆုံးရှာပေါ့" ဟု ညည်းညူလိုက်လေသည်။ သို့ရာတွင် ထိုစကားမှာ အသံအဖြစ်ဖြင့် အက္ခရာပီသစွာ ထွက်မလာဘဲ ရင်ထဲမှ တက်လာသော အပူရှိန်ဖြင့် လောင်ကျွမ်းကာ ပင့်သက်အဖြစ်ဖြင့် ထွက်လာလေ၏။

*

မွန်းတည့်ချိန်ဖြစ်၍ ကဆုန်လ၏ နေမှာ ချစ်ချစ်တောက် ပူလှသည်။ ထိုအချိန်၌ မြတ်စွာဘုရားနှင့် သံဃာတော်များသည် ဖိနပ်မစီး၊ ထီးမဆောင်းဘဲ သပိတ်ကိုယ်စီ လွယ်ကာ နိဂြောဓရုံကျောင်းတော်ကြီးမှ ထွက်ခွာ ကြွမြန်းတော်မူကြလေသည်။ အလွန် ရှည်လျားသည့် ရွေနဂါးကြီး တစ်ကောင်သည် လွန်ခဲ့သော လပြည့်နေ့က ကပိလဝတ်ပြည်သို့ ဝင်လာပြီး နိဂြောဓဥယျာဉ်ထဲ၌ ခုနစ်ရက် ရှစ်ရက်ခန့် ကိန်းဝပ်လျက် ဝင်လာသည့် လမ်းအတိုင်း တလွန့်လွန့်ရွေ့လျားကာ ပြန်ထွက်သွားသကဲ့သို့ မြတ်စွာဘုရားသည် သံဃာတော် နှစ်သောင်းနှင့်တကွ ယနေ့ရာဇဂြိုဟ်ပြည်သို့ ကြွရန် နိဂြောဓရုံကျောင်းမှ ထွက်ခွာတော်မူနေခြင်း ဖြစ်သည်။ မြို့သူ မြို့သားများသည် ချစ်ချစ်တောက် ပူနေသည့် မွန်းတည့်ချိန်ကြီးတွင် ဖိနပ်မစီး၊ ထီးမဆောင်းဘဲ

သူသည် မည်မည်ရရ မဟုတ်ဘဲ ဟိုဟိုဒီဒီသို့ ကြည့်မိလေသည်။ နန်းတော် အဆောက်အဦများသည် သူ့အတွက် ဝမ်းနည်းပက်လက် ဖြစ်သကဲ့သို့ လရောင်အောက်တွင် ငြိမ်သက်၍ နေကြလေသည်။ သူ့စိတ်တွင် နန်းတော်ကြီးတစ်ခုလုံး လူတစ်ယောက်မျှ မရှိဘဲ ဟာလာဟင်းလင်းကြီး ဖြစ်နေသကဲ့သို့ ထင်မိလေသည်။ ချစ်သူမောင်တော် စံပျော်သည့် နန်းဆောင်ကို ကြည့်မိရာ၌ကား သူ့ရင်ထဲမှာ ဟာ၍သွားလေသည်။ သူ့စိတ်တွင် ဤနန်းတော်ကြီးသာ မဟုတ်၊ လူ့လောကကြီး တစ်ခုလုံးသည် မလှုပ်မယှက် ငြိမ်သက် တိတ်ဆိတ်ကာ ဟာလာဟင်းလင်းကြီး ဖြစ်နေသလို ထင်မိလေသည်။ သူသည် နိဂြောဓရုံကျောင်းတော် ရှိရာဘက်သို့ မှန်းမျှော်ရှုစားမိပြန်သည်။ သပိတ်ကို ထမ်းကာ မောင်ကြီးဘုရား နောက်တော်ပါးက သနားစရာ ပြန်ကြည့်ပြန်ကြည့်နှင့် ပါသွားရှာသော ချစ်မောင်တော် အသွင်ကိုသာ မြင်ယောင်နေလေသည်။

'သန်းခေါင်ယံ နီးပါပြီ ထိပ်ထားသခင်မ ဘုရား၊ စက်ပျော်ရန် အချိန်တော် သိသိ လင့်သွားပါပြီ ဘုရား'

ရူပနန္ဒာသည် ခြေသံကြားသဖြင့် လှည့်၍ကြည့်လိုက်ရာ လက်စွဲတော် ရဲရွေတစ်ယောက်သည် ခပ်ယိုယို အရိုအသေပေးကာ အထက်ပါအတိုင်း တင်လျှောက်လေ၏။

ရူပနန္ဒာက အပြစ်တင်သလို 'အို...' ဟု ဆိုပြီး ဆက်၍ ပြောပြန်သည်။ 'ရင်ထဲက ပူလွန်းလို့ လဝန်းကြီးကို ရှုစားနေရတယ်၊ အပူလည်း မသက်သာပါဘူး၊ ရင်ထဲက မသက်သာရင် စက်ရာမှာ လျောင်းပေမယ့် တပြောင်းပြောင်း တပြန်ပြန်နဲ့ စက်လို့ရမှာ မဟုတ်ပါဘူး၊ ခဏကလေး နေစမ်းပါဦး'

သပိတ်ကိုယ်စီလွယ်ကာ အေးဆေးငြိမ်သက်စွာ ကြွနေသော မြတ်စွာဘုရားနှင့် သံဃာတော်များကို တအံ့တသြ ငေးမော ကြည့်ရှုနေကြလေသည်။

သံဃာတော်များ အကြား၌ ခုနစ်နှစ်အရွယ် သာမဏေ ကလေးကို မြင်ကြသောအခါ ဟိုမှာ ဟိုမှာ၊ ရာဟုလာကလေး၊ ရာဟုလာကလေးဟု အချင်းချင်း ပြကြလေသည်။ ခပ်လှမ်းလှမ်း က ကြည့်ရခြင်း ဖြစ်သဖြင့် ရာဟုလာ၏ နောက်နားက မရွှင်လန်း သော အမူအရာ၊ စိတ်မပါသော ခြေလှမ်းများဖြင့် ကြွသွားနေသော နန္ဒရဟန်းကိုကား မမှတ်မိကြချေ။

နန္ဒရဟန်းသည် သံဃာတန်းတွင် အများနှင့် ရောယောင် ကာ ပါနေသော်လည်း သူ့စိတ်နှင့် သူ့ခြေလှမ်းမှာ ဖြောင့်ဖြောင့် ဆန့်ကျင်လျက် ရှိလေသည်။ ရထားက ရှေ့သို့ ပြေးနေသော် လည်း ရထားဦး၌ စိုက်ထားသော အလံက နောက်ပြန် လွင့်နေ သကဲ့သို့ သူ့ခြေလှမ်းများက သံဃာတန်းနှင့် ရောယောင်ကာ ရာဇဂြိုဟ်ပြည်ဘက်သို့ လှမ်းနေသော်လည်း သူ့စိတ်ကား နှမ တော် ဇနပဒကလျာဏီရှိရာ ကပိလဝတ် နန်းတော်ဆီသို့ တလူ လူ လွင့်နေလေသည်။ ရဟန်းပြုလျှင် လူ့အနှောင်အဖွဲ့ သံယော ဇဉ် ဟူသမျှကို ဖြတ်ရမည်၊ မြတ်စွာဘုရား ကြွရာသို့ လိုက်ပါရ မည် ဆိုသည်ကို မသိသည်ကား မဟုတ်ပေ။ သို့ရာတွင် နောင် တော်ဘုရားက ရဟန်းပြုမလားဟု မေးစဉ်က ထိုအကြောင်းတို့ ကို မစဉ်းစားမိချေ။ နောင်တော်ဘုရား၏ စကားကို မငြင်းဆန် ဝံ့သောကြောင့်သာ ပြုပါမည်ဟု ဝန်ခံလိုက်ခြင်း ဖြစ်သည်။ အကယ်၍ ယခုလို ရက်မကြာမီအတွင်း တစ်ရပ်ခြားသို့ ထွက်ခွာ သွားရမည် ဆိုသည်ကို စဉ်းစားမိလျှင် နောင်တော်ဘုရားမို့

မငြင်းဆန်ဝံ့သည့်တိုင်အောင် တစ်နည်းနည်းဖြင့် ရှောင်လွှဲလျှောက် ထားမိကောင်း လျှောက်ထားမိပေမည်လား မသိချေ။

နောင်တော့် စကားကို မငြင်းဆန်ဝံ့သဖြင့် ရဟန်းဝတ်လိုက် ရသော်လည်း သူ့စိတ်နှင့် သူ့အသွင်မှာ တခြားစီ ဖြစ်နေသည်။ သူ့စိတ်မှာ နန္ဒမင်းသား ဖြစ်သည်။ သူ့အသွင်ကား ရဟန်းအသွင် ဖြစ်နေသည်။ သူ့စိတ်နှင့် သူ့အသွင်မှာ မဟပ်မိဘဲ တခြားစီ ဖြစ် နေသည်။ ယခုလည်း ရာဇဂြိုဟ်ဆီသို့ ဦးတည်ကြွနေသည့် သံဃာတန်းကြီးထဲတွင် ပါနေသော်လည်း ထိုပါနေသူမှာ နန္ဒ အစစ် မဟုတ်ဘဲ သင်္ကန်းပတ်ထားသော စက်ရုပ်နှင့်တူသည့် နန္ဒရဟန်းသာဖြစ်၍ နန္ဒအစစ်ကား ကပိလဝတ် နန်းတော်အတွင်း ရှိ ဇနပဒကလျာဏီထံ ရောက်နေသကဲ့သို့ ဖြစ်နေလေသည်။

"မြန်မြန်ပြန်လာပါ မောင်တော်ဘုရား၊ အကြာကြီး မနေ ပါနှင့်" ဆိုသော အသံကလေးမှာလည်း သူ့နားထဲက မထွက် ချေ။ ထိုအသံကလေးကို ကြားယောင်နေသဖြင့်လည်း သူသည် နှမတော် ဇနပဒကလျာဏီ အနားသို့ ရောက်နေသည်ဟု ထင်ခြင်း ဖြစ်သည်။ သို့ရာတွင် တကယ့်အဖြစ်မှန်ကား သူသည် ရာဇဂြိုဟ် သို့ ကြွနေသည့် သံဃာတန်းထဲတွင် သင်္ကန်းပတ်ထားသော စက် ရုပ်ပမာ လိုက်ပါနေခြင်းသာ ဖြစ်လေသည် တကား။

[ဥဒါန်းအဋ္ဌကထာ၊ နန္ဒသုတ်အဖွင့်။ မွေပဒအဋ္ဌကထာ၊ ၁–ယမကဝဂ်၊ ၉–နန္ဒတ္ထေရ ဝတ္ထုတို့ကိုကြည့်၍ ခေတ်နှင့်လျော်အောင် ပြုပြင်ရေးသားပါသည်။]

[ငွေတာရီ၊ ဒီဇင်ဘာ ၁၉၆၅]

မောင့် ဖခမည်း

ကဆုန် လပြည့်ကျော် ၁ ရက်နေ့ည၌ ကပိလဝတ် နေပြည်တော်ကြီးသည် ပေါက္ခရဝဿမိုးကြီး ရွာချထားသဖြင့် သန့်ရှင်းလတ်ဆတ်၍ နေလေသည်။ သာကီဝင်မင်း အပေါင်းသည်ကား ပေါက္ခရဝဿမိုးကြီး မစဲသေးဟု ထင်ကြလေသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ နားထဲတွင် ညနေ သုံးချက်တီး အချိန်ခန့်က ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော ဝေဿန္တရာဇာတ် တရားတော်ကြီးကို ကြားယောင်၍ နေကြလေသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ သြဝါဒရောင်ခြည်ကို ဖူးတွေ့ထားရသော သူတို့၏ မျက်လုံးတွင် မြူမှုန်တွေ ကင်းရှင်းသဖြင့် ထင်းထင်းကြီး သာ၍ နေသော လပြည့်ဝန်းကြီးကိုပင် မှိန်၍နေသည်ဟု ထင်ကြလေသည်။

ယသော်ဓရာ မိဖုရားသည် လပြည့်ဝန်းကြီးကို ရှုစား၍နေရာမှ ရဲရွေတော်များဘက်သို့ လှည့်ကာ–

'မောင်တော်ဘုရား ရုပ်သွင်ဟာ ရှေးကလို ကျက်သရေရှိရဲ့လား အမိတို့ရဲ့'

'မှန်လှပါ၊ ဓမ္မုရာဇသီဂီ နာရဏီရွှေသားကို နတ်အများ ထုလုပ်သည့် ရွှေရုပ်တုတော်ကြီးအသွင် ကြည်လင် ဝင်းမှည့်လျက် ရှေးကထက်ပင် ကျက်သရေ ရှိလှပါတယ် ဘုရား'

'တန်ခိုးပြတော်မူတယ် ဆိုတာက မြေပေါ်မှာ ပြတာလား၊ ကောင်းကင်မှာ ပြတာလား'

'ကောင်းကင်ယံကို ဈာန်နဲ့ ပျံကြွပြီး ကောင်းကင်ပေါ်ကျမှ ပထမစကြံ ကြွတော်မူပါတယ်။ စကြံကြွရင်း ကြွရင်းက အထက်ပိုင်း ကိုယ်တော်ကြီးမှ မီးအလျှံတွေ ထွက်လာပြီး အောက်ပိုင်း ကိုယ်တော်မှ ရေအလျှဉ် ပန်းထွက်လာပါတယ်။ နောက် တစ်ဖန် လက်ဝဲဘက် ဖဝါးတော်မှ မီးအလျှံ၊ လက်ယာဘက် ဖဝါးတော်မှ ရေအလျှဉ်၊ လက်ယာဘက် မျက်လုံးတော်မှ မီးအလျှံ၊ လက်ဝဲဘက် မျက်လုံးတော်မှ ရေအလျှဉ်၊ အပြိုင်လိုက် အစုံလိုက် ပန်းထွက်ကြပါတယ်။ ကြည့်ရင်း... ကြည့်ရင်းနဲ့ ကောင်းကင်ကြီး တစ်ခုလုံးဟာ ညိုသွားလိုက်၊ ဝါသွားလိုက်၊ နီသွားလိုက်၊ ဖြူသွားလိုက်နဲ့။ ထူးဆန်းပုံကိုဖြင့် ကုန်စင်အောင် မတင်တတ်တော့ပါ ဘုရား'

'အင်္ဂို... နေစမ်းပါဦး၊ ညနေချမ်းအချိန်က ထူးဆန်းတဲ့ ပေါက္ခရဝဿမိုးကြီး ရွာချတာက အမိတို့ ယခုတင်တဲ့ မောင်တော် ဘုရား ကိုယ်တော်က ထွက်တဲ့ရေတွေ မိုးဖြစ်ပြီး ရွာချတာလား'

'မဟုတ်ပေါင်ပါ ဘုရား။ ပေါက္ခရဝဿမိုးက တခြားပါ။ ကောင်းကင်ယံမှာ ရေမီး အစုံ အစုံသော တန်ခိုးတော်များ ပြတော်မူကာ ရောင်ခြည်တော် ခြောက်သွယ်ဖြင့် တင့်တယ်ကွန့်မြူး၊ လူးလာတဲ့ခေါက် စကြံလျှောက်နေတော်မူတော့ ထိပ်ခေါင်တင် ဘုရင်မင်းတရားကြီးက စပြီး သာကီဝင် အပေါင်းဟာ ဦးခေါင်း

ညှတ်လျှိုးပြီး ရှိခိုးကြပါတယ်။ ဒီတော့ တစ်လောကလုံးရဲ့ ထိပ်ခေါင်တင် အရှင်သီဒ္ဓတ္ထ ကိုယ်တော်မြတ်ဟာ ကောင်းကင်မှ ဆင်းသက်ပြီး ရတနာပလ္လင်ထက်မှာ စံနေတော်မူပါတယ်။ အဲဒီ အခါကျမှ ပေါက္ခရဝဿမိုးဟာ သူ့အလိုအလျောက် ကောင်းကင်က ရွာချတာပါ ဘုရား'

ယသော်ခရာ မိဖုရားသည် စကားဆက်၍ မမေးဘဲ တစ်စုံတစ်ရာကို တွေး၍ နေလေသည်။ လသာဆောင် တစ်ခုလုံးမှာ ရံရွေတော် သာကီဝင် မင်းသမီးများ၏ လက်ဝတ်တန်ဆာများကို လရောင်ဟပ်သဖြင့် တဖျတ်ဖျတ် ထွက်နေသည့် အရောင် လက်ခြင်း၏ အသံကိုပင် ကြားရမတတ် တိတ်ဆိတ်၍ နေလေသည်။

'ဒီည ခမည်းတော်ဘုရား ဘယ်မှာ စက်တော်ခေါ်မလဲ'

ရာဟုလာသည် သူ့မယ်တော် ရင်ခွင်ကြားမှာ စိတ်ဝင်စားစွာ နားထောင်နေရာမှ မည်သူမှ မတွေးထင်သော ဖြတ်ထိုးမေးခွန်းကို မေးလိုက်လေသည်။ အားလုံး အံ့အားသင့်၍ နေရာမှ သာကီဝင် မင်းသမီးတစ်ယောက်က–

'မောင့်ခမည်းတော်ဘုရား ယခုည နိဂြောဓရုံကျောင်းမှာ ကျိန်းစက်တော်မူပါလိမ့်မယ် ဘုရား' ဟု ဖြေလေ၏။

'ဒီနန်းတော်ပေါ်မှာ စက်တော်မခေါ်ဘူးလား မယ်မယ်'

ယသော်ခရာသည် သားတော်ကလေး ရာဟုလာကို ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ပြီးလျှင်–

'မယ်မယ် မျက်ရှူ သားရာဟုငဲ့၊ ခမည်းတော်ကို ဖူးမြော်ချင်လှပြီလား။ နက်ဖြန်ကျရင် ဖူးမြင်ရရောပေါ့'

'နက်ဖြန်ကျရင် ခမည်းတော် ဒီကို ကြွလာမလား မယ်မယ်'

ယသော်ခရာသည် မည်သို့မှ အဖြေမပေးဘဲ ရာဟုလာ၏ နဖူးဆံစကလေးများကို အသာ အယာ သပ်၍ နေလေသည်။ ရာဟုလာသည် သူ့မယ်တော်၏ မျက်ရည်လည်သော မျက်လုံးများကို ကြည့်၍ ငေးနေလေသည်။

*

'ခမည်းတော် ဘယ်သွားသလဲ မယ်မယ်'

'မောင့်ခမည်းတော် ဟို... အဝေးကြီးကို သွားနေတယ် လူကလေး'

'ဘာဖြစ်လို့ ဟို... အဝေးကြီးကို သွားနေတာလဲ မယ်မယ်၊ မယ်မယ်နဲ့ စိတ်ဆိုးလို့လား'

'မဟုတ်ပါဘူး လူကလေးရဲ့၊ မောင့်ခမည်းတော်လေ ဘုရားဖြစ်အောင် ကျင့်နေတယ်'

'ဘုရားဖြစ်အောင် ကျင့်နေတယ် ဟုတ်လား၊ ဘုရားဆိုတာ ဘာလဲ မယ်မယ်'

'ဘုရားဆိုတာ လောကမှာ အမြတ်ဆုံး ပုဂ္ဂိုလ်ပေါ့ လူကလေးရဲ့'

'ဘိုးတော်ဘုရားထက် မြတ်သလား'

'အေး... မြတ်တာပေါ့၊ အကုန်လုံး ရှိသမျှ လူတွေ နတ်တွေထက် မောင့်ခမည်းတော်က မြတ်တယ်'

'ဒါဖြင့် ကောင်းတာပေါ့နော် မယ်မယ်၊ သူ ဘယ်တော့ ပြန်လာမလဲ'

'မကြာခင် ပြန်လာမှာပေါ့၊ အခု လာလုပါပြီ သားရဲ့'

*

'မယ်မယ် ခမည်းတော်ဘုရားဟာ တောထဲမှာ သွားနေတယ်ဆို ဟုတ်လား'

'ငါ့သားကို ဘယ်သူ ပြောသလဲ'

'အထိန်းတော်တွေက ပြောတယ်၊ မောင့်ခမည်းတော်ဟာ တောထွက်သွားတယ် တဲ့'

'အေး... ဟုတ်တယ်၊ တောထဲမှာ ဘုရားဖြစ်အောင် ကျင့်နေတယ် လူကလေးရဲ့'

'တောထဲမှာဆိုရင် ကျားတွေ ဆင်တွေ ရှိမှာပဲနော်၊ ပြီးတော့ ခမည်းတော်ဟာ သစ်သီးတွေကို ပွဲတော်တည်နေရတယ် တဲ့၊ ဟုတ်လား မယ်မယ်'

'ဟုတ်မှာပေါ့ လူကလေးရဲ့၊ တောထဲမှာ တစ်ပါးတည်း နေတာကိုး'

'အို... သိပ်ပြီး ဆင်းရဲမှာပဲနော်၊ မယ်မယ် ဘာဖြစ်လို့ လိုက်မသွားသလဲ'

*

ယသော်ရောသည် နဖူးဆံစကလေးများကို သပ်ပေးရင်း က သားတော်ရာဟုလာ စကားပြောတတ်ခါစက အထက်ပါ အတိုင်း တွတ်တီးတွတ်တာ မေးပုံကလေးများကို ပြန်၍ တွေးမိနေလေ၏။

ရံရွေတော် သာကီဝင် မင်းသမီးများသည် ထင်ကြေးမကိုက်သဖြင့် ခေါင်းငိုက်ဝပ်လျှိုးကာ တိုးတိုးတိတ်တိတ် ကျိတ်၍ ပြောဆိုနေကြလေသည်။ သူတို့သည် သိဒ္ဓတ္ထမင်းသား တောထွက်သွားသည်မှ စ၍ ခုနစ်နှစ်တိုင်တိုင် ခွေးယိုင်ပျောင်းနွဲ့ နှင်းဆီ

ခိုင် နေခန့်သလို တယဲ့ယဲ့ညိုးနွမ်း ရွှေစိတ်တော် မရွှင်လန်းရှာသည်ကိုသာ တွေ့ခဲ့ရလေသည်။

တစ်ခါက သားတော်ကလေး ရာဟုလာသည် အခြားသောသာကီဝင် မင်းသားကလေးများ 'ခမည်းတော်... ခမည်းတော်' ဟု ခေါ်သည်ကို ကြားသဖြင့် သူ့မယ်မယ်ထံ သွားကာ...

'မယ်မယ်၊ ခမည်းတော်ဆိုတာ ဘာလဲ ဟင်။ သူများတွေမှာ ခမည်းတော် ရှိတယ်၊ မောင့်မှာ ခမည်းတော် မရှိဘူးလား မယ်မယ်'

ဟု မေးသောအခါ ယသော်ထိပ်ထားမှာ မျက်ရည်များ လည်လာကာ ရုတ်တရက် မဖြေနိုင်ရှာသဖြင့် သင့်လျော်သလို သာ ဖြေဆိုခဲ့ရဖူးလေသည်။ ခမည်းတော်ကို မြင်ဖူးဖို့ ထား၍ "ခမည်းတော်" ဟူသော စကားကိုပင် အနက်သွား မသိ၊ အဓိပ္ပာယ် ဘယ်လိုရှိသည်ဟု တိတိကျကျ နားမလည်ရှာသော ရာဟုလာ သားတော်ကလေးအတွက် စိတ်စက်မကောင်း ဖြစ်နေရရှာသည်ဟု ထင်ခဲ့ရာ ယခုမူ မောင်တော် သိဒ္ဓတ် လောကနတ်ကြွလာတော်မူပြီ ဖြစ်၍ "မောင့်ခမည်းတော် ဒီပုဂ္ဂိုလ်ပဲ" ဟု ဝမ်းသာအားရ ညွှန်ပြရတော့မည် ဖြစ်ရကား ပွင့်သစ်စ ကုမုဒ်ပန်းကဲ့သို့ ရွှင်လန်းကြည်လင် နူတ်ခမ်းတော် သော်ကညွှန့်မှ မြူးကွန့်ကာ ပေါ်ထင်မည့် ပုလဲစင် ဒန္တီသွားကလေးများကိုပင် အားပါးတရ တွေ့မြင်ကြရလိမ့်မည်ဟု သူတို့ ထင်ခဲ့ကြလေသည်။

ယခုမူ မောင်တော်ဘုရား အကြောင်းကို တစ်ခွန်းကောင်း၊ နှစ်ခွန်းကောင်း မေးလျက် ရင်သွေးတော် ရာဟုလာကို ယုယစွာ ပိုက်ထွေး သော်တာယုန် ကောင်းကင်ထက်သို့ တစ်ချက် တစ်

ချက် မျှော်ငေးလျက် မျက်ရည်ကလေး စမ်းစမ်းနှင့် ရွှင်လန်းပုံ မရ ဖြစ်နေသည်ကို တွေ့ရသဖြင့် ထင်ကြေးမကိုက်ဘဲ အလိုက် အထိုက် ဝပ်လျှိုးကာ ရှိခိုးခစား၍ နေကြရလေသတည်း။

*

နောက်တစ်နေ့ (ကဆုန်လပြည့်ကျော် ၂ ရက်နေ့) တွင် တစ်မြို့လုံးမှာ ရုတ်ရုတ်ရက်ရက် အုတ်အုတ်ကျက်ကျက် ဖြစ်နေလေ၏။ များစွာသော လူတို့သည် တစ်ခုသော မင်းလမ်းမကြီး ဆီသို့ စုပြုံကာ ကြည့်၍ နေကြလေသည်။ အချို့လည်း တိုက်တာ နေအိမ်ထက်မှ၊ အချို့လည်း အမိုးများပေါ်မှ လှမ်းမျှော်၍ ကြည့် ကြလေသည်။ တစ်မြို့လုံးရှိ လူကြီး လူငယ် ယောကျ်ား မိန်းမ ဟူသမျှမှာ တစ်ယောက်သတင်း တစ်ယောက်မေးကာ ထိုလမ်းမ ဆီသို့ စုဝေးတိုးဝှေ့ နေကြလေသည်။

'ဟော... ဟော... ဟိုမှာ... ဟိုမှာ'

'အေးဟေ့... ဟုတ်ပါရဲ့၊ သံဃာတွေ အများကြီးပါလား'

'ရှေ့ဆုံးက ကျုပ်တို့အရှင် သိဒ္ဓတ္ထပေါ့၊ အခု ရဟန္တာ ဖြစ် လာပြီ။ မနေ့က နိဂြောဓရုံမှာ ကောင်းကင်တက်ပြီး တန်ခိုး တော်တွေ ပြလိုက်တာ'

'ဟုတ်တယ်၊ မိုးကြီးတောင် ရွာသေးတာပဲ၊ တရားလည်း ဟောသေးသတဲ့'

'ကျုပ်တို့ အရှင် သိဒ္ဓတ္ထ ကိုယ်တော်ဟာ အခု သိပ်တန်ခိုး ကြီးလာတာပဲ။ ထိပ်ခေါင်တင် မင်းတရားလည်း သူ့သားကို ရှိခိုးလိုက်တာ ပြားပြားဝပ်လို့'

'ရဟန္တာအစစ် ဖြစ်လာရင် ဒီလိုပဲ တန်ခိုးကြီးတာပေါ့'

'သိဒ္ဓတ္ထ ကိုယ်တော်ဟာ ရဟန္တာလား... ဘုရား ဆို'

'ဟုတ်ကဲ့၊ ဘုရားလို့ ခေါ်တာပါပဲ။ ရဟန္တာတွေဟာ သူ့ တပည့်တွေပေါ့'

*

'ဟော... ဟော ကြည့်စမ်းပါ၊ အရောင်အမျိုးမျိုးတွေ ထွက် နေတယ်'

'ဟုတ်ပါ့ရှင်... လှလိုက်တာ၊ ကျွန်မတို့ အရှင် သိဒ္ဓတ္ထ ကိုယ်တော်ဟာ အခု ရှေးကထက် ပိုပြီး ကျက်သရေ ရှိလာတယ် နော်။ ယသော်ရာ မိဖုရားဖြင့် ဝမ်းသာရှာမယ်။ ကွဲနေတာ ခုနစ် နှစ် ရှစ်နှစ်တောင် ရှိသွားပြီ'

'အို... ဘုရားဖြစ်နေပြီ ဥစ္စာပဲ၊ ပြန်ပေါင်းပါတော့မလား အေ့'

'မပေါင်းပေမဲ့ အနှန္တ တန်ခိုးရှင်ကြီး ဖြစ်လာတာကို မြင်ရ တော့ ဝမ်းသာမှာပေါ့'

*

'အို... လက်ထဲက ခွက်ကြီးနဲ့ ပါလား။ ထမင်း လိုက် တောင်းနေတာ ထင်ပါရဲ့'

'အလိုလေး ဟုတ်ပါရဲ့၊ ကြည့်စမ်းပါ၊ သူ့နောက်က ရဟန်း တွေကလည်း ခွက်တွေကိုယ်စီနဲ့ပါလား။ ဟော... ဟော ဟိုအိမ် က ထွက်ပြီး ထမင်းပေးနေတယ်။ သနားစရာနော်၊ ဖြစ်မှဖြစ်ရ ပလေ၊ ထိပ်ခေါင်တင် မင်းတရားကြီးက ထမင်းမပေးလို့လား'

*

ဤသို့ အချင်းချင်း ပြောဆိုကာ သူ့ထက်ငါကောင်း၊ ဦးခေါင်းညွှတ်လျှိုး၊ ရှိခိုးလက်အုပ်၊ နှုတ်ကထောမနာ၊ ဩဘာဟစ်ကြွေး၊ ပြေး၍ ဖူးသူဖူး၊ ဦးညွှတ်၍ ထိုင်သူထိုင်၊ မမြင်နိုင်လို့ တိုးသူတိုး၊ အမိုးပေါ် တက်သူ တက်၊ သစ်ပင်ထက် ရောက်သူ ရောက်၊ လက်မြောက်ဦးရစ် ပစ်သူ အများ၊ ပြားပြားဝပ် မြေမှာ စင်းလျက် တံတားခင်းသူ ခင်း၊ ဆံပင်ကို ဖြန့်ကျင်း၍ 'နင်းတော်မူပါ' ဟု ဆိုသူ ဆို၊ ကြည်ညိုသည့် စိတ်အားကြောင့် မျက်ရည်များ ထွက်သူ ထွက်။ ဒီရေ တက်သကဲ့သို့ အုန်းအုန်းကျွက်ကျွက်နှင့် ဂယက်ရိုက်နေသော အသံများမှာ ဆူညံ၍ နေလေသည်။ ထိုဂယက်သံများမှာ မကြာမီ အတွင်းပင် နန်းတော်ကြီးသို့ ရောက်လာသဖြင့် နန်းတော်ကြီး တစ်ခုလုံးမှာလည်း လှုပ်လှုပ်ရွရွ ဖြစ်၍ နေလေ၏။

ထိုအခိုက် အပျိုတော် တစ်ယောက်သည် ယသော်ဓရာ အဆောင်သို့ ပျာယီးပျာယာ ဝင်ပြီးလျှင်–

'ထိပ်ခေါင်တင် သခင်မကြီး ဘုရား၊ ရှုစားတော်မူပါ။ မောင်တော် ထိပ်တင် သိဒ္ဓတ္ထ ဘုရားရှင်ဟာ သံဃာတော်ပေါင်း ခြံရံလျက် ဆွမ်းခံ ကြွလာတော်မူပါတယ် ဘုရား'

ဤသို့ လျှောက်တင်လေရာ ဗိမ္ဓာရွှေလှော် မယ်ယသော်သည် သလွန်တော် မှီအုံးမှ ရုန်း၍ ထ ကာ ရာဟုလာ လက်ဆွဲလျက် ထူးကဲကျက်သရေ ဣန္ဒုဆွေကဲ့သို့ ရွှေထမ်းစင်ဖြင့်သာ ရှေးက ကြွတော်မူမြဲ ဖြစ်ပါလျက် ယခု ထမ်းစင်မပါ ဗလာခြေကျင် ဆွမ်းခံဝင်သည် ဆိုသည်မှာ အဘယ်ပုံ နေပါလိမ့်၊ ရှေးက ကျက်သရေ ရှိလေသေးရဲ့လားဟု မျက်ဝါးထင်ထင် သိချင်သည် တစ်ချက်၊ သက်တော်တွက်စစ် ခုနစ်နှစ်သားအထိ ခမည်းတော်

မျက်နှာကို တစ်ခါမှ မမြင်ဖူးသည့် လှော်ဦးရွှေအု သားရာဟုကို ယခုလှလှ သူ့ခမည်းတော် ပြလိုသည် တစ်ကြောင်းကြောင့် အပျိုတော် ညွှန်ကြားသည့်ဘက်သို့ ထွက်ကာ လေသာပြတင်းက ရှုစားတော်မူလေ၏။

အချိန်မှာ နေဝန်းထွက်ပေါ်စ အချိန်ဖြစ်လေသည်။ သားတော်ကလေး ရာဟုလာသည် သူ့မယ်တော်နှင့် အတူရပ်ကာ သူ့မယ်တော် ရှုမျှော်သည့်ဘက်ကို ကြည့်လိုက်ရာ လူပေါင်းများစွာ စုဝေး လှုပ်ရှား သွားလာကူးသန်းလျက် ပျားပန်းခပ်ဖြစ်၍နေသည်ကို တွေ့ရသဖြင့် ဤများပြားလှစွာသော လူတွေထဲတွင် သူ့ခမည်းတော် ဖြစ်မည့်သူကို ကလေးဉာဏ်ဖြင့် တွေးကြံရှာဖွေ၍ နေလေ၏။

'ခမည်းတော် ဘယ်မှာလဲ မယ်မယ်' ဟု မေးသော်လည်း စကားပြန် မရသဖြင့် မယ်တော်၏ မျက်နှာကို ကြည့်လိုက်ရာ သူ မေးသည်ကို ကြားဟန်မတူဘဲ ခပ်လှမ်းလှမ်းသို့ ငေးစိုက် ရှုစားနေသည်ကိုသာ တွေ့ရလေ၏။

မယ်မယ်... မယ်မယ်၊ ရှုစားတော်မူစမ်းပါ့၊ နေမင်းကြီး ဘယ်လို ဖြစ်နေသလဲ။ ဟော... ဟော... ညိုသွားပြီ၊ ဟော... ဝါထိန်သွားပြန်ပြီ၊ အမယ်... အမယ် နီရဲလိုက်တာ ရဲလို့'

ထိုအခါမှ ယသော်ဓရာမှာ သားတော်ကလေးကို သတိရကာ သူ့ရှေ့သို့ ဆွဲယူ ရပ်လာစေလျက် လက်ညှိုးညွှန်ကာ ဘုရားရှင်၏ ရုပ်ပုံကျက်သရေဘွဲ့ "နရသီဟ" သီချင်းများကို သီဆိုလေ၏။

(၁) မယ်မယ့်ရင်သွေး–လူကလေး။ ။ ချောသေးပြေပြစ်၊ မြအနှစ်မျှင်၊ ဆံညိုလွင်နှင့်၊ ရွှေစင်လောင်းသွန်း၊ နေသို့

ထွန်းသား၊ အစွန်းမထင်၊ ရွှေဖူးပြင်ဖြင့်၊ ရွှချင်စဖွယ်၊ တင့်တယ်လျောက်ပတ်၊ တွတ်တွတ်နီမြန်း၊ ပန်းသော်ကန္ဒတ်၊ ရွှေကို ခုတ်သည်၊ မတုတ်မလျ၊ နှာတံလှနှင့်၊ ထွန်းပကျက်သရေ၊ ရောင်ပန်းဝေလျက်၊ ပန်းရွှေမဋ္ဌ။ ပွင့်သောတူသို့၊ လူတွင်ထွတ်ဖူး၊ လူ့မြတ်ထူးဟု၊ ချီးကျူးထုတ်ဆို၊ ထိုပုဂ္ဂိုလ်ကား၊ ဗဟိုနန်းသူ၊ ရွှေလိုအုသည်။ ။ ရာဟု ခမည်းတော်ပါတည်း။

'ဟော... ဟိုမှာ မြင်လား လူလေး၊ အဲဒါ မောင့်ခမည်းတော်ပဲ'

'အို... ဒီလူလား မယ်မယ်။ ဒါ မောင့်ခမည်းတော်လား၊ ရွှေရုပ်ကြီး လာနေတာ မဟုတ်လား'

'ရွှေရုပ်မဟုတ်ဘူး လူကလေးရဲ့၊ အဲဒါ မောင့်ခမည်းတော်ပဲ'

(၂) မယ်မယ့်ဖြေဆေး–လူကလေး။ ။ နီတွေးရဲတွတ်၊ ခြေတော်မြတ်၍၊ ရွှေဇာတ်တော်ကုံ၊ စက်တော်ပုံဖြင့်၊ လုံးစုံလက္ခဏာ၊ ကောင်းစွာဖြိုးစည်၊ ဖနောင့်ရှည်တည်း၊ ရွှေရည်ယိုစီး၊ ရွှေထီးစွင့်စွင့်၊ ကားကားဖွင့်သို့၊ ရွှချင့်စဖွယ်၊ ချောသွယ်ပြည့်ဖြိုး၊ ခြေဖမိုးနှင့်၊ လူမျိုးနတ်လုံး၊ အမြတ်ဆုံးဟု၊ သုံးလောကခွင်၊ တုမမြင်သား၊ လူတွင်ထွတ်ဖူး၊ လူ့မြတ်ထူးဟု၊ ချီးကျူးထုတ်ဆို၊ ထိုပုဂ္ဂိုလ်ကား၊ ဗဟိုနန်းသူ၊ ရွှေလိုအုသည်။ ။ ရာဟု ခမည်းတော်ပါတည်း။

'ခမည်းတော် ဘုရားဟာ လူသား ဟုတ်ကဲ့လား မယ်မယ်'

'ဟုတ်ပါတယ် လူကလေးရဲ့၊ လူသား အစစ်ပါ။ ဘိုးတော် ဘုရား (သုဒ္ဓေါဒန) ရဲ့ သားပေါ့'

'ဘိုးတော်ဘုရားလိုလည်း မဟုတ်ဘူးနော်။ ဒီနန်းတော်ထဲက သာကီဝင်မင်းတွေနဲ့လည်း မတူဘူး'

(၃) နန်းလုံးပိုက်ထွေး–လူကလေး။ ။ ဘိုးဘေးစဉ်ဆက်၊ နွယ်မပျက်သည့်၊ သက္ကသာကီ၊ မျိုးလုံးချီလည်း၊ မမိတုလွတ်၊ ခေါင်ဆုံးမြတ်သား၊ ချောမွတ်နုထွား၊ လက်ခြေဘွားနှင့်၊ နှစ်ပါးသုံးဆယ်၊ ဆန်းတကြယ်လျှင်၊ သပွာယ်ပြည့်ဖြိုး၊ လောကကျိုးငှာ၊ မိုးကသက်ဆင်း၊ လူခပင်းထက်၊ ထန်ပြင်းလုံလ၊ သုံးလောကခွဲ၊ နရထွတ်ဖူး၊ လူ့မြတ်ထူးဟု၊ ချီးကျူးထုတ်ဆို၊ ထိုပုဂ္ဂိုလ်ကား၊ ဗဟိုနန်းသူ၊ ရွှေလိုအုသည်။ ။ ရာဟု ခမည်းတော်ပါတည်း။

'မယ်မယ်ရေ... သားတော် ခုမှ သိတယ်။ ခုန အရောင်တွေဟာ လက်စသတ်တော့ ခမည်းတော်ကိုယ်က ထွက်တဲ့ အရောင်တွေပါလား။ အမယ်... ခမည်းတော်ဟာ အင်္ဂါရုည်ကြီး ဝတ်လို့ပါလား မယ်မယ်'

'အင်္ဂါရုည်ကြီး မဟုတ်ဘူး လူကလေးရဲ့၊ သင်္ကန်းတော်ကို ဝတ်ရုံထားတာ'

'သင်္ကန်းဆိုတာ ဘာလဲ မယ်မယ်'

'သင်္ကန်းဆိုတာ ရဟန်းတွေ ဝတ်ရုံတဲ့ အဝတ်ကို ခေါ်တာ လူကလေးရဲ့'

'ဟော... ခုမှ သေသေချာချာ မြင်ရတယ်။ ခမည်းတော် ဘုရားဟာ မျက်ခုံး အလွန်ကောင်းတယ် နော်'

(၄) နန်းလုံးချစ်ဆေး–လူကလေး။ ။ မသေးမထွား၊ မကားမငိုက်၊ ထိုက်လျော်သင့်မြတ်၊ လျောက်ပတ်ရှည်လျောင်း၊

ကောင်းစွာတည်သား၊ နားလည်းတင့်တယ်၊ နွားငယ်မျက်လုံး၊ မြညိုတုံးသို့၊ ရွှင်ပြုံးညိုမှည့်၊ လှရည်ပြည့်လျက်၊ ကြည့်၍မဝ၊ မျက်လုံးလှနှင့်၊ ဣန္ဒနတ်လေး၊ သက်တင်ရေးသို့၊ ညွှတ်ကွေး မျက်ခုံး၊ သုံးလောကဓာတ်၊ လူရောနတ်တွင်၊ လူမြတ်ထွတ်မှူး၊ ပုဂ္ဂိုလ်ထူးဟု၊ ချီးကျူးထုတ်ဆို၊ ထိုပုဂ္ဂိုလ်ကား၊ ဗဟိုနန်းသူ့၊ ရွှေလိုအုသည့်။ ။ ရာဟု ခမည်းတော်ပါတည်း။

"ဟုတ်တယ်နော် မယ်မယ်၊ ခမည်းတော် မျက်လုံးကလည်း အလွန် လှတာပဲ။ ဟောဟော မယ်မယ်၊ ရှုစားတော်မူစမ်းပါ့။ ပတ္တမြားညို အရောင်တွေ ထွက်ပြီး တစ်ချက် တစ်ချက် လက်ခနဲ လက်ခနဲ မျက်လုံးတော်ထဲက ပြက်သန်းနေလိုက်တာ ဘာရောင်တွေလဲ မယ်မယ်'

'အဲဒါ ရောင်ခြည်တော်တွေ လူကလေးရဲ့၊ မျက်နက်တော် အလုံးနဲ့ မျက်ခုံး မျက်တောင် မျက်မှောင်တော် တစ်ခိုက ညိုသော ရောင်ခြည်တော်တွေ ကွန့်မြူးနေတာ။ တစ်ချက်တစ်ချက် လက်ခနဲ လက်ခနဲ ပြက်သန်း နေတာကတော့ မျက်ဝန်းတော် ဖြူရာ အရပ်က ဖျတ်ခနဲ ဖျတ်ခနဲ ဖြူသော ရောင်ခြည်တော်တွေ ကွန့်မြူးနေတာ'

'ခမည်းတော်ဘုရား မျက်နှာတော်ဟာ လပြည့်ဝန်းကြီး ထက် လှတယ်နော်၊ သားတော် အမြန်ပြေးပြီး ဖူးချင်လိုက်တာ မယ်မယ်ရယ်။ ခမည်းတော် ဘုရားကလည်း ဖြည်းဖြည်းကလေး လာနေတာပဲ'

(၅) သာကီနွယ်ထွေး–လူကလေး။ ။ ညစ်ကြေးမတင်၊ ကြည်လင်တင့်ရွန်း၊ လဝန်းမျက်နှာ၊ သတ္တဝါလူနတ်၊ ချစ်မြတ်

ခင်မင်၊ ဆဒ္ဒန်ဆင်သို့၊ လူတွင်ဂုဏ်မြောက်၊ ရဲရဲတောက်သား၊ မုန်သောက်မာတင်၊ လှမ်းသောသွင်ဖြင့်၊ ဖူးမြင်သူပေါင်း၊ ရှုမညောင်းအောင်၊ ပြောင်းပြောင်းအိအိ၊ ကြွလေ့ရှိသည့်၊ ကြိဘုံသား၊ လူသုံးပါးတွင်၊ လူ့များထွတ်ဖူး၊ လူမြတ်ထူးဟု၊ ချီးကျူးထုတ်ဆို၊ ထိုပုဂ္ဂိုလ်ကား၊ ဗဟိုနန်းသူ့၊ ရွှေလိုအုသည့်။ ။ ရာဟု ခမည်းတော်ပါတည်း။

'မယ်မယ် ဆိုတာ အလွန်မှန်တယ်၊ ခမည်းတော်ဘုရားဟာ အများနဲ့ နှိုင်းစာရင် ဆင်မည်းတွေကြားထဲမှာ ဆင်ဖြူတော်ကြီးအလား အလွန် ထူးခြားနေတာပဲ။ ဘိုးတော်ဘုရားထက်လည်း ထူးခြားတယ်နော် မယ်မယ်'

'ထူးခြားတာပေါ့ လူကလေးရဲ့၊ မောင့်ခမည်းတော်ဟာ တစ်လောကလုံးမှာ အထူးခြားဆုံး၊ အထင်ရှားဆုံး၊ အသပွာယ်ဆုံး၊ အတင့်တယ်ဆုံး ပုဂ္ဂိုလ်ကြီးပဲ'

'ဟော... ဟော မယ်မယ်၊ နှုတ်ခမ်းတော်ဆီက နီမြန်းတဲ့ အရောင်တွေ ထွက်နေပါကလား'

(၆) သက်လှယ် ရွှေသွေး–လူကလေး။ ။ ကြူမွေးရွှေနှုတ်၊ ဖွင့်ထုတ်ကျစ်လျစ်၊ လွန်ပြေပြစ်လျက်၊ ချစ်ဖွယ်သာယာ၊ နက်နဲစွာတည်း၊ သဒ္ဒါရုံဓာတ်၊ သံတော်မြတ်နှင့်၊ နုထွတ်နီမြန်း၊ ဆေးဒန်းသန္တာ၊ လျှာလည်းတင့်ကဲ၊ ပုလဲအစစ်၊ ဘော်ငွေနှစ်သို့၊ ဖြူသစ်ဝင်းတောက်၊ အံ့လောက်စဖွယ်၊ သွားလေးဆယ်နှင့်၊ လူဝယ်ထွတ်ဖူး၊ လူ့မြတ်ထူးဟု၊ ချီးကျူးထုတ်ဆို၊ ထိုပုဂ္ဂိုလ်ကား၊ ဗဟိုနန်းသူ့၊ ရွှေလိုအုသည့်။ ။ ရာဟု ခမည်းတော်ပါတည်း။

'ခမည်းတော်ဘုရားမှာ သွားတော် လေးဆယ် ရှိသလား မယ်မယ်'

'ဟုတ်တယ် လူကလေး၊ မောင့်ခမည်းတော်ဟာ ပုဂ္ဂိုလ် ထူး ဖြစ်တဲ့အတွက် သွားတော်လေးဆယ် ရှိတယ်'

(၇) ဖခင်နှင့်ဝေး–လူကလေး။ ။ ရှေးသမ္မတ၊ ဓတ္တိယ မှ၊ စ၍နွယ်ရိုး၊ သာကီမျိုး၏၊ နိုးဖိုးပိုင်ရှင်၊ သခင်လည်းကောင်း၊ နတ်လူပေါင်းတို့၊ ဦးခေါင်းညွှတ်ကျိုး၊ မြေသို့လျှိုးသား၊ ကျင့်မျိုးသီလ၊ သမထဌ်၊ နိစ္စခိုင်ကျည်၊ စိတ်ဆောက်တည်သည့်၊ သုံးပြည်ဘဝ၊ သုံးလောကတွင်၊ နာရထွတ်မှူး၊ လူ့မြတ်ထူးဟု၊ ချီးကျူးထုတ်ဆို၊ ထိုပုဂ္ဂိုလ်ကား၊ ဗဟိုနန်းသူ၊ ရွှေလိုအုသည်။ ။ ရာဟု ခမည်းတော်ပါတည်း။

'တဖြည်းဖြည်းနဲ့ ခမည်းတော် နီးလာပြီနော်။ ခမည်းတော်ကိုယ်အဆင်းဟာ ဝင်းနေပါကလား မယ်မယ်။ နဲ့သာတွေ လိမ်းထားသလား မဆိုနိုင်ဘူး'

(၈) ဖခင်ကိုမေး–လူကလေး။ ။ လည်ရေးသုံးထပ်၊ သပ်ရပ်တင့်တယ်၊ ဆန်းကြယ်ကွန့်ဖြိုး၊ မုရိုးရွှေစည်၊ ကောင်းစွာ တည်သို့၊ လည်တိုင်လုံးဝန်း၊ မချွန်းမပိ၊ မိဂသေဋ္ဌနင်း၊ ခြေသုံ့မင်း၏၊ ပြည့်တင်းမေးဟန်၊ ကိုယ်သဏ္ဌာန်နှင့်၊ သုဝဏ္ဏရောင်၊ ထွန်းပြောင်သန့်စင်၊ မြူမတင်သား၊ လူတွင်ထွတ်ဖူး၊ လူ့မြတ်ထူးဟု၊ ချီးကျူးထုတ်ဆို၊ ထိုပုဂ္ဂိုလ်ကား၊ ဗဟိုနန်းသူ၊ ရွှေလိုအုသည်။ ။ ရာဟု ခမည်းတော်ပါတည်း။

'ဟုတ်တယ် မယ်မယ်ဘုရား၊ ခမည်းတော် လည်တိုင်ကလေးဟာ ရွှေမုရိုးစည်ကလေးလိုပဲ။ အရစ်သုံးသွယ်နဲ့ တင့်

တယ်လိုက်တာနော်။ အို... မယ်မယ်၊ ခုမှ သေသေချာချာ မြင်ရတယ်။ မျက်မှောင်တော်နှစ်ခု အလယ်မှာ စိန်ကြယ်ပွင့်ကလေးနဲ့ ပါလား'

'စိန်ကြယ်ပွင့် မဟုတ်ဘူး လူကလေးရဲ့။ အဲဒါ ဥဏ္ဏာလုံမွေးရှင်တော် ခေါ်တယ်။ စိန်နန်းမျှင်လို အလွန်ဖြူစင်တဲ့ အမွေးတော်ပါပဲ။ လက်ယာရစ် ခွေရုံနေလို့ စိန်ကြယ်ပွင့်ကလေးပုံလို ဖြစ်နေတာ'

(၉) ဖတူရုပ်သွေး–လူကလေး။ ။ မြသွေးလိမ်းလျက်၊ နဲ့သာပက်သည့်၊ မျက်စဉ်းညိုရောင်၊ ညိုမှောင်စိမ်းလဲ့၊ ဆံတော်နဲ့.နှင့်၊ ရွှေကဲ့တပြေး၊ ဝင်းမွတ်မွေးသား၊ မွေးထူးဥဏ္ဏာလုံ၊ စံပယ်ငုံနှင့်၊ ပုံနှိုင်းမရ၊ သုံးလောကတွင်၊ လူများထွတ်ဖူး၊ လူ့မြတ်ထူးဟု၊ ချီးကျူးထုတ်ဆို၊ ထိုပုဂ္ဂိုလ်ကား၊ ဗဟိုနန်းသူ၊ ရွှေလိုအုသည်။ ။ ရာဟု ခမည်းတော်ပါတည်း။

'နောက်က ရဟန်းတွေက ခမည်းတော်ဘုရားရဲ့ ကိုယ်ရံတော်တွေလား မယ်မယ်'

'အေး... ဟုတ်တယ် လူကလေး၊ သူတို့ဟာ မောင့်ခမည်းတော်ရဲ့ တပည့်သားတွေပဲ'

'များလှချည်လား မယ်မယ်၊ သူတို့ဟာ ခမည်းတော် သွားရာကို အမြဲမပြတ် လိုက်နေကြသလား'

(၁၀) လောကချစ်ဆော–လူကလေး။ ။ ဖြူဖွေးငွိုင်းစက်၊ ကောင်းကင်ထက်၌၊ ရံလျက်ကြယ်ပန်း၊ လပြည့်စန်းသို့၊ ရဟန်းများစွာ၊ ခြံရံကာဖြင့်၊ ကြွလာဖြည်းညင်း၊ ရဟန်းမင်းဟု၊ သောင်းတင်းအုတ်အော်၊ မိုးထိကျော်သား၊ မယ်တော်ညွှန်ပြ၊

ဟိုကကြွသည့်၊ လောကထွတ်ဖူး၊ လူ့မြတ်ထူးဟု၊ ချီးကျူးထုတ်ဆို၊ ထိုပုဂ္ဂိုလ်ကား၊ ဗဟိုနန်းသူ့၊ ရွှေလိုအုသည့်။ ။ ရာဟု ခမည်းတော်ပါတည်း။

'မယ်မယ်၊ ခမည်းတော်ဟာ နန်းတော်ကိုလည်း မလာပါကလား။ ဟိုဘက် လွန်သွားပြီ'

ထိုအခါမှ ယသော်ဓရာ မိဖုရားသည် တစ်စုံတစ်ရာကို သတိရကာ သုဒ္ဓေါဒနမင်းကြီးထံ သံတော်ဦးတင်ရန် အဆောင်တော်မှ လျင်မြန်စွာ ထွက်သွားလေသတည်း။

[ဒဂုန်မဂ္ဂဇင်း၊ မေ ၁၉၄၈]

သားစေတီ

(၁)

အချိန်မှာ ညနေချမ်း နေညိုချိန်ကလေး ဖြစ်လေသည်။ မြို့သူမြို့သားများသည် ပန်းနံ့သာနှင့် ဆီမီးများကို ယူဆောင်ကာ မြို့တံခါးသို့ ထွက်၍ လာကြလေသည်။ သူတို့အားလုံးသည် ခပ်လှမ်းလှမ်းရှိ ကုန်းမြင့်ကလေးပေါ်တွင် တည်ဆဲဖြစ်သော စေတီဆီသို့ ရှေးရှုသွားနေကြခြင်း ဖြစ်လေသည်။ စေတီအနီး၌လည်း လူအုပ်ကြီးမှာ ဖွေးဖွေးလှုပ်၍ နေလေသည်။ စေတီတော်အား ပန်း ဆီမီးတို့ဖြင့် ပူဇော်၍ နေကြသော်လည်း သူတို့၏ အသွင်မှာ ကြည်ညိုခြင်းထက် ကြေကွဲခြင်းကိုသာ ဆောင်၍နေလေသည်။

ထိုအချိန်၌ လူအိုကြီး တစ်ယောက်သည် ပုရွက်ဆိတ်တန်းကြီးပမာ စေတီဆီသို့ ရှေးရှုသွားနေကြသော လူတန်းကြီးကို ကန့်လန့်ဖြတ်၍ လည်းကောင်း၊ ရင်ဆိုင်တိုး၍ လည်းကောင်း၊ တစ်ခါတစ်ရံ ခုန်၍ လည်းကောင်း လူတွေကြားတွင် အမျိုးမျိုးဖြတ်သွားလျက် ရှိလေသည်။ လူအများသည် ထိုလူအိုကြီးကို အကဲခတ်ကာ ကြည့်၍ သွားကြလေသည်။

ချေ။ သို့ရာတွင် သီချင်း၏ အသွားအလာ (ဟန်) ကို ဆင်ခြင်ခြင်းအားဖြင့် လည်းကောင်း၊ ဆိုသော သူများ၏ အမူအရာကို အကဲခတ်ခြင်း အားဖြင့် လည်းကောင်း ဝမ်းနည်းကြေကွဲ နာကြည်း ဆွေးမြည့်သော စိတ်နလုံးကို ယူကျုံး ဖြေဆည်သည့် အနက်အဓိပ္ပာယ် ရှိသော ဓမ္မဂီတများ ဖြစ်မည် ဟူ၍ကား သိလေသည်။ သူ၏ စိတ်နလုံးမှာ သူ နားမလည်သော သီချင်းသံကြောင့် တုန်လှုပ်ချောက်ချားလျက် ရှိလေသည်။ သူ့သားနှင့် နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရသည့် အဖြစ်ကို တွေးမိကာ မဆီမဆိုင် ဝမ်းနည်းမိလေသည်။ သို့ရာတွင် "အခု ငါ့သားနဲ့ တွေ့ရတော့မှာပဲ။ ငါ့သား ရှိတဲ့မြို့ကို ငါ ရောက်နေမှပဲ" ဟု အားတင်းလိုက်လေသည်။

"ဟော... ဟိုက လာတာ လူကလေးပဲ။ သုသီမ ဟင်... ကြည့်စမ်းပါ့ ထွားလိုက်တာ။ ကြီးလှပါပကောလား"

လူအိုကြီးသည် မျက်စိကို လက်ဝါးဖြင့် မိုးကာ သူ့ဆီသို့ လာနေသော လူရွယ်ကို ကြည့်ရှု ရပ်မျှော်၍ နေလေ၏။ သူ၏ မျက်လုံးကလေးများမှာ တွင်းနက်ထဲက ရေကဲ့သို့ ရှဲ့တွနက်ရှိုင်းသော မျက်လုံးအိမ်အတွင်းဝယ် ဝမ်းသာခြင်းဖြင့် ရွှမ်းရွှမ်းစိုစွေ နေလေသည်။ လျော့ရဲသော နှုတ်ခမ်းများမှာ တရွရွဖြစ်၍ နေလေသည်။

သူသည် လူရွယ်အနီးသို့ ရောက်သောအခါ "လူကလေး သုသီမ" ဟူ၍ပင် ခေါ်လိုက်မိလေသည်။ သို့ရာတွင် ဟုတ်မှ ဟုတ်ပါ့မလား ဟူသော သံသယစိတ်ကြောင့် သူ့အသံမှာ ကောင်းစွာ မထွက်သဖြင့် မည်သူမျှ ကြားဟန်မတူပေ။ လူရွယ်သည် သူ့ကိုကြည့်၍ သွားလေသည်။ သို့ ကြည့်ခြင်းမှာ ဖခင်ကိုတွေ့

အကြောင်းမူကား သူ၏ အသွင်အပြင်ကို မြင်သောအားဖြင့် မြောက်ပိုင်း ကျလှသော နိုင်ငံရပ်ခြား တိုင်တစ်ပါးမှ ဖြစ်ကြောင်း သိသာသောကြောင့် ဖြစ်လေသည်။

လူအိုသည် တစ်စုံတစ်ယောက်ကို တွေ့လိုဇောဖြင့် မောရမှန်း မသိ၊ ရှာဖွေ၍ နေခြင်း ဖြစ်လေသည်။ သူ့လက်တွင် တောင်ဝှေးတစ်ခုကို ကိုင်ထားလျက် ချိုင်းတွင် ထီးတစ်ခုကို ညှပ်ထားလေသည်။ ရိက္ခာအချို့ ထည့်ထားသော အိတ်ကြီးတစ်ခုကို လွယ်ထားသဖြင့် ရပ်ဝေးမှလာသော ခရီးသွား လူအိုကြီးဖြစ်ကြောင်း သိနိုင်လေသည်။ အသက် ၆၀ အရွယ်ခန့် ရှိပြီ ဖြစ်သော်လည်း သန်မာပုံ လက္ခဏာ ရှိလေသည်။ သို့ရာတွင် ခရီးဝေးမှ လာခဲ့ရသူ ဖြစ်သောကြောင့် ပင်ပန်းနွမ်းနယ်လျက် ရှိလေသည်။ သူ၏ လျော့ရဲစုပြုံနေသော အသားအရေများမှာ ခရီးပန်းခြင်း၊ နေလောင်ခြင်းဖြင့် သွေ့ခြောက်၍ နေလေသည်။ သူသည် နာကျင် ပင်ပန်းလှသော ခြေများကို ကြိုးစား သယ်ဆောင်ကာ လူအုပ်ကြီးကြားတွင် ရွေ့လျားလျက် မွဲခြောက်သော မျက်လုံးကလေးများဖြင့် ဤမျှ များပြားသော လူတွေကို တစ်ယောက်မျှ မလွတ်အောင် တတ်နိုင်သမျှ ကြိုးစား၍ ကြည့်ရှုလေ၏။

"လူကလေး... လူကလေး ဒီအထဲမှာ သူပါမှာပဲ၊ ရှေ့များလွန်သွားပြီလား။ ဒီလူတွေ ဘယ်သွားကြမလို့ပါလိမ့်"

လူအိုမှာ သူ့ဘာသာသူ ပြောဆိုမိလေသည်။ တစ်စုံတစ်ရာကြောင့် စိတ်နလုံး မသာမယာ ဖြစ်နေဟန်ရှိသော လူအုပ်ကြီးသည် သူ့စကားကို ကြားပုံ မပေါ်ချေ။ အချို့သော လူများသည် ခမ္မသီချင်းများဆို၍ လာကြလေသည်။ လူအိုကြီး အဖို့မှာကား ကြားနေကျ သီချင်းမျိုး မဟုတ်သဖြင့် အဓိပ္ပာယ်ကို နားမလည်

ဗာရာဏသီပြည်မှာ ပညာရေးဘက်တွင် အထူးခေတ်စားလျက် ရှိလေသည်။

တစ်နေ့သော အခါတွင် သုသီမသည် ဖခင်ကြီးအား ဗာရာဏသီပြည်သို့ ပညာသင် သွားလိုကြောင်း ခွင့်တောင်းလေရာ၊ သား၏ စိတ်ထားကို သိလျက် သူ့သားအား အရာရာ၌ သူတစ်ပါးထက် ထူးချွန်စေလိုသော သခ်ိသည် အလွန် ဝမ်းမြောက်စွာ ခွင့်ပေး၍၊ ဗာရာဏသီပြည်၌ ရှိသော မိမိ၏ မိတ်ဆွေရင်း ဗေဒပါမောက္ခ ဆရာကြီးထံသို့ သွားရောက် သင်ကြားရန် စီမံလေ၏။

မိခင်ဖြစ်သူ ပုဏ္ဏားမကမူကား သဘောမတူသဖြင့် သခ်ိကို လှမ်း၍ ကြည့်ကာ...

'နယ်ကျော် ရပ်ကျော်တော်၊ ဒီမှာပဲ သင်ရောပေါ့၊ သူများထက် ကြိုးစားရင် သူများထက် ပိုတတ်မှာပေါ့' ဟူ၍ ကန့်ကွက်ပြောကလေး ပြောလိုက်လေသည်။

သခ်ိက 'မင်းတို့ မိန်းမတွေဟာ အရေးကြီးတဲ့ ကိစ္စကို တိုင်ပင်ရင် ဝင်ပြီး ဖျက်ဖို့ပဲ တတ်တယ်။ ထူးချွန်ဖို့၊ ကျော်စောထင်ရှားဖို့ ဆိုတာ သူများတကာ လုပ်သလို လုပ်လို့ ဘယ်ဖြစ်မလဲ။ ထူးချွန်အောင်လုပ်မှ ထူးချွန်မှာပေါ့' ဟု ဆိုကာ လူကလေး ပညာသင်သွားမည့် ကိစ္စကို မကန့်ကွက်ရန် ဖျောင်းဖျ ပြောဆိုရလေ၏။

သုသီမမှာ အသက် ၁၆ နှစ် အရွယ်သာ ရှိသေးသဖြင့် မိခင်ဖြစ်သူက မလွတ်လိုခြင်းမှာလည်း အပြစ်မဆိုသာပေ။ သူသည် နိုင်ငံ ရပ်ဝေး၌ သူ့သားကလေး တစ်ယောက်တည်း သွားနေမည့် အဖြစ်ကို မိခင်တို့ ဓမ္မတာ အမျိုးမျိုး ချဲ့ထွင် တွေးတော

သော သား၏ ကြည့်ခြင်းမျိုး မဟုတ်ဘဲ "ဘယ်တိုင်းပြည်က လူကြီးပါလိမ့်" ဟူသော ကြည့်ခြင်းမျိုးသာ ဖြစ်လေသည်။

လူအိုသည် သက်ပြင်းချကာ ရပ်တွေ၍ နေလေသည်။ လူအများမှာ သူ့ကို ကျော်လွန်၍ သွားနေကြလေသည်။ သူသည် ကျော်လွန်သွားသော လူများကို ပြန်၍ ကြည့်မိလေသည်။ သို့ကြည့်ရင်း သူ့မျက်လုံးများမှာ စေတီဆီသို့ ရောက်သွားလေသည်။ စေတီကား တည်ဆဲဖြစ်၍ အပြီးပင် မသတ်သေးချေ။

"ဟို စေတီဆီမှာ ငါ့သားများ ရှိနေသလား"

သူသည် စေတီကို ကြည့်နေရင်းပင် စေတီအနားမှာ သူ့သား ရှိနေလိမ့်မည်ဟု ထင်နေလေသည်။

ထိုလူအိုကြီးသည်ကား တက္ကသိုလ်ပြည်မှ "သခ်ိ" မည်သော ဗြာဟ္မဏလူမျိုး လူအိုကြီး ဖြစ်လေသည်။ သူသည် နှစ်ပေါင်း အတော်ကြာက ဤဗာရာဏသီပြည်သို့ လာရောက် ပညာသင်နေသော သူ့သားထံသို့ လိုက်လာခြင်း ဖြစ်လေသတည်း။

(၂)

တက္ကသိုလ်ပြည်၌ "သခ်ိ" မည်သော ဗြာဟ္မဏလူမျိုး ဇနီးမောင်နှံတွင် "သုသီမ" မည်သော သားကလေးတစ်ယောက် ရှိလေသည်။ သုသီမသည် ပညာရေးတွင် ဝါသနာထုံသူ ဖြစ်သောကြောင့် ဗြာဟ္မဏလူမျိုးဆိုင်ရာ အခြေခံပညာများကို ငယ်စဉ်ကပင် ပေါက်ရောက် တတ်မြောက်ခဲ့လေသည်။ သို့ရာတွင် အစ္စာသယဓာတ်ခံရင့်သန်ကြီးမားသူ ဖြစ်သည့်အတိုင်း အများနည်းတူ တတ်မြောက်ရုံနှင့် အားရကျေနပ်ခြင်း မရှိသောကြောင့် ဗာရာဏသီပြည်သို့ ပညာသင်သွားရန် စိတ်သန်လျက် ရှိလေ၏။ ထိုခေတ်က

လျက် ရှိလေသည်။ 'မိဝေး ဖဝေးနဲ့၊ မမာရေး မချာရေး ရှိတော့ ဘယ့်နှယ်လုပ်မလဲ' ဟူ၍ပင် ဆိုလိုက်မိလေသည်။

သခင်္ဂ 'တိတ်စမ်း မယ်မင်း၊ ခရီးဝေး သွားမယ့်ကိစ္စမှာ နိမိတ်မကောင်းတဲ့ စကားတွေ ပြောမနေစမ်းနဲ့၊ မယ်မင့် နှုတ်သီးဟာ ငှက်ဆိုးကြီးထိုးသလို အကျိုးအကြောင်း မဆင်ခြင်ဘဲ ထင်ရာကို လွှတ်ပြောတတ်တယ်' ဟု မာန်မဲကာ သားကလေး ပညာသင်သွားဖို့ အရေးကိုသာ စီမံလေတော့သည်။ မိခင် ပုဏ္ဍေးမကြီးမှာ သဘောမတူသော်လည်း တားမြစ်နိုင်သော အခွင့်အရေး မရှိသဖြင့် နောက်ဆုံးတွင် သဘောတူလိုက်ရလေ၏။

ဤသို့အားဖြင့် သုသီမသည် အခါကောင်း၍ အကြောင်းပြည့်စုံသော နေ့တွင် မိဘနှစ်ပါးကို ရှိခိုးကန်တော့ကာ ဗာရာဏသီပြည်သို့ ထွက်လာခဲ့လေ၏။ လူကြုံ၊ လှည်းကြုံ အဆင့်ဆင့်အားဖြင့် ရက်ပေါင်းများစွာ လာခဲ့လေရာ ဗာရာဏသီပြည်သို့ ချောမောစွာ ဆိုက်ရောက်လေ၏။

ဗေဒပါမောက္ခ ဆရာကြီးသည် မိတ်ဆွေဖြစ်သူ သခင်္ဂ၏သား သုသီမအား ကောင်းမွန်စွာ စောင့်ရှောက်လက်ခံလျက် ခရီးပန်းခြင်း ပြေပျောက်သောအခါ နေ့ကောင်းရက်သာ ရွေး၍ ပညာသင်ပေးလေ၏။

သုသီမသည် ပညာပါရမီ ထူးချွန်သူ ဖြစ်သောကြောင့် ဆရာ ပေးသမျှ သင်ခန်းစာများကို လွယ်ကူစွာ ရရှိသည်သာမက သင်ကြားသမျှမှာ သီဂီရွှေခွက်၌ ထည့်သော ခြသေ့်ဆီကဲ့သို့ စွဲစွဲမြဲမြဲ တည်၍ နေလေ၏။

ပါမောက္ခကြီးသည် သုသီမ၏ ဉာဏ်ရည်ကို ကောင်းစွာ အကဲခတ်မိသောအခါ သင်ခန်းစာများကို များစွာ ပို့ချ၍ ပေးလေ

၏။ မည်မျှပင် ပိုမိုပို့ချ၍ ပေးသော်လည်း သုသီမသည် သက်သာချောင်ချိစွာ သင်ယူနိုင်သည်သာ ဖြစ်လေ၏။

အထူးအားဖြင့် သုသီမသည် ဆရာ သင်ပေးသမျှ သင်ခန်းစာများကို မှတ်သားထားရမည့် စာပိုဒ်များဟု သဘောမထားဘဲ နားလည် သိရှိရမည့် ပညာရပ်များ အနေဖြင့် ဝေဖန်ပိုင်းခြားကာ သင်ကြားနာယူလျက် ရှိသည် ဖြစ်သောကြောင့် သဘောဉာဏ်တွင် နှစ်နှစ်ခြိုက်ခြိုက်ကြီး ကျ၍ မသွားသော အချက်များကို တစ်ခါတစ်ရံ သတိပြုမိလေ၏။ သို့ရာတွင် ရေရေလည်လည် သင်ကြားမိလျှင် နှစ်ခြိုက်အားရ သဘောကျ ကျေနပ်လောက်သည့် အဖြေကို ရနိုင်လိမ့်မည်ဟု မျှော်လင့်ကာ တစ်စုံတစ်ရာ စောဒက မတက်ဘဲ ဆက်လက်၍ သင်ကြားလာခဲ့လေရာ တစ်နေ့သော အခါတွင် ဆရာကြီးက ပညာသင်မှုကိစ္စ ပြီးပြီဟု ဆိုလိုက်သဖြင့် အံ့အားသင့်သကဲ့သို့ ဖြစ်မိလေ၏။

'ဝေဒကျမ်းအားလုံး ကုန်ပြီလား ဆရာ'

သူသည် အံ့သြသလို မေးလိုက်ခြင်း ဖြစ်သော်လည်း သူ၏ အံ့သြခြင်းမှာ ထင်တာထက် ပိုမိုနေသည်ကို တွေ့ကြုံရသည့် အတွက် ဖြစ်ရသော အံ့သြခြင်းမျိုး မဟုတ်ဘဲ ထင်သလောက် မဟုတ်သည်ကို တွေ့ရသည့်အတွက် ဖြစ်သော အံ့သြခြင်းမျိုးသာ ဖြစ်လေသည်။

'အေး... အားလုံး ကုန်ပြီ၊ ဒီနေ့ သင်တာဟာ အပြီးသတ်ပဲ၊ ငါ့တပည့် အံ့သြသလား၊ မအံ့သြနဲ့၊ ငါ့တပည့်က ဉာဏ်ရည်ချွန်လို့ ဒါလောက် မြန်တာ၊ တခြားလူတွေဆိုရင် ဒီလောက် ဘယ်မြန်မလဲ'

သုသီမသည် ရုတ်တရက် စကားပြန်၍ မပြောဘဲ တစ်စုံ တစ်ရာကို တွေး၍ နေလေ၏။ သူ၏မျက်လုံး၌ ဝင်းခြံရှေ့ တာလမ်းရှိ တမာပင်ကလေးများ၏ အရိပ်တွေ ထင်နေသော်လည်း သူ့နှလုံးသားတွင်ကား ဝေဒကျမ်းလာ မန္တန်များ အရိပ်ထင်၍ နေလေသည်။ သူသည် ဝေဒကျမ်း သုံးစောင်လုံး၏ အဓိပ္ပာယ်ကို အချုပ်အားဖြင့် သုံးသပ်လျက် ရှိလေသည်။ ဝေဒကျမ်း၌ အနှစ်သာရကိုလည်း ရှာဖွေလျက် ရှိလေသည်။ သူသိချင်သော အချက်အလက်များကိုလည်း သူ့ဘာသာသူ စိတ်အားဖြင့် မေးလျက် ရှိလေသည်။ သူ့ခေါင်းထဲ၌ မေးခွန်းပေါင်း မြောက်မြားစွာ လုံးလည်လိုက်၍ နေလေသည်။ အဖြေကား တစ်ခုမျှ ထွက်မလာချေ။ သူသည် ဆရာကြီးကို ကြည့်လိုက်လေ၏။

'ကျွန်တော် တစ်ခု မေးပါရစေ ဆရာကြီး'

သုသီမသည် ရှိသေစွာ အခွင့်တောင်းလိုက်၏။ ဆရာကြီးက 'မရှင်းလင်းတာရှိရင် မေးတာပေါ့' ဟု လွယ်လွယ်ကူကူပင် အခွင့်ပေးလိုက်လေသည်။

'ဝေဒကျမ်းထဲမှာ အစနဲ့ အလယ်ကိုတော့ ကျွန်တော် စဉ်းစားမိပါတယ်၊ အဆုံးကို မတွေးမိပါ။ ကျွန်တော့်ဉာဏ်ထဲမှာ လုံးလည်လိုက်နေပါတယ်။ အဆုံးကို သိပါရစေ'

သုသီမသည် အထက်ပါအတိုင်း မေးခွန်းထုတ်ကာ ဆရာကြီးထံမှ အဖြေကို ရှေးဦးစွာ မျက်လုံးတွင် ရှာဖွေမိလေ၏။

'ဆရာလည်း အဆုံးကို မမြင်ဘူး တပည့်၊ ဆရာစဉ် သမားဆက် ချပို့ရိုးအတိုင်း သင်ပေးရတာပဲ'

ဆရာကြီးသည် ဆိုင်းငံ့ဖင့်နွဲခြင်း မရှိဘဲ ဖြေလိုက်လေ၏။ သုသီမသည် သူသိချင်သော အဖြေကို မရသော်လည်း ဆရာကြီး

အပေါ်၌ များစွာ ကျေနပ်မိလေ၏။ ဆရာကြီးသည် မိမိ မသိသော အရာကို ဟို့နှယ်ဒီ့နှယ် ဖြန်းသန်း၍ မနေဘဲ မသိကြောင်းကို လွယ်ကူစွာပင် ထုတ်ဖော်ဝန်ခံပေသည်ဟု တွေးကာ ပိုမိုရင်းနှီးစိတ်များ ဖြစ်ပေါ်၍ လာလေ၏။ ထိုမျှသာ မကသေး။ ဆရာကြီးက–

'ငါ့တပည့် သိပ်တော်တာပဲ၊ ဆရာ သင်ပေးခဲ့တဲ့ တပည့်တွေ များလှပြီ၊ ဘယ်သူမှ ဒီလို မတွေးဖူးဘူး၊ မေးလည်း မမေးဖူးဘူး' ဟူ၍ပင် ချီးကျူးပြောဆို နေလေသည်။

'ဘယ်သူများ အဆုံးကို သိမလဲ ဆရာကြီး' ဟု ရင်းနှီးစွာ မေးမြန်းစုံစမ်းလိုက်ရာ ဆရာကြီးက–

'မိဂဒါဝုန်တောမှာ သီတင်းသုံးနေကြတဲ့ ပစ္စေကဗုဒ္ဓါ ကိုယ်တော်များတော့ သိကြမှာပဲ၊ အဲဒီ ကိုယ်တော်များထံ သွားပြီး မေးကြည့်စမ်းပါလား' ဟု ညွှန်ကြားပြောဆိုလိုက်လေသည်။

ဆရာကြီးသည် ဝေဒကျမ်းအတတ်၌ တစ်ဖက်ကမ်းခပ်တတ်မြောက်သော ဆရာကြီး ဖြစ်လေသည်။ ဤဆရာကြီးပင် အဆုံးကို မမြင်ဟု ဆိုခြင်းမှာ ဝေဒကျမ်း၌ပင် အဆုံး မပါမရှိ၍ ပေလော။ သို့ဖြစ်လျှင် ဝေဒကျမ်းတတ် ပုဂ္ဂိုလ်များသည် ပညာအရပ်ရပ် ပြဿနာ အချက်အလက်တို့၌ နက်နက်နဲနဲ ဝေဖန်စဉ်းစားခြင်း မရှိ၊ ယုတ္တိယုတ္တာ မရှာဖွေဘဲ ကျမ်းဂန်ဆိုတိုင်းသာ မှတ်သားနာယူလျက် ပညာရှိတစ်ဆူ ပြုလုပ်နေကြခြင်း ဖြစ်လေသလော။ ငါလည်း ဤမျှဖြင့် ရောင့်ရဲတင်းတိမ်၍ နေပါက မရှင်းမလင်း မကျေမနပ်နှင့်ပင် တိုင်းပြည်သို့ ပြန်ရလေတော့မည်။

သုသီမသည် အထက်ပါအတိုင်း တွေးကာ ဆရာကြီး ညွှန်ကြားသည့်အတိုင်း ပစ္စေကဗုဒ္ဓါ ကိုယ်တော်များထံသို့ သွားရောက် မေးမြန်းရန် ဆုံးဖြတ်လိုက်လေ၏။

(၃)

နောက်တစ်နေ့တွင် သုသီမသည် မိဂဒါဝုန်တောသို့ လာခဲ့လေသည်။ အချိန်ကား နေစွယ်ကျိုးချိန် ဖြစ်လေသည်။ မိဂဒါဝုန်တောကလေးသည် နဖူးဆံစတွင် ဆံလျှဉ်ကလေးများကျကာ လှပတင့်တယ် ချစ်စဖွယ်သော မိန်းမပျိုကလေး၏ မျက်နှာကဲ့သို့ ဖြူစင်သော သဲမြေညီညီတွင် စီရရီ ပေါက်ရောက်နေသည့် စိမ်းလန်းစိုပြည်သော သစ်ပင်ပျိုကလေးများဖြင့် အထူးပင် သာယာတင့်တယ်လှပေသည်။ သုသီမသည် လတ်ဆတ်သန့်ရှင်းသော တောရနံ့ သင်းသင်းကလေးကို ရှူကာ ဖြူလွှလွှော သဲပြင်ကလေးများနှင့် စိမ်းလန်းသော မြက်ခင်းကလေးများကို ဖြတ်သန်းခဲ့လေသည်။ သမင်၊ ဒရယ် စသော သားကောင်ကလေးများသည် သူစိမ်းတစ်ရဲဆံဖြစ်သော သုသီမကို စိန်းစိန်းဝါးဝါး ကြည့်၍ နေကြလေသည်။ သူတို့၏ အဘိဇ္ဈာဣဿာကင်းသည့် သန့်ရှင်းကြည်လင်သော မျက်လုံးကလေးများဖြင့် ကြည့်နေပုံမှာ မည်မျှပင် စိန်းစိန်းဝါးဝါး နိုင်လှသော်လည်း အဘိဇ္ဈာဣဿာ တရားတို့ကို အပေါ်ယံဟန်ဖြင့် ဖုံးလျက် နှလုံးထဲက မပါသော ပြုံးခြင်းဖြင့် ခေါင်နှုတ်ဆက်သော လူသတ္တဝါတို့၏ လောကွတ်ပျူငှာခြင်းထက် အဆပေါင်းများစွာ သာယာကျေနပ်ဖွယ် ကောင်းလေသည်။

သုသီမသည် မကြာမီပင် ခပ်လှမ်းလှမ်း၌ သစ်ပင်အုပ်ကြီးများ အကြားတွင် သခ်ိမ်းကျောင်းကလေးများကို တွေ့ရလေသည်။ သခ်ိမ်းကျောင်းကလေးများ ပတ်ဝန်းကျင်ရှိ သစ်ပင်များမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ကိုယ်မှ ယိုထွက်သည့် တရားရည်ဖြင့် ဆွတ်ဖျန်းထားအပ်သောကြောင့် အခြားသစ်ပင်များ

ထက် စိမ်းစို ညိုမှိုင်း၍နေသည်ကို တွေ့ရလေသည်။ ကျေးငှက်ကလေးများသည် သစ်ပင်ထက်မှနေကာ သာယာသော ဓမ္မဂီတများကို သီဆိုကျူးရင့်နေကြလေသည်။ သမင်ကလေးများသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ မေတ္တာဓာတ် သတ္တိစွမ်းရှုပုံကို မိမိတို့ ဉာဏ်မိသမျှ စဉ်းစားနေကြဘိသကဲ့သို့ သစ်ပင်ရိပ်တွင် ဆိတ်ငြိမ်စွာ ဝပ်၍ နေကြလေသည်။

သခ်ိမ်းကျောင်းကလေးတစ်ခုသို့ ရောက်သောအခါ အသံပြု၍ တစေ့တစောင်း ကြည့်သော်လည်း ကိုယ်တော်မြတ်များကို မတွေ့ရချေ။ ဟိုဟိုဒီဒီသို့ လှည့်၍ ကြည့်မိရာ သခ်ိမ်းကျောင်းကလေး ခေါင်းရင်းဘက် သစ်ပင်များ အုပ်ဆိုင်းနေသည့် မြေပြင်စက်ကလေးတွင် စက်လျှောက်နေသော ပစ္စေကဗုဒ္ဓါ အရှင်မြတ် တစ်ပါးကို တွေ့ရလေသည်။ သုသီမသည် အရှင်မြတ် အနီးသို့ ခပ်ဖြည်းဖြည်း ချဉ်းကပ်သွားကာ ရိုသေစွာ ရှိခိုးလျက် သင့်လျော်သော နေရာတွင် ထိုင်၍ ဗာရာဏသီ မြို့ထဲက ဖြစ်ကြောင်း၊ သုသီမဟု ခေါ်ကြောင်း စသည်တို့ကို ပြောကြားပြီးနောက် လာရင်း အကြောင်းကို လျှောက်ထားလေတော့သည်။

သုသီမက မိမိသည် ဝေဒကျမ်းကို သင်ကြားရာ အစနှင့် အလယ်ကိုသာ တွေ့၍ အဆုံးကို မမြင်ကြောင်း၊ သို့ဖြစ်၍ ဆရာကြီး၏ ညွှန်ကြားချက်အရ အရှင်မြတ်များထံ လာရောက်ခြင်း ဖြစ်ကြောင်းဖြင့် နိဒါန်းချီကာ–

'အရှင်မြတ်များသည် အဆုံးကို မြင်ကြပါသလား' ဟု တိုက်ရိုက် မေးလျှောက်လေတော့သည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်က 'အေး... သိကြတယ်' ဟု တိုတိုပင် အမိန့်ရှိတော်မူလေ၏။

တင့်ကယ်ခြင်းထက် ပိုမိုထူးခြားသော ကျက်သရေတစ်မျိုး ရှိ၍ နေလေသည်။ သူသည် အရှင်မြတ်၏ ရုပ်လက္ခဏာ တင့်တယ်ခြင်းကို တွေ့နေရလျက် သူတွေ့ရသော တင့်တယ်ခြင်းအပြင် သူ မတွေ့ရသော ကျက်သရေ တစ်မျိုးလည်း ရှိနေကြောင်းကို အထင်အရှား သိရလေ၏။

"ဒီအရှင်မြတ်တွေဟာ သစ္စာတရားကို သိကြတယ် တဲ့။ သစ္စာတရားဆိုတာ ဘာပါလိမ့်။ သူတို့ကိုယ်ထဲမှာ သစ္စာတရားတွေ ရှိနေကြသလား။ အခု ငါ စဉ်းစားလို့လည်း မရတဲ့ အရှင်မြတ် ရုပ်သွင်၏ ထူးခြားသော ကျက်သရေဟာ သစ္စာတရား၏ အရိပ်အယောင်တွေများ ဖြစ်လေသလား။ ငါ သိချင်တဲ့ 'အဆုံး' ဟာ သစ္စာတရားထဲမှာ ပါလေသလား"

သူသည် ရုတ်တရက် လက်အုပ်ချီကာ 'မှန်ပါ၊ တပည့်တော် ရဟန်းပြုပါ့မယ် ဘုရား' ဟု လျှောက်ထားလိုက်လေသတည်း။

(၄)

တက္ကသိုလ် မြို့တော်ကြီးသည် လရောင်အောက်တွင် ငြိမ်သက်၍ နေလေ၏။ သန်းခေါင်ယံအချိန် ဖြစ်၍ တစ်မြို့လုံးမှာ တိတ်ဆိတ်၍ နေလေ၏။ လမင်းသည် "ဤအရာကား ငြိမ်သက်စွာ ဝပ်နေသော ကမ္ဘာလိပ်ကြီးလား သို့မဟုတ် ညီမျှောင်သော သစ်ပင်များကြားတွင် အိမ်ခေါင်မိုးများ ကွက်တိကွက်ကျား ပေါနေသော မြို့တော်ကြီးပေလား" ဟု ဝေခွဲ၍ မရသလို အပေါမှ စီးကာ စေ့စေ့စိုက်စိုက် ငုံကြည့်နေလေ၏။ မကြာမီ သန်းခေါင် ကြက်များ တွန်သံကို ကြားရလေ၏။

သုသီမသည် အရှင်မြတ်၏ အဖြေကို ကြားရသောအခါ လွန်စွာ ဝမ်းမြောက်လျက်–

'တပည့်တော်အား သင်ပေးတော်မူကြပါ ဘုရား' ဟု တောင်းပန်လေတော့၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်က–

'ငါတို့သည် လူဝတ်ကြောင်ကို သင်မပေးကြဘူး။ အကယ်၍ အဆုံးကို သိလိုလျှင် ရဟန်းပြုလော့' ဟု အမိန့်ရှိတော်မူလေ၏။

"ရဟန်း လုပ်မှ သင်ပေးနိုင်မယ် တဲ့"

သုသီမသည် အထက်ပါ စကားကို စိတ်ထဲက ဆိုကာ အတန်ငယ်စဉ်းစား၍ နေလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ နေပုံထိုင်ပုံ အခြေအနေကိုလည်း အကြမ်းအားဖြင့် သုံးသပ်မိလေ၏။

"ရဟန်းလုပ်ရင် သူတို့လို ဒီမှာ နေရမှာပဲ။ ဆွမ်းခံစားရလိမ့်မယ်။ ပြီးတော့ ဘာတွေများ လုပ်ရဦးမလဲ မသိဘူး၊ တရားတွေ ဘာတွေ လေ့လာရလိမ့်မယ် ထင်တယ်"

သူသည် ပစ္စေက ဗုဒ္ဓါ အရှင်မြတ်ကို စူးစူးစိုက်စိုက် ဖူးကြည့်မိလေ၏။ တွေ့စက အရွယ်တော် တော်တော်ကြီးနေပြီဟု ထင်ခဲ့ရာ ယခု သေချာစွာ ဖူးမြင် ကြည့်ရှုသောအခါ များစွာ မကြီးသေးကြောင်းကို တွေ့ရလေ၏။ အသားအရေမှာ ပြည့်ပြည့်ဖြိုးဖြိုးနှင့် စိုစိုပြည်ပြည် ရှိလှပေ၏။ မျက်နှာတော်မှာ ငြိမ်သက်အေးချမ်းလျက် ကြည်လင်ပွင့်လင်း၍ နေသည်ကို တွေ့ရလေ၏။ အထူးအားဖြင့် အရှင်မြတ်၏ မျက်နှာတော်၌ သူ မြင်ရသော

'ရှင်မ... အိပ်မပျော်သေးဘူးလား'

သခင်သည် အမယ်ကြီး၏ သက်ပြင်းချသံကို ကြားသဖြင့် ဝတ်ကျေတမ်းကျေ မေးလိုက်လေရာ ပုဏ္ဏားမကြီးက–

'မပျော်သေးပါဘူး။ ညတိုင်း ဒီလိုပါပဲ၊ လင်းခါနီးမှ မှေခနဲ ပျော်သလိုလို ဖြစ်လိုက်တာပါပဲ၊ တစ်ခါတလေတော့ တစ်ညလုံး တစ်မှေးမှ မပျော်ပါဘူး' ဟု ဆိုကာ ထင်သည့် အတိုင်းပင် သုသီမအကြောင်းကို စ လေတော့သည်။

'လာပါလိမ့်မယ်၊ လာပါလိမ့်မယ်နဲ့ပဲ အခု ဘယ်လောက် ကြာပြီလဲ။ ကျုပ်ကတော့ တစ်ခုခု ဖြစ်နေပြီ ထင်တယ်၊ နေထိုင် မကောင်းလို့လား၊ ဘာလား'

အဘွားကြီးသည် ထုံးစံအတိုင်း မျက်ရည်ကလေး စမ်းစမ်း နှင့် ပြောလေရာ သခင်က–

'ပူစရာ မရှိပါဘူးကွာ၊ တို့သားဟာ ဥာဏ်ရှိတဲ့လူပါ။ ဘာမှ မဖြစ်နိုင်ပါဘူး။ သူ ကောင်းကောင်းမွန်မွန်ပဲ ထူးချွန်သူ တစ် ယောက် ဖြစ်နေမှာပါ' ဟု ကျေနပ်အောင် ပြောလိုက်သော်လည်း–

'ဘာမှ မဖြစ်ဘူး၊ ဖြစ်တယ် ဆိုတာ ကိုယ်သိတာ မှတ်လို့။ လိုက်ခေါ်ဖို့ ပြောတာလည်း ဘယ်လကျမှ၊ ဘယ်နေ့ကျမှန့် ရက် သာ ရွေးနေတာပဲ' ဟု အပြစ်တင်ကာ 'ဒီတစ်ခါတော့ တော် လိုက်ခေါ်ရင် ခေါ်၊ မခေါ်ရင် ကျုပ် လိုက်ခေါ်မှာပဲ' ဟု အကျပ် ကိုင်သဖြင့်–

'အေးအေးနေပါ၊ ကျုပ် လိုက်ခေါ်ပါ့မယ်' ဟု နှစ်သိမ့်စေ ရလေ၏။

စင်စစ်အားဖြင့် အမယ်ကြီး စိတ်အေးအောင် ပြောခြင်းသာ မဟုတ်၊ သခင် ကိုယ်တိုင်မှာလည်း သားအတွက် စိုးရိမ်သောက

တစ်မြို့လုံးမှာ အိပ်မောကျနေပြီ ဖြစ်သော်လည်း သခင်နှင့် ဇနီး ပုဏ္ဏားမကြီးမှာ အိပ်မပျော်နိုင်ကြသေးပေ။ သူတို့သည် သား သုသီမအတွက် ညစဉ်လိုလိုပင် စကားအချေအတင် ပြော၍ နေရသည်မှာ ညပေါင်း အတော် များခဲ့လေပြီ။

ပုဏ္ဏားမကြီးက လူကလေး ပညာသင် သွားသည်မှာ နှစ် ပေါင်းကြာပြီ ဖြစ်ကြောင်း၊ ပြန်လာသင့်ပြီ ဖြစ်ကြောင်း၊ ပြန်လာ ချိန် ရောက်လျက် ပြန်မလာခြင်းမှာ အကြောင်းတစ်ခုခု ရှိနေလို့ ဖြစ်ဟန်တူကြောင်း၊ လူကြုံသတင်း မေးရန်လည်း မဖြစ်နိုင်သဖြင့် လိုက်သွားဖို့ ကောင်းကြောင်း စသည်တို့ကို ပြောလျက် သခင်က မကြာမီ ပြန်ရောက်လိမ့်မည် ဖြစ်ကြောင်း၊ မစိုးရိမ်သင့်ကြောင်း ဖြင့် ဖျောင်းဖျ နှစ်သိမ့် စေရလေသည်။

သားအကြောင်းကို ပြောဆိုတိုင်း ပုဏ္ဏားမကြီးကသာ စကားလုံး များသည်သာမက စကားရည်လည်း သာလျက် ရှိ လေသည်။ သခင်မှာ "လာမှာပေါ့လေ၊ စိုးရိမ်စရာ မရှိပါဘူး" ဟူ၍ တစ်ခွန်းစ နှစ်ခွန်းစသာ ပြန်လည် ပြောဆိုနိုင်လေသည်။ သခင်သည် သားအကြောင်း စကားဆိုတိုင်း အရေးနိမ့်လျက် ရှိ သောကြောင့် ကြာသော် အိပ်ရာဝင်ဖို့ရန်ပင် စိတ်မပါ ဖြစ်ခဲ့လေ သည်။ အဘယ်ကြောင့်ဆိုသော် အိပ်ရာဝင်တိုင်းပင် သူ့ဇနီးသည် သား သုသီမ အကြောင်းကို ပြောတတ်လေသည်။

သို့ဖြင့် သခင်မှာ အိပ်ရာ ဝင်ရမှာကိုပင် လန့်လျက် အချိန် လွန်မှ အိပ်ရာဝင်တတ်သည် ဖြစ်ရာ၊ ထို့နေ့ကလည်း သန်းခေါင် ကြက်များ တွန်သံကြားမှပင် ဇနီးသည် အိပ်လောက်ပြီ အထင် ဖြင့် အိပ်ရာထဲသို့ ဝင်ခဲ့လေသည်။

နေပုံကို သဘောပေါက်၍ လာလေ၏။ သူ သင်ခဲ့ရသော ဝေဒ ကျမ်းများ၌ အကြောင်းကိုလည်း မရှာဖွေ၊ အကျိုးကိုလည်း မစုံစမ်း မစိစစ်ဘဲ အကောင်းအဆိုး (သုဘာ သုဘ) ဟူသမျှသည် နတ်များ စီမံဖန်တီးသည့်အတိုင်း ဖြစ်ကြသည်။ နတ်များကို ပသခြင်း၊ ဂြိုဟ်နက္ခတ်များကို ပူဇော်ခြင်း၊ မန္တန်ရွတ်ခြင်း၊ ဆုတောင်းခြင်း အားဖြင့် လိုသောဆု ကောင်းကျိုးကို ရနိုင်သည်ဟူသော သဘောအဓိပ္ပာယ်များကို ပြဆိုထားခြင်း၏ ယုတ္တိယုတ္တာကင်းမဲ့ပုံကို ကောင်းစွာ သိမြင်၍ လာလေ၏။

မိမိ၏ ကောင်းကျိုးဆိုးကျိုးမှာ အခြားသူ တစ်စုံတစ်ယောက်၏ ပြုလုပ်ဖန်တီးပေးမှုနှင့် မဆိုင်ဘဲ မိမိကိုယ်တိုင် ပြုလုပ်မှုအတိုင်းသာ ဖြစ်ကြောင်းကို ရှေးဦးစွာ သဘောပေါက်၍ လာလေ၏။ သူ၏ အသိဉာဏ်မှာ တန့်ရပ်၍မနေဘဲ တိုးတက်လျက် ရှိလေရာ အသိဉာဏ် ရင့်သန် တိုးတက်လာသည်နှင့်အမျှ ရှေးက မှတ်ထင် ယူစွဲခဲ့သော အယူအစွဲများ တဖြည်းဖြည်း ပါး၍ ပါး၍ သွားလေ၏။

လောကဌ် သုခ ဒုက္ခ ဟူ၍ နှစ်မျိုးရှိလေရာ နိမ့်ကျခြင်း၊ ချို့တဲ့ခြင်း၊ မပြည့်စုံခြင်း၊ အနှိပ်စက်ခံရခြင်း စသည်တို့မှာ ဒုက္ခဖြစ်သည်။ မြင့်မြတ်ခြင်း၊ ပြည့်စုံခြင်း၊ စည်းစိမ်ခံခြင်း စသည်တို့မှာ သုခဖြစ်သည် ဟူ၍ ရှေးက မှတ်ယူခဲ့လေ၏။ ယခုမူ သုခ ဒုက္ခ ဆိုသည်မှာ တစ်ခုနှင့်တစ်ခု နှိုင်းစာထောက်ဆ၍ လူအများက ပညတ်နေခြင်းမျှသာ ဖြစ်ကြောင်း၊ အဟုတ်အမှန်အားဖြင့် သုခ ဟူ၍ မရှိနိုင်ဘဲ လောကဌ် ဖြစ်ရှိနေသမျှ အရာအားလုံးသည် ဒုက္ခအစစ်နှင့် အယောင်ဆောင်ထားသော ဒုက္ခများသာ ဖြစ်ကြောင်းကို ရိပ်မိစ ပြုလာလေ၏။

ဖြစ်၍ နေလေပြီ။ သခ်ၤသည် သူ့သား၏ ဉာဏ်ရည်ကို ကောင်းစွာ သိလေသည်။ သူ့သား၏ ဉာဏ်ရည် ဉာဏ်သွားဖြင့် ဤမျှ အချိန်ကြာအောင် သင်ကြားရဖို့ မရှိချေ။ ယခုအချိန်မှာ သာမန်လူစားပင် သင်ကြားပြီးမြောက်ထိုက်သည့် အချိန်ကာလထက်များစွာ ကျော်လွန်၍ လာခဲ့လေပြီ။

သူ့သားသည် ကျန်းမာစွာ ရှိသည် မှန်ပါက လွန်ခဲ့သော နှစ်ကပင် ပြန်၍ ရောက်ထိုက်သည် ဖြစ်ပါလျက် ယနေ့တိုင် မရောက်လာသေးသည့်အတွက် မည်သို့သော အကြောင်းကြောင့်နည်းဟု တွေးတော စိုးရိမ်မိခြင်း ဖြစ်လေ၏။ သို့ရာတွင် ပုဏ္ဏားမကြီး စိတ်သောက မဖြစ်စေရန် ဖျောင်းဖျောင်းဖျဖျ ပြောဆိုကာ နှစ်သိမ့်စေခဲ့ရလေသည်။ ယနေ့မူကား မိမိကိုယ်တိုင်ပင် မိမိ၏ စိုးရိမ်စိတ်ကို ပြေပျောက်အောင် မတတ်နိုင်သဖြင့် လိုက်ခေါ်ရန် ဆုံးဖြတ်လိုက်လေတော့၏။

(၅)

သခ်ၤသည် သား သုသီမထံ ဗာရာဏသီသို့ လိုက်ရန် စီမံနေသည့် အချိန်လောက်မှာပင် သုသီမသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်များထံ၌ ရဟန်းပြုလေတော့သည်။ ရဟန်းဖြစ်ခါစ၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များက သုသီမအား သင်္ကန်းဝတ်ပုံ၊ သင်္ကန်းရုံပုံ စသော ရဟန်းဖြစ်စ ရှေးဦးစွာ ပြုကျင့်ရမည့် အလေ့အကျင့်များကို သင်ပေးတော်မူကြလေသည်။

သုသီမသည် ရဟန်းပြု၍ မကြာမြင့်မီပင်လျှင် လောကကြီးတစ်ခွင်လုံး၌ အကြောင်းအကျိုးဆက်ကာ ဖြစ်ပျက်ပြောင်းလဲ

ထိုအရာအားလုံးသည်လည်း "ဘယ်သူမပြု မိမိမှု" ဆိုသည့်အတိုင်း မိမိကိုယ်တိုင် ပြုလုပ်ခြင်းနှင့်သာ ဆိုင်လျက် အဘယ့်ကြောင့် ထိုသို့ ပြုလုပ်ရသည် ဆိုသော အကြောင်းရင်း အမှန် (သမုဒယ) ကိုလည်း ရှာဖွေစဉ်းစားမိလေ၏။ ၎င်းပြင် အစရှိလျှင် အဆုံးရှိရစမြဲ ဖြစ်သည့်အတိုင်း ထိုအရာ အားလုံး၏ လက်စသတ် ချုပ်ငြိမ်းရာကို တစ်ဆင့်တက်၍ စဉ်းစားကာ နောက်ဆုံး၌ သုသိမသည် ရဟန်းပြု၍ မကြာမြင့်မီပင် သစ္စာလေးပါး အမှန်တရားကို သိမြင်ကာ ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်တော်မူလေသတည်း။

(၆)

သခ်ၤာသည် ဇနီးသည်က တိုက်တွန်း နှားပူသောကြောင့် လည်းကောင်း၊ မိမိကိုယ်တိုင်ကလည်း စိုးရိမ်ကြောင့်ကြ စိတ်သောက မအေးသောကြောင့် လည်းကောင်း သား သုသိမကို ခေါ်ရန် တက္ကသိုလ်ပြည်မှ ထွက်လာခဲ့ရာ၊ ဤဝတ္ထုအစတွင် ဖော်ပြခဲ့သည်အတိုင်း ဗာရာဏသီပြည်သို့ ရောက်သောအခါ မြို့သူမြို့သား များ မြို့တံခါးသို့ ထွက်ကာ စေတီဆီသို့ သွားနေကြသည်နှင့် ဆုံနေသောကြောင့် လူများ အကြားတွင် သား သုသိမကို ရှာဖွေနေခြင်း ဖြစ်လေသည်။

ရက်ပေါင်းများစွာ ခရီးပြင်း လာခဲ့ရသဖြင့် လူအိုကြီး သခ်ၤာမှာ လွန်စွာ ပင်ပန်းအားနည်းလျက် ရှိလေ၏။ တောင်ဝှေးကို ကိုင်ထားသော်လည်း သူ့ကို မလဲမပြိုအောင် ထောက်ကန်ထားသော အရာမှာ တောင်ဝှေးမဟုတ်ဘဲ သားနှင့် တွေ့လိုသည့် ဇောသာလျှင် ဖြစ်လေသည်။ သူသည် သားနှင့် တွေ့လိုသော

ဇောသာ မရှိပါက ယခုကဲ့သို့ လူအုပ်ကြားတွင် သွားလာနိုင်ဖို့ ရန် မဆိုထားဘိ၊ ရပ်တည်၍ပင် နေနိုင်လိမ့်မည် မဟုတ်ပေ။ သူသည် သားကို တွေ့လိုသောဇောဖြင့် မောရမှန်း၊ မသိဘဲ တစုတဝေးတည်း သွားနေသော လူတန်းရှည်ကြီး အကြားတွင် သားသုသိမကို စေ့စေ့စပ်စပ် ရှာဖွေလျက် ရှိလေသည်။

သခ်ၤာသည် စေတီတော်ကို လှမ်းမျှော်ကြည့်ရှုနေစဉ် နေမှာ ဝင်လုဆဲဆဲ ဖြစ်၍နေလေသည်။ စေတီတော်၏ နောက် မလှမ်း မကမ်းရှိ ထန်းပင်များ အထက်၌ ကောင်းကင်ကြီး တစ်ခွင်တစ်ပြင်လုံးမှာ စေတီတော်ကို လာရောက် ပူဇော်ကြသည့် အာကာသလောကသားများနှင့် ပြည့်နေသကဲ့သို့ တိမ်ရောင်များ တောက်၍ နေကြလေ၏။ အချို့မှာ ဂဠုန်များသဏ္ဌာန်၊ အချို့ကား နဂါးများ အသွင်၊ တောဆင်ကြီးတွေ လိုလို ထင်ရလေ၏။

"ဒီလောက် များပြားတဲ့ လူတွေဟာ ဘာဖြစ်လို့ ဒီစေတီကို ပြုလုပ်ပူဇော် နေကြတာပါလိမ့်၊ ဒီစေတီဟာ ဘယ်လို စေတီများလဲ၊ တစ်မြို့လုံး ပူဇော်နေကြတာ ထောက်တော့ တစ်မြို့လုံး အလေးပြုရတဲ့ စေတီဖြစ်မယ်။ ငါ့သားလည်း ဒီလူတွေထဲမှာ ပါမှာပဲ"

သခ်ၤာသည် စေတီဆီသို့ လှမ်းမျှော် ကြည့်ရှုရင်း တွေးတောလျက် ရှိလေ၏။ နေဝင်သွားပြီဖြစ်၍ စေတီတော်မှ ဆီမီးများ ထွန်းတောက်နေသည်ကိုပင် တွေ့ရလေ၏။ မြို့မှ ထွက်လာသော လူများလည်း တဖြည်းဖြည်း ပါး၍ လာလေပြီ။ သခ်ၤာသည် ထိုအခိုက် မိမိအနားသို့ ရောက်လာသော လူရွယ်တစ်ယောက်အား-

'ဒီမယ် မောင်၊ ဘကြီး တစ်ခုမေးချင်လို့' ဟု ဆိ၍ ပြောလိုက်ရာ လူရွယ်သည် သခ်ၤာ၏ အဝတ်အစား၊ လွယ်ထားသော

အိတ်နှင့် ထီး၊ တောင်ဝှေး စသည်တို့ကိုပါ ကြည့်ရှု အကဲခတ်လျက်–

'ဘာလဲ ဘကြီး၊ ဘာ မေးချင်လို့လဲ' ဟု ဆိုလေ၏။

'မောင်... ဒီမြို့ကပဲ မဟုတ်လား'

'ဟုတ်ပါတယ်'

'သုသီမ ဆိုတာများ မောင် သိသလား လို့'

'သုသီမ... ဟုတ်လား'

လူရွယ်သည် ရုတ်တရက် လန့်ဖျပ်သွားသကဲ့သို့ ပြောလိုက်ပြီးမှ–

'သုသီမ... ဘယ်သုသီမလဲ ဘကြီး၊ ဘယ်သုသီမကို မေးတာလဲ' ဟု ဆင့်ကာ မေးလေ၏။

သခ်ၤာသည် လူရွယ်၏ အမူအရာကိုကြည့်ကာ ဝမ်းသာရမလို၊ ဝမ်းနည်းရမလို ဖြစ်လျက်–

'တက္ကသိုလ်ပြည်က ပညာလာသင်နေတဲ့ သုသီမကို မေးတာ မောင်' ဟု မျှော်လင့်ချက်ကြီးဖြင့် ပြောလိုက်လေ၏။

'ဗေဒပါမောက္ခကြီးထံမှာ ပညာသင်နေတဲ့ သုသီမကို မေးတာလား'

'အေး... ဟုတ်ပါတယ်၊ အဲဒီ သုသီမကို မေးတာပါပဲ။ တက္ကသိုလ်ပြည်ကလေ၊ ဗေဒပါမောက္ခကြီးထံမှာ ပညာသင်နေတာ မောင် သေသေချာချာ သိတယ် မဟုတ်လား'

သခ်ၤာ ဝမ်းသာအားရ ပြောလေ၏။

'ဘကြီးက ဘယ်ကလဲ၊ သုသီမနဲ့ ဘာတော်သလဲ'

လူရွယ်သည် ခရီးသည် လူအိုကြီးကို ခြေဆုံး ခေါင်းဆုံး ထပ်၍ ကြည့်ကာ မေးလေ၏။

'ဘကြီးလား... တက္ကသိုလ်ပြည်ကလေ၊ သုသီမဟာ ဘကြီးသားပဲ' ဟု ဝမ်းသာအားရ ပြောလိုက်သော်လည်း လူရွယ်မှာ မည်သည့် အကြောင်းကြောင့်မသိ၊ 'အို...' ဟု ဆိုလိုက်သဖြင့် သခ်ၤာ အဓိပ္ပာယ်ကို နားမလည်နိုင်အောင် ဖြစ်သွားလေ၏။ သူ၏ မျက်လုံးကျဉ်းကလေးများမှာ ပိုမို အရောင်တောက်လျက် ဝိုင်းဝိုင်းလည်ကာ လူရွယ်၏ မျက်နှာတွင် "အို" ဟူသော အသံ၏ အဓိပ္ပာယ်ကို ရှာဖွေ၍ နေလေသည်။ လျော့ရဲသော နှုတ်ခမ်းများမှာ တရွရွဖြစ်ကာ လူပ်ရှားနေလေ၏။ လူအိုကြီးသည် ပါးစပ်အဟောင်းသားနှင့် ရှိနေစဉ် လူရွယ်က–

'ဘကြီး အခု တက္ကသိုလ်ပြည်က လာခဲ့တာလား' ဟု မေးသဖြင့် ယခုမှ သတိဝင်လာသကဲ့သို့–

'ဟုတ်တယ် မောင်၊ အခုပဲ ရောက်တယ်။ လူကလေး မလာနိုင်လို့ လိုက်လာရတာ။ သူ့အမေ ဆိုတာလည်း မအိပ်နိုင် မစားနိုင်နဲ့။ နို့ ပြောပါဦး၊ ဒီလူတွေထဲမှာ လူကလေး သုသီမ မပါဘူးလား၊ ရှေ့ လွန်သွားပြီလား၊ နောက်မှာ ကျန်ရစ်ခဲ့သလား'

သခ်ၤာသည် လူရွယ့်ထံမှ အဖြေကို မရတိုင်း ဆက်ကာ ဆက်ကာ မေးလျက် ရှိလေ၏။ လူရွယ်မှာ ဘာပြောရမည်ကို မသိသကဲ့သို့ ဖြစ်နေလေတော့၏။

'လူကလေး သုသီမ မြို့ထဲမှာ ကျန်ရစ်ခဲ့သလား၊ ကျုပ်သား ဒီလူတွေထဲမှာ မပါဘူးလား'

လူအိုကြီးမှာ ဒုတိယအကြိမ် ဆက်ကာ ဆက်ကာ မေးနေပြန်သဖြင့် လူရွယ်သည် အယောင်ယောင် အမှားမှားဖြင့် 'ဟုတ်ကဲ့' ဟု ပြောလိုက်မိပြီးမှ–

'သြော်... နေဦးခင်ဗျ၊ မဟုတ်သေးဘူး။ ဘကြီးသား

ဒါဖြင့် ကျုပ်သား ဘုန်းကြီးဖြစ်နေတယ်ပေါ့။ အခု ပစ္စေကဗုဒ္ဓါတွေနဲ့ အတူ နေသလား'

သခ်ၤာမှာ သူ့သား ရဟန်းပြုကြောင်းကို ကြားရသဖြင့် ရုတ်တရက်အားဖြင့် ဝမ်းသာကြောင်း ပြောလိုက်မိသော်လည်း သို့ ပြောလိုက်ခြင်းမှာ သူကိုယ်တိုင်က ကျေကျေနပ်နပ် ပြောလိုက်ခြင်း မဟုတ်ပေ။ သား သုသီမ ရဟန်းဖြစ်နေသည်ဟု သိရသော်လည်း သူ့မျက်စိထဲမှာ ရဟန်းအသွင်ကို မမြင်ဘဲ လူဝတ်နှင့် အသွင်ကိုသာ မြင်ယောင်၍ နေသည် ဖြစ်သောကြောင့် သူသည် သူ့သားအား ရဟန်းအသွင်ထက် လူဝတ်ကြောင်အသွင်ကိုသာ တွေ့မြင်လိုကြောင်း ထင်ရှားနေလေ၏။

သို့ရာတွင် သား ရဟန်းပြုလျှင် မိဘဖြစ်သူမှာ ဝမ်းသာရမည် ဖြစ်လေရာ သူသည် သုသီမ၏ ဖခင်ပင် ဖြစ်သောကြောင့် ကြိုးစား၍ ဝမ်းသာနေရလေသည်။

အချိန်မှာလည်း မှောင်ရိပ်ကလေး အနည်းငယ် သမ်း၍လာပြီ ဖြစ်သောကြောင့် လူရွယ်သည် တစ်ခုခုကို ဆုံးဖြတ်လိုက်သည့် အမူအရာဖြင့် လူအိုကြီးကို ကြည့်ကာ–

'ကျွန်တော် ဆုံးအောင် ဆက်ပြောပါတော့မယ်။ ဘကြီးသားဟာ ပါရမီထူးတဲ့ ပုဂ္ဂိုလ်ပါပဲ။ ရဟန်းပြုပြီး မကြာခင်ပဲ ဘကြီးသား သုသီမဟာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူပါတယ်' ဟု ဆိုလေရာ သခ်ၤာမှာ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ အံ့အားသင့်ခြင်းတို့ဖြင့် ချောက်ချားကာ–

'ဩော်...' ဟု အော်လိုက်မိလေ၏။

'ဘကြီးသားဟာ ဘုန်းတန်ခိုးလည်း အလွန်ကြီးပါတယ် ခင်ဗျာ၊ ဗာရာဏသီပြည်နှင့်တကွ အရပ်ထက်ဝန်းကျင်မှာ အလွန်

သုသီမလေ (အနည်းငယ် စဉ်းစားပြီး) ပညာသင်ကြားပြီး ဝေဒကျမ်းအတတ် ကုန်တော့ အားမရသေးဘူး ဆိုပြီး ပစ္စေကဗုဒ္ဓါကိုယ်တော်မြတ်တွေဆီ သွားပြီး ပညာသင်ဖို့...'

'အဲလေ... ကျုပ်သားဟာ သူများထက် ထူးချွန်မယ့်လူဆိုတာ ကျုပ် ငယ်ငယ်ထဲက သိတယ်'

လူရွယ်က စကားကို ပြတ်တောင်းပြတ်တောင်း ပြောနေသဖြင့် လူအိုကြီးက ဝင်၍ ပြောလိုက်ခြင်း ဖြစ်သည်။ လူရွယ်သည် 'ဟုတ်ကဲ့' ဟု ရောယောင်ဆိုလိုက်ပြီး ဆက်ပြောဖို့ စကားကို တွေးနေစဉ်...

'နို့ ဒါဖြင့်... ကျုပ်သားဟာ အခု ပစ္စေကဗုဒ္ဓါတွေဆီမှာ ပညာသင်နေတယ်ပေါ့ ဟုတ်လား' ဟု သခ်ၤာ မေးလိုက်သဖြင့်–

'နေပါဦး ဘကြီးရဲ့၊ ကျွန်တော် ပြောဦးမယ်၊ အဲဒီလို ပစ္စေကဗုဒ္ဓါ ကိုယ်တော်တွေထဲမှာ ပညာသင်ရအောင် သွားလျှောက်ထားတော့...'

'အင်း... ပြောပါဦး'

'ကိုယ်တော်တွေက ရဟန်းလုပ်မှ သင်ပေးနိုင်မယ်ဆိုတာနဲ့ ရဟန်းပြုပါတယ်'

သခ်ၤာမှာ မိမိ နားမလည်သော ဘာသာခြား စကားကို နားထောင်နေရသော သူကဲ့သို့ ပါးစပ်အဟောင်းသားနှင့် ကြောင်၍ ကြည့်နေလေ၏။

'ဘကြီးသား သုသီမဟာ အလွန်တော်တဲ့ ပုဂ္ဂိုလ်ပါ ခင်ဗျာ'

ဤတွင်မှ သခ်ၤာမှာ အသက်ဝင်လာသကဲ့သို့ ဖြစ်ကာ–

'ဩော်... ဟုတ်လား၊ ဝမ်းသာလိုက်တာ မောင်ရယ်။ ဘကြီးတော့ ပင်ပန်းလာတာတွေ အကုန် ပျောက်သွားတာပဲ။

'သုသိမရဲ့ လူကလေးရေ... ဖေဖေ လာကျိုးမနပ်ပါကလား ကွယ်၊ ဖေဖေ အလာနှောင်းလို့ အလောင်းကိုတောင် မတွေ့ရပါလား လူလေးရဲ့'

လူအိုကြီးမှာ မြေကို လက်နှင့် ပုတ်ကာ ပုတ်ကာ ငိုကြွေးရှာလေ၏။ လူရွယ်က တွဲထူ မွေ့ယှက်–

'ဘကြီး ဘကြီး... သတိထားပါ၊ ဘကြီးသားဟာ တစ်ပြည်လုံး ကြည်ညိုတဲ့ ပုဂ္ဂိုလ်ပါ။ ဒီဗာရာဏသီ တစ်ပြည်လုံးဟာ ဘကြီးသားကို ဦးညွှတ် ပူဇော်ကြပါတယ်။ ဘကြီး မွေးရကျိုး နပ်ပါတယ်' စသည်ဖြင့် ဖျောင်းဖျ ပြောဆိုရလေ၏။

ထိုအခိုက် လူအများ စုဝေးရောက်လာကြရာ လူရွယ်က အကျိုးအကြောင်းနှင့် ဖြစ်ပျက်ပုံများကို ပြောပြရလေသည်။ ထို့ပြင် ပြောပြနေခိုက်တွင် လူအိုကြီးသည် နေရာမှထကာ စေတီဆီသို့ ပြေးသွားလေ၏။ အဟုန် ပြင်းထန်လှသော ပရိဒေဝသောက စိတ်သည် ခရီးပန်းနေသည့် လူအိုကြီးအား ပေါ့ပါးစွာ ဆောင်ယူသွားသဖြင့် အခြားလူများပင် လိုက်၍ မမီနိုင်ကြချေ။

စေတီကို လက်ဝါးဖြင့် ပုတ်ကာ၊ ဖက်ကာ မပီသသော အသံကြီးဖြင့် ငိုကြွေးနေသော လူအိုကြီးကို မြင်သဖြင့် လူအများမှာ အံ့အားသင့်၍ နေကြစဉ် လိုက်လာသူများ ရောက်ရှိ၍ အကြောင်းကို ပြောပြသဖြင့် ရင်ထုမနာ ဖြစ်ကြရလေ၏။

မိတ်ဆွေ ဗေဒပါမောက္ခ ဆရာကြီးနှင့်တကွ လူပေါင်းများစွာကပင် သခ်ၤကို ကြင်နာစွာ တွဲထူလျက် ဖေးကူယုယ ပြုစုကြကာ မြို့ထဲသို့ လိုက်ပါရန် ခေါ်ဆောင်ကြသော်လည်း မိမိမှာ သားအတွက် အပင်ပန်းခံပြီး လာရခြင်း ဖြစ်၍ မိမိသား ရှိရာမှာ

ထင်ရှား ကျော်စောတော်မူပါတယ်။ ကောင်းကင်ပြင်မှာ လပြည့်ဝန်းကြီး ထင်ရှားသလိုပါပဲ။ ဒါပေမဲ့ ဘကြီးလည်း ပစ္စေကဗုဒ္ဓါရဲ့ ခမည်းတော်ကြီး ဖြစ်တဲ့အတိုင်း တရားကို သိပြီး ဖြစ်ပါလိမ့်မယ်'

လူရွယ်သည် ဤနေရာတွင် အနည်းငယ် ဆိုင်းတွနေသေးသည်။ ထို့နောက်မှ–

'ဘကြီးသား သုသိမ ပစ္စေကဗုဒ္ဓါဟာ အာယုသင်္ခါရ (သက်တမ်း) တိုတော်မူတယ် ခင်ဗျာ့' ဟု ဆက်၍ ပြောရသော်လည်း စကားလုံးများမှာ လည်ချောင်း၌ နှင့်၍ နေလေ၏။ လူအိုကြီးသည် မျက်ရည်များ လည်၍ လာလေ၏။ လျော့ရဲသော နှုတ်ခမ်းများမှာ တဆတ်ဆတ် လှုပ်၍ နေလေ၏။ လက်မှာ တုန်ယင်လျက် တောင်ဝှေးမှာ လွတ်ကျသွားလေ၏။ သူသည် စကားပြောရန် ကြိုးစားသော်လည်း အာခေါင်များ ခြောက်ကပ်၍နေသဖြင့် စကားလုံးများမှာ မထွက်နိုင်ဘဲ လည်မျိုတွင် နှင့်၍ နေလေသည်။ ထို့နောက်မှ အသံတုန်ကြီးဖြင့်–

'ပြောပါ မောင်ရယ်၊ ဘကြီး... ဘကြီး သိပါဘို့' ဟု ထွက်ပေါ်၍ လာလေရာ ထိုစကားမှာ အမှန်အားဖြင့် အက္ခရာ ပီသခြင်း မရှိချေ။

လူရွယ်မှာ မထူးတော့ပြီဟု သဘောပိုက်ကာ–

'ဟုတ်ကဲ့ ပြောပါ့မယ်၊ ဘကြီးသား သုသိမ ကိုယ်တော်မြတ်ဟာ မကြာမီကပဲ ပရိနိဗ္ဗာန်စံတော်မူပါတယ်။ ဟော ဟိုက အခု တည်နေတဲ့ စေတီဟာ ဘကြီးသား၏ ဓာတ်တော်...' ဟု စကားမဆုံးမီပင် လူအိုကြီးမှာ မိမိ ရပ်တည်နေသော မဟာပထဝီမြေကြီးကို တစ်စုံတစ်ယောက် ဆွဲယူ ဖယ်ရှားလိုက်သကဲ့သို့ ခွေခနဲ လဲပြိုကျသွားလေ၏။

နေလိုရွေကြောင်းဖြင့် ဇွတ်အတင်း ငြင်းပယ်ကာ စေတီတော်ရင်ပြင်၌ နေခဲ့လေ၏။

လွန်စွာ ခရီးပန်းလျက် ညှိုးနွမ်း အားနည်းနေသော လူအိုကြီးသခင်သည် အိပ်ဖို့ရန် သတိမရဘဲ တစ်ညလုံးပင် စေတီတော်ကို လက်ယာရစ်လှည့်၍ လည်းကောင်း၊ အရပ်ရှစ်မျက်နှာမှ ထိုင်၍ လည်းကောင်း ကြည်ညိုဖူးမြော်၍ နေလေ၏။

နောက်တစ်နေ့သို့ ရောက်ခဲ့လေ၏။ သခင်သည် တစ်ညလုံး မအိပ်သော်လည်း သူ့အသွင်မှာ နံနက်ခင်း၏ ကြည်လင် လတ်ဆတ်ခြင်းအားဖြင့် အတောအတန် လန်းဆန်းလာလေ၏။ သူသည် အပေါ်ရုံ အဝတ်ဖြင့် သံများကို သယ်ယူကာ စေတီရင်ပြင်၌ ညီညာစွာဖြူးလျက် ရေဖျန်း၍ ပေးလေ၏။ တောပန်း၊ တောင်ပန်းများကို ရှာဖွေကာ တင်လှူပူဇော်လေ၏။ သူ၏ ခရီးဆောင်ထီးကိုလည်း စေတီပေါ်တွင် စိုက်ထူဖြန့်မိုးလျက် အပေါ်ရုံ အဝတ် (တဘက်) ကိုလည်း တံခွန်ပြုလုပ်၍ လှူလေ၏။

စေတီတော်ကို အားရကျေနပ်အောင် ပူဇော်ဝတ်ပြုလျက် ခရီးပန်းခြင်း ပြေပျောက်သောအခါ–

'နေရစ်ခဲ့ပေတော့ လူကလေး...၊ ဖေဖေ ပြန်ဦးမယ်' ဟု ရှိခိုးနှုတ်ဆက်၍ တံခွန်ကလေး တလှုပ်လှုပ်ဖြင့် ကြည်နူးဖွယ်ကောင်းလှသည့် "သားစေတီ" ကို ပြန်ကြည့် ပြန်ကြည့်နှင့် ထွက်ခွာသွားရှာလေသတည်း။ ။

[ဓမ္မပဒလာ "အတ္တနော ပုဗ္ဗကမ္မဝတ္ထု" ကို ဆောက်လူများ ဖတ်ချင်စဖွယ် ဖြစ်အောင် ပြန်ဆို ရေးသားပါသည်]

[မြဝတီ၊ စက်တင်ဘာ ၁၉၅၃]

တရားသေပြီလော

ဆူဆူညည်ည ဆိုက ခွေးချင်းကိုက်တာကိုပင် ဝိုင်းအုံကြည့်တတ်သည့် ရပ်သူရွာသားတို့၏ ဓလေ့အတိုင်း ယခု ဖြစ်နေသည့် ရန်ပွဲတွင် တစ်ရွာလုံးလိုလိုပင် ဝိုင်းအုံနေကြသည်။ ရန်ပွဲကလည်း သေးငယ်သောရန်ပွဲ မဟုတ်ချေ။ သားအရင်းက မအေကို အိမ်မှ နှင်ချသည့် ရန်ပွဲဖြစ်သည်။ အထူးအားဖြင့် ကိုဖေသွင်မှာ မအေကို ရိုသေရာ၌ တစ်နယ်လုံးကျော်ကာ လူတိုင်း သိနေကြသောကြောင့်လည်း ကိုဖေသွင်က သူ့အမေကြီးကို အိမ်က နှင်ချနေသည်ဟု ကြားလိုက်ရသူတို့မှာ သူတို့ရွာထိပ်က ညောင်ပင်ကြီးဟောက်ထိုးဖြစ်နေသည် ဟု ကြားလိုက်ရသကဲ့သို့ပင် တအံ့တသြဖြစ်ကာ အပြေးအလွှား ဝိုင်းအုံလာကြလေသည်။

'ကြည့်ကြပါဦး အရပ်ကတို့ရဲ့၊ မယားလုပ်သူက ကျုပ်ကို အမျိုးမျိုး နှိပ်စက်ရတာ အားမရသေးလို့၊ ကျုပ်နဲ့ နေရတာ အသရေယုတ်တယ် ဆိုလို့ ကျုပ်သားက ကျုပ်ကို နှင်ချသတော့။ ကျုပ်သား လူလိမ္မာကြီးက ကျုပ်ကို နှင်ချသတော့'

ဒေါ်ရွှေနွယ်သည် "ကျုပ်သားက ကျုပ်ကို နှင်ချသတော့" ဟူသော စကားကို နှစ်ဆင့်ထပ်ကာ အသံကုန် ဟစ်လေသည်။

'တစ်အိမ်လုံး တံတွေးတွေ၊ နှပ်တွေနဲ့ ပေနေအောင် လုပ်ပြီး ကျုပ်လုပ်တာပါလို့ လင်ကို ကုန်းတိုက်၊ ပြီးတော့ ဒီလောက် ကျက်သရေယုတ်တဲ့ လူနဲ့ အတူ မနေနိုင်ပါဘူးလို့ ငပြူးက ပြောလိုက်သေးတယ်။ ဒီလိုချွေးမမျိုး တွေ့ဖူးကြရဲ့လား အရပ်ကတို့ ရဲ့'

ဤ၌လည်း ဒေါ်ရွှေနွယ်သည် "အရပ်ကတို့ရဲ့" ဆိုသော စကားကို အသံကုန် ဆောင့်အော်ပြန်လေသည်။

'ဟင်းတစ်ပန်းကန်းထဲကို ဆားတစ်လက်ခုပ် ခတ်ပြီး ကျွေးတယ်၊ ငန်လှပါကလား သမီးရယ်လို့ ပြောတော့ ကျုပ်ကို ဂျီး (ကြေး) များလှတယ်တဲ့။ ဒီလိုချွေးမမျိုး တွေ့ဖူးကြရဲ့လား အရပ်ကတို့ ရဲ့'

ဒေါ်ရွှေနွယ်သည် "အရပ်ကတို့ရဲ့" ဆိုသော အဆုံးသတ် စကားကို အသံကုန် ဟစ်ပြန်သည်။

'ရေချိုးတဲ့အခါ ရေနွေးအပူကြီးနဲ့ လောင်းချတယ်။ ပူလှချည် သမီးရယ်၊ အမေကျောတွေ လောင်ကုန်ပါပြီလို့ ပြောတော့ ကျုပ်ကို ဂျီး (ကြေး) များလှတယ်တဲ့။ ဒီလို ချွေးမမျိုးကို တွေ့ဖူးကြရဲ့လား အရပ်ကတို့ရဲ့'

ဝိုင်းကြည့်နေကြသော ရွာသားများမှာ ဒေါ်ရွှေနွယ်က "အရပ်ကတို့ရဲ့" ဟု အသံကုန် ဆောင့်အော်လိုက်တိုင်း ရင်ထဲတွင် နင့်ခနဲ၊ နင့်ခနဲ ဖြစ်သွားကြလေသည်။ အချို့ ယောကျ်မနှင့် အတူနေရသော မိန်းမများကလည်း ချွေးမချင်း ကိုယ်ချင်းစာကာ 'အလကားပါ၊ ဒီအမယ်ကြီးကိုက ဆိုးတာ၊ မခင်က ဒါ

လောက် မဆိုးပါဘူး' ဟု ချွေးမဘက်က ရှေ့နေလိုက်ကြလေသည်။

ဒေါ်ရွှေနွယ်နှင့် သက်တူရွယ်တူ အမယ်ကြီးများကမူ 'ဟုတ်တယ်၊ ချွေးမကလေးက တော်တော်ဆိုးတယ်' ဟု ယောကျ်မချင်းကိုယ်ချင်းစာကာ ဒေါ်ရွှေနွယ်ဘက်က ထောက်ခံကြလေသည်။

'နေ့စဉ်နဲ့အမျှ မခံမရပ်နိုင်အောင် နှိပ်စက်ပြီး ကျုပ်ဟာ အင်မတန် လျှာရှည်တယ်လို့ လင်ကို ဦးအောင်ကုန်းတိုက်တယ်၊ မယားက ကုန်းတိုက်တော့ "တို့ဘုရားကလည်း မယားဘက်ပါဖြီး" ကျုပ်သား လူလိမ္မာကြီးက ကျုပ်ကို အိမ်ပေါက နှင်ချတယ်၊ ဒီခြောက်ဆယ်ရွယ်ကြီးက ဘယ်ဆီသွားပြီး သေရမှာလဲ အရပ်ကတို့ ရဲ့'

ရွာသားများ စိတ်တွင် အထူး ထိခိုက်သွားလေသည်။ အချို့က ချွေးမ ဆိုးသည်ဟု ပြော၍ အချို့က ယောကျ်မ ဆိုးသည်ဟု ပြောကြစေကာမူ ဒီအသက်၊ ဒီအရွယ်နှင့် ဘယ်ဆီသွားပြီး ခိုကပ် နေရမှန်း မသိ ဖြစ်နေသည့် ဒေါ်ရွှေနွယ် အဖြစ်ကိုကား လူတိုင်းပင် သနားကြင်နာမိလေသည်။ သူတို့၏ ဇာတ်ထုပ်ကို သိထားသူများကမူ ဒေါ်ရွှေနွယ်အတွက် ယူကျုံးမရ ဖြစ်ကြလေသည်။

* * *

ကိုဖေသွင် လူလား မမြောက်တမြောက် အရွယ်လောက်ကပင် ဒေါ်ရွှေနွယ်၏ ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားလေသည်။ ဒေါ်ရွှေနွယ်တို့မှာ လယ်လုပ် ကျွဲကိုင်ဖြင့် အများနည်းတူ နေထိုင်နိုင်ကြသဖြင့် ထိုရွာအလျောက် မရှိ မရှား လူလတ်တန်းစားများ ဖြစ်

ကြသော်လည်း ခင်ပွန်းဖြစ်သူ မမာသည်ကို ဆေးဝါကုသရသည့် အတွက် ရှိသမျှ ပစ္စည်းကလေး လုံးပါး ပါးရာက ခင်ပွန်းဖြစ်သူ မှာလည်း ၆ လလောက် မမာပြီး နောက်ဆုံးတွင် ကွယ်လွန် သွားပြန်သဖြင့် ရှိစုမဲ့စုကလေး ပြုတ်လေတော့သည်။

ထိုအခါက ဒေါ်ရွှေနွယ်မှာ အရွယ်ကောင်းတုန်းပင် ဖြစ် သော်လည်း မုဆိုးမ ဟူသော သိမ်ငယ်သည့် ဘဝအခြေတွင် လင့်စိတ္တဇကလည်း ရှိလျက်၊ ရှိသမျှကလေး ပြုတ်ပြုတ်ပြုန်းသွား သည့်အတွက် ဆင်းရဲဒဏ်ကလည်း ထပ်၍ ဖိပြန်သဖြင့် ကောင်း စွာ ကျန်းမာသည်ဟု မရှိဘဲ လူမမည်သားကလေး မောင်ဖေသွင် နှင့် ဖြစ်သလို နေထိုင်ခဲ့ရလေသည်။

မောင်ဖေသွင်ကား "သားကောင်းတစ်ယောက်၊ ကျောက် ကောင်း တစ်စေ့" ဆိုရလောက်အောင် အဖိုးတန်သည့် သားလိမ္မာ ကလေး ဖြစ်သည်။ ထိုအခါက မောင်ဖေသွင်မှာ ၁၆ နှစ်၊ ၁၇ နှစ်သားအရွယ် ဖြစ်သည်။ မောင်ဖေသွင်သည် အခြားသော ကာလသားများလို ပျော်ချိန်ပါးချိန် မရဘဲ သားအမိနှစ်ယောက် အလျဉ်မိအောင် စားသောက်နေနိုင်ရေးအတွက် ပင်ပန်းစွာ အလုပ် လုပ်လျက်၊ အလုပ်မှ ပြန်လာသော အခါ၌လည်း ထမင်းဟင်း ချက်ပြုတ်ခြင်း စသည့် အိမ်မှုကိစ္စများကို လုပ်ရလေသည်။ မိခင် ဖြစ်သူမှာ ယခင်က အတော်အတန် စိတ်အေးချမ်းသာစွာ နေထိုင် ခဲ့ပါလျက် ဖခင် ကွယ်လွန်ပြီးမှ ဆင်းရဲငြိုငြင်စွာ နေထိုင်ရသည် ကိုလည်း မောင်ဖေသွင် စိတ်မကောင်းပေ။ မောင်ဖေသွင်မှာ မိခင် ကြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေထိုင်ရေးကိုသာ စိတ်စော လျက် မိမိကိုယ်ကိုပင် လူပျို ကာလသားကလေး တစ်ယောက်

ဖြစ်သည်ကို သတိမရဘဲ ရှိသမျှ အချိန်တိုင်းတွင် မိခင်အတွက် သာ အလုပ်လုပ်နေလေသည်။

သူသည် မနက်စောစော အိပ်ရာမှ ထကာ မိခင်အတွက် စားဖွယ်သောက်ဖွယ်များကို စီမံလျက် မိခင်ကြီး နိုးသောအခါ မျက်နှာသစ်ရေ စသည်တို့ကို အဆင်သင့်ပေးပြီး၊ မိခင်ကြီး မျက်နှာ သစ်ပြီးသောအခါ စားသောက်ရန်တို့ဖြင့် အဆင်သင့် ကျွေးမွေး ပြုစုလေသည်။ ထိုနောက် အိမ်မှုကိစ္စနှင့် မိခင်အတွက် လိုအပ် သော ဝေယျာဝစ္စတို့ကို အပြည့်အစုံ လုပ်ထားခဲ့ပြီးမှ အလုပ်သွား လေသည်။ သူ အလုပ်လုပ်ခြင်းမှာလည်း မိခင်ကြီးကို ကျွေးမွေး ပြုစုဖို့ရန်အတွက် ငွေရှာခြင်းပင် ဖြစ်သောကြောင့် အလုပ် လုပ် နေခြင်းကိုလည်း မိခင်ကြီးအား ပြုစုနေခြင်းပင် ဖြစ်သည်ဟု သူ့စိတ်က ကျေနပ်နေလေသည်။

အလုပ်က ပြန်လာသောအခါလည်း အမောအပန်း ဖြေရ မှန်းပင် မသိဘဲ စားရေးသောက်ရေးတို့ကို သမီး မိန်းကလေး ပမာ စီမံပြုလုပ်ပြန်လေသည်။ ည အိပ်ရာဝင်သော အခါ၌လည်း မိခင်ကို နင်းနှိပ်ပေးလိုက်သေးသည်။ သူတစ်ယောက်တည်းက မိခင် မုဆိုးမကြီးအား လိမ္မာသော သားတစ်ယောက်လို ရှာဖွေ လုပ်ကိုင် ကျွေးမွေးလျက် လိမ္မာသော သမီးတစ်ယောက်လိုလည်း ချက်ပြုတ်စီမံ ပြုစုကျွေးမွေးနေသည် ဖြစ်ရာ၊ ဒေါ်ရွှေနွယ်မှာ သား လိမ္မာနှင့် သမီးလိမ္မာ နှစ်ယောက်ရှိသော မိခင်ကဲ့သို့ပင် ဖြစ်နေ လေသည်။

မောင်ဖေသွင် သူ့မိခင်ကို လုပ်ကျွေးပြုစုနေပုံမှာ သားဖြစ် သူက မိခင်ကို လုပ်ကျွေးပြုစုခြင်းမျိုးနှင့်ပင် မတူဘဲ၊ နတ်ယုံကြည် သူ တစ်ယောက်က မိမိ ကိုးကွယ်သည့် နတ်ကို နေ့ညမပြတ်

သားအမိ နှစ်ယောက်ထဲသာ နေလာခဲ့သော အိမ်မှာ မိန်းကလေး တစ်ယောက် တိုးလာသဖြင့် ရှေးကထက် စိုစိုပြည်ပြည် ဖြစ်လာလေသည်။ ချွေးမကလေးမှာလည်း ဒေါ်ရွှေနွယ်ကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်ထားသူ ဖြစ်သည့်အတိုင်း အိမ်မှုကိစ္စ အဝဝတွင် ကောင်းစွာ ကျွမ်းကျင်လျက် လိမ္မာရေးခြားရှိသည့် ချွေးမလိမ္မာကလေး ဖြစ်သည့်အပြင်၊ မောင်ဖေသွင်၏ အကြောင်းကိုလည်း ကောင်းကောင်းကြီး သိထားသူ ဖြစ်သောကြောင့် မိခင်ကြီး ဒေါ်ရွှေနွယ်ကို မောင်ဖေသွင် ရှိသေလေးစား သလိုပင် ရှိသေလေးစားလျက် ဝတ်ကြီးဝတ်ငယ် ဟူသမျှကို အစစ မလစ်ဟင်း ရအောင် ပြုစုရှာသည့် ချွေးမလိမ္မာလေးလည်း ဖြစ်လေသည်။

ဒေါ်ရွှေနွယ်မှာ သမီးမိန်းကလေး မရဖူးသူ ဖြစ်သည့်အတိုင်း ဝတ္တရား သိတတ်လှသော ချွေးမလိမ္မာကလေးကို ချွေးမဟူ၍ပင် သဘောမထားဘဲ သမီးရင်းပမာ ချစ်လျက် သမီး... သမီး ဟူသော စကားမှာ ပါးစပ်ဖျားတွင် သီးနေလေတော့သည်။ သားကို နားချမရသည့်အတွက် ဒီချွေးမကလေးကို စောစောက မရခဲ့ဘဲ အချိန်များစွာ နောက်ကျသွားရသည်ကိုပင် လွန်သွားသော အချိန်များအတွက် နှမြောနေမိလေသည်။

သူတို့အိမ်မှာလည်း မိခင်နှင့်သား၊ ချွေးမတို့ နေကြသည့် အိမ်နှင့် မတူဘဲ မိခင်နှင့် သားတစ်ယောက်၊ သမီးတစ်ယောက်၊ ပေါင်း သားအမိ သုံးယောက် နေသော အိမ်နှင့်သာ တူလေသည်။ သူတို့ သုံးယောက်လုံးမှာလည်း အမြဲတမ်း ဝမ်းသာကျေနပ်လျက် ရှိလေသည်။

'ရှင်ရွှေနွယ်တို့မျာ်းတော်၊ မုဆိုးမ ဖြစ်ရပေမယ့် အားငယ်စရာ မရှိပါဘူး။ သားကလည်း လိမ္မာလိုက်တာ၊ အမေကို အရိုပ်

ပူဇော်ပသ လုပ်ကျွေးပြုစု နေသည်နှင့်သာ တူနေလေသည်။ သို့ဖြစ်၍ အရပ်ကလည်း မောင်ဖေသွင်ကို "အမိနတ် ကိုးကွယ်သူ" ဟု ခေါ်ကြလေသည်။

ဒေါ်ရွှေနွယ်ကမူ သားကလေး ပင်ပန်းနေရှာသည်ကို မကြည့်ရက်နိုင်ပေ။ သားဖြစ်သူအား ကူဖော်လောင်ဖက် ရအောင် မိန်းမယူဖို့ ပြောသော်လည်း ခေါင်းခါ၍သာ နေလေသည်။

'မဟုတ်ဘူး လူကလေး၊ ငါ့သား ပင်ပန်းတာကို အမေ မကြည့်ရက်နိုင်ဘူးကွယ်၊ ငါ့သားမှာ အလုပ်အကိုင်လည်း လုပ်ရ၊ အိမ်မှုကိစ္စကိုလည်း လုပ်ရ၊ အမေ့ ဝေယျာဝစ္စကိုလည်း လုပ်ရနဲ့ အင်မတန် ပင်ပန်းလှပါတယ်။ ငါ့သား မိန်းမယူလိုက်ရင် အပြင်အလုပ်ကို ဖြောင့်ဖြောင့်လုပ်နိုင်မယ်၊ ချက်ရေးပြုတ်ရေး စတဲ့ အိမ်မှုကိစ္စနဲ့ အမေ့ဝေယျာဝစ္စကို အမေ့ချွေးမက လုပ်လိမ့်မယ်၊ ဒီတော့ ငါ့သား နည်းနည်းသက်သာတာပေါ့'

ဒေါ်ရွှေနွယ်က အမျိုးမျိုး ဖျောင်းဖျပြောဆိုသော်လည်း မောင်ဖေသွင်ကမူ မိန်းမ မယူလိုကြောင်း၊ အမေ့ တစ်သက်တွင် အမေ့ကို လုပ်ကျွေးပြီး အမေ မရှိတဲ့နောက် ဘုန်းကြီးလုပ်မည် ဖြစ်ကြောင်း ပြောဆိုကာ အတွင်သာ ငြင်းပယ်နေတော့သည်။

သားဖြစ်သူက အတွင်သား ငြင်းပယ်နေသော်လည်း ဒေါ်ရွှေနွယ်မှာ သားဖြစ်သူ ပင်ပန်းသည်ကို မကြည့်ရက်နိုင်သဖြင့် နောက်ဆုံးတွင် သားကို အသိမပေးဘဲ၊ မိမိ၏ ရှေးက အပေါင်းအသင်း ဂုဏ်ရည်တူထဲက အမျိုးသမီး တစ်ယောက်နှင့် စေ့စပ်ကာ အတင်းပေးစားရလေတော့သည်။

သို့နှင့် မောင်ဖေသွင်မှာ စိတ်က မပါလှသော်လည်း မိခင်ကြီး၏ စိမ်ချက်ကို မငြင်းသာဘဲ လက်ခံလိုက်ရလေတော့ရာ၊

ကြည့်နေတာပဲ။ ချွေးမကလေးကလည်း တော်ရှာလိုက်တာ၊ သမီးရင်းတောင် သူ့လောက် တော်မယ် မထင်ဘူး။ သားက သိတတ်တော့ ချွေးမကလည်း အမေအရင်းလိုပဲ' ဟူ၍ လူတိုင်းပင် ချီးကျူးပြောဆိုကြရလေသည်။

ကိုဖေသွင်မှာလည်း ဇနီးဖြစ်သူက သူ့အမေအပေါ်တွင် သူကဲ့သို့ပင် ထပ်တူထပ်မျှ ရိုသေလေးစားကာ ဝတ္တရား ကျေပွန်စွာ ပြုစုသည့်အတွက် ချစ်ဇနီးကလေး အပေါ်တွင် များစွာ ကျေနပ်နေလေသည်။ သူ့အပေါ်၌လည်း နေ့စဉ်နှင့်အမျှ မယားကောင်းတို့၏ အင်္ဂါအတိုင်း ဝတ္တရား ကျေပွန်စွာ ပြုစုပေးသဖြင့် ရှေးက မိန်းမ မယူချင်ပါဘူး၊ အမေ မရှိရင် ဘုန်းကြီးဝတ်မယ်ဟု ပြောခဲ့သော ကိုဖေသွင်မှာ မိန်းမ ယူ နောက်ကျသည်ဟုပင် ထင်ကာ လွန်ခဲ့သောရက်တွေ အတွက်ပင် နောင်တရသလို ဖြစ်လျက် မယားလိမ္မာကလေးကို အတိုးချ ချစ်နေလေတော့သည်။ သူ့ဇနီး ချောကလေး၏ အမည်ကို "မခင်" ဟု အပြည့်အစုံ မခေါ်ဘဲ "ခင်" ဟု တစ်လုံးတည်း ခေါ်ကာ အလုပ်သွားခါနီးလည်း ခင်၊ အလုပ်ကပြန်လည်း ခင်နဲ့ တစ်ခင်တည်း ခင်၍ နေလေတော့သည်။

သားဖြစ်သူက ချွေးမကလေးအား ချစ်ခင်မြတ်နိုးလာသည်ကို ကြည့်ပြီး အမယ်ကြီး ခေါ်ရွှေနွယ်ကလည်း အကြီးအကျယ် ဝမ်းသာကျေနပ် နေလေသည်။

အိမ်တွင်းရေး သာယာသလောက် အလုပ်အကိုင်ဘက်ကလည်း သာယာဖြောင့်ဖြူးလျက် ပစ္စည်းဥစ္စာများလည်း သိသိသာသာကြီး တိုးတက်လာလေသည်။ ကိုဖေသွင်သည် ရှေးက ရသမျှ ပစ္စည်းဥစ္စာနှင့် စားစရာ၊ သောက်စရာများကို မိခင်ကြီး

လက်သို့ အပ်သော်လည်း ယခုအခါ၌ကား မယားကလေး၏ လိမ္မာပုံ၊ ဝတ္တရားကျေပုံကို သိရသဖြင့် ရသမျှ ပစ္စည်းများကို မယားလက်သို့ အပ်လေတော့သည်။ ခေါ်ရွှေနွယ်ကလည်း သားဖြစ်သူက ချွေးမအား ပစ္စည်းအပ်သည်ကိုပင် သူ့သားက သူ့ချွေးမကလေး အပေါ် ချစ်ခင်မြတ်နိုး လာပေပြီဟု ကျေနပ်ဝမ်းသာနေလေသည်။ မခင်ကမူ အမေကို နတ်လို ကိုးကွယ်နေသည်ဟု တစ်နယ်လုံး ကျော်နေသော လင်ဖြစ်သူက ရသမျှ ပစ္စည်းများကို မိမိအား အပ်လျက် စားကောင်း သောက်ဖွယ်များက အစ မိမိကိုသာ ပေးအပ်နေသဖြင့် စိတ်တွင် တစ်မျိုးတစ်မည် ယူဆကာ "သူ့အမေကြီးကို နှင်ထုတ်ချင်လို့ များလေလား" ဟု စိတ်အထင် မှားနေလေသည်။

အမှန်အားဖြင့် ကိုဖေသွင်က ရသမျှပစ္စည်းကို အပ်ခြင်းမှာ မိခင်ကြီးကို သူ ဂရုစိုက်သလိုပင် ဂရုစိုက်ပြီး ပြုစုသည့်အတွက် မိခင်ကြီးလက်ထဲ အပ်လျှင်လည်း မခင်ကပဲ ပြုပြင်စီမံပြီး ကျွေးမွေးပြုစု နေရတာပဲ ဟူသော သဘောဖြင့် ပေးအပ်ခြင်း ဖြစ်သော်လည်း၊ ပစ္စည်းဥစ္စာ မည်သည်ကား လူ့စိတ်ကို ချောက်ချား စေတတ်သည့်သဘော ရှိသောကြောင့် မခင်၏ စိတ်၌ တစ်မျိုးတစ်မည် ဖြစ်လာခြင်းမှာလည်း ဆန်းသည်ဟု မဆိုနိုင်ချေ။

တစ်နေ့တွင် မခင်က လင်ဖြစ်သူအား 'မောင် အလုပ်သွားနေတုန်းက မောင့်အမေက ကျုပ်ကို ဆဲတယ်တော့' ဟု ပြောလေသည်။ ကိုဖေသွင်ကမူ ဘာမျှ ပြန်မပြောချေ။

မခင်သည် လင်ဖြစ်သူ၏ သဘောကို သိလိုသောကြောင့် သက်သက် လိမ်ညာ၍ပြောခြင်း ဖြစ်ရာ၊ ကိုဖေသွင်က ဘာမျှ မပြောဘဲ နေလိုက်သဖြင့် ယင်းသို့ ဘာမျှမပြောဘဲ နေခြင်းသည်

မခင်၏ အထင်မှားနေခြင်းကို မပြောင်းလဲနိုင်ခဲ့ချေ။ ထို့ကြောင့်ပင် မခင်သည် ယောကျ်ားမကြီး မနေနိုင်အောင် အနှောင့်အယှက် အမျိုးမျိုးကို ဆက်၍ လုပ်လေတော့သည်။

ထမင်းကျွေးသောအခါ စားလို့ မဖြစ်နိုင်လောက်အောင် ဟင်းခွက်ထဲ ဆားတွေ အများကြီး ခတ်ကျွေးသည်။ ငန်လှပါကလား သမီးရယ်ဟု ဆိုသောအခါ ရေထိုးကျွေးသည်။ ပေါ့ပြက်ပြက် ဖြစ်သွားပြီဟု ပြောသောအခါ 'အခု ငန်တယ်၊ အခု ပေါ့တယ်နဲ့ ဒီဇာကလည်း ကျယ်လိုက်တာ။ ဒီလို အမယ်ကြီးမျိုး ဘယ်သူ ကျေနပ်အောင် လုပ်နိုင်မလဲ' ဟု ကျယ်လောင် ကျယ်လောင် ပြောလေသည်။

ရေချိုးပေးသော အခါလည်း ရေနွေးပူပူကြီးကို လောင်းသည်။ ပူတယ် ပြောလျှင် ရေအေးတွေနဲ့ လောင်းပြန်တယ်။ ခုပဲ ပူတယ်၊ ခုပဲ အေးတယ်နဲ့ သိပ် ဂျီး(ကြေး) များတာပဲ၊ ဘယ်သူ သည်းညည်းခံနိုင်ပါ့မလဲ ဟု အိမ်နီးချင်းတွေ ကြားအောင် ပြောလိုက်သေးသည်။

တစ်နေ့တွင် အမယ်ကြီးက ကြမ်းပိုးကိုက်ကြောင်း ပြောသဖြင့် အမယ်ကြီး ခုတင်ကို ကြမ်းပိုးခါသလိုလိုနှင့် မိမိ ခုတင်ပေါ်က ကြမ်းပိုးတွေကို အမယ်ကြီး ခုတင်ပေါ်သို့ ခါချလေသည်။ ဒေါ်ရွှေနွယ်မှာ တစ်ညလုံး မအိပ်နိုင်ဘဲ ငုတ်တုတ် မိုးလင်းရလေသည်။

ဤသို့ နေ့စဉ်နှင့်အမျှ အမျိုးမျိုး နှောင့်ယှက်နေသော်လည်း ဒေါ်ရွှေနွယ်ကား သည်းခံ၍သာ နေလေသည်။ ယနေ့မူ မခင်သည်

တစ်အိမ်လုံး တံတွေးတွေ၊ နှပ်တွေဖြင့် ပေကျံနေအောင် လုပ်ထားပြီး လင်ဖြစ်သူ ပြန်လာသောအခါ–

'ကဲ... ကြည့်စမ်းပါဦး၊ တစ်အိမ်လုံး ရစရာ ရှိသေးရဲ့လား' ဟု မဲ့ကာ ရွဲ့ကာ ဆီးပြောလေသည်။

'ဘယ်သူ လုပ်တာလဲ'

ကိုဖေသွင်က တစ်ခွန်းတည်း ပြန်မေးလိုက်သည်။

'ဘယ်သူရှိရဦးမလဲ၊ တော့်အမေပေါ့၊ ကျုပ်က ပြောပါသေးတယ်။ "မလုပ်ပါနဲ့ အမေရယ်၊ လူမြင်လို့ မကောင်းပါဘူး၊ ပြီးတော့ အမှေသား ပြန်လာရင်လည်း ကျွန်မကို ဆူနေပါဦးမယ်" လို့။ ဒီလိုပြောတော့ "ငါ့ဘာသာ ငါလုပ်ချင်တာ လုပ်မယ်၊ ဘာဖြစ်သလဲ။ ဒါ ငါ့အိမ်ဟဲ့၊ ငါနဲ့ ငါ့သား နေတဲ့အိမ်၊ ငါ့အိမ်ကို ငါ လုပ်နိုင်သလို လုပ်မယ်၊ ညည်းအပူ တစ်ပြားသား ပါလို့လား" တဲ့။ ကျုပ်ကို ခုနစ်အိမ်ကျော် ရှစ်အိမ်ကြား အော်ပြီး ပြောတယ်"

မခင်သည် လင်ဖြစ်သူ မျက်နှာကို တစ်ချက်မျှ အကဲခတ်ပြီး ဆက်ပြန်သည်။

'ကျုပ်လည်း ဒီအိမ်မှာ နေရတာ စိတ်ညစ်လှပါပြီ။ ဒါလောက် ကျက်သရေယုတ်တဲ့ သူနဲ့လည်း အတူ မနေချင်တော့ပါဘူး၊ ဒီတော့ ကျုပ်ပဲ သွားပါ့မယ်၊ တော်တို့ သားအမိသာ ပျော်ပျော်ကြီး နေခဲ့ကြပါ'

မခင်မှာ ပြောရင်း ပြောရင်း ငိုသံ ပါလာလေသည်။ အမှန်အားဖြင့်လည်း မျက်ရည်များ ကျကာ ငိုနေလေသည်။

'မင်း ဘာလို့ သွားရမှာလဲ၊ မသွားနဲ့'

ကိုဖေသွင်သည် မယားဖြစ်သူအား မာန်ပြော ပြောကာ သူ့မိခင် အနားသို့ သွားလေသည်။

မှာ ဝမ်းလည်း နည်း၊ ဒေါသလည်း ဖြစ်ကာ အစတွင် ဖော်ပြခဲ့သည့်အတိုင်း အိမ်ပေါ်မှ ဆင်းလေသည်။

'ဘုန်းကြီးလို့ သက်ရှည်မယ့်သား၊ ကြီးပွားကြပါစေတော်၊ ချမ်းသာကြပါစ၊ ကျက်သရေယုတ်တဲ့ ဟာမကြီး မရှိလို့ တစ်နေ့ တခြား ကျက်သရေတွေ တိုးကြပါစေ'

ဒေါ်ရွှေနွယ်သည် ခေါင်းအုံးနှင့် စောင်ခေါက်ကလေးကို ခေါင်းပေါ်တင်ကာ အထုပ်ကလေးကို လက်ဆွဲလျက် ရွာလယ်လမ်းတစ်လျှောက်သို့ ထွက်သွားလေသည်။ ဒေါ်ရွှေနွယ်ကိုရော ကိုဖေသွင်ကိုပါ အချို့ လူကြီးများက ဝိုင်းဝန်း ဖျန်ဖြေ ပြောဆို ကြသေးသည်။ သို့ရာတွင် မအောင်မြင်ချေ။ ဒေါ်ရွှေနွယ်သည် ရွာလယ်ပိုင်းရှိ အတော်အတန် စားနိုင် သောက်နိုင် ရှိသော အိမ်တစ်အိမ်သို့ သွားကာ ကျီးစောင့်၊ ကြက်နှင့်၊ ပန်းကန်ဆေး၊ အိုးတိုက် အဖြစ်ဖြင့် နေခွင့်ပြုရန် တောင်းပန်၍ နေရရှာလေသည်။

*

ကိုဖေသွင်တို့ အိမ်မှာ မိခင်ကြီး ဒေါ်ရွှေနွယ် ဆင်းသွားကတည်းက စ၍ ခြောက်တောက်တောက်ကြီး ဖြစ်နေလေသည်။ မိခင်ကြီး ရှိစဉ်က နံနက် အိပ်ရာ ထသည်က စ၍ လုပ်နေကျ ဖြစ်သော ဝတ္တရားများကို ယခုအခါ မလုပ်ရတော့သဖြင့် ခြောက်တောက်တောက် ဟာတာတာနှင့် တစ်မျိုးကြီး ဖြစ်နေလေသည်။ အထူးအားဖြင့် ညအိပ်ရာဝင်တိုင်း ကြားနေကျဖြစ်သော ဘုရားရှိခိုးသံကိုလည်း မကြားရတော့ပေ။ ပုတီးစိပ်သည်ကိုလည်း မတွေ့ရတော့ပေ။ သူတို့ လင်မယားသည် နေ့စဉ် နံနက် ၅ နာရီ အချိန်ကျလျှင် မိခင်ကြီး၏ ဘုရားရှိခိုးသံဖြင့် နိုးခဲ့ကြရသော်

'အမေ ဒါ ဘာလုပ်တာလဲ၊ တစ်အိမ်လုံး ခြေချစရာတောင် မရှိဘူး၊ ခင်ဗျားကြီး လုပ်ပုံက လွန်နေပြီ'

ကိုဖေသွင်မှာ အလုပ်က မောမောနှင့် ပြန်လာပြီး ရောက်လျှင် ရောက်ချင်း တစ်အိမ်လုံး နှပ်တွေ၊ တံတွေးတွေ ပေကျံနေသည်ကို မြင်ရသဖြင့် ဒေါသဖြစ်ရာတွင် မယားဖြစ်သူက ငိုသံပါနှင့် အိမ်က ဆင်းတော့မည်ဟု ပြောပြန်သောကြောင့် သာ၍ ဒေါပွကာ စိတ်ကို မထိန်းနိုင်ဘဲ တစ်သက်လုံး နတ်လို ရိုသေလာသည့် အမေကိုပင် ဒေါသဖြင့် အော်ငေါက် ပြောလေတော့သည်။

ဒေါ်ရွှေနွယ်မှာလည်း တစ်သက်လုံးက အမေ... အမေနဲ့ ရိုသေလာသော သားက ရင့်ရင့်သီးသီး ခင်ဗျားကြီးဟု ဆိုသဖြင့် ဝမ်းနည်း ဒေါသထွက်ကာ–

'ဘာ... ဘာ... ဘာပြောတယ်၊ မင်းကလား ငါ့ကို ခင်ဗျားကြီးလေး ဘာလေးနဲ့၊ ငါ့လုပ်တာလို့ နှင့်မယားက ပြောလိုက်တာ မဟုတ်လား၊ တစ်သက်လုံး မအေကို နတ်လို ကိုးကွယ်လာတဲ့ လူက အခုတော့ မယားစကားကို ဘုရားဟောလို မှတ်နေပလား ဟဲ့' ဟု အော်ပြောလေသည်။

'တော်ဗျာ... ခင်ဗျားကြီး လျှာရှည်မနေနဲ့၊ ကောင်းကောင်း မွန်မွန် ကျွေးထားလည်း အေးအေးစားနေတာ မဟုတ်ဘူး၊ အလကား တဆူဆူ တပူပူနဲ့ နေ့တိုင်း တကျက်ကျက် ဖြစ်နေတာပဲ၊ ကြာတော့ အိမ်နီးချင်းတွေကိုတောင် ရှက်ဖို့ ကောင်းနေပြီ၊ ကျက်သရေမရှိ ကျက်သရာမရှိ ဒီလိုတော့ ဆူဆူပူပူ လုပ်မနေနဲ့၊ ခင်ဗျား နေချင်တဲ့ နေရာမှာ သွားနေချေ'

သားဖြစ်သူက ဤသို့ ပြောလိုက်သောအခါ ဒေါ်ရွှေနွယ်

မခင်သည် အလုပ်က ပြန်လာသော ကိုဖေသွင်အား ဆီး၍ ပြောလိုက်သည်။

'ဟုတ်လား၊ ဘာသတင်းလဲ'

'အမယ်... ဒီလိုနဲ့ ဘာရမလဲ၊ ဒီသတင်းက သိပ်အဖိုးတန်တာ'

'ထိုက်တန်တဲ့ဆု ချပါ့မယ်ကွာ၊ ဘာသတင်းလဲ'

'လွယ်လွယ်မပြောနဲ့ ဆရာ၊ ဒီသတင်းက သိပ်အဖိုးတန်တာ၊ ဒီသတင်းနဲ့ ထိုက်တန်တဲ့ဆုကို ချနိုင်မှာ မဟုတ်ပါဘူး'

'အိုကွာ ပြောပဲ ပြောစမ်းပါဦး၊ ထိုက်သင့်တဲ့ဆု ချပါ့မယ် ဆိုမှပဲ'

မခင်သည် မျက်ခုံးကလေး ချီလျက် 'ဒါပဲနော်... ကိုယ့်စကားကို ကိုယ် မြိမြိမှတ်ထား' ဟု ဆိုကာ ဟိုဟိုဒီဒီ ကြည့်ပြီး နားနားသို့ ကပ်၍ 'ကျွန်မမှာ ကလေးရှိနေပြီ' ဟု ဆိုလိုက်လေ၏။

ကိုဖေသွင်မှာ ဝမ်းသာလွန်း အားကြီးသဖြင့် 'ဟေ... ဟုတ်လား၊ ဒါမှ ငါ့မယားကွ' ဟု ဆိုကာ ဇနီးသည်ကို ပွေ့လျက် အားရပါးရ မွေးလေတော့သည်။ ထိုနေ့ည သူတို့လင်မယား နှစ်ယောက်မှာ တော်တော်နှင့် မအိပ်နိုင်ကြချေ။

'ကဲ... ကျူပ်ပြောတာ မမှန်ဘူးလား၊ မောင့်အမေကြီးဟာ ကျက်သရေ မရှိပါဘူးလို့၊ အခု သူလည်း အိမ်ပေါ်က ဆင်းသွားရော ကလေးလည်း ရတာပဲ။ မောင့်အမေကြီးသာ ရှိနေရင် တစ်သက်လုံး ကလေးရမှာ မဟုတ်ဘူး'

မခင်သည် လင်ဖြစ်သူအား အထက်ပါအတိုင်း မကြာမကြာ ပြောလေ့ရှိသည်။ အိမ်နီးချင်းများကိုလည်း ရှေးက သူ့မှာ ကလေး

လည်း ယခုမူကား ဘုရားရှိခိုးသံလည်း မကြားရ။ သူတို့လည်း ၅ နာရီ အချိန်တွင် နိုးချင်မှ နိုးတော့သည်။

ကိုဖေသွင်မှာ ငယ်စဉ်ကစ၍ မိခင်ကို ရိုရိုသေသေနှင့် ပြုစုလာခဲ့သူ ဖြစ်ရာ ယခုလို ရိုသေရမည့်သူ မရှိသောအခါ၌ ပေါ့တော့တော့ ဟာတာတာနှင့် သူ့သန္တာန်မှာ အရေးကြီးတဲ့ အရာတစ်ခုခု လျော့သွားသလိုလို၊ သူတို့အိမ်က အမိုးကြီး ကွာပြီး ဟာလာဟင်းလင်း ဖြစ်နေသလိုလို စိတ်ထဲတွင် ပေါ့ဟာဟာကြီး ဖြစ်နေလေသည်။

ယင်းသို့ မိခင်ကြီး မရှိသဖြင့် တစ်မျိုးကြီး ဖြစ်နေသော်လည်း မိခင်ကြီးကို ပြန်ခေါ်ဖို့ရန်ကား စိတ်မကူးပေ။ အဘယ့်ကြောင့် ဆိုသော် ယင်းသို့ စိတ်မကူးမိအောင်လည်း မယားဖြစ်သူက ဖန်တီးထားလေသည်။

မခင်သည် မိခင်ကြီး မရှိသဖြင့် ကိုဖေသွင် စိတ်တွင် တစ်မျိုးတစ်မည် ဖြစ်နေသည် ဆိုသည့် အချက်ကို ကောင်းကောင်းကြီး ရိပ်မိလေသည်။ သို့ဖြစ်၍ ထိုကဲ့သို့သော အချိန်မျိုး၌ အကြောင်းတစ်ခုခုကို စကားမရှိ စကားရှာ၍ ပြောလေ့ရှိသည်။ မိခင်ကြီး၏ ဘုရားရှိခိုးသံ ကြားနေကျဖြစ်သည့် အိပ်ရာဝင်ချိန်၌ကား လင်ဖြစ်သူ စိတ်ဝင်စားမည့် အကြောင်းတစ်ခုခုကို ရှာကြံ ပြောပြတတ်လျက်၊ ပြောစရာ အထွေအထူး မရှိသောအခါ ညားခါစတုန်းက ကဲ့သို့ ကလူကျီစယ်၍ နေတတ်လေသည်။

ဤသို့အားဖြင့် နှစ်လနီးပါး ရှိလာသောအခါ–

'မောင် ဝမ်းသာဖို့ သတင်းကောင်းတစ်ခု ပြောစရာ ရှိတယ်၊ ဘာ ဆုချမလဲ'

မရကြောင်း၊ အသရေယုတ်သော အမယ်ကြီး မရှိတော့မှ ကလေး ရလာကြောင်း မကြာမကြာ ပြောလေ့ရှိလေသည်။

သူတို့လူမျိုးကား သားသမီးရခြင်းကို အဓိကထားသော လူမျိုး ဖြစ်သည်။ လူမျိုးဆိုင်ရာ အယူဝါဒအရ သားသမီးရသော မိန်းမမှ မိန်းမမြတ် ဖြစ်သည်။ သားသမီး မရသော မိန်းမမှာ မိန်းမယုတ် ဖြစ်လေသည်။ မခင်က ရှေးက သူ သားသမီး မရခြင်းမှာ သူက မိန်းမယုတ်ဖြစ်လို့ မဟုတ်ဘဲ အသရေယုတ်သော အမယ်ကြီး ရှိနေသောကြောင့် ဖြစ်ကြောင်း၊ အချို့က အမယ်ကြီးကို အိမ်က နှင်ချခြင်းနှင့် ပတ်သက်၍ မိမိက လွန်သည်ဟု ထင်ကြကြောင်း၊ အမှန်မှာ မိမိက မလွန်ကြောင်း၊ ယခု ကလေး ရလာသဖြင့် မိမိ မလွန်ကြောင်းမှာ အလွန် ထင်ရှားကြောင်း၊ အကယ်၍သာ မိမိမှာ အပြစ်ရှိပါက ကလေးရလိမ့်မည် မဟုတ်ကြောင်း စသည်ဖြင့် ဝါဒဖြန့်လျက် ရှိသည်။

ဒေါ်ရွှေနွယ်သည် ချွေးမဖြစ်သူ၌ ကလေးရှိလာကြောင်း နှင့်တကွ ချွေးမ၏ ဝါဒဖြန့်ချက်များကိုပါ ကြားသိရလေသည်။

"တရားဆိုတာ ရှိမှ ရှိကြသေးရဲ့လား အရပ်ကတို့ရဲ့၊ ဘယ်နှယ်တော်... မိဘကို အမျိုးမျိုး နှိပ်စက်ပြီး အိမ်ပေါ်က နှင်ချတဲ့ လူတွေမှာ သားသမီး ရလာသတဲ့။ ဒီအတိုင်းသာ မှန်ရင်တော့ ဇကာ့ တရား ဆိုတာ သေပြီ၊ မရှိတော့ဘူး"

ဒေါ်ရွှေနွယ်မှာ ရှေးကထက်ပင် စိတ်မချမ်းမသာ ဖြစ်လာလေသည်။ ချွေးမဖြစ်သူ၏ အမျိုးမျိုး ညှဉ်းဆဲခြင်းကို သူ ခံခဲ့ရသည်။ သူကမူ ချွေးမအပေါ်၌ မေတ္တာမပျက်ခဲ့ချေ။ သို့ဖြစ်လျက် နှင့် သား၏ နှင်ချခြင်းကို ခံရသည်။ တရား ဆိုသည်မှာ သားသမီးသည် မိဘကို ရိုသေရမည်။ မိဘနှိပ်စက်သော သားသမီး

သည် အစဉ်အလာ ဖြစ်နေသည့် မိဘကို ရိုသေခြင်း ဟူသော တရားကို သတ်သည် မည်၏။ တရားကို သတ်သော်လည်း တရားကား မသေ။ တရားကို သတ်သည့် သူကိုသာ တရားက ပြန်၍ သတ်တတ်သည်။ ထို့ကြောင့် မိဘကို မရိုသေသော သားသမီးသည် ဘုန်းကြီးလို့ သက်မရှည်၊ သက်ရှည်သော်လည်း ဘုန်းမကြီး ဖြစ်ရသည် ဟူ၍ ဒေါ်ရွှေနွယ် သိထားသည်။ သို့ရာတွင် ယခု ကိုယ်တိုင် ကြုံတွေ့နေရသည်ကား သူ သိထားချက်နှင့် ပြောင်းပြန် ဖြစ်နေသည်။ သူသည် ကိုယ်တိုင် တွေ့ကြုံနေရသည့် အချက်ကို သက်ံမကင်း ဖြစ်လာသည်နှင့် "သူများတွေလည်း ဒီလိုပဲလား" ဟု မသိမသာ လေ့လာ အကဲခတ်ကြည့်မိသည်။

ယင်းသို့ သူမြင်သရွေ့ အကဲခတ်ကြည့်သောအခါ မိသားစုနေထိုင်သည့် အိမ်ထောင်တစ်ခုတွင် လုပ်နိုင်၊ ကိုင်နိုင်၊ ရှာဖွေနိုင်သော သူ (သားသမီး) ကသာ ဩဇာအာဏာရှိလျက် မလုပ်နိုင်၊ မကိုင်နိုင်၊ မရှာဖွေနိုင်သော လူကြီးများမှာ ဩဇာအာဏာ မရှိတော့သည်ကို တွေ့ရသည်။ လူငယ်များက လူကြီးများကို အရေးမလုပ်ကြသည်ကို တွေ့ရသည်။ တပည့်များက ဆရာကို မရိုသေကြသည်ကိုလည်း တွေ့ရသည်။

ဒေါ်ရွှေနွယ်မှာ အမယ်ကြီးတစ်ယောက် ဖြစ်သောကြောင့် ဤမျှသာ သူမြင်ရှာပေသည်။ အကယ်၍ ဒေါ်ရွှေနွယ်သည် အရာရာ၌ ပေါက်ရောက်၍ မြင်အောင် ကြည့်တတ်သူတစ်ယောက် ဖြစ်ပါက ရုပ်မူရွာမှု စသည့် ကိစ္စများ၌ ထထကြွကြွ လုပ်နိုင်သော လူငယ်များသာ ဦးစီးလျက် လူကြီးများမှာ နောက်တန်းက နေရသည်ကိုလည်း တွေ့ရပေမည်။ လူကြီးများမှာ ဘေးဖယ်

ထားခြင်း ခံရလျက် တစ်ခါတစ်ရံ အကျိုးသင့်၊ အကြောင်းသင့် ဝင်ရောက်ပြောဆိုလျှင်လည်း လူငယ်များ မကြိုက်သဖြင့် အကျိုးသင့်၊ အကြောင်းသင့် ပြောသည့် လူကြီးများ စကားမှာ အမှားဖြစ်ပြီး လူကြိုက်များသော စကားသာ အမှန်ဖြစ်နေသည်ကို တွေ့ရပေမည်။ ယခုခေတ်တွင် အမှားအမှန်ကို ဆုံးဖြတ်ရာ၌ အကျိုးအကြောင်း သင့်ခြင်းမှာ အရာမရောက်တော့ဘဲ အများကြိုက်ညီမှုသာ အရာရောက်နေသည် ဖြစ်ရာ၊ ယခုခေတ် အမှန်တရားဆိုသည်မှာ အကျိုးအကြောင်း ကိုက်ညီခြင်း မဟုတ်တော့ဘဲ အင်အားသာလျှင် အမှန်တရား ဖြစ်နေသည်ကို တွေ့ရပေမည်။ ယခုခေတ်၌ အကျိုးအကြောင်း၊ ဆင်ခြင်တုံတရားများမှာ ခေတ်နောက်ပြန်ဆွဲသူများ၊ စာအုပ်ကြီးသမားများ ဟူသော ဘွဲ့ထူးဖြင့် ဝိုင်းပယ်ခြင်း ခံနေရသည်ကို တွေ့ရပေမည်။ ပွဲကြီး လမ်းကြီး၊ အခမ်းအနားကြီးများ၌ ရာထူးရှင်၊ ပစ္စည်းရှင်များသာ ပေါ်ထင်လျက် ပညာရှင်များမှာ တိမ်မြုပ်နေကြသည်ကိုလည်း တွေ့ရပေမည်။

သို့ရာတွင် ဒေါ်ရွှေနွယ်ကား အမယ်ကြီးတစ်ယောက်သာ ဖြစ်သောကြောင့် အဆိုပါ အချက်များကို စုံစေ့အောင် မမြင်နိုင်ရှာပေ။ လူငယ်များက လူကြီးများအပေါ် မရိုသေခြင်းနှင့် အရာရာ၌ လူကြီးများ ဘေးဖယ်ခံရခြင်းလောက်သာ မြင်လေသည်။ ဤမျှ မြင်ခြင်းကိုပင် ကိုယ်တိုင် ခံစားနေရသည့် အချက်နှင့် ပေါင်းကာ လောက၌ တရားဆိုတာ မရှိတော့ဘူး ထင်ပါရဲ့ ဟု မှတ်ချက်ချမိလေသည်။

*

အချိန်သည် ရိုးရိုး ကုန်မသွားဘဲ တစ်နေ့ပြီးတစ်နေ့ ဒေါ်ရွှေနွယ်၏ စိတ်နှင့်ကိုယ်ကို ဖဲ့၍ဖဲ့၍ ယူသွားသကဲ့သို့ ကုန်လွန်သွားသဖြင့် ဒေါ်ရွှေနွယ်မှာ တစ်နေ့ထက်တစ်နေ့ စိတ်ရောလူပါ ခန်းခြောက်လာလေသည်။ အိုကြီးအိုမှ သူများအိမ်တွင် အစေအပါး အခစားလုပ်ရသဖြင့် လူလည်း ဆင်းရဲပင်ပန်းလျက် စိတ်ကလည်း တစ်နေ့မှ မချမ်းသာချေ။

ယင်းသို့ဖြင့် တစ်လကုန် တစ်လဆန်းလျက် မခင်တွင် သားယောကျ်ားကလေး မျက်နှာမြင်သည့် အဖြစ်သို့ ရောက်ခဲ့လေသည်။ ကိုယ်ဝန်ရစမှ စ၍ ယောက္ခမ၏ အတင်းကို နေ့စဉ် ပြောလာသော မခင်သည် ကိုယ်ဝန် အရင့်အမာ ဖြစ်လာသော အခါ လုံးလုံး မပြောဘဲ နေခဲ့သော်လည်း၊ သားကလေး မျက်နှာမြင်ပြီးသော အခါ၌ကား ဖွင့်နေကျ ဓာတ်ပြားဟောင်းကြီးကို ပြန်ဖွင့်ကာ ရှေးကထက် ပို၍ ပြောလေတော့သည်။

ချွေးမဖြစ်သူ သားကလေး မျက်နှာမြင်ကြောင်း၊ မိခင်ရောကလေးပါ ကျန်းမာစွာ ရှိကြောင်း ဒေါ်ရွှေနွယ် ကြားသောအခါ လောက၌ တရားဆိုတာ သေပြီဟု တထစ်ချ ဆုံးဖြတ်လိုက်လေတော့သည်။

တစ်နေ့တွင် ဒေါ်ရွှေနွယ်သည် ဆန်ကလေး နည်းနည်း၊ နှမ်းမှုန့်ကလေး နည်းနည်းကို အိုးထဲထည့်ကာ ရွက်လျက် ဖြူစင်သော အဝတ်တစ်စုံကို ခေါက်တင်ပြီး ယောင်းမကို ကိုင်လျက် ထွက်လာခဲ့လေသည်။

'အမယ်ကြီး ဘယ်သွားမလို့လဲ' ဟု လူအများက မေးကြသောအခါ 'တရားသေလို့ သပိတ်သွတ်ရအောင် သွားမလို့' ဟု

'စဉ်းစဉ်းစားစားလည်း လုပ်ပါ အဒေါ်ကြီး၊ တရား သေပြီလို့ အဒေါ်ကြီးကို ဘယ်သူက ပြောသလဲ၊ တရားဆိုတာ အမြင်အမျိုးမျိုး ရှိတယ်နော်၊ အစွမ်းတန်ခိုးလည်း သိပ်ကြီးတယ်၊ တရားဟာ ဘယ်တော့မှ မသေနိုင်ဘူး'

ထိုစကားကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ဒေါ်ရွှေနွယ်သည် ဆေးလက်စ ဆန်ကို ချထားပြီး ဖျတ်ခနဲ မတ်တတ်ရပ်ကာ ထိုသူနှင့် ရင်ဆိုင်လိုက်သည်။ သူ၏ ကုန်းနေသောခါး အတော် ဖြောင့်နေသည်ကို ထောက်သဖြင့် သူ ဘယ်မျှလောက် စိတ်ဆောင်နေသည်ကို ခန့်မှန်းနိုင်သည်။ သူသည် ထိုသူ့မျက်နှာကို စေ့စေ့ကြည့်လျက် လက်ညှိုးထိုးကာ ပြောလေသည်။

'ဒီမှာ မောင်ရဲ့၊ အဒေါ်က ပေါ့ပေါ့ပြောတာ မဟုတ်ဘူး၊ အခိုင်အမာ ပြောနေတာ၊ တရား သေပြီ ဆိုတဲ့ အချက်နဲ့ စပ်လို့ အဒေါ့်မှာ သံသယ မရှိဘူး။ ဘယ့်နယ်မောင်၊ တရားသေတယ် ဆိုတာ မဟုတ်ဘဲ ရှိပါ့မလား၊ မောင်လည်း စဉ်းစားစမ်းပါ။ အခုခေတ်မှာ ယုတ်ယုတ်မာမာနဲ့ မဟုတ်တာ လုပ်နေတဲ့ လူတွေပဲ ချမ်းသာနေကြတယ်၊ အဒေါ့်ချွေးမဟာ အစက အမြဲမ၊ ကျုပ်ကို အမျိုးမျိုး ညှဉ်းဆဲနှိပ်စက်ပြီး အိမ်ပေါ်က နှင်ချလိုက်တယ်။ ဟော... အခု သားကလေး ရနေပြီလေ၊ တစ်အိမ်လုံးမှာလည်း သူပဲ ခြယ်လှယ်နေတယ်၊ ကျုပ်မှာတော့ သူများအိမ်မှာ အခစားလုပ်နေရတယ်။ ကဲ... ပြောစမ်းပါဦး၊ တရားသာ ရှိရိုးမှန်ရင် မိဘကို နှိပ်စက်လိုက်တဲ့ သူမှာ သားသမီး ရနိုင်ပါ့မလား၊ ရကော ချမ်းသာနိုင်ပါ့မလား'

ဒေါ်ရွှေနွယ်သည် ပိုင်ပိုင်ကြီး ပြောချလိုက်လေသည်။ သူ

ဒေါ်ရွှေနွယ်က ခပ်တည်တည် ပြန်ပြောလေသည်။ လူအများမှာ စိတ်မကောင်းသော အပြုံးဖြင့် ပြုံးကြလေသည်။ သူတို့သည် ဒေါ်ရွှေနွယ်၏ ပြောဆိုပုံအတွက် ပြုံးကြသော်လည်း ဒေါ်ရွှေနွယ်၏ အဖြစ်ကို တွေးကာ မျက်နှာမသာကြချေ။

ဒေါ်ရွှေနွယ်သည် ရွာပြင်သို့ထွက်ကာ သုသာန်သို့ သွားလေသည်။ ပါးစပ်ကလည်း တစ်စုံတစ်ရာကို တတွတ်တွတ် ဆိုမြည်နေလေသည်။ သုသာန်သို့ ရောက်သောအခါ လူ့ခေါင်းခွံသုံးခုကို ဖိုခုံလောက်လုပ်လျက် မီးမွှေးလေသည်။ ထို့နောက် အနီးရှိ ရေကန်သို့ သွားကာ ခေါင်းလျှော်၊ ရေချိုးလျက် ပါလာသော အဝတ်သစ်ကို လဲဝတ်ပြီး ဆံပင်ဖားလျားနှင့် ဆန်ဆေးလေသည်။

'ဘယ့်နယ် အဒေါ်ကြီး၊ အဝတ်အစားသစ်တွေနဲ့ နှမ်းတွေ ဆန်တွေကိုလည်း ဆေးလို့ပါလား၊ သုသာန်မှာ ဘယ်သူမှ ထမင်းချက်တယ်လို့ မကြားပါဘူး၊ အဒေါ်ကြီးပဲ ထူးထူးဆန်းဆန်း ဘယ်သူ့အတွက် နှမ်းထမင်း ချက်မလို့လဲ'

ထူးဆန်းသော လူတစ်ယောက် ဘယ်ဆီက ရောက်လာမှန်း မသိဘဲ အနားသို့ ရောက်လာပြီး အထက်ပါအတိုင်း မေးလေသည်။ ဒေါ်ရွှေနွယ်သည် တစ်ချက် မော့ကြည့်လိုက်ပြီး ဆန်ဆေး မပျက်ဘဲ–

'ညောင်... ခုချက်တဲ့ နှမ်းထမင်းလား၊ ဒါ စားဖို့ မဟုတ်ဘူး မောင်၊ အခု တရား သေပြီလေ၊ တရား မရှိတော့ဘူး၊ ဒါကြောင့် ဒီသချိုင်းမှာ တရားကို သပိတ်သွတ်မလို့' ဟု အေးအေးပင် ဖြေလိုက်သည်။

ပြောသော စကားလုံးများမှာ သူ့စိတ်က စိစဉ်ပေးရသည့် စကားလုံးများ မဟုတ်ဘဲ သူ ခံစားနေရသော တွေ့ကြုံခံစားချက်များအရ ထွက်လာသော စကားလုံးများ ဖြစ်သောကြောင့် အလုံးတိုင်းအလုံးတိုင်းမှာ အသက်ဝင်လျက် ရှိလေသည်။

'ဒီမှာ အဒေါ်ကြီး၊ မဟုတ်တယုတ်တွေ ပြောမနေနဲ့၊ ကျုပ် မျက်နှာကို သေသေချာချာ ကြည့်စမ်း၊ ကျုပ်ဟာ တရားပဲ။ ကျုပ် မသေသေးဘူး'

ထိုသူက အသံခပ်မာမာနှင့် ခပ်ပြတ်ပြတ်ပင် ပြောသည်။ ဒေါ်ရွှေနွယ်မှာ ရုတ်တရက် လန့်ဖျပ်ကာ မှင်တက်မိသလို ဖြစ်သွားလေသည်။ ခါးတွင် ထောက်ထားသည့် လက်နှစ်ဖက်မှာလည်း အလိုလို ပြုတ်ကျသွားလေသည်။ သူသည် စကားပြောချင်စောကြောင့် ထိုသူ၏ မျက်နှာကို အကဲမခတ်နိုင်ဘဲ ပြောချင်ရာကိုသာ ပြောလာခဲ့ရာ ယခုမှပင် အသေးစိတ် အကဲခတ်မိလေတော့သည်။

ထိုသူ၏ မျက်နှာမှာ မဟာနဖူး ရှင်းရှင်း၊ နှာတံစင်းစင်းနှင့် မျက်လုံးများလည်း ဝင်းနေသည်။ မျက်ခုံးများလည်း အထင်းသား ပေါ်နေသည်။ ပါးရိုးနှစ်ဖက်မှာ များစွာ မထွက်သော်လည်း လွန်စွာ ခိုင်မြဲသည့်ပုံကား တွေ့ရသည်။ နှုတ်ခမ်းမှာ ဇြက်ကျယ်လျက် အလွန် စေ့စပ်သည်ကို တွေ့ရသည်။ သူ့ မဟာနဖူးမှာ မည်သည့် အရာကိုမဆို ရှင်းရှင်းလုပ်တတ်သည့် အဓိပ္ပာယ်ကို ဖော်ပြလျက် မျက်လုံးများမှာ ဒုက္ခသည်ကို ကယ်တင်လိုသည့် ကရုဏာရောင်တွေ သမ်းနေသော်လည်း လူယုတ်မာများကိုကား ပြတ်ပြတ်သားသား ဆုံးမမည့် အရိပ်အယောင်လည်း ရှိသည်။

နှာတံမှာ မည်သည့်အခါမဆို ဖြောင့်မတ်စွာ ပြုမူမည့် လက္ခဏာကို ပြလျက် နှုတ်ခမ်းများမှာ အသေးအဖွဲက စ၍ မလစ်ဟင်းစေဘဲ စေ့စေ့စပ်စပ် ထိထိမိမိ လုပ်တတ်သည့် အသွင်ကို ဆောင်နေလေသည်။

ဒေါ်ရွှေနွယ်သည် ကြည့်ရင်း ကြည့်ရင်းနှင့် ကြည်ညိုသလိုလို၊ ကြောက်ရွံ့သလိုလို ဖြစ်လာလေသည်။ ထိုသူက ဆက်၍ ပြောသည်။

'ဒေါ်ရွှေနွယ်၊ ဒေါ်ရွှေနွယ် ပြောတဲ့ အကြောင်းတွေကို ကျွန်ုပ် အကုန် သိပြီးပြီ။ ဒေါ်ရွှေနွယ်အတွက် ယခု လာခဲ့ခြင်း ဖြစ်သည်။ သင့်ကို နှိပ်စက်တဲ့ ချွေးမကို ကလေးနှင့်တကွ ပြာဖြစ်သွားအောင် ကျွန်ုပ် လုပ်လိုက်မည်'

'အလို မလုပ်ပါနဲ့ မောင်ရယ်၊ (အဲလေ) အရှင်တရားရယ်၊ ကျွန်မ မြေးကလေးကို ချမ်းသာပေးပါ'

ဒေါ်ရွှေနွယ်သည် အလန့်တကြား ပြောလိုက်သည်။ ထို့နောက် ဆက်၍ ပြောပြန်သည်။

'တကယ်ဆိုတော့ ချွေးမလည်း မသေစေချင်ပါဘူး။ ကျုပ် ဖြစ်စေချင်တာကတော့ ကျုပ်ဟာ ကျုပ်သား၊ ကျုပ်ချွေးမ၊ ကျုပ် မြေးကလေးတို့နဲ့ အတူတူ ပျော်ပျော် နေချင်တာပါပဲ'

ဒေါ်ရွှေနွယ်မှာ ကြောက်ရွံ့ ထိတ်လန့်နေသည် ဖြစ်သောကြောင့် အထက်ပါအတိုင်း ပြောလိုက်မိလေသည်။ လူတို့သည် ကြောက်ရွံ့ ထိတ်လန့်သောအခါ ရုတ်တရက်အားဖြင့် စိတ်ထဲရှိသမျှ မှန်ရာကို ပြောဆိုမိတတ်ကြလေသည်။ ဒေါ်ရွှေနွယ်မှာလည်း ကြောက်လန့်နေသည် ဖြစ်သောကြောင့် သူ့အတွင်းစိတ်

တွင် သူကိုယ်တိုင်က မသိဘဲ ဖြစ်နေသည့် သဘောမှာ အလိုအလျောက် ပေါ်ထွက်လာလေသည်။

ဒေါ်ရွှေနွယ်သည် အထက်ပါအတိုင်း ပြောလိုက်ပြီး မရဲတရဲကြည့်လိုက်ရာ ထိုသူ၏ မျက်နှာမှာ အနည်းငယ် ချိုလာသည်ကို တွေ့ရလေသည်။

'ဒေါ်ရွှေနွယ်၊ သူတော်ကောင်းများဟာ အနှိပ်စက် အညှဉ်းဆဲ ခံရသော်လည်း တရားကိုတော့ မစွန့်ကြဘူး။ ဒေါ်ရွှေနွယ်လည်း သားနဲ့ချွေးမ အပေါ်မှာ မေတ္တာမပျက်ဘူး၊ ဒီအချက်ကိုပဲ ကျနော်ပြော သဘောကျပါတယ်။ ဒါဟာ တရားပေါ့။ အဒေါ်ကြီး အလိုအတိုင်း ဖြစ်ရစေမယ်။ ကဲ... စိတ်ချပြီး ပြန်တော့'

ထူးဆန်းသော ထိုသူမှာ အထက်ပါ စကားကို ပြောပြီး ပျောက်ကွယ်သွားလေသည်။ ဒေါ်ရွှေနွယ်သည် အံ့သြစရာ လွန်စွာ ထူးဆန်းသော အဖြစ်အပျက်ကြောင့် ကြောက်ရွံ့လာပြီးလျှင် ဆန်ဆေးထားသော အိုးကလေးကို ကောက်ရွက်ကာ ရွာဘက်သို့ ခပ်သုတ်သုတ် ပြန်ခဲ့လေသည်။

ရွာဝင်စသို့ ရောက်သောအခါ မိခင်ကို ပြစ်မှားမိသဖြင့် နောင်တကြီးစွာ ရကာ တောင်းပန် ဝန်ချဖို့ရန် လိုက်ရှာသော သားနှင့် ချွေးမတို့ကို တွေ့ရလေသည်။

(အမှာ။ ။ ငါးရှဉ်းဆယ်၊ အဋ္ဌကနိပါတ်၊ ကစ္စာနိဇာတ်ကို ခေတ်ဝတ္ထုသဖွယ် ပြန်ဆိုရေးသားပါသည်။)

[မြဝတီ၊ ဗေဖော်ဝါရီ ၁၉၆၀]

အံ့ဖွယ် စာရေးဆရာ

ကျနော်သည် မကြာမီ ရက်အတွင်းက ပခုက္ကူအနီး ပခန်းကြီးမြို့သို့ ရောက်သွားသည်။ ပခန်းကြီးမြို့မှာ ပခုက္ကူအရှေ့မြောက် ခုနစ်တိုင် (၁၄ မိုင်) ခန့်တွင် ရှိသည်။ ပခုက္ကူနှင့် ရေစကြိုအကြားတွင် ထင်ရှားသော မြို့တစ်မြို့ ဖြစ်သည်။ အိမ်ကြီး အိမ်ကောင်းများ၊ အထူးသဖြင့် မင်းစိုးရာဇာများ နေသည့် ဆင်ဝင်နှင့် အိမ်ကြီးများ၊ ဆိုင်ကြီးများ စသည်ဖြင့် အတော်အတန် စည်ကားသော မြို့ဖြစ်သည်။

ပခန်းကြီးမြို့သို့ ကျနော် ရောက်သောအချိန်တွင် မင်းပိုင်းစိုးပိုင်းက လူများနှင့်တကွ အထက်ပိုင်းမှ လူကြီးများမှာ ရုတ်ရုတ်ရုတ်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်ကို တွေ့ရသည်။ ကျနော်မှာ ခေတ္တခဏ အလည်အပတ်လာသူ ဖြစ်သောကြောင့် မည်သည့်ကိစ္စအတွက် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်ဆိုသော အကြောင်းကို စိတ်မဝင်စားဘဲ ရောက်သည့်အခိုက်တွင် မြို့ပတ်ဝန်းကျင်နှင့်တကွ အနှံ့အပြား လည်ပတ်ကြည့်ရှုရန်ကိုသာ အာရုံစောနေသဖြင့် မြို့ထဲတွင် တော်တော်နှံ့အောင် လည်ပတ်ကြည့်ရှုပြီး မြို့ပြင်သို့ထွက်ကာ ပတ်ဝန်းကျင်ကို ကြည့်ရှုပြန်သည်။

သို့ရာတွင် ကျောင်းကြီး ခမ်းနားသလောက် ကျောင်းအတွင်း၌ကား အသုံးအဆောင် ပရိဘောဂ လွန်စွာ နည်းပါးလျက် ပေစာထည့်သည့် စာတိုက်ကြီး လေး ငါး ခြောက်လုံးမှတစ်ပါး အခြား အဆောင်အယောင် အခင်းအကျင်း ဟူ၍ မရှိသလောက်ပင် ဖြစ်နေသည်ကို တွေ့ရသည်။ ကျောင်းပေါ်တွင် အသက် ငါးဆယ်ကျော် ခြောက်ဆယ်ခန့် ရှိသော ဦးသူတော်တစ်ပါးကို တွေ့ရသဖြင့် မေးကြည့်ရာ ဤကျောင်းမှာ ရွှေမင်ကျောင်း ဖြစ်ကြောင်း၊ ဤကျောင်း၌ ဆရာတော်တစ်ပါး၊ ဦးသူတော်ပါနှင့်မှ နှစ်ဦးသာနေကြောင်း ဦးသူတော်က ပြောပြသည်။

ဦးသူတော် ညွှန်ပြရာသို့ ကြည့်လိုက်ရာ ဆရာတော်ကြီးသည် ထိုင်လျက် ဒူးနှစ်ဖက်ပေါ်တွင် ပေရွက်တင်ကာ ကညစ်ဖြင့် စာရေးနေသည်ကို တွေ့ရသည်။ ဆရာတော်ကြီးမှာ သက်တော် ၆၀ ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ ဝတ်ရုံထားသော သင်္ကန်းမှာလည်း အညာ ဖျင်ကြမ်းသင်္ကန်း ခပ်ညစ်ညစ်ပင် ဖြစ်သည်။ ဆရာတော်ကြီးသည် ကြမ်းပေါ်တွင် စမ္မဒဏ် (သားရေပိုင်း) အခင်းကို ခင်း၍ ထိုင်ကာ ရေးသားနေခြင်း ဖြစ်သည်။ အနားတွင် မြေထွေးခံတစ်လုံး၊ ရေတကောင်းတစ်လုံး၊ လက်ကိုင်ရန် အရိုးတိုကလေး တပ်ထားသည့် အုန်းမူတ်တစ်ခုနှင့် စာမရေးရသေးသော ပေရွက်အလွတ်များ အထပ်လိုက် တစ်ထပ်ရှိသည်။ အခြားတစ်ဖက်တွင် ဖြေထားသော ပေစာထုပ် လေးငါးခုလောက် ရှိသည်။

ကျွန်ုပ် ဆရာတော်ကြီး အနားသို့ သွားပြီး ဝတ်ချသော အခါ ဆရာတော်ကြီးသည် စာရေးနေရာမှ တစ်ဖက်တွင်ရှိသော ပေစာထုပ်မှ ပေတစ်ရွက်ကို လှမ်းယူလိုက်သည်။ ဆရာတော်ကြီး

မြို့ပြင်၌ ညိုမှိုင်းသော ထန်းတောကြီးများ ရှိ၍ ယင်းတို့အပြင်ဘက်တွင်ကား အစိမ်းရောင် ကတ္တီပါကော်ဇောကြီးများကို အဆင်သင့်သလို ဆက်ပြီး ခင်းထားသကဲ့သို့ စိမ်းလန်းသော ယာခင်းများမှာ တစ်မျှော်တစ်ခေါ်ကြီး ရှိနေကြလေသည်။

ကျွန်ုပ်သည် ထန်းတောကြီးများအောက်မှ ယာခင်းစပ်အထိ ဖြတ်သွားပြီးလျှင် စိမ်းလန်းသော ယာခင်းများကို ကြည့်ရင်း မြို့ကိုပတ်၍ လျှောက်ခဲ့ရာ မြို့မြောက်ဘက်သို့ ရောက်သော အခါ ခပ်လှမ်းလှမ်းတွင် ထန်းပင်များ၊ သရက်၊ ပိန္နဲ စသော သစ်ပင်ကြီးများ စိမ်းစိုညိုမှိုင်း အုပ်ဆိုင်းနေသည့် နေရာတစ်ခုကို လှမ်း၍ မြင်ရသည်။ သစ်ပင်များ အကြားတွင် အလွန်ကြီးမားသော ကျောင်းကြီးတစ်ဆောင်ကိုလည်း အထင်းသား တွေ့ရသည်။ ကျောင်းကြီးမှာ အချွန်အတက် ဒုရင်မှန်ကင်းတို့ဖြင့် အတော် ခမ်းနားပုံရသော ရှေးကျောင်းကြီးတစ်ဆောင် ဖြစ်သည်ကိုလည်း အဝေးကပင် သိနိုင်သည်။

ကျွန်ုပ်မှာ ရှေးဟောင်းပစ္စည်းများကို စိတ်ဝင်စားသူ ဖြစ်သဖြင့် ကျောင်းကြီးကိုမြင်လျှင် ကြည့်ချင်သောဆန္ဒ ဖြစ်ပေါ်လာလေသည်။ သို့ဖြစ်၍ ယာခင်းများကြားမှ ခြေလမ်းကလေးအတိုင်း လိုက်သွားရာ မကြာမီပင် ကျောင်းကြီးသို့ ရောက်သွားလေသည်။ ကျောင်းကြီးမှာ အဝေးက မြင်ရသည်ထက်ပင် ပိုမို ခမ်းနားလျက် တစ်ဖက်ခန့်ရှိသော တိုင်လုံးကြီးများ၊ ထုထည်ကြီးများသော ရက်မကြီးများ၊ ထူထဲသော ပျဉ်ချပ်ကြီးများတို့ဖြင့် ကြီးမားခိုင်ခံ့လှသော ရှေးကျောင်းကြီး ဖြစ်သည်။ ပန်းဆွဲ၊ ပန်းထောင်၊ ဒုရင်၊ မှန်ကင်း စသည်တို့မှာလည်း မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာ မြောက်လှပေသည်။

သည် ကျွန်ုပ်ကို စောင်းငဲ့ကြည့်ရှုပြီး ပေစာကို စိတ်ပါလက်ပါ ကြည့်လျက် တစ်ဖန် အခြားပေစာထုပ်မှ ပေစာတစ်ချပ်ကို ထပ်မံ ယူပြီး ပထမပေစာရွက်နှင့် တိုက်ဆိုင် ကြည့်ရှုပြန်သည်။ ကျွန်ုပ် သည် ဆရာတော်ကြီးကို အနှောင့်အယှက် မပေးလိုသဖြင့် အလိုက် သိစွာပင် နေရာမှထကာ ဦးသူတော် ရှိရာသို့ လာခဲ့သည်။

ဦးသူတော်အား ဆရာတော်ကြီး အကြောင်းကို မေးမြန်း စုံစမ်းမည်ဟု ကျွန်ုပ် စကားစလိုက်စဉ်မှာပင် လူတစ်ယောက် ရေးကြီးသုတ်ပျာ ပြေးတက်လာပြီးလျှင်–

'တောင်ဖီလာ ဆရာတော် ကြွလာတယ်၊ ဦးသူတော် နေရာ ထိုင်ခင်း မြန်မြန်လုပ်ပါ' ဟု ပြောလေသည်။

ဦးသူတော်မှာ ရုတ်တရက် အံ့အားသင့်သလို ဖြစ်သွား သည်။ တောင်ဖီလာ ဆရာတော် ဆိုသည်မှာ ဘုရင်ကိုးကွယ် သည့် မင်းဆရာတော် ဖြစ်ကြောင်း ဦးသူတော် ကြားဖူးသည် ဖြစ်၍ ယခုကဲ့သို့ မမျှော်လင့်ဘဲ မင်းဆရာတော် ကြွလာသည်ဆို ခြင်း အတွက် အံ့အားသင့်သွားခြင်း ဖြစ်ဟန်တူသည်။ မင်းဆရာ တော်အား နေရာထိုင်ခင်း ခင်းကျင်းပေးရန် ဘာမျှ မရှိသည့် အတွက် ဦးသူတော် ငိုင်တိုင်တိုင် ဖြစ်နေသည်။ ပြီးမှ ထိုသူနှင့် အတူ သူ့ဆရာတော်ထံသို့ သွား၍ လျှောက်သည်။

ထိုသူနှင့် ဦးသူတော်တို့ ရွှေမင်ဆရာတော်အား လျှောက် ထားနေစဉ်မှာပင် ဆရာတော်ကြီး တစ်ပါးသည် ထီးမိုးသူ၊ ဖိနပ် ကိုင်သူ၊ ပစ္စည်းပစ္စယများကို သယ်ပိုးထမ်းဆောင်သူ စသော နောက်လိုက်နောက်ပါ အခြံအရံများနှင့်တကွ ကျောင်းထဲသို့ ဝင် ရောက်လာသည်ကို တွေ့ရသည်။ ပခန်းကြီးမြို့ထဲက မင်းစိုးရာဇာ

များ၊ လူကြီးပိုင်းမှ ထင်ရှားသော သူများလည်း အများအပြားပင် ပါလာကြသည်။

ကျွန်ုပ် မြို့ထဲသို့ ရောက်စက လူအများ လှုပ်လှုပ်ရှားရှား ဖြစ်နေကြခြင်း၏ အကြောင်းကို ယခုမှ သိရလေတော့သည်။

တောင်ဖီလာ ဆရာတော်သည် အခြံအရံများနှင့် ကျောင်း ပေါ်သို့ တက်လာလေသည်။ ရွှေမင် ဆရာတော်သည် နေရာမှ ထကာ မိမိခင်းထိုင်သော သားရေပိုင်းအခင်း (စမ္မခဏ်) ကို ဖုန်ခါ၍ ခင်းပေးလေသည်။ ဦးသူတော်က ရေတကောင်းမှ ရေ ကို အုန်းမှုတ်ခွက်တွင် ငဲ့ထည့်၍ ကပ်သည်။

'ရွှေမင်ဆရာတော် ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော'

'ခန့်ကျန်းပါ၏၊ မျှတပါ၏၊ မင်းဆရာတော်လည်း ခန့် ကျန်းပါ၏လော၊ မျှတပါ၏လော'

'ခန့်ကျန်းပါ၏၊ မျှတပါ၏'

ဆရာတော်နှစ်ပါးသည် ဖက်လဲ့တကင်း ရင်းနှီးချစ်ကြည် စွာ နှုတ်ခွန်းဆက်ကြပြီးနောက် ရွှေမင်ဆရာတော်က မေးသည်။

'မင်းဆရာတော် အဘယ်အရပ်က ကြွလာပါသနည်း'

'မန်းစက်တော်ရာ ဗူးမြော်ရာက ပြန်လာပါသည်။ ရွှေမင် ဆရာတော်၏ သတင်းကို ကြား၍ မန်းစက်တော်က အပြန်တွင် ဝင်ရောက်ရန် နေပြည်တော်က ထွက်လာကတည်းကပင် ရည် ရွယ်ခဲ့သည့်အတိုင်း ယခု ဝင်လာခြင်း ဖြစ်ပါသည်'

တောင်ဖီလာ ဆရာတော်က အထက်ပါအတိုင်း ဖြေကြား ပြီး ဆက်၍ ပြောသည်။

'ပရိသတ် အခွေအရံ နည်းလှသည်၊ ကြောက်တော်မမူ လော'

'ကြောက်၍ပင် ပရိသတ် အနည်းနှင့် နေပါသည်'

ရွှေမင်ဆရာတော်က အထက်ပါအတိုင်း ဖြေကြားလိုက်သောအခါ ကျွန်ုပ်သည် တောင်ဖီလာ ဆရာတော်ကို ကြည့်မိသည်။ ကျွန်ုပ်သာ မဟုတ်၊ ပါလာသော ပရိသတ် အားလုံးပင် တောင်ဖီလာ ဆရာတော် မျက်နှာကို ကြည့်နေကြသည်။ တောင်ဖီလာ ဆရာတော်ကား ရောက်စက အသွင်အတိုင်း ပြုံးရွှင်သော အမူအရာဖြင့် ပါလာသည့် လှူရန် လက်ဆောင်များကို တစ်ခုစီ ကိုယ်တိုင် ယူပြီးလျှင်–

'သင်္ကန်းပါ ဘုရား၊ မွန်မြတ်သော မင်းဧကရာဇ် လှူ၍ ရသော ဝတ္ထုပါ၊ သံသရာကို ချီးမြှင့်သဖြင့် သုံးဆောင်တော်မူပါ' ဟု ဆိုကာ လှူဒါန်းလေသည်။

ရွှေမင် ဆရာတော်သည် လက်နှစ်ဖက်ဖြင့် ရိုသေစွာ ခံယူပြီး–

'သာဓု သာဓု၊ ရွှေစည်းခုံကို လှူပါ၏' ဟု ဆိုကာ ဘေးနားတွင် ချထားလေသည်။

တောင်ဖီလာ ဆရာတော်က နောက်တစ်ခုကို လှူသော အခါလည်း အထက်ပါအတိုင်း ပြောဆိုကာ ဘေးနားတွင် ချထားလေသည်။ ဤနည်းအတိုင်း တောင်ဖီလာ ဆရာတော်က ပါလာသော ပစ္စည်းများကို တစ်ခုပြီးတစ်ခု လှူ၍ ရွှေမင် ဆရာတော်က ရိုသေစွာ ခံယူပြီး အထက်ပါအတိုင်း "သာဓု သာဓု၊ ရွှေစည်းခုံအား လှူပါ၏" ဟူ၍ချည်း ဆိုကာ ချထားသည်ကို တွေ့ရသောအခါ ပရိသတ်များမှာ နားမလည်သော မျက်လုံးဖြင့် ကြည့်နေကြလေသည်။ ဦးသူတော်ကား သူ့ဆရာတော် ပြုမူပုံကို မနှစ်မြို့သော အမူအရာဖြင့် မျက်နှာပျက်နေလေသည်။ ကျွန်ုပ်

ကား ထူးဆန်းသော ဖြစ်ရပ်တစ်ခုကို မမျှော်လင့်ဘဲ တွေ့ရသဖြင့် အံ့သြဝမ်းမြောက်ခြင်း ဖြစ်မိလေသည်။

'ရွှေမင် ဆရာတော်၊ မည်သည့်ကျမ်းများကို ပြုစုပါသလဲ' တောင်ဖီလာ ဆရာတော်သည် အနီးတွင် ချထားသော ရေးလက်စ ပေစာချပ်များကို လှမ်းကြည့်ရင်း မေးတော်မူလေသည်။

'ဝိနည်း ငါးကျမ်း ပါဠိတော် နိဿယကို ရေးပြီး၍ ယခု ဝိနည်း အဋ္ဌကထာ နိဿယကို ရေးနေပါသည်'

ရွှေမင် ဆရာတော်က အထက်ပါအတိုင်း ဖြေကြားသော အခါ တောင်ဖီလာ ဆရာတော်သည် ရွှေမင်ဆရာတော် ပြုစုသော ဝိနည်းငါးကျမ်း ပါဠိတော် နိဿယများကို တောင်းယူကြည့်ရှုပြီး ဤသို့ ပြောလေသည်။

'ရွှေမင် ဆရာတော် ဝိနည်းပါဠိတော် နိဿယ ရေးကြောင်းကို မကြား မသိရပါ။ တပည့်တော်လည်း ဝိနည်းပါဠိတော် နိဿယကို ရေးထားပါသည်။ တပည့်တော် နိဿယက ကျယ်သည်၊ ရွှေမင် ဆရာတော် နိဿယက ကျဉ်းကျဉ်းဖြင့် ပြည့်စုံပါသည်။ ရွှေမင်ဆရာတော် နိဿယဖြင့်ပင် နောက်သားတို့ မှီရာ ဖြစ်လောက်ပါပြီ။ တပည့်တော် နိဿယကို စေတီတွင်မီးပူဇော်ပါမည်'

ပရိသတ်များက တောင်ဖီလာ ဆရာတော်ကို အံ့သြ ချီးကျူးသော မျက်လုံးများဖြင့် ကြည့်ကြပြန်သည်။ ကျွန်ုပ်အဖို့ကား အံ့သြကြည်ညိုမှု မဆုံးနိုင်အောင် ဖြစ်နေတော့သည်။ ရွှေမင် ဆရာတော်ကား ခပ်မဆိတ်ပင် (တစ်စုံတစ်ရာ မပြောဘဲ) နေသည်။

'ခင်ကြီးတို့ ဝိနည်းမှာ သူသဒ္ဓါ၍ လှူသောပစ္စည်းကို သူ တစ်ပါးကို မပေးအပ်၊ ပေးသော် သူ့သဒ္ဓါကို ဖျက်ဆီးသည် မည်ရကား သဒ္ဓါဒေယျဝိနိပါတဒုက္ကဋ် (သဒ္ဓါတရားဖြင့် ပေး သည်ကို ဖျက်ဆီးပြစ်) ရှိသည် မဟုတ်လော။ အဘယ့်ကြောင့် မင်းဆရာကိုယ်တိုင် လာ၍ လှူသည့်ပစ္စည်းကို အားပါးမနာ သူ့ရှေ့တွင်ပင် ရွေစည်းခုံကို လှူဘိသနည်း။ ခင်ကြီး မစောင့် မဟုတ်လော'

ဦးသူတော်သည် တောင်ဖီလာ ဆရာတော် လက်ဆောင် ပစ္စည်းများ လှူစဉ်က သူ့ဆရာတော် ပြုမူခြင်းနှင့် စပ်၍ မကျေ နပ် ဖြစ်ခဲ့သည်ကို အကြွေးမထားဘဲ လျှောက်လေသည်။

'သူတော် ငါ စောင့်၏။ သူတော့်ဆရာကို ငါ ဆုံးမလိုက် သည်။ သည်က အပြန်ကို စစ်ကိုင်း မြစ်နား လေးထပ်ကြီးကျောင်း တော်သို့ သူတော့် ဆရာတော် ဝင်ဝံ့ပေလျှင် လောကဝယ် အလွန့် ယောကျ်ား'

ဦးသူတော်သည် သူ့ဆရာတော်၏ ဆိုလိုသော အဓိပ္ပာယ် ကို နားလည် သဘောပေါက်သွားသဖြင့် ကျေနပ်သွားလေသည်။ ဦးသူတော် ကျေနပ်သဘောပေါက်သွားသည် တိုင်အောင် ကျွန်ုပ် ကား နားမလည်နိုင်အောင်ပင် ရှိနေသဖြင့် ဦးသူတော်အား ကပ် ၍ မေးမြန်းရသည်။

'ဒီလို ဒကာလေးရဲ့၊ ကျုပ်တို့ ဆရာတော်က "ဤအရှင် သူမြတ်သည် မင်းဇကာဖ ဆရာတော်ဖြစ်လျက် ကိုယ်တိုင် ငါ့ ထံသို့ လာရောက်၍ ပူဇော်သက္ကာရ အများနှင့် ငါ့အား ပူဇော် ပေသည်။ ငါကား သူကဲ့သို့ ပူဇော်ရန် ဝတ္ထုမရှိသောကြောင့်

ဆရာတော် နှစ်ပါးသည် ဝမ်းမြောက်ဝမ်းသာ စကားစမြည် ပြောပြီးလျှင် တောင်ဖီလာ ဆရာတော် ပြန်ကြွသွားလေသည်။ ရွှေဥမင် ဆရာတော်သည် တောင်ဖီလာ ဆရာတော်အား လိုက် ပို့တော်မူသည်။ ကျောင်းပေါ်က အဆင်းတွင် တောင်ဖီလာ ဆရာ တော်က–

'တပည့်တော် မင်းဆရာ ဖြစ်သည်၊ ရွှေဥမင် ဆရာတော် ရှေ့က ကြွတော်မူပါ' ဟု ဆိုလေသည်။

ရွှေဥမင် ဆရာတော်ကလည်း–

'ဆရာတော်မှာ မင်းဆရာ ဖြစ်သည်၊ ရှေ့က ကြွပါ' ဟု ဆိုလေသည်။

ဆရာတော်နှစ်ပါး တွေ့ဆုံခန်းမှာ တစ်ချိန်လုံး စိတ်ဝင်စား ဖွယ်ရာအတိ ပြည့်နေသောကြောင့် ကျွန်ုပ်သည် ပရိသတ်များ နှင့် ရောယောင်ကာ ဆရာတော်နှစ်ပါးနှင့် နီးနိုင်သမျှ နီးကပ် စွာ လိုက်ပါခဲ့သည်။

ကျောင်းဝင်း တံခါးသို့ ရောက်သောအခါ တောင်ဖီလာ ဆရာတော်သည် ရွှေဥမင် ဆရာတော်အား အလွန် ရင်းနှီးခင်မင် စွာ နှုတ်ခွန်းဆက်သပြီး ကြွသွားတော်မူလေသည်။

ကျွန်ုပ်သည် ဆရာတော်နှစ်ပါး မိန့်ကြားတော်မူပုံများနှင့် ပတ်သက်၍ ကောင်းစွာ နားမရှင်းသော အချက်များကို ဦးသူ တော်အား မေးမြန်း စုံစမ်းလိုသဖြင့် ပရိသတ်များနှင့်အတူ လိုက် ပါမသွားဘဲ ရွှေဥမင်ဆရာတော် ကျောင်းပေါ်သို့ အပြန်တွင် ဦးသူတော် နောက်နားမှ ကပ်ပြီး လိုက်ပါခဲ့လေသည်။ ကျောင်း ပေါ်သို့ ရောက်သောအခါ ဦးသူတော်က သူ့ဆရာတော်ကို လျှောက်သည်။

သူ့အား မပူဇော်ရ။ ထိုအရှင်သူမြတ်အား ပစ္စည်းပရိသတ် ခြွေရံ ကို စွန့်၍ တောနေခြင်း အကျိုးငှာ မြတ်သော အနုသာသနီ စကားဖြင့် ပူဇော်အံ့" ဟု နှလုံးသွင်းပြီး ပြောဆိုခြင်း ဖြစ်တယ်။ တောင်ဖီလာ ဆရာတော်ဟာ ယခု သက်တော် ၆၀ ရှိပြီ။ သက်တော် ၆၀ ရှိသည်တိုင်အောင် ကိုယ်ရေးကိုယ်တာ ကိုယ်ကျိုးကို မရှာဘဲ မင်းဆရာအဖြစ်ဖြင့် နေခြင်းကား မသင့်ဟု သတိတရား ရစေခြင်းငှာ ဘုရင်မင်းမြတ် လှူသည့် ပစ္စည်းကိုပင် မသုံးဆောင်လိုသည့် အဓိပ္ပာယ်ဖြင့် "ရွှေစည်းခုံအား လှူပါ၏" ဟု ဆိုလိုက်ခြင်း ဖြစ်တယ်။ တွေ့စက "ပရိသတ် အခြွေရံ နည်းလှသည်၊ မကြောက်လော" ဟု ဆိုသဖြင့် "ကြောက်၍ပင် ပရိသတ် အနည်းနှင့် နေပါသည်" ဟု ပြန်ဖြေတာကိုလည်း ဒကာလေး ကြားလိုက်မှာပေါ့'

ဦးသူတော် ရှင်းပြသဖြင့် ပညာရှိ ပုဂ္ဂိုလ်ကြီးတို့၏ ဥပါယ် (နည်းပရိယာယ်) ကို နားလည်နိုင်တော့သည်။

'ဒါကတော့ ဟုတ်ပါပြီ၊ ပြန်ကြွလို့ လိုက်ပို့စဉ်က ကျောင်းပေါ်က အဆင်းမှာ တစ်ပါးနဲ့တစ်ပါး ရှေ့သွား ငြင်းနေကြတာက ဘယ်လို အဓိပ္ပာယ်ပါလဲ'

'ဒါကတော့ ဒီလိုပါ၊ တောင်ဖီလာ ဆရာတော်က "ငါက မင်းဆရာဖြစ်တယ်။ ငါ ရှေ့ကသွားရင် မင်းဆရာမို့ ရှေ့က သွားတယ်လို့ အများ ထင်ကြလိမ့်မယ်" လို့ တွေးပြီး ကျုပ်တို့ ဆရာတော်ကို ရှေ့ကကြွဖို့ ပြောတာပါ၊ ဓမ္မဝတ်ကို ငဲ့တဲ့သဘောပါပဲ။ ကျုပ်တို့ ဆရာတော်ကလည်း "တောင်ဖီလာ ဆရာတော်ဟာ မင်းဆရာ ဖြစ်တယ်၊ အကယ်၍ မိမိ ရှေ့ကကြွလျှင် မင်းဆရာကိုသော်မှ ရှေ့မတင်ဘဲ မိမိသာ ရှေ့က သွားသည်ဟု အများ

ထင်ကြလိမ့်မယ်" လို့ တွေးပြီး တောင်ဖီလာ ဆရာတော်ကို ရှေ့ကကြွဖို့ ပြောခြင်း ဖြစ်တယ်၊ လောကဝတ်ကို ငဲ့တဲ့ သဘောပါပဲ'

ဦးသူတော် ရှင်းပြသော စကားကို ကြားရသောအခါ ပညာရှိ ပုဂ္ဂိုလ်ကြီးတို့ မည်သည်ကား မည်သည့် အရာကိုမျှ အဓိပ္ပာယ်လွတ် မပြုကြပါ တကားဟု ကြည်ညို၍ မဆုံးနိုင်အောင် ရှိတော့သည်။

ကျွန်ုပ်သည် ဦးသူတော်နှင့် အနည်းငယ် မေးမြန်းပြောဆိုပြီး ညနေစောင်းတွင် ပခန်းကြီးမြို့ထဲသို့ ပြန်ခဲ့သည်။ ပြန်ခါနီးတွင် ဦးသူတော်အား မေးမြန်းသဖြင့် ဆရာတော်၏ ဘွဲ့အမည်မှာ ဦးဇမ္ဗုဓဇ ဖြစ်ကြောင်းကို သိခဲ့ရသည်။

ကျွန်ုပ်မှာ ပခန်းကြီးမြို့တွင် ရက်ကြာကြာနေရန် မရည်ရွယ်ခဲ့သော်လည်း တောင်ဖီလာ ဆရာတော်နှင့် ရွှေဥမင်ဆရာတော်တို့ တွေ့ဆုံခန်းနှင့် ကြုံကြိုက်နေသဖြင့် ရုတ်တရက် မပြန်နိုင်ဘဲ ဖြစ်နေလေသည်။ ပခန်းကြီးမြို့ရှိ လူကြီးပိုင်း ဆိုင်ရာတို့မှာလည်း တောင်ဖီလာ ဆရာတော်နှင့် ရွှေဥမင်ဆရာတော် တွေ့ဆုံခြင်းနှင့် စပ်လျဉ်းသည့် စကားများကိုပင် နှစ်ရက် သုံးရက်တိုင်အောင် ပြောဆို၍ မပြီးနိုင် ဖြစ်နေကြလေသည်။

ယခု ကြွလာသည့် မင်းဆရာတော် တောင်ဖီလာ ပုဂ္ဂိုလ်ကျော်ကား နှယ်နှယ်ရရ မဟုတ်ကြောင်း၊ အင်းဝ ဒုတိယမင်းခေါင် လက်ထက်က လွန်စွာ ကျော်စောတော်မူလှသော ဆီးတော ဘုရင့်ဆရာတော် ဝင်စားသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ သာမဏေဘဝ သက်တော် ၁၅ နှစ် အရွယ်ကပင် ဝေဿန္တရာပျို့ (ဟောင်း) ကို စပ်ဆိုတော်မူခဲ့၍ သာမဏေကျော်ဟု ထင်ရှားတော်မူခဲ့

နိဿယများကိုလည်း စေတီရင်ပြင်၌ မီးပူဇော်ကြောင်း၊ အချို့က တောင်ဖီလာ တောင်ပေါ်၌ စေတီတည်၍ ဌာပနာသွင်းထားသည်ဟု ဆိုကြောင်းများကို ကြားရလေသည်။

ထိုသတင်းများကို ကြားရပြန်သောအခါ ကျွန်ုပ်မှာ ကြည်ညို၍ မဆုံး၊ အံ့သြ၍မဆုံး ဖြစ်မိသည်။

တောင်ဖီလာ ဆရာတော် ရေးသားပြုစုသည့် ဝိနည်းငါးကျမ်း ပါဠိတော် နိဿယကို မတွေ့ရသော်လည်း ယခု ရှိနေသော ဝိနည်းငါးကျမ်း ပါဠိတော် နိဿယမှာ ရွှေ့ဆိုက်ဖြင့် တစ်လက်မခွဲခန့် ထူသော စာအုပ်ခုနစ်အုပ် ရှိသည်။ စာမျက်နှာ စုစုပေါင်း ၂၀၉၅ မျက်နှာ ရှိသည်။ တောင်ဖီလာ ဆရာတော်၏ နိဿယလည်း ယခုရှိသော နိဿယအောက် ယုတ်လျော့နည်းပါးလိမ့်မည် မဟုတ်ပေ။ ဤမျှ များပြားသော စာများကို တောင်ဖီလာ ဆရာတော်သည် စက္ကူပေါ်တွင် ကလောင်တံဖြင့် သက်သက်သာသာ ရေးသားတော်မူသည် မဟုတ်။ ပုရပိုက်တွင် ကန့်ကူဆံဖြင့် ရေးသားတော်မူပေမည်။ သို့မဟုတ် ပေတွင် ကညစ်ဖြင့် ရေးသားတော်မူပေမည်။

ဤမျှ အပင်အပန်းခံကာ ရေးသားပြုစုသည့် ကျမ်းဂန်ကြီးကိုပင် မိမိကျမ်းထက် အလျင်ဦးသော သို့မဟုတ် မိမိကျမ်းထက် ပို၍ သင့်လျော်သော ရွှေဥမင် ဆရာတော်၏ နိဿယကို မြင်သဖြင့် စေတီရင်ပြင်၌ မီးသင်္ဂြိုဟ်သည် ဆိုသည်မှာ ယခုခေတ်မည်သည့် စာရေးဆရာမျှ ပြုနိုင်လိမ့်မည့် အပြုအမူ မဟုတ်ပါတကား၊ အံ့ဖွယ် စာရေးဆရာ ပေတကား ဟု အံ့သြ၍ မဆုံး၊ ကြည်ညို၍ မဆုံး ဖြစ်ကာ ပခန်းကြီးမြို့မှ ပြန်လာခဲ့ရပါသတည်း။

ကြောင်း၊ ရန်နိုင်မှူး မင်းဖြစ်သည့်နှစ်တွင် အသက် ၂၀ ပြည့်၍ ရန်နိုင်မှူးက ဒါယကာပြုကာ ပဉ္စင်းခံကြောင်း၊ စာပေကျမ်းဂန် တတ်မွန်လှသောကြောင့် ပဉ္စင်းကျော်ဟု ကျော်စောပြန်ကြောင်း၊ အနောက်ဖက်လွန် မင်းတရား ပြည်ကို တိုက်ခိုက် အောင်မြင်စဉ်က အဝသို့ ပင့်လာခဲ့ကြောင်း၊ "ငါ ပြည်မြို့ကို လုပ်ကြံသည်ကား ရှင်တစ်ဆူ၊ လူတစ်ယောက်သာ ရသည်" ဟု အနောက်ဘက်လွန် မင်းတရားကြီး ဆိုသည့် ရှင်တစ်ဆူ ဆိုသည်မှာ တောင်ဖီလာဆရာတော်ကို ဆိုခြင်း ဖြစ်ကြောင်း။

ဤသို့ စသည်ဖြင့် တောင်ဖီလာ ဆရာတော်၏ အကြောင်းများကို ပြောဆိုကာ သို့စင်မျှလောက် ကျော်စောထင်ရှားသည့် မင်းဆရာတော် တောင်ဖီလာ ပုဂ္ဂိုလ်ကျော် ကိုယ်တိုင် မိမိတို့ ဆရာတော်ထံသို့ လာရောက် ပူဇော်ရကြောင်းဖြင့် အဆုံးသတ်ကြလေသည်။

ပခန်းကြီးမြို့၌ ကျွန်ုပ် တွေ့ရသမျှ လူကြီးပိုင်းက လူများမှာ ဘာသာရေးကို လွန်စွာလေးစား၍ ထင်ရှားသည့် ဆရာတော်များ အကြောင်းကို သိသူတွေသာ များလေသည်။

ကျွန်ုပ်သည် ဆရာတော် နှစ်ပါး၏ အကြောင်းကို မေးမြန်းစုံစမ်း လေ့လာမှတ်သား နေရသဖြင့် ပခန်းကြီးမြို့မှ ရုတ်တရက် မပြန်နိုင် ဖြစ်နေရာ၊ ကျွန်ုပ် ပြန်ခါနီးတွင် တောင်ဖီလာ ဆရာတော်သည် ပခန်းကြီးမြို့တွင် ရွှေဥမင် ဆရာတော်နှင့် တွေ့ဆုံပြီး ပြန်ကြွသွား၍ စစ်ကိုင်း အင်းဝသို့ ရောက်သောအခါ မြစ်နားလေးထပ်ကျောင်းသို့ မဝင်ဘဲ တောင်ဖီလာ ဆီးတော မင်းဝံတောင်ရိုးကြီးအရှေ့ ချောက်ကြား၌ တောရဆောက်တည်တော်မူကြောင်း၊ မိမိ ရေးသားစီရင်သည့် ဝိနည်းငါးကျမ်း ပါဠိတော်

အုတ်ခဲ အစည်းအဝေး

ဤအကြောင်းကို ကျွန်ုပ် မည်သူ့ကိုမျှ ထုတ်မပြောဘဲ အောင့်အည်းထားသည်မှာ ဆယ်နှစ်ကျော်ခဲ့လေပြီ။ ဆယ်နှစ်တိုင်တိုင် မပြောဘဲ အောင့်အည်းထားသည် ဆိုသော်လည်း မေ့မေ့ပျောက်ပျောက် ဖြစ်နေသည်ကား မဟုတ်ချေ။ မကြာ မကြာပင် သတိရနေရုံသာမက ဘာပဲဖြစ်ဖြစ် ထုတ်ဖော် ပြောလိုက်တော့မည် ဟူ၍ပင် အကြိမ်ကြိမ် ကြံရွယ်ခဲ့ဖူးသည်။ သို့ရာတွင် ထုတ်ဖော်ပြောလိုက်ပါက မည်သူမျှ ယုံကြည်လိမ့်မည် မဟုတ်သည့်အပြင် ကျွန်ုပ်ကိုပင် ရူးနေပြီဟု ထင်ကြမည့် အရေးကို တွေးမိသောကြောင့် မပြောဘဲ နေခဲ့ခြင်း ဖြစ်သည်။

လောကဌ် မဖြစ်နိုင်သော အရာများသည် တစ်ခါတစ်ရံ ကြံကြံဖန်ဖန် ဖြစ်လာတတ်သည်။ ယင်းသို့ ဖြစ်လာသည်ကို တွေ့ကြုံရသောသူက ပြောသောအခါ လောကဌ် ဖြစ်နိုင်သည့် အရာ မဟုတ်သောကြောင့် မည်သူကမျှ မယုံချေ။ ပြောသူကိုပင် ရူးသွပ်နေပြီဟု ထင်တတ်ကြလေသည်။ ရှေးကလည်း လူတစ်ယောက်သည် မဖြစ်နိုင်သော အဖြစ်အပျက်တစ်ခု တကယ် ဖြစ်

[ကျွန်ုပ် ပခန်းကြီးမြို့သို့ သွားခြင်းမှာ သဘော်၊ မီးရထား စသည်ဖြင့် သွားခြင်း မဟုတ်ပါ။ သာသနာ လက်ံာရစာတမ်း၊ သာသနဝိသောခနီကျမ်း၊ သာသနာ ဝံသဒီပနီနှင့် ဟသံတမြို့ မြစ်ကွေ့ ဆရာတော်၏ နိဒါန်းတို့မှ ပခန်းကြီးမြို့ ရွှေမင် ဆရာတော်နှင့် ဓောင်ဗီလာ ဆရာတော် နှစ်ပါး တွေ့ဆုံခန်းကို ဖတ်ရှုလေ့လာခြင်းသာဖြစ်ပါသည်။]

[ဌေတာရီ၊ အောက်တိုဘာ ၁၉၆၀]

နေသည်ကို တွေ့ရသဖြင့် ပြောပြမိရာ လူအများက အရူး သမုတ်ခြင်းကို ခံရဖူးလေသည်။ ယင်းအဖြစ်အပျက်ကား အောက်ပါအတိုင်း ဖြစ်သည်။

လူစာစ်ယောက်သည် မြို့ပြင်ရှိ ရေကန်တစ်ခု၏ ကန်ပေါင်သစ်ပင်ရိပ်တွင် ထိုင်လျက် လောကဓ၏ အကြောင်းအရာတို့ကို တွေးတော စဉ်းစားနေလေသည်။ ထိုအခိုက် စစ်တပ်ကြီးတစ်တပ်သည် သူထိုင်နေသော ရေကန်ဆီသို့ ရှေးရှုလာပြီးလျှင် ကန်ထဲသို့ ဆင်းကာ ကြာပင် ကြာရိုးတို့၏ အခေါင်းကလေးများထဲသို့ ဝင်သွားကြလေသည်။ ထိုသူ ပါးစပ်အဟောင်းသားနှင့် အံ့အားကြီး သင့်ကာ ငေးနေစဉ်ပင် စစ်တပ်ကြီးတစ်ခုလုံး ကုန်သည်အထိ ကြာပင်ကြာရိုးတို့၏ အခေါင်းကလေးများထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

စစ်တပ်ကြီး ကုန်သွားမှပင် ထိုသူလည်း အသက်ပြန်ဝင်လာသကဲ့သို့ ဖြစ်ကာ၊ ထူးဆန်းလှသော အဖြစ်ကို တွေ့ရသည့် အတွက် ဆက်လက်၍ ထိုင်မနေတော့ဘဲ မြို့ထဲသို့ ခပ်သုတ်သုတ် ပြန်ခဲ့လေသည်။

သူသည် အခြားလူများအား မိမိ တွေ့မြင်ခဲ့ရသည့် အလွန်ထူးဆန်းသော အဖြစ်အပျက်ကို ပြောပြလေသည်။ လူအများသည် သူထင်သလို မအံ့သြကြဘဲ သူ့ကိုသာ ကရုဏာသက်သော မျက်နှာဖြင့် ကြည့်နေကြလေသည်။ စစ်တပ်ကြီးတစ်ခုလုံး ကြာရိုး၏ အခေါင်းကလေးများထဲသို့ ဝင်သွားကြသည် ဆိုသည်မှာ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်သဖြင့် ဤစကားမျိုးကိုလည်း မည်သည့်လူကောင်းမျှ ပြောမည် မဟုတ်ချေ။ သို့ဖြစ်၍ လူအများသည် အကောင်းပကတိက ချက်ချင်း ရူးသွပ်သွားရှာသည့် သူ့

အဖြစ်ကို သနားကြင်နာစွာဖြင့် 'ဒီလူတော့ တောင်တွေး မြောက်တွေးနဲ့ ရူးသွားရှာပြီ' ဟု ဆိုကြလေသည်။

အမှန်ကား ထိုသူသည် မိမိ မြင်လိုက်သည့် တကယ့် အဖြစ်အပျက်ကို အမှန်အတိုင်း ပြောပြခြင်းသာ ဖြစ်သည်။ ထိုသူ တွေ့ရသော အခြင်းအရာကား အသူရာတို့သည် သိကြားမင်းနှင့် စစ်တိုက်ရာတွင် စစ်ရှုံးသဖြင့် တပ်ခေါက်ပြန်လာပြီး ရာဇဂြိုဟ်မြို့အနီးမှ ဖြတ်၍ သူထိုင်နေသော သုမာဂဓ ရေကန်အတွင်းသို့ သက်ဆင်းပြီးလျှင် ကြာပင် ကြာရိုးတို့၏ အခေါင်းအပေါက်ကလေးများသို့ ဝင်ကာ ငုပ်လျှိုးကွယ်ပျောက်၍ အသူရာပြည်သို့ အရောက် သုတ်ခြေတင်ကြသည့် အခြင်းအရာ ဖြစ်သည်။ အသူရာ ဆိုသည်မှာ နတ်တစ်မျိုးပင် ဖြစ်သောကြောင့် ကြာပင်ကြာရိုး၏ အခေါင်းကလေးများမှ ဝင်သွားနိုင်သည်မှာ မဆန်းချေ။

အဖြစ်အပျက်မှာ အမှန် အဖြစ်အပျက်ပင် ဖြစ်သည်။ သို့ရာတွင် စစ်တပ်ကြီးတစ်ခုလုံး ကြာရိုး၏ အခေါင်းကလေးများထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည် ဆိုသည်မှာ လူ့ပြည်လောကၦ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်သဖြင့် ယင်းသို့ မဖြစ်နိုင်သည်ကို ပြောပြမိသည့်အတွက် ထိုသူမှာ အရူးဟု အဆိုခံရလေသည်။

အထက်ပါ အကြောင်းမှာ မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ သစ္စသံယုတ်၊ ပပါတဝဂ်၌ အထင်အရှား ပါရှိသည်။ ကျွန်ုပ်သည် ထို အကြောင်းကို စောစောကပင် ဖတ်ထားဖူးသဖြင့် တကယ်မှန်သည်ပင် ထားဦး၊ လောကၦ ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော အကြောင်းကို ပြောမိလျှင် မည်သူကမျှ လက်မခံသည့်အပြင် ပြောသူပင် အရူးဖြစ်ရကြောင်းကို နားလည်ထားပြီး ဖြစ်သည်။

ထိုအခါက ဘာသာရေးဆိုင်ရာ အစည်းအဝေးများနှင့် နိုင်ငံရေးနှင့် မပတ်သက်သည့် အချို့သော အစည်းအဝေးများသို့ ကျွန်ုပ် မကြာ မကြာ ရောက်တတ်သည်။ အစည်းအဝေးများသို့ ရောက်သည် ဆိုသော်လည်း ကျွန်ုပ်မှာ ပြောသူအဖြစ်ဖြင့် မဟုတ်ဘဲ နားထောင်သူ ပရိသတ် အဖြစ်ဖြင့်သာ ပါဝင်လေ့ရှိပါသည်။ ထိုနေ့ကလည်း တနင်္ဂနွေနေ့ ဖြစ်သဖြင့် အစည်းအဝေး တစ်ခုမှ အပြန်တွင် ကန်တော်ကြီး ကနေဒီကျွန်းသို့ ရောက်သောအခါ အချိန်လည်း အနည်းငယ် စောသေးသဖြင့် အိမ်က မျှော်နေမည့်သူလည်း မရှိသေးသည့်အတွက် ကုန်းစောင်းကလေးတစ်ခုတွင် ထိုင်ကာ အေးအေးဆေးဆေး အနားယူနေမိသည်။

ထိုအခါက ကျွန်ုပ်မှာ (ရန်ကုန်) ကန်တော်ကြီး အရှေ့ဘက် ဥဏှဇလ ရပ်ကွက်ကလေး၌ နေသည်ဖြစ်၍ ညနေဘက်အချိန်တွင် မြို့ထဲက ပြန်သောအခါ သိမ်ဖြူကစား‌ကွင်း ရောက်လျှင် ဘတ်စ်ကားမှ ဆင်းပြီး ကန်တော်ကြီး ကနေဒီကျွန်းဆွယ်ကို ဖြတ်ကာ ပြန်လေ့ရှိသည်။ မကြာ မကြာလည်း ကနေဒီကျွန်းဆွယ်တွင် အေးအေးဆေးဆေး နားနေလေ့ ရှိသည်။

ကျွန်ုပ်သည် ကုန်းကလေး၏ အနောက်ဘက်စောင်းတွင် ကန်တော်ကြီးရေပြင်ကို မျက်နှာမူလျက် ထိုင်ရင်း ညင်ညင်သာသာ လှိမ့်နေသော လှိုင်းတွန့်ကလေးများကို ကြည့်နေမိသည်။ နေမင်းမှာ ရွှေတိဂုံဘုရား၏ စိန်ဖူးတော် အထက်နားဆီ၌ ရှိနေသေးသော်လည်း ဆောင်းနေ ဖြစ်သဖြင့် အပူရှိန် မရှိဘဲ ပတ္တမြားလုံးကြီးပမာ အေးမြနေသည်ဟု ထင်ရသည်။

ကျွန်ုပ်သည် ဘာဟူ၍ ပြောစရာ မည်မည်ရရ မရှိဘဲ ကြည့်မိ ကြည့်ရာကြည့်၍ တွေးမိတွေးရာတွေးနေစဉ် ကျွန်ုပ်၏ အနီး

သို့ကြောင့်ပင် မိမိ တွေ့ကြုံရသော အဖြစ်အပျက်ကို ထုတ်ဖော်ပြောရန် အကြိမ်ကြိမ် ကြံရွယ်မိသော်လည်း မည်သူကမျှ ယုံကြည်လိမ့်မည် မဟုတ်ဘဲ၊ ကျွန်ုပ်ကိုသာ ရူးသွပ်နေပြီဟု ဆိုကြမည့် အရေးကို တွေးပြီး မပြောဘဲ နေခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ကျွန်ုပ် အောင့်အည်း ထားခဲ့ရသည်မှာ ၁၀ နှစ်ကျော်ကျော်ပင် ရှိခဲ့ပြီဖြစ်ရာ၊ ယခုထက် ပို၍ အောင့်အည်း မထား နိုင်တော့သည့်အတွက် ယခု ထုတ်ဖော်ပြောပြလိုက်ရပါတော့သည်။

*

ဤအကြောင်းကို မပြောမီ ကျွန်ုပ်မှာ သမထသမားလည်း မဟုတ်၊ လောကီမှော်ပညာ စသည်တို့ကို လိုက်စားသူလည်း မဟုတ်။ သာမန် လူတစ်ယောက်သာဖြစ်ကြောင်းကို စာဖတ်သူတို့အား ပြောကြားလိုပါသည်။

၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပြီးနောက် လွတ်လပ်ရေး ရပြီးခါစ အချိန်ဖြစ်၍ မြန်မာပြည်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမှစ၍ အစစအရာရာ ဂနာမငြိမ် ဣန္ဒြေမရ ကမောက်ကမ ဖြစ်နေဆဲပင် ဖြစ်သည်။ စစ်ကြီး၏ ဒဏ်ကြောင့် ပျက်စီးပြိုကွဲ၍ ဖရိုဖရဲ ဖြစ်ခဲ့သော အဆောက်အအုံကြီးများမှာ ပြုပြင်ဖို့ မဆိုထားဘိ၊ အပျက်အစီးများကိုပင် မရှင်းလင်းရသေးဘဲ ဖရိုဖရဲ ပြန့်ကျဲနေသည့်အတိုင်းပင် ရှိနေကြသေးသည်။ ထို့အတူပင် စစ်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့မှာလည်း ဖရိုဖရဲ နှင့် ပြန့်ကျဲနေကြသည့် အချိန်ပင် ဖြစ်သည်။

အနားမှ တစွိစွိဖြင့် စိစိလောင်လောင် မြည်နေသော အသံများကို ကြားရလေသည်။ ပထမသော် ပိုးကောင်ကလေးများ၏ အော်သံ ဖြစ်လိမ့်မည်ဟု ဂရုမစိုက်ဘဲ နေလိုက်မိသည်။ သို့ရာတွင် ထူးဆန်းသလိုလို ထင်သဖြင့် မကြာခင်ပင် ဘေးဘီသို့ ရှာဖွေကြည့်မိရာ ကျွန်ုပ် ထိုင်နေသည့် နောက်နားတွင် လက်ယာဘက် ခပ်ကျကျ၌ အုတ်ပုံတစ်ခု တွေ့ရလျက် ကျွန်ုပ် ကြားရသော အသံများမှာ ယင်းအုတ်ပုံဆီမှ ထွက်လာသော အသံများ ဖြစ်သည်ကို သိရလေသည်။ အုတ်ပုံကလေးမှာ အုတ်ခဲဟောင်း အကျိုးအပဲ့များကို စုပုံထားသည့် အုတ်ပုံကလေး ဖြစ်သည်။ မကျိုးမပဲ့သော အုတ်ခဲအနည်းငယ် ပါသော်လည်း အားလုံး သုံးပြီးသား အုတ်ခဲဟောင်းများသာ ဖြစ်သည်။ အကျိုးအပဲ့ စုစုပေါင်းမှာ တင်းဝင်တောင်းနှင့် ၁၀ လုံးစာခန့်ထက် ပိုမည် မထင်ချေ။

နေဝင်ခါနီးသဖြင့် အုတ်ပုံအောက်က ပုရစ်လို ပိုးကောင်ကလေးတွေ အော်နေကြတာ ထင်ပါရဲ့ဟု ကျွန်ုပ် တွေးလိုက်သေးသည်။ သို့ရာတွင် အသံမှာ ပိုးကောင်ကလေးများ အော်သံနှင့် မတူသဖြင့် ကျွန်ုပ်၏ အတွေးကို ကျွန်ုပ်ကပင် လက်မခံနိုင်အောင် ဖြစ်နေသည်။ အသံများမှာ ပုရစ်အော်သံကဲ့သို့ စိစိလောင်လောင် အော်သည့် အသံမျိုးလည်း မဟုတ်ချေ။ (ပိုးကောင်ဖြစ်လျှင်လည်း) လေးငါးကောင် ဝိုင်းဖွဲ့ကာ အချိန်အခါ အော်နေကြခြင်း ဖြစ်ပေမည်။

အော်နေကြသည်ဟု ဆိုရခြင်းမှာလည်း ပိုးကောင်အဖြစ်ဖြင့် စဉ်းစားသောကြောင့်သာ အော်နေကြသည်ဟု သုံးနှုန်းလိုက်ရခြင်း ဖြစ်သည်။ အမှန်ပြောရလျှင် ပိုးကောင်များ ဘာသာဘာဝ အော်မြည်နေကြသည့် အသံမျိုး မဟုတ်ဘဲ သူတို့အချင်းချင်း

တစ်စုံတစ်ရာကို ဆွေးနွေးပြောဆိုနေကြသည့် အသံမျိုး ဖြစ်လေရာ၊ ကျွန်ုပ်မှာ အထူး စိတ်ဝင်စားလာမိသည်။ သို့ဖြစ်၍ အုတ်ပုံအနားသို့ သွားပြီး သေချာစွာ စုံစမ်းမိသည်။

အသံမှာ နှုတ်ခမ်းချင်း မထိဘဲ သွားနှစ်ခုကြားက လေထွက်စေသည့် လေချွန်သံကလေးမျိုး ဖြစ်၍၊ ယင်းမှာလည်း ဘာသာဘာဝ အော်မြည်နေသော အသံမျိုး မဟုတ်ဘဲ ပြောဆိုနေသည့် အသံမျိုး ဖြစ်သည်ကို အံ့သြစွာ တွေ့ရလေသည်။ ဥပမာ ပေးရလျှင် တစ်ဖက်က တယ်လီဖုန်းနှင့် စကားပြောသည်ကို တယ်လီဖုန်းခွက်နှင့် ခြောက်ပေကွာလောက်က (သွားကြား လေချွန်သံကလေးမျိုးဖြင့်) ကြားရသည်နှင့် တူပေသည်။ သာ၍ အံ့သြဖွယ်ကောင်းသည်ကား ယင်းအသံများမှာလည်း ကျွန်ုပ် ထင်သကဲ့သို့ အုတ်ပုံအောက်က ပိုးကောင်ကလေးများ၏ အသံ မဟုတ်ဘဲ အုတ်ခဲများ၏ အသံ ဖြစ်နေခြင်းပင် ဖြစ်သည်။

ကျွန်ုပ် အလွန် အံ့သြသွားသည်။ ပြောမပြတတ်လောက် အောင်ပင် အံ့သြနေသည်။ ကျွန်ုပ်သည် ရွှေတိဂုံဘုရားကြီးကို လှမ်းကြည့်မိသည်။ ရွှေတိဂုံဘုရားကြီးသည် နဂိုရှိရင်းအတိုင်းပင် ရှိနေသည်။ နေမင်းသည် ရွှေတိဂုံကုန်းတော်နှင့် ကွယ်နေသည်။ ကန်တော်ကြီး ရေပြင်၌ လှိုင်းတွန့်ကလေးများမှာ ပိုမို ကြီးမား၍ ကျွန်ုပ် ရောက်ခါစကထက် လှုပ်ရှားလာသည်ကို တွေ့ရသည်။ ကနေဒီ လမ်းထောင့်ဘက်တွင် လေညင်းခံထွက်သော လူအချို့ကိုလည်း လှမ်းတွေ့ရသည်။ ပထမ ထိုင်သော နေရာ၌ ကျွန်ုပ်၏ လွယ်အိတ်နှင့် ထီးမှာလည်း ကျွန်ုပ် ထားသည့်အတိုင်း ရှိနေသည်ကို တွေ့ရသည်။

ကျွန်ုပ်သည် မိမိ၏ သတိကို ဆောက်တည်ပြီး တစ်ဖန် နားထောင်လိုက်သည်။ အမှန်ပင် အုတ်ခဲများ၏ အသံဖြစ်သည်။ ယင်းအသံမှာလည်း အထက်တွင် ဆိုခဲ့သည့်အတိုင်း တယ်လီဖုန်း ဖြင့် တစ်ဖက်ကပြောသော စကားကို တယ်လီဖုန်းဖြင့် ခြောက်ပေ ကွာလောက်က (သွားကြား လေချွန်သံကလေးမျိုးဖြင့်) ကြားရ သကဲ့သို့ ဖြစ်ရာ၊ သေချာစွာ နားထောင်လိုက်သောအခါ အုတ်ခဲ အချင်းချင်း စကားပြောနေကြသည်ကို ထူးဆန်းစွာ တွေ့ရလေ သည်။

'အမှန်ပြောရရင် ကျုပ် အခုလို အများနဲ့ ရောရောနှောနှော ဆက်ဆံလာတတ်တာ သိပ်မကြာသေးပါဘူး။ လွန်ခဲ့တဲ့ လေး ငါးနှစ်လောက်ကဆိုရင် ကျုပ်ဟာ အခုလို အားလုံးနဲ့ ရောရော နှောနှော မဆက်ဆံတတ်ဘူး။ အခုန ပြောခဲ့တဲ့အတိုင်း ဟိုတုန်း က ကျုပ် နေခဲ့တာက တကယ့် မြို့မျက်နှာဖုံး အရာရှိကြီး အိမ် ဧည့်ခန်းမှာ နေခဲ့ရတာ ဖြစ်တော့ မင်းပိုင်းစိုးပိုင်းက လူတွေ၊ သူဌေးတွေ၊ လူကုံထံတွေကိုသာ အမြဲ တွေ့မြင်လာခဲ့ရတာကိုး။ အဲဒီလို ထိပ်တန်းမှာ နေခဲ့ရပြီး လမ်းပေါ်က ဟာတွေနဲ့ လာတွေ့ ရတော့ အဖက်တန်တယ်လို့ မထင်ဘူးပေါ့ဗျာ။ တကယ်ဆိုတော့ ကျုပ် မှားတာပါပဲ'

အုတ်ခဲတစ်ခုက အထက်ပါအတိုင်း ပြောလိုက်သည်။ ထို အုတ်ခဲမှာ တစ်ဖက်ဘေးတွင် အတော်အတန် ချောညက်သော အင်္ဂါတေများအပြင် ကြက်ဥနှစ်ရောင် သဘော်ဆေး အစအနများ ပင် ရှိနေသေးသည်ကို တွေ့ရသည်။

'မိတ်ဆွေ ရောရောနှောနှော မနေတတ်ဘူး ဆိုတာက တော် ပါသေးတယ်။ ကျုပ်ကမှ သာဆိုးတာ၊ ရယ်စရာလည်း တော်

တော်ကောင်းတယ်။ မိတ်ဆွေ နေခဲ့တာက လူကုံထံအိမ် ဧည့်ခန်း ဆိုတော့ အထက်တန်းကျတယ် ဆိုပေမယ့် ကျုပ်နေခဲ့ရတဲ့ နေရာ လောက် စိတ်ကြီးဝင်စရာ မကောင်းသေးပါဘူး။ ကျုပ်နေခဲ့တာ က ဘုရားစေတီဆိုတော့ လူတိုင်းလိုလို ရှိခိုးရတဲ့နေရာ မဟုတ် လား။ လူတွေ ရှိခိုးလေလေ ကျုပ်တို့က စိတ်ကြီးဝင်လေလေပဲ။ အဲ ဗုံးကျပျက်စီးပြီး ကျုပ်လည်း ရောက်ချင်ရာရောက် ဖြစ်နေ တော့ လူတွေဟာ ကျုပ်ကို ကျော်သွား၊ နင်းသွား၊ ခလုတ်တိုက် သွားနဲ့ပေါ့ဗျာ။ ရှိခိုးဖို့ မဆိုထားနဲ့၊ အုတ်ခဲတစ်ခုရယ်လို့တောင် အသိအမှတ် မပြုချင်ကြဘူး။ သူတို့ အသိအမှတ် မပြုတာကို ကျုပ်ကလည်း ဂရုမစိုက်ဘူး။ ကျုပ်စိတ်ထဲက ငါဟာ သူတို့တစ် တွေရဲ့ ရှိခိုးခံခဲ့ရတဲ့ အကောင်ပဲ ဆိုပြီး အလိုလို စိတ်ကြီးဝင်နေ တယ်။ လူတွေအပေါ်မှာလည်း ဒီလူတွေဟာ ဟိုတုန်းက ငါ့ကို ရှိခိုးနေရတဲ့ လူတွေပဲ ဆိုပြီး အထင်သေးနေတယ်လေ။ ဘယ် လောက် ရယ်စရာကောင်းသလဲ၊ အခု အခြေအနေမှာ ဟိုရောက် ဒီရောက်နဲ့ ဘာမျှ အသုံးမကျ ဖြစ်နေတာကိုတော့ မစဉ်းစားဘူး လေ။ ဟိုတုန်းက ရှိခိုးခံခဲ့ရတာကို ပြန်တွေးပြီး အသားလွတ် စိတ်ကြီးဝင်နေတယ်'

အုတ်ခဲကျိုးဟု မဆိုရရဲ့ ရှိ၍ လေးဖက်လုံးတွင် ထောင့်သား များ ပဲ့လျက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ဒုတိယ အုတ်ခဲက အထက်ပါအတိုင်း ပြောသောအခါ ထောင့်တစ်ထောင့် အနည်း ငယ် ပဲ့လျက်၊ တစ်ဖက်တွင် မှိုင်းများ စွဲနေသော အခြား အုတ်ခဲ တစ်ခုက ပြောပြန်သည်။

'မိတ်ဆွေတို့ စိတ်ကြီးဝင်ခဲ့ပုံတွေကို ကြားရတော့ ကျုပ် တွေ့ကြုံခဲ့ရတဲ့ ကိုယ်တွေ့ အဖြစ်အပျက်ကို သတိရမိသေးတယ်။

ကျုပ် စစ်အတွင်းက မြို့ထဲက သုံးထပ်တိုက်တစ်ခု အပေါ်ထပ်ကို ရောက်ခဲ့ဖူးတယ်။ တိုက်အပေါ်ထပ်ကို ကျုပ် ရောက်ရပုံက တော့ မဆန်းပါဘူး။ အဲဒီ တိုက်ပေါ်မှာ နေတဲ့ လူတစ်ယောက်က ဖိုခုံလောက်လုပ်ဖို့ ဆိုပြီး လမ်းဘေးမှာနေတဲ့ ကျုပ်ကို ကောက်သွားလို့ ရောက်ရတာပါပဲ။ ကျုပ်ဟာ အမှန်ကတော့ လမ်းခင်းတဲ့ အုတ်ခဲ့ပါ။ ဒါပေမဲ့ သုံးထပ်တိုက်ပေါ် မရောက်စဖူး ရောက်ရတော့ တော်တော် စိတ်ကြီးဝင်သွားတယ်။

'ပြောရဦးမယ်၊ ဖိုခုံလောက်ဆိုတော့ ကျုပ်လို အုတ်ခဲသုံးခုပေါ့ဗျာ။ ကျုပ်ကသာ စိတ်ကြီးဝင်တာ မဟုတ်ဘူး။ တခြား အုတ်ခဲနှစ်ခုက သာဆိုးသေးတယ်။ သူတို့ကတော့ ကျုပ်လို လမ်းခင်း မဟုတ်ကြဘူး။ တစ်ခုက ဂိုဒေါင် ဗုံးကျလို့ စဉ်ထွက်လာတဲ့ အုတ်ခဲ။ တစ်ခုက တက္ကသိုလ်ကျောင်း ဆိုလား၊ ဘာကျောင်းဆိုလား မခေါ်တတ်ပါဘူးဗျာ။ ကျောင်းကြီး တစ်ခုက အုတ်ခဲပဲ။ အဲဒီ မောင်နှစ်ယောက်က သာဆိုးသေးတယ်။ ဂိုဒေါင်ပျက် အုတ်ခဲကလည်း ပွဲစား၊ ကုန်သည်တွေနဲ့သာ အမြဲ တွေ့ကြုံလာရတော့ ကျုပ်ကို လမ်းပေါ်ကအကောင် ဆိုပြီး အဖက်မလုပ်ဘူး။ ကောလိပ်ကျောင်းက အုတ်ခဲကတော့ သာဆိုးတာပေါ့ဗျာ။ သူ့ကိုယ်သူ ဗိလတ်က လုပ်တဲ့ အုတ်ခဲလို့များ ထင်နေသလား မသိဘူး။ အင်္ဂလိပ်စိတ် ပေါက်ပြီး ကျုပ်တို့အားလုံးကို သိပ်အထင်သေးတာပဲ'

ညီခန်းအုတ်။ ။ အခြေအနေကို မသုံးသပ်တတ်လို့ စိတ်ကြီးဝင်ကြတာပေါ့ဗျာ။ တကယ်ဆိုတော့ ဟိုတုန်းက ဘာကြီးဖြစ်ခဲ့ဖြစ်ခဲ့ အခု ဖြစ်နေရတာက ဖိုခုံလောက်ပဲ မဟုတ်လား၊ ဖိုခုံလောက်ဆိုတော့ ခင်ဗျားတို့ သုံးဦးလုံး ထမင်းဟင်း ချက်ပြုတ်

တဲ့ ကိစ္စမှာ ထမ်းဆောင်ပေးခြင်းဖြင့် ညီတူညာတူ အသုံးတော်ခံရမှာပဲပေါ့။ အေးလေ၊ အပြစ်တော့ မဆိုချင်ပါဘူး။ ကျုပ်တို့ကိုယ်တိုင်လည်း စိတ်ကြီးဝင်ခဲ့တာပဲ။ အခုမှသာ နေရာအမျိုးမျိုးကို ရောက်ခဲ့ရလို့ တို့ဟာ ဘာမျှ မဟုတ်ပါကလားဆိုတာ သဘောပေါက်လာတာ။

စေတီအုတ်။ ။ ဟုတ်တာပေါ့ဗျာ၊ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ရတာ တွေးပြီး စိတ်ကြီးဝင်နေလို့ အပိုပေါ့။ သေသေချာချာ စဉ်းစားကြည့်လိုက်တော့ ငါကဘာ၊ သူကဘာ ဆိုတာတွေဟာ ရယ်စရာကောင်းတဲ့ စိတ်တွေပါ။ တကယ့်တကယ် ဆိုတော့ ကျုပ်တို့အားလုံးဟာ တာဝန်ယူရတာချင်း တူတဲ့အတွက် တကယ်ပြန်ိင်တဲ့ ဂုဏ်ရည်အားဖြင့် အားလုံး အတူတူပါပဲ။

ဧည့်ခန်းအုတ်။ ။ ဟုတ်တယ်ဗျို့၊ ခင်ဗျားပြောတာ သိပ်မှန်တာပဲ၊ ကျုပ်တို့ တစ်တွေဟာ အားလုံးပဲ အဆောက်အအုံတစ်ခုခုကို ထမ်းဆောင်တဲ့အနေနဲ့ အသုံးခံရတာချည်းပဲ။

စေတီအုတ်။ ။ ဒါပေါ့ဗျ၊ ခင်ဗျားလည်း လူကုံထံ တိုက်အိမ်ကြီးကို ထမ်းဆောင်ခဲ့ရတာပဲ၊ ကျုပ်လည်း စေတီကြီးဖြစ်အောင် ထမ်းဆောင်ရတဲ့ အထဲ ပါခဲ့တာပဲ။ ကျုပ် ဟိုတုန်းက ထင်မိတယ်။ လူတွေ ရှိခိုးတာဟာ ငါ့ကို ရှိခိုးတာလို့။ အခုမှ သဘောပေါက်တယ်။ လူတွေ ရှိခိုးတာက စေတီကို ရှိခိုးတာ။ ကျုပ်က အဲဒီစေတီ အဆောက်အအုံကြီး ဖြစ်အောင် ထမ်းဆောင်ထားရတဲ့ အုတ်တစ်ချပ်သာ ဖြစ်တယ်။ လူတွေ ရှိခိုးတာ ကျုပ်နဲ့ ဘာမှ မဆိုင်ဘူး။ စေတီတော်နဲ့သာ ဆိုင်တယ်။

လမ်းခင်းအုတ်။ ။ မိတ်ဆွေ ပြောသလို ဆိုတော့ ကျုပ်လည်း လမ်းကအုတ်ခဲ ဖြစ်ပေမယ့် ဂုဏ်မငယ်လှဘူးပေါ့။

စေတီအုတ်။ ။ ဟာ... ဘယ့်နယ် ပြောပါလိမ့်၊ မိတ်ဆွေ ဟာ ကျုပ်တို့နဲ့ အတူတူပဲဗျ။ ကျုပ်တို့ဟာ စေတီ အဆောက် အအုံကြီး ဖြစ်တည်နေအောင် ထမ်းဆောင်ရသလို၊ တိုက်တာ အဆောက်အအုံကြီး ဖြစ်တည်နေအောင် ထမ်းဆောင်ရသလို မိတ်ဆွေလည်း လမ်းဆိုတဲ့ အဆောက်အအုံကြီး ဖြစ်တည်နေ အောင် ထမ်းဆောင်ရတာပဲ မဟုတ်လား။ ကျုပ်တို့ ထမ်းဆောင် ထားတဲ့ စေတီကြီးရှိလို့ လူတွေ ရှိခိုးရသလို၊ ဟိုမိတ်ဆွေ ထမ်း ဆောင်ထားရတဲ့ တိုက်တာကြီးရှိလို့ လူတွေ နေထိုင်ရသလို၊ မိတ်ဆွေ ထမ်းဆောင်ထားရတဲ့ လမ်းကြီး ရှိနေလို့ လူတွေ၊ ယာဉ် တွေ ကောင်းကောင်းမွန်မွန် သွားရတာပဲ မဟုတ်လား။

ကျုပ်တို့အားလုံးဟာ လူ့လောကကြီးမှာ အသုံးဝင်တဲ့ အဆောက်အအုံကြီးတွေကို ကိုယ်နဲ့ ဆိုင်ရာ ဆိုင်ရာမှာ ပါဝင် ထမ်းဆောင်နေရတဲ့ အုတ်ခဲတွေချည်းပဲ မဟုတ်လား၊ ဘယ်သူ့ ဘယ်သူမှ မသာပါဘူး၊ အားလုံးပဲ လူလောကကြီး စည်ပင်ရေး မှာ ကိုယ်စီကိုယ်ငင ညီတူညီမျှ ကိုယ်နဲ့ ဆိုင်ရာကနေပြီး တာဝန် ယူနေရတဲ့သူတွေ ဖြစ်ပါတယ်။ ပြီးတော့ ကျုပ်တို့အားလုံးဟာ မြေကြီးက ဖြစ်လာတဲ့ အုတ်ခဲတွေပါဗျာ၊ တစ်နေ့ကျရင် အားလုံး ပဲ မြေကြီးထဲ ပြန်သွားကြရမှာတွေပါ။

အုတ်ခဲများ စကားသံ တိတ်သွားသောအခါ အချိန်မှာ မှောင်စပြုပြီ ဖြစ်၍ ကျွန်ုပ်လည်း လွယ်အိတ်နှင့်ထီးကို ကောက် ယူကာ အိမ်ဘက်သို့ ပြန်လာခဲ့လေသည်။

[မြဝတီ၊ ဇန်နဝါရီ ၁၉၆၂]

ငါးရှဉ်းဆယ် ဇာတ်တော်များ

ဗုဒ္ဓမြတ်စွာဘုရားသည် အကြောင်းစပ်ရာစပ်ရာ၌ ဇာတ်တော် များကို ဟောကြားတော် မူခဲ့လေသည်။ ဇာတ်တော် အားလုံး မှာ ဗုဒ္ဓမြတ်စွာဘုရား ပါရမီ ဖြည့်စဉ်ကာလ အလောင်းတော်ဘဝ က တွေ့ကြုံ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာ ဝတ္ထုများ ဖြစ်လေ သည်။ အချို့သော ဇာတ်များမှာ ဘုရားအလောင်း၏ ဝတ္ထု မဟုတ် ဘဲ အကြောင်းစပ်လျဉ်းလာသည့် ပုဂ္ဂိုလ်၏ ရှေးဝတ္ထုများ ဖြစ် လေသည်။ သို့ရာတွင် ဇာတ်တော်တိုင်း၌ ဘုရားအလောင်း ပါဝင် လေသည်။

ပါဠိဇာတ် ပါဠိတော်

ဇာတ်တော်ကို ဟောတော်မူပုံမှာ အချို့ဇာတ်များ၌ ဝတ္ထု ကြောင်းကို စကားပြောသကဲ့သို့ပင် စကားပြေရိုးရိုး (စုဏ္ဏိယ) ဖြင့် ဟောတော်မူလျက် လိုက်နာ မှတ်သားထိုက်သည့် ဥပဒေသ များကို ဂါထာဖြင့် ဟောတော်မူလေ ရှိသည်။ အချို့ဇာတ်များ ၌ကား အချင်းချင်း ပြောဆိုကြသည့် စကားများကိုလည်း ဂါထာ ဖြင့် ဟောတော်မူလေသည်။

သို့ဖြစ်လေရာ ဇာတ်တိုင်း၌ စုဏ္ဍိယ (စကားပြေ) သာ မဟုတ်၊ ဂါထာများလည်း ပါရှိလေသည်။ ဂါထာတစ်ပုဒ်ပါသော ဇာတ်တော်များကို ဧကနိပါတ်၊ ၂ ပုဒ် ပါသော ဇာတ်တော်များကို ဒုကနိပါတ်၊ ၃ ပုဒ် ပါသော ဇာတ်တော်များကို တိကနိပါတ် စသည်ဖြင့် သင်္ဂါယနာတင် ဆရာများက စီစဉ်ခွဲခြား၍ အမည်ပေးထားလေသည်။ ၎င်းပြင် ဇာတ်တော်၌ ပါရှိသော ဂါထာပုဒ်များချည်း စုဆောင်းလျက် ပါဌဇာတ်ပါဠိတော် ဟူသော အမည်ဖြင့် ကျမ်းတစ်ကျမ်း သီးခြား ထားရှိသေးသည်။

ပါဌ။ ။ ပါဌဇာတ် ဟူသော စကား၌ ပါဌ ဆိုသည်မှာ အများ နားလည်နေသည့် ပါဌ် အနက်ဟူသော စကား၌ ပါသည့် ပါဌ်ဆိုသော စကား၏ မူလပုဒ်ရင်း ဖြစ်သည်။ ဤ၌ အနက် အဓိပ္ပာယ် ဖွင့်ဆိုချက် မပါသော ဂါထာပါဌ်များ ဟူ၍ ဆိုလိုပေသည်။ ထိုမှတစ်ပါး ယူဆဖွယ် ရှိသည်ကား ပါဌ ဆိုသော ပါဠိစကားသည် ဖတ်ခြင်း ဟူသော မြန်မာစကားနှင့် အဓိပ္ပာယ် တူသည်ဖြစ်၍ ဇာတ်ကို အပြည့်အစုံ သင်ကြား (ကြားနာ) ပြီးသော ပုဂ္ဂိုလ်များ ကျက်မှတ်ရန်၊ ဖတ်ရန်အတွက် ဂါထာပုဒ်များချည်း စုပေါင်းထားသည့်ကျမ်း ဟု အဓိပ္ပာယ် ယူဆသင့်ပေသည်။ ဤ၌ သုတ်အတိုအထွာကလေးများကို သူငယ်များ ကျက်မှတ်ရန်၊ ဖတ်ရန် ရည်ရွယ်၍ ခုဒ္ဒကပါဌ ဟူသော အမည်ဖြင့် ကျမ်းတစ်ကျမ်း ပြုလုပ်ထားသည်ကို နှိုင်းရှည့်စဉ်စား သင့်ပေသည်။

ဇာတ်။ ။ ဇာတ် ဟူသော စကားမှာ ဇာတက ဟူသော ပါဠိပုဒ်ကို မြန်မာမူအားဖြင့် ခေါ်ဆိုသည့်စကား ဖြစ်သည်။ မူလ အနက်ရင်းမှာ "ဖြစ်သူ" ဟု ဖြစ်သည်။ ဤဇာတ်၌ ဘုရား အလောင်းသည် မင်းသား ဖြစ်သည်။ ဤဇာတ်၌ ဘုရားအလောင်း

သည် ပုဏ္ဏား ဖြစ်သည်။ ဤသို့ စသည်ဖြင့် ဘုရားအလောင်း၏ ဖြစ်ပုံကို ပြသောကြောင့် ဇာတက (ဇာတ်) ဟု ခေါ်လေသည်။ ဇာတ်ကို မြတ်စွာဘုရား၏ အလောင်းတော် ဘဝက အဖြစ် အကြောင်းအရာ ဝတ္ထု ဟူ၍ နားလည်ကြလေသည်။

နိပါတ်။ ။ ငါးရာ့ငါးဆယ်ဇာတ်ကို နိပါတ် ဟူ၍လည်း ခေါ်လေသည်။ နိပါတ် ဆိုသော စကားသည် နိပါတ ဟူသော ပါဠိပုဒ်ကို မြန်မာမူအားဖြင့် ခေါ်ဆိုသည့် စကားဖြစ်သည်။ မူလ အနက်ရင်းမှာ "ကျရောက်ခြင်း" ဟူ၍ ဖြစ်သည်။ ဤ၌ ဂါထာ တစ်ပုဒ် ကျရောက် ပါရှိသော ဇာတ်ကို ဧကနိပါတ်၊ ဂါထာ နှစ်ပုဒ် ကျရောက် ပါရှိသော ဇာတ်ကို ဒုကနိပါတ် စသည်ဖြင့် ခေါ်ဝေါ်ရာမှ ဧက၊ ဒုက စသော အရေအတွက်များကို မထည့်ဘဲ "နိပါတ်" ဟု ခေါ်ခြင်း ဖြစ်သည်ဟု ယူဆဖွယ် ရှိလေသည်။ အခြား ကျမ်းများ၌လည်း နိပါတ် ဟူသောအမည် သုံးစွဲသည်ကို တွေ့ရလေသည်။ ပုစံကား အင်္ဂုတ္တိုရ်၌ တစ်မျိုးတည်းရှိသော တရားများကို စုပေါင်းလျက် ဧကနိပါတ်၊ နှစ်မျိုး ရှိသည့် တရားများကို စုပေါင်းလျက် ဒုကနိပါတ် စသည်ဖြင့် အမည်ပေးထားလေသည်။

သို့ဖြစ်လေရာ ဘုရားအလောင်းတော်၏ အဖြစ် အကြောင်းအရာ ဝတ္ထုကို စွဲ၍ ဇာတ်၊ ပါရှိသော ဂါထာ အရေအတွက်ကို အကြောင်းပြု၍ နိပါတ် ခေါ်သည်ဟု မှတ်သားသင့်ပေသည်။ ပါဌဇာတ် ပါဠိတော်သည် ပိဋကတ် သုံးပုံတွင် သုတ္တန္တ ပိဋကတ်၊ နိကာယ်ငါးရပ်တွင် ခုဒ္ဒကနိကာယ်၌ ပါဝင်လေသည်။ သင်္ဂါယနာတင် ဆရာတော်များသည် ဇာတ်တော်များကို အောက်ပါအတိုင်း ၂၂ နိပါတ် ခွဲခြား စီစဉ်ထားလေသည်။

ဇာတ်တော်များ ကမ္ဘာသို့ ပျံပုံ

ဇာတ်တော်များသည် ဗုဒ္ဓမြတ်စွာဘုရား၏ ကမ္မဝါဒကို သရုပ်ဖော်သည့် သာကေများ ဖြစ်လေသည်။ ဝတ္ထုကြောင်းမှာလည်း စိတ်ဝင်စားဖွယ် ကောင်းသော ဝတ္ထုကြောင်းများ ဖြစ်လေရာ ဗုဒ္ဓဝါဒ၊ ဗုဒ္ဓဘာသာသို့ ဆွဲဆောင်ရန်အတွက် လွန်စွာ အသုံးဝင်လေသည်။ ထို့ကြောင့်ပင် ဟီနာယာန၊ ထေရာဝါဒ ဂိုဏ်းကသာ မဟုတ်၊ မဟာယာန ဂိုဏ်းကလည်း ဇာတ်တော်များကို အရေးပေးကြောင်း သိရလေသည်။

မျက်မှောက်ကောင်းစားရေး၊ တမလွန် ကောင်းစားရေးဟူ နှစ်မျိုးရှိလေရာ မျက်မှောက်ကောင်းစားရေးအတွက် သက်သက်ကိုသာ အရေးပေး၍ ညွှန်ကြားဆုံးမခြင်းကို အကြောင်းအကျိုးဆင်ခြင် သုံးသပ်လေ့ရှိသော ပုဂ္ဂိုလ်များက မနှစ်သက်ကြပေ။ ထိုနည်းအတူ ပရလောက ခေါ် တမလွန်ဘဝ ကောင်းစားရေးအတွက်ချည်း သက်သက်ကို အရေးပေး၍ ညွှန်ကြားခြင်းကိုလည်း လူအများစုက မနှစ်သက်တတ်ကြပေ။ ဗုဒ္ဓမြတ်စွာဘုရားသည် ဇာတ်တော်များ၌ မျက်မှောက်လောကနှင့် ပရလောက (တမလွန်ဘဝ) နှစ်မျိုးကို ညီတူညီမျှ အရေးပေးထားလေသည်။ ထို့ကြောင့် မဟာယာန၊ ဟီနာယာန နှစ်ရပ်လုံးက ဇာတ်တော်ကို နှစ်သက်ကြခြင်း ဖြစ်လေသည်။

ၔင်းပြင် ဇာတ်တော်များသည် ဘုရင် အစရှိသည့် မင်းမိုးရာဇာ သူဌေးသူကြွယ်ဟု ဆိုအပ်သော အထက်တန်းစား ပုဂ္ဂိုလ်များ၏ အကြောင်းကိုသာ ဖော်ပြသည် မဟုတ်၊ သာမန်လူတန်းစား ဖြစ်သည့် လူများစု၏ အနေအထိုင်၊ အလုပ်အကိုင်၊ အစား

၁–ဧကနိပါတ်၌ ဇာတ်ပေါင်း ၁၅၀၊ ၂–ဒုကနိပါတ်၌ ၁၀၀၊ ၃–တိကနိပါတ်၌ ၅၀၊ ၄–စတုက္ကနိပါတ်၌ ၅၀၊ ၅–ပဉ္စကနိပါတ်၌ ၂၅၊ ၆–ဆနိက္ကနိပါတ်၌ ၂၀၊ ၇–သတ္တကနိပါတ်၌ ၂၁၊ ၈–အဋ္ဌကနိပါတ်၌ ၁၀၊ ၉–နဝကနိပါတ်၌ ၁၂၊ ၁၀–ဒသနိပါတ်၌ ၁၆၊ ၁၁–ဧကာဒသနိပါတ်၌ ၂၁၊ ၁၂–ဒွါဒသနိပါတ်၌ ၁၀၊ ၁၃–တေရသ နိပါတ်၌ ၁၀၊ ၁၄–ပကိဏ္ဏက နိပါတ်၌ ၁၃၊ ၁၅–ဝီသတိနိပါတ်၌ ၁၄၊ ၁၆–တိံသနိပါတ်၌ ၁၀၊ ၁၇–စတ္တာလီသနိပါတ်၌ ၅၊ ၁၈–ပညာသနိပါတ်၌ ၃၊ ၁၉–သဋ္ဌိ နိပါတ်၌ ၂၊ ၂၀–သတ္တတိနိပါတ်၌ ၂၊ ၂၁–အသီတိနိပါတ်၌ ၅၊ ၂၂–မဟာနိပါတ်၌ ၁၀၊ စုစုပေါင်း ၅၄၇ ဇာတ် ဖြစ်သည်။

ဇာတ်အဋ္ဌကထာနှင့် ဋီကာများ

လင်္ကာဒီပ မည်သော သီဟိုဠ်ကျွန်း၌ မဟာနာမမင်း လက်ထက် သာသနာတော် ၉၃၀ ကျော်ခန့်တွင် ရှင်မဟာဗုဒ္ဓဃောသသည် အဋ္ဌကထာကျမ်းများ ရေးသားပြုစုတော်မူစဉ်က ဇာတ်အဋ္ဌကထာကိုလည်း ရေးသားပြုစုတော် မူခဲ့လေသည်။

ဇာတ်အဋ္ဌကထာ အပြင် ဇာတ်ဋီကာလည်း နှစ်စောင် ရှိသေးသည်။ တစ်စောင်မှာ သီဟိုဠ်ကျွန်း အနုရာဓပြို့အနောက် ဗဒရတိတ္ထကျောင်းနေ ရှင်ဓမ္မပါလ ရေးသားတော်မူသည့် ဋီကာဖြစ်၍ တစ်စောင်မှာ 'ပညာသာမိ ကဝိဓေ မဟာဓမ္မရာဇာမိ ရာဇ ဂုရု' တံဆိပ်တော်ရ မောင်းထောင်ဆရာတော် ရေးသားပြုစုသည့် ဋီကာဖြစ်သည်။ ရှင်ဓမ္မပါလ ပြုစုသည့် ဇာတ်ဋီကာကို ဋီကာဟောင်း၊ မောင်းထောင်ဆရာတော် ပြုစုသည့် ဇာတ်ဋီကာကို ဋီကာသစ် ဟူ၍ ခေါ်ဝေါ်ကြသည်။

အသောက်၊ အသွားအလာ၊ စီးပွားရေး၊ ပေါင်းသင်း ဆက်ဆံရေး၊ နိုင်ငံရေး စသည်များကိုလည်း ဖော်ပြထားသဖြင့် ဇာတ်တော်များကို "လူထုစာပေ" ဟု ခေါ်ဆိုနိုင်လေသည်။

သို့ဖြစ်လေရာ ဘာသာရေးအတွက်သာ မဟုတ်၊ လူမှုရေးရာ အတွက်လည်း ဇာတ်တော်များမှာ လူကြိုက်များလျက် ကမ္ဘာအနှံ့အပြားကို ပျံ့နှံ့လွှမ်းမိုး၍ နေလေသည်။ အမြွက်မျှ ဖော်ပြရသော် သက္ကတစာပေ၌ လွန်စွာ ထင်ရှားကျော်စောသည့် ပဉ္စတန္တရမည်သော ကျမ်းတစ်စောင် ရှိလေရာ၊ ထိုကျမ်း၌ ပါသည့် များစွာသော ပုံပြင်တို့၏ မူလအခြေကို ဗုဒ္ဓမြတ်စွာဘုရား၏ ဇာတ်တော်များ၌ တွေ့ရသည်ဟု အဆိုရှိလေသည်။ ၎င်း ပဉ္စတန္တရကျမ်းမှာ ကမ္ဘာအရပ်ရပ်၌ ဘာသာအမျိုးမျိုးဖြင့် ပြန်ဆိုပျံ့နှံ့၍ နေလေသည်။

ထို့အတူ ကမ္ဘာ၌ ပျံ့နှံ့နေကြသည့် ပသီပုံပြင်၊ အီစွတ်ပုံပြင်များ၏ အခြေမှာလည်း ဗုဒ္ဓ၏ ဇာတ်တော်များ ဖြစ်သည်ဟု အာနန္ဒာကောသလ္လာယန အမည်ရှိသော အိန္ဒိယ ဘုန်းတော်ကြီးက ၎င်း၏ **ဇာတက** မည်သော စာအုပ်နိဒါန်းတွင် ရေးသားထားလေသည်။

အာနန္ဒာကောသလ္လာယနကမူ "ဘယ်လောက်ပင် အံ့အားသင့်စရာ ကောင်းနေစေကာမူ ရှိမန်ကက်သလစ် ဂိုဏ်းဝင်တို့သည် ဗုဒ္ဓကို ဂျိုဆက်အဖြစ် လက်ခံထားကြသည်ကား အမှန်ပင်ဖြစ်သည်" ဟု အတိအလင်း ပြောဆိုလေသည်။ ထိုစာအုပ်သည်လည်း ပဉ္စတန္တရကဲ့သို့ လူကြိုက်များ၍ ကမ္ဘာအရပ်ရပ်၌ ဘာသာအမျိုးမျိုးဖြင့် ပြန်ဆိုပျံ့နှံ့ နေလေသည်။ ဤကား ဇာတ်တော်များသည် ကမ္ဘာအရပ်ရပ်၊ လူအမျိုးမျိုး၊ ဘာသာအမျိုးမျိုးသို့ ပျံ့နှံ့ လွှမ်းမိုးကြောင်း သိသာရုံမျှ ပြဆိုခြင်း ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ဇာတ်တော်များ

မြန်မာနိုင်ငံတော်၌ကား ပိဋကတ်စာပေများ ရောက်သည့် အချိန်မှစ၍ ဇာတ်တော်များ ပျံ့နှံ့၍ လာလေရာ အထူးအားဖြင့် အင်းဝခေတ် သက္ကရာဇ် ၈၀၀ ကျော်ခန့်၌ ဇာတ်တော်များ အထူးခေတ်စား၍ လာလေသည်။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်အဂ္ဂသမာဓိ အစရှိသော ထိုခေတ် စာဆိုအကျော်ပုဂ္ဂိုလ်ကြီးများသည် ဇာတ်တော်များကို ပျို့ကဗျာ လင်္ကာဖြင့် လည်းကောင်း၊ စကားပြေဖြင့် လည်းကောင်း အမျိုးမျိုး ဖွဲ့ဆိုရေးသားတော် မူခဲ့ကြလေသည်။

ဇာတ် ပါဠိတော် နိဿယများ။ ။ ၎င်းနောက် ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ ဇာတ်နိဿယများ ပေါ်ပေါက်လာလေသည်။ ပါဌဇာတ် ပါဠိတော်နိဿယ နှစ်စောင်ရှိသည့် အနက် တစ်စောင်မှာ သက္ကရာဇ် ၁၁၉၉ ခုနှစ်၊ အမရပုရ ဒုတိယမြို့တည် နန်းတည် လောကမဏိစူဌာ စေတီတော် ဒါယကာမင်းလက်ထက် 'သာသန ဝံသ သီရိခေ မဟာဓမ္မရာဇာဓိ ရာဇဂုရု' ကြံခင်းဆရာတော် ရေးသားတော်မူသည့် နိဿယဖြစ်၍၊ တစ်စောင်မှာ ပဉ္စမ သင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးလက်ထက် 'မေဓာဘိဝံသ သီရိသဒ္ဓမ္မ ဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု' ပြည်ဆရာတော် ရေးသားပြုစုသည့် နိဿယ ဖြစ်လေသည်။

ဇာတ် အဋ္ဌကထာ နိဿယများ။ ။ ဇာတ်တော်များ၌ ပါသည့် ဝတ္ထုကြောင်းများသည် အကြောင်းအရာ အဖြစ်အပျက် အမျိုးမျိုး စုံလင်လှသည် ဖြစ်ရာ ထိုသို့ အကြောင်းအရာ အဖြစ်

အပျက် စုံလင်သည်နှင့် အမျှပင် ပါဠိဝေါဟာရ၊ ပါဠိစကားများ လည်း စုံလင်လှသောကြောင့် ဇာတ်တော်များကို ဖတ်ကြား သင်ယူခြင်းအားဖြင့် အဘိဓာန်ကို ကျက်ဖို့မလိုဘဲ ပါဠိဗဟုသုတ ကြွယ်ဝနိုင်လေသည်။ သို့ဖြစ်လေရာ ဇာတ်တော်များသည် ဗုဒ္ဓ ဝါဒသို့ ဆွဲဆောင်ရန် အတွက်သာ မဟုတ်ဘဲ ဗုဒ္ဓမြတ်စွာဘုရား ၏ ပိဋကတ်သို့ ပို့ဆောင်ရန် အတွက်လည်း အကောင်းဆုံးသော ဖတ်စာများ ဖြစ်လေသည်။

သို့ဖြစ်သောကြောင့် ရှေးခေတ် ဆရာတော်ကြီးများသည် ဇာတ်တော်များကို သင်ကြား ပို့ချတော်မူခဲ့ကြရုံတွင်မက အခြား သူများ လွယ်ကူစွာ သင်ကြား ပို့ချနိုင်ကြစေရန် အတွက်လည်း ဇာတ် အဋ္ဌကထာ နိဿယများကို ရေးသား ပြုစုတော် မူခဲ့ကြလေ သည်။ ဆရာတော်ကြီးများ ဇာတ် အဋ္ဌကထာ နိဿယ ရေးသား ပြုစုတော် မူခဲ့ကြပုံကို အောက်တွင် ဖော်ပြလိုက်ပါသည်။

ကုန်းဘောင်ခေတ် သက္ကရာဇ် ၁၁၄၃ ခုနှစ် အမရပုရ ပထမ မြို့တည် နန်းတည် ဘိုးတော်မင်းတရားကြီး လက်ထက် တွင် တောင်တွင်းဆရာတော် ဦးကေတုသည် ဧကနိပါတ် ဇာတ် အဋ္ဌကထာ နိဿယကို ရေးသားတော် မူခဲ့လေသည်။

[၁၀၃၄ ခု နန်းတက်သော ရမည်းသင်း မင်းရဲကျော်ထင် နေထွက်ဘုရင်လက်ထက် သလ္လာဝတီ ချင်းတွင်းမြစ်ကမ်း၊ ကြံ့ ကျူးရန်နှိပ် နိဂုမ်း၊ သုံးလူ့အဘ ဇမ္မူလ စေတီတော်ခြေရင်း အနောက်တောင် အရပ်နေ အရှင်အနောမဒဿီထေရ် ၁၀၃၈ ခု ဝါဆိုလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့ စီရင်ပြီးသော ဧက နိပါတ် ဇာတ်အဋ္ဌကထာ နိဿယ တစ်စောင်လည်း ရှိကြောင်း

ဟင်္သာတမြို့ ကျေးဇူးရှင် မြစ်ကွေးဆရာတော် ဦးပညာဝံသ ၏ မှတ်တမ်းတွင် တွေ့ရသည်။]

ဘိုးတော်မင်း လက်ထက်၌ပင် ပလိုင်းဆရာတော် ဦးခေမာ စာရသည် ဒုကနိပါတ် ဇာတ်အဋ္ဌကထာ နိဿယကို လည်း ကောင်း၊ မဲထီးဆရာတော် ဦးမုနိန္ဒသည် တိကနိပါတ်ဇာတ် အဋ္ဌ ကထာ နိဿယကို လည်းကောင်း၊ ရွှေတောင် ဆရာတော် ဦးဂုဏ စာရီသည် စတုက္ကနှင့် ပဉ္စကနိပါတ်ဇာတ် အဋ္ဌကထာ နိဿယကို လည်းကောင်း၊ ပထမ ငါးခုန်ဆရာတော် ဦးအာဒိစ္စဝံသသည် ဆက္ကနှင့် သတ္တက နိပါတ်ဇာတ် အဋ္ဌကထာ နိဿယကို လည်း ကောင်း၊ ကတိုးဆရာတော် ဦးသာသနသည် အဋ္ဌကနှင့် နဝက နိပါတ်ဇာတ် အဋ္ဌကထာ နိဿယကို လည်းကောင်း၊ ပထမ ဗားကရာဆရာတော် ဦးဓမ္မာဘိနန္ဒသည် ဒသနှင့် ဧကာဒသ နိပါတ်ဇာတ် အဋ္ဌကထာ နိဿယကို လည်းကောင်း၊ ဆုံတား ဆရာတော် ဦးနန္ဒမာလာသည် ဒွါဒသနှင့် တေရသဇာတ် အဋ္ဌ ကထာ နိဿယကို လည်းကောင်း၊ ဉာဏာဘိဝံသ ဓမ္မသေနာပတိ မောင်းထောင်သာသနာပိုင် ဆရာတော်သည် ပကိဏ္ဏကဇာတ် အဋ္ဌကထာ နိဿယကို လည်းကောင်း၊ မုံတောဆရာတော်သည် ဝီသတိနှင့် တိံသနိပါတ်ဇာတ် အဋ္ဌကထာ နိဿယကို လည်း ကောင်း၊ ညောင်ကန်ဆရာတော် ဦးကဝိန္ဒသည် စတ္တာလီသနှင့် ပဏ္ဏာသနိပါတ် ဇာတ်အဋ္ဌကထာ နိဿယကို လည်းကောင်း၊ မင်းရွာ ဆရာတော်သည် သဋ္ဌိနှင့် သတ္တတိနိပါတ်ဇာတ် အဋ္ဌ ကထာ နိဿယကို လည်းကောင်း၊ ပထမ ဆင်တဲဆရာတော် ဦးဉာဏသဒ္ဓမ္မသည် အသီတိနိပါတ် ဇာတ် အဋ္ဌကထာနိဿယကို လည်းကောင်း အသီးအသီး ရေးသားပြုစုတော် မူခဲ့ကြလေသည်။

[မှတ်ချက်။ ။ ဆုံတားဆရာတော်သည် နဝကနိပါတ် ဇာတ် အဋ္ဌကထာ နိဿယကိုလည်း ရေးသား၊ကြောင်း ဟသံတ မြစ်ကွေးဆရာတော် ဦးပညာဝံသ၏ မှတ်တမ်းတွင် တွေ့ရသည်။]

ၛင်းပြင် ဘိုးတော်လက်ထက်၌ပင် ဝက်ခုတ်ဆရာတော် ဦးမဏိသည် ဧကနိပါတ်မှ အသီတိနိပါတ်အထိ ဇာတ် အဋ္ဌကထာ နိဿယနှင့် မဟာနိပါတ် (ဇာတ်ကြီးဆယ်ဘွဲ့) ဇာတ် အဋ္ဌကထာ နိဿယပါ ဇာတ်အဋ္ဌကထာ အစအဆုံး နိဿယကို ရေးသား ပြုစုတော်မူခဲ့လေသည်။

ရတနာပုရ တတိယ မြို့တည်နန်းတည် ကုန်းဘောင် ဆင်ဖြူရှင်မင်း လက်ထက် ဒန့်တိုင်ဆရာတော် အရှင်ဂုဏာရံသာ လင်္ကာရသည် မဟာနိပါတ် (ဇာတ်ကြီးဆယ်ဘွဲ့) ဇာတ်အဋ္ဌကထာ နိဿယကို ရေးသား၊တော်မူခဲ့လေသည်။

[ထိုမှတစ်ပါး၊ ဝိဘတ္တိဒီပနီပါဠိ၊ ဝစ္ဆဝါစက ဒီပနီပါဠိ၊ သုတ္တသင်္ဂဟပါဠိတော် နိဿယဟောင်း စသည်တို့ကို ပြုစုသည့် ပင်းယ မဟာဥပါလိဆေရံသည် ဇာတ်ကြီးဆယ်ဘွဲ့ နိဿယကို ရေးသား၊တော်မူခဲ့ကြောင်း ဟသံတ မြစ်ကွေးဆရာတော် ဦးပညာဝံသ၏ မှတ်တမ်းက ဆိုသည်။]

ဇာတ်ဝတ္ထုများ။ ။ ဆရာတော်များသည် ပါဠိမတတ်သော လူပုဂ္ဂိုလ်များအတွက် မြန်မာစကား၊ပြေသက်သက်ဖြင့် ဇာတ်ဝတ္ထုများကိုလည်း ရေးသား၊တော်မူခဲ့ကြသေး၊သည်။ ငါးရာငါးဆယ်ဇာတ်ဝတ္ထု နှစ်စောင် ရှိသည့်အနက် တစ်စောင်မှာ ဒီပဲယင်းမြို့ စီရင်စု မုံတိုင်ပင်ဆရာတော် ရေးသည့် ဇာတ်ဝတ္ထုဖြစ်၍၊ တစ်စောင်မှာ ညောင်ကန်ဆရာတော် ဦးကဝိန္ဒ ရေးသည့်

ဇာတ်ဝတ္ထုဖြစ်သည်။ ၎င်းငါးရာငါးဆယ် ဇာတ်ဝတ္ထုများမှာ ပါဠိဘာသာကို မြန်မာဘာသာသို့ ပြောင်းလဲလျက် ဇာတ်အဋ္ဌကထာကို တိုက်ရိုက် ဘာသာပြန်ဆိုထား၊သည့် ဘာသာပြန် ဝတ္ထုများ ဖြစ်လေသည်။

ဇာတ်ကြီးဆယ်ဘွဲ့။ ။ ၎င်းပြင် သက္ကရာဇ် ၁၁၃၈–၁၁၄၈ ခုနှစ် အတွင်းတွင် မင်းပူးမြို့ လေသာကျောင်းတိုက် ဦးဩဘာသသည် ဘူရိဒတ်နှင့် သုဝဏ္ဏသာမမှ တစ်ပါး ဇာတ်တော်ကြီး ဝတ္ထုများကို စကားလုံး ကြွယ်ကြွယ်ဖြင့် ဖတ်ချင့်စဖွယ် ရေးသား၊ပြုစုတော် မူခဲ့လေသည်။ ဘူရိဒတ် ဇာတ်တော်ကြီး ဝတ္ထုကို ၁၁၃၈–၁၁၄၄ ခုနှစ်တွင် မင်းပူးမြို့ လေသာတိုက် ဦးနန္ဒမေဓာ ရေးသား၊တော်မူသည်။ သုဝဏ္ဏသာမ ဇာတ်တော်ကြီး ဝတ္ထုကို ကား ၁၁၈၈ ခုနှစ်တွင် မင်းပူးမြို့ ရန်ကုန်ကျောင်း ဆရာတော် ဘုရားကြီး၏ တပည့် ရဟန်းတော်တစ်ပါး၊သည် မြစ်ကွေးမြို့ ရောဝတီမြစ် အနောက်ဘက် ကျည်းပင်တက်ရွာ၊ ကျွဲသိုးမြောင်ရွာတို့ အနီး ပုဂံစစ်ရွာ ကျောင်း၌ နေစဉ် ရေးသား၊တော်မူလေသည်။

ဤမှတစ်ပါး ဇာတ်တော်များကို အမျိုးမျိုး ပြန်ဆိုဖွဲ့နွဲ့ ရေးသား၊ကြသည့် စာအုပ်များလည်း အမြောက်အမြား ရှိပေသည်။

ဇာတ်တော်နှင့် မြန်မာ့ယဉ်ကျေးမှု

ပြဆိုခဲ့သည့်အတိုင်း ဇာတ်တော်နှင့် စပ်လျဉ်း၊သည့် စာပေကျမ်းဂန် အမြောက်အမြား ပေါ်ထွက်ခဲ့သည်ကို ထောက်၍ အင်းဝခေတ် သက္ကရာဇ် ၈၀၀ ကျော်လောက်မှစ၍ မြန်မာနိုင်ငံတော်၌ ဇာတ်တော်များ အထူးခေတ်စား၍ သင်ကြား၊လေ့လာကြကြောင်း

သိသာနိုင်ပေသည်။ လွန်ခဲ့သည့် အနှစ်ငါးဆယ်ခန့် (၁၂၆၀ ခုနှစ် တိုင်အောင်ပင်) မြန်မာနိုင်ငံ ဘုန်းတော်ကြီး ကျောင်းများ၌ ဇာတ်သင်ကြားသည့်အလေ့ အထင်အရှား ရှိခဲ့လေသည်။

ထိုသို့ ဇာတ်တော်များကို သင်ကြားလေ့လာခဲ့သဖြင့်လည်း ထိုခေတ်များ တစ်လျှောက်လုံး၌ မြန်မာလူမျိုးများသည် ဘာသာရေး ဘက်တွင်လည်း အခြေခိုင်မြဲလျက်၊ ယဉ်ကျေးမှုဘက်တွင်လည်း တိုးတက်ကောင်းမွန် လာခဲ့ကြလေသည်။ ရှေးခေတ် မြန်မာများသည် ဗုဒ္ဓမြတ်စွာဘုရား၏ ကမ္မဝါဒကို စွဲမြဲစွာ ယုံကြည်ကြလျက် ဗုဒ္ဓဘာသာကို စိတ်ချလက်ချ ကိုးကွယ်ကြလေသည်။ ၎င်းအတွက် ဇာတ်တော်များ၏ ကျေးဇူး များစွာ ပါဝင်လေသည်။

သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက် အကျိုးမဲ့ ပြုသော သူသည် နောက်ဆုံး၌ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရလျက်၊ သူတစ်ပါးအား ကူညီစောင့်ရှောက် အကျိုးဆောင်သော သူသည် နောက်ဆုံး၌ ချမ်းသာသုခနှင့် တွေ့ကြုံရသည် ဟူသော အချက်မှာ ဇာတ်တော်များ၏ လိုရင်းပဓာန ဥပဒေသ ဖြစ်လေရာ၊ ရှေးခေတ် မြန်မာများ အချင်းချင်း ကူညီစောင့်ရှောက်၍ အကျိုးဆောင်လေ့ ရှိကြခြင်းမှာ ဇာတ်တော်၏ လွှမ်းမိုးမှုဟု ဆိုနိုင်ပေသည်။

၎င်းပြင် ဖြောင့်မတ်ခြင်း၊ လုံ့လဝီရိယ ရှိခြင်း၊ ဇွဲကောင်းခြင်း၊ ဆင်ခြင်တုံတရား ရှိခြင်း၊ ကြင်နာတတ်ခြင်းနှင့် ကူညီရိုင်းပင်းခြင်း အစရှိသော ဘုရားအလောင်း၏ စိတ်နေစိတ်ထားနှင့် အမူအရာများသည်လည်း ဇာတ်သင်ကြားသည့် ခေတ်တစ်လျှောက်လုံး၌ မြန်မာများ သန္တာန်သို့ ကူးစက် ပြန့်ပွားခဲ့သည် ဖြစ်သောကြောင့် ရှေးခေတ် မြန်မာများသည် ရိုးသား ဖြောင့်မတ်

၍ လုံ့လဝီရိယ၊ ဇွဲသတ္တိ ရှိကြလေသည်။ အရာရာ၌ ဆင်ခြင်တုံတရား လက်ကိုင်ထားလျက် သနားကြင်နာစွာ အချင်းချင်း ကူညီရိုင်းပင်းလေ့ ရှိကြလေသည်။ အချုပ်အားဖြင့် ဆိုရသော် ဇာတ်တော်များကို သင်ကြားသည့် ခေတ်တစ်လျှောက်လုံး၌ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာလည်း အခြေခိုင်မြဲလျက် မြန်မာ့ယဉ်ကျေးမှုလည်း တိုးတက် ကောင်းမွန်ခဲ့လေသည်။

လွန်ခဲ့သည့် အနှစ် ငါးဆယ်ခန့်မှ နောက်၌ကား လောကဓာတ်ပညာများ၊ လောကဓာတ်ပညာသင်ကျောင်းများ ပြန့်ပွား တိုးတက်လာသောကြောင့် ဘုန်းတော်ကြီး ကျောင်းများ၌ပင် ဇာတ်တော် သင်ကြားလေ့ မပြုကြတော့ပေ။ ဇာတ်တော် သင်ကြားမှု ပပျောက်သွားသည့် အခါမှစ၍ ဗုဒ္ဓမြတ်စွာဘုရား၏ ကမ္မဝါဒကို သေချာစွာ နားလည်စွဲမြဲသူလည်း ယုတ်လျော့လာလျက် ဇာတ်တော်များအားဖြင့် ပုံသွင်း ပြုပြင်ထားသည့် မြန်မာ့မူ၊ မြန်မာ့ဝါဒ၊ မြန်မာ့ယဉ်ကျေးမှုများလည်း တစ်စတစ်စ တိမ်ကော ပပျောက်၍ လာလေရာ ယခုအခါ (ဒုတိယ ကမ္ဘာစစ်ပြီးခေတ်) ၌ကား ဗုဒ္ဓမြတ်စွာဘုရား၏ ကမ္မဝါဒကို တော်လှန်သူ၊ မြန်မာတို့၏ အစဉ်အလာ ယဉ်ကျေးမှုကို တော်လှန်သူများပင် ပေါ်ပေါက်နေသည်ကို တွေ့ရပေသည်။ အချုပ်အားဖြင့် ဆိုရသော် ဇာတ်တော်များကို သင်ကြားခြင်း မပြုသည့် အချိန်မှစ၍ ဘာသာလည်း ဆုတ်ယုတ်လျက် မြန်မာ့ယဉ်ကျေးမှုလည်း ပျက်ပြားလာလေသည်။

ပထမပြန်နှင့် ဇာတ်ပါဠိ

ဤသို့လျှင် နှစ်ပေါင်း ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါးမျှ မြန်မာနိုင်ငံ၌ ဇာတ်တော်သင်ကြားမှုများ ပပျောက်၍ လာခဲ့ရာမှ

ယခုတစ်ဖန် နိုင်ငံတော် အစိုးရအဖွဲ့မှ ကျင်းပပြုလုပ်သည့် ပထမပြန် စာမေးပွဲများတွင် ဇာတ်အဌကထာပါ၌ကို ဘာသာပြန်အတွက် ပထမပြန် ကော်မတီမှ ပြဋ္ဌာန်း သတ်မှတ်လိုက်သောကြောင့် စာမေးပွဲဝင်မည့် ရဟန်း၊ သာမဏေများ ဇာတ် အဌကထာကို သင်ကြားရန် အခွင့်ကြီး ပေါ်ပေါက်လာလေသည်။ ၎င်းမှာ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာ ပြန်လည် ထွန်းသစ်ရန်အတွက်များစွာ အထောက်အပံ့ ဖြစ်စေရုံတွင်မက မြန်မာ့ယဉ်ကျေးမှုကို ပြန်လည် အဖတ်ဆယ်ရန် အတွက်လည်း အထောက်အပံ့ ဖြစ်စေသည့် အခွင့်ကြီး ဖြစ်လေရာ၊ ပထမပြန်ကော်မတီဝင် ပုဂ္ဂိုလ်ကြီးများ၏ အမြော်အမြင် ကြီးပုံကို များစွာ ချီးကျူးထိုက်လှပေသည်။

မြန်မာနိုင်ငံ အရပ်ရပ်ရှိ ဘုန်းတော်ကြီး ကျောင်းများ၌လည်း ဇာတ်တော်များ သင်ကြားမှုကို ပြန်လည် ပြုလုပ်သင့်ပေသည်။ နိုင်ငံတော် အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများ၌လည်း ဇာတ်တော်များ သင်ကြားမှုကို ပြုလုပ်သင့်သည် ဟု သဘောရပေသည်။ ဇာတ်တော်များဟု ဆိုရာ၌ ဇာတ်ကြီးဆယ်ဘွဲ့ကိုသာ ဆိုလိုသည် မဟုတ်ပေ။ ဧကနိပါတ်၊ ဒုကနိပါတ် စသော ဇာတ်တော်များမှ သင့်လျော်ရာ ဇာတ်များကို ရွေးချယ်ထုတ်နုတ်လျက် အဆင့်အတန်းအလိုက် အနည်းဆုံး သုံးဆင့်လောက် ခွဲခြား သင်ကြားထိုက်ပေသည်။

သင်ကြားရာ၌လည်း ဘာသာရေးအတွက်၊ သို့မဟုတ် မြန်မာစာအတွက်ဟု မရည်ညွှန်းဘဲ ယဉ်ကျေးမှုအတွက်၊ သို့မဟုတ် ဗလငါးတန်အတွက် ရည်ညွှန်း၍ သင်ကြားသင့်ပေသည်။

ယခုအခါ လွတ်လပ်သော မြန်မာနိုင်ငံတော်၌ ယဉ်ကျေးမှုဌာန ဟူ၍ပင် ဌာနတစ်ခု သီးခြားထားရှိလျက် မြန်မာ့ ယဉ်ကျေး

မှုများကို ပြန်လည် ထုတ်ဖော် ပြုစုပျိုးထောင်လျက် ရှိသည် ဖြစ်ရာ၊ နိုင်ငံတော် အစိုးရ၏ ယဉ်ကျေးမှုဌာနသည် မြန်မာတို့၏ အနုပညာ အရပ်ရပ်တို့သာ ပြန်လည် ထုတ်ဖော်ရန် မဟုတ်ဘဲ မြန်မာတို့၏ ယဉ်ကျေးမှု ဟူသမျှကို ပြန်လည် ထုတ်ဖော် ပြုစုပျိုးထောင်ရန် ရည်ရွယ်ခြင်း ဖြစ်လျှင်၊ တိမ်ကောနေသော မြန်မာတို့၏ စိတ်ဓာတ်ယဉ်ကျေးမှုအတွက် ဇာတ်တော်များ သင်ကြားခြင်းကို အားပေးထိုက်သည်ဟု သဘောရပေသတည်း။ ။

[မြဝတီ၊ စက်တင်ဘာ ၁၉၅၆]

ယခု ပုံနှိပ်ထားသဖြင့် ထင်ရှားရှိနေသော ပျို့ကဗျာက သုံးပုံတစ်ပုံခန့်သာ ရှိသဖြင့် လွန်စွာ နည်းနေသည်ဟု ဆိုရပေမည်။

တိမ်မြုပ် ပျောက်ကွယ်နေသော ပျို့ကဗျာများတွင် အကြောင်းအရာ အနက်အဓိပ္ပာယ် အားဖြင့် လည်းကောင်း၊ စာပေအရေးအသားအားဖြင့် လည်းကောင်း လွန်စွာ အဖိုးတန်သော စာပေများ များစွာ ပါရှိမည်ဖြစ်ရာ ယင်းသို့ ပျို့ကဗျာစာပေများ တိမ်မြုပ်ပျောက်ကွယ်နေခြင်းမှာ ယခုခေတ် စာပေသမားများအဖို့ လွန်စွာ ဝမ်းနည်းဖွယ်ကောင်းသော ဆုံးရှုံးမှုဟု ဆိုနိုင်လေသည်။ အကယ်၍သာ အဖိုးတန်သော စာပေများအားလုံး ရှိနေမည် ဆိုပါက ယခုခေတ် စာပေသမားများမှာ ဘိုးဘွားမိဘတို့၏ အမွေအနှစ် ရတနာများကို အားလုံး ရရှိထားသော သားသမီးများ ပမာ မော်ကြွားနိုင်ကြပေမည်။ ယခုမူ အစဉ်အဆက် သူဌေးမျိုး ဖြစ်ခဲ့သည့် သူဌေးသားပင် ဖြစ်သော်လည်း ရှေးက ဘိုးဘွားမိဘတို့၏ အမွေအနှစ် ရတနာများကို အကုန်မရသည့် သူဌေးသားများပမာ ရရှိသမျှ ရတနာကလေးများဖြင့် လူမော်လုပ်နေကြရလေသည်။

ယင်းသို့ တိမ်မြုပ်ပျောက်ကွယ်နေသော စာပေရတနာများပင် တောင်ဘီလာ ဆရာတော် သာမဏော ဘဝက ရေးသည့် "စေဿန္တရာ" ပျို့တစ်စောင်လည်း ပါလေသည်။ တောင်ဘီလာ ဆရာတော်မှာ သာမဏောဘဝကလည်း သာမဏောကျော်၊ ပဉ္စင်းအဖြစ် ရောက်ပြန်တော့လည်း ပဉ္စင်းကျော်ဟု ထင်ပေါ်ကျော်ကြားသည့် ထူးခြားသော ပုဂ္ဂိုလ်တစ်ပါး ဖြစ်သဖြင့် သမိုင်းဝင်သည့် ဆရာတို့ကပင် တောင်ဘီလာ ပုဂ္ဂိုလ်ကျော်ဟု "ကျော်" ဟူသော ဝိသေသနဖြင့် သမိုင်းတင်ခဲ့ရသည့် ပုဂ္ဂိုလ်ဖြစ်လေသည်။

တောင်ဘီလာ ဆရာတော်နှင့် ရှင်ဥပါလိ

မြန်မာစာပေလောကၭ ရှေးက ရှိခဲ့ဖူးသော စာပေအတော်များများပင် တိမ်မြုပ်ပျောက်ကွယ်နေကြောင်းကို စာပေလိုက်စားသူတိုင်း သိကြသည်။ မြန်မာစာပေ အမျိုးမျိုး ရှိသည့်အနက် ပျို့ကဗျာလင်္ကာ စာပေ တစ်မျိုးတည်းၭပင် တိမ်မြုပ်ပျောက်ကွယ်နေသော ပျို့ကဗျာပေါင်း အတော်များများ ရှိလေသည်။ သက္ကရာဇ် ၁၂၄၈ ခုနှစ်က မိုင်းခိုင်းအတွင်းဝန် ဦးယဲ စာရင်းပြုလုပ် မှတ်တမ်းတင်ခဲ့သော ပိဋကတ်သမိုင်းအရ ပျို့ကဗျာလင်္ကာပေါင်း ၁၅၇ စောင် ရှိသည်ဟု သိရသော်လည်း ယခုပုံနှိပ်ပြီး ရှိသဖြင့် အများ သိနေကြသော ပျို့လင်္ကာပေါင်းမှာ ငါးဆယ်ကျော်ခန့်သာ ရှိလေရာ ပျို့လင်္ကာပေါင်း တစ်ရာကျော်ခန့် တိမ်မြုပ်ပျောက်ကွယ်နေလေသည်။ ပိဋကတ်သမိုင်းတွင် မပါသော ပျို့ကဗျာလင်္ကာများလည်း ရှိဦးမည် ဖြစ်ရာ အမှန်အားဖြင့် မြန်မာစာပေ အမျိုးမျိုး ရှိသည့်အထဲက ပျို့ကဗျာ စာပေတစ်မျိုးတည်းၭပင် တိမ်မြုပ်ပျောက်ကွယ်နေသော ဦးရေက သုံးပုံ နှစ်ပုံခန့် ရှိပြီး၊

"သမ္မာသမ္မုဒ္ဓ၊ မုနိန္ဒဟု၊ တုရမထင်၊ ဘုရားရှင်ကား၊ မျိုဝ်းပင်အရင်း၊ သင်္ကြာမင်းတိုင့်၊ ဖန်ဆင်းပျော်ရာ၊ နိကြောဓ၌၊ နေခါသရော်..."

စသည်ဖြင့် အစချီ ရေးသားထားသည်ကို တွေ့ရသဖြင့် ယခုပုံနှိပ်ပြီး ရှိနေသော တွင်းသင်းတိုက်ဝန် မဟာစည်သူ ရေးသည့် ဝေဿန္တရာပျို့ မဟုတ်ကြောင်းကား ထင်ရှားသည်။ ပိဋကတ်သမိုင်းတွင် ဝေဿန္တရာပျို့ဟောင်း (တောင်ဘီလာ)၊ ဝေဿန္တရာ ပျို့သစ် (တွင်းသင်းတိုက်ဝန်)၊ ဝေဿန္တရာပျို့ (ဦးနိုး) ဟု ဝေဿန္တရာ ပျို့သုံးစောင် တွေ့ရသဖြင့် တွင်းသင်းနှင့် ဦးနိုး မဟုတ်လျှင် တောင်ဘီလာ ဝေဿန္တရာပျို့ ဖြစ်ဖို့ ရှိသည်။ သို့ရာတွင် ကဝိလက္ခဏဒီပနီ (၁၉၃) ၌ ဝေဿန္တရာပျို့ လေးစောင် ရှိကြောင်း ဆိုထားသဖြင့် တထစ်ချ မပြောနိုင်ပေ။

နိဂုံးတွင် ရေးသူအမည် မပါသော်လည်း "သမ္မာသမ္မုဒ္ဓ၊ မုနိန္ဒဟု၊ တုရမထင်၊ ဘုရားရှင်ကား" ဟု အစချီပိုဒ်တွင် မုနိန္ဒ ဆိုသော စကားကို ထည့်သွင်း စပ်ဆိုထားသည်မှာကား သတိပြု စရာ ဖြစ်သည်။ သမ္မာသမ္မုဒ္ဓလည်း မြတ်စွာဘုရားကို ဆိုသော စကားပင် ဖြစ်သည်။ မုနိန္ဒလည်း မြတ်စွာဘုရားကို ဆိုသော စကားပင် ဖြစ်သည်။ ဤတွင် သမ္မာသမ္မုဒ္ဓ၊ အတုလဟု၊ တုရမထင်၊ ဘုရားရှင်ကား– ဟုဆိုက တုရမထင်ဆိုသော နောက်စကားနှင့် လွန်စွာ ဆီလျော်ပေမည်။ အတုလလည်း မြတ်စွာဘုရားကို ဆိုသော စကားပင် ဖြစ်သည်။ အတုမရှိဟု အဓိပ္ပာယ်ရသည်။ သို့မဟုတ် သမ္မာသမ္မုဒ္ဓ၊ သုဂတဟု၊ တုရမထင်၊ ဘုရားရှင်ကား– ဟု သုဂတဟူသော စကားဖြင့် ဖြစ်စေ စပ်နိုင်သည်။ ဤသို့ မြတ်စွာဘုရားဟု အဓိပ္ပာယ်ရသော အခြားစကားများဖြင့်

သို့ဖြစ်၍ ထိုပုဂ္ဂိုလ်ကျော် ရေးဖွဲ့သည့် ဝေဿန္တရာပျို့မှာ ထူးခြားကောင်းမွန်သည့် စာပေရတနာပင် ဖြစ်မည်ဟု ယုံကြည်ရ၊ မျှော်လင့်ရပေသည်။

ထိုဝေဿန္တရာပျို့ကို ရေးစဉ်က တောင်ဘီလာ ဆရာတော်မှာ သာမဏေအဖြစ်မျှသာ ရှိသေးသည်ဟု ဆိုသော်လည်း နှယ်နှယ် ရရ သာမဏေမျိုး မဟုတ်၊ "ကျော်" ဟူသော ဂုဏ်ထူးတပ်၍ သာမဏေကျော်ဟု ခေါ်ရသော သာမဏေ ဖြစ်သောကြောင့် ထိုပျို့မှာလည်း နှယ်နှယ်ရရ ပျို့မည်ကာမျှ သာမည်ပျို့ မဟုတ်ဟု ခန့်မှန်းနိုင်ပေသည်။ ၎င်းပြင် သာမဏေကျော်ဟု ဖြစ်လာခြင်း အကြောင်းများတွင် ဤဝေဿန္တရာပျို့ကို ရေးသည့် အကြောင်းလည်း တစ်ခုပါဝင်သည်ဟု ယူဆနိုင်သည် ဖြစ်ရာ၊ ဤအယူအဆအတိုင်း မှန်ပါက ဤပျို့မှာ ကျော်လောက်အောင် ပြောင်မြောက်သည့် ပျို့ကောင်းတစ်ဆူ ဖြစ်လိမ့်မည်ဟူ၍ ဆိုနိုင်လေသည်။

ယင်းသို့ သာမဏေကျော်ဟု ထင်ပေါ်ရလောက်အောင် ထူးခြားသော တောင်ဘီလာ ဆရာတော်၏ လက်ရာဟု ယူဆရသည့် ဝေဿန္တရာပျို့ ပေမူတစ်စောင်ကို ကံအားလျော်စွာ တွေ့ရှိရလေသည်။ မကြာသေးမီက မန္တလေး ကဗျာဆရာ မောင်ဝင်းဖေက ဆရာ ဦးဝန် (မင်းသုဝဏ်) ထံသို့ ပေစာများကို (ထန်းခေါက်ဖာနှင့် တစ်လုံး) ပေးပို့လိုက်သဖြင့် ထိုပေများကို ကျွန်ုပ်နှင့် ဆရာကြီး ဦးအုန်းရွှေ (သတ်ပုံအဘိဓာန် ကျမ်းပြု) တို့က စစ်ဆေး ကြည့်ရှုရသည်။ ထိုပေများတွင် ဝေဿန္တရာပျို့ ပေစာနှစ်ခု ပါလာသည်။ တစ်စောင်က ဦးနိုး ရေးသော ဝေဿန္တရာပျို့ ဖြစ်သည်။ တခြားတစ်စောင်က ရေးသူအမည် မပါချေ။

မစပ်ဘဲ မုနိန္ဒဆိုသော စကားကို သုံးထားသည်မှာ ရှင်မုနိန္ဒ ဟောသ ဆိုသော မိမိ၏ ဘွဲ့အမည်ကို ထည့်သွင်းဖွဲ့ဆိုလိုသော ကြောင့် ဖြစ်လေသလားဟု တွေးစရာ ဖြစ်နေလေသည်။

ပျို့စာသားကို အနည်းငယ် လှန်လှော အကဲခတ် ကြည့် သောအခါ–

၁။ ပွင့်လျာ ပွင့်လျာ
၂။ ဆင့်ကာ ဆင့်ကာ
၃။ မြင့်ကြာ မြင့်ကြာ
၁။ အိပ်ပျော်မွေ့တို့ လေသလော။
၂။ တမန်စေတို့ လေသလော။
၃။ ကြောင့်ကြပြေတို့ လေသလော

ဟူ၍ လည်းကောင်း။

၁။ ခေါက်တင် ခေါက်တင်
၂။ နောက်ငင် နောက်ငင်
၃။ ရောက်ချင် ရောက်ချင်
၁။ သက်ကြီး ရှိုက်ငင် ရှိုက်ငင်တည်း။
၂။ ဝဲသို့ လှိုက်ဝင် လှိုက်ဝင်တည်း။
၃။ ဥက္ကောင်း ခိုက်တင် ခိုက်တင်တည်း။

ဟူ၍ လည်းကောင်း။

၁။ မျက်ရည် မျက်ရည်
၂။ ရက်လည် ရက်လည်
၃။ ဆက်ရည် (ရှည်) ဆက်ရည် (ရှည်)
၁။ စကားကြောင်းစမှာ ကြင်စွ။

၂။ မယ်မင်းနာဝ နာကြင်စွ။
၃။ ကိုယ်ကြပ်တူကွ ဝပ် (ပါ) ကြင်စွ။

ဟူ၍ လည်းကောင်း။

၁။ နေ့တိုင်း နေ့တိုင်း
၂။ တွေ့နှိုင်း တွေ့နှိုင်း
၃။ ဝေမှိုင်း ဝေမှိုင်း
၁။ သေရှင် မသိခဲ့တကား။
၂။ မြေတွင် မထိခဲ့တကား။
၃။ ဆွေခင် မသိ (ချိ) ခဲ့တကား။

ဟူ၍ လည်းကောင်း။

ဤသို့ စသည်ဖြင့် စကားအစုံ အစုံ ဖွဲ့သည့် ယမက၊ သုံး ပိုဒ် အချီအချည် ဖွဲ့သည့် ပိုဒ်စုံများကိုပါ ထည့်သွင်းဖွဲ့ဆို ထား သည်ကို တွေ့ရသဖြင့် တက်သစ်စအရွယ် ဖြစ်၍ ကဗျာဂဏ် ကွန့်မြူးထားသည်ဟု တွေးနိုင်ပေသည်။

သို့ရာတွင် နိဂုံး၌ ရေးသူအမည် မပါသဖြင့် တောင်ဘီလာ ဆရာတော် ရေးသော ပျို့ဟု ဆိုဖို့ရန် ခက်နေရာ အခြားသော တောင်ဘီလာဆရာတော် ရေးသည့် လက်ရာများနှင့် တိုက်ဆိုင် အကဲခတ်ရလျှင်ကား အတော်အသင့် ခန့်မှန်းနိုင်လိမ့်မည်ဟု သဘောရသဖြင့် တောင်ဘီလာဆရာတော် ရေးသည့် စာများကို စုံစမ်းထောက်လှမ်း ရှာဖွေရလေတော့သည်။

ဤအတွင်း ပခုက္ကူမြို့ အနောက်ချောက်ကန် အလယ် ကျောင်း၊ သီးသန့် မြန်မာစာဌာန၊ အသျှင် မဟာရေဝတထံတွင် တောင်ဘီလာဆရာတော် ရေးသည့် ဝေဿန္တရာ ဇာတ်အဋ္ဌကထာ နိသျ (ပေစာ) ရှိကြောင်း သိရသဖြင့် မှာယူကြည့်ရှုသောအခါ

ဝစ္ဆဝါစက ဒီပနီပါဠိ၊ ဝိဘင်္ဂတ္ထဒီပနီပါဠိ၊ သုတ္တသင်္ဂဟ ပါဠိတော်နိသျ၊ ဇာတ်ကြီး ဆယ်စောင် အဋ္ဌကထာ နိသျတို့ကို ရေးသားပြုစုသည်ဟု တွေ့ရသည်။ ပိဋကတ်သမိုင်း၌ သဒ္ဒါရုစ်စောင် နိသျနှင့် သုတ္တသင်္ဂဟ ပါဠိတော် နိသျကိုသာ တောင်ဘီလာ ဆရာတော်၏ ဦးရီးအရင်း ရှင်ဥပါလိ စီရင်ကြောင်း ပါရှိသည်။ မဟာနိပါတ် ဇာတ်ကြီးဆယ်ဘွဲ့ နိသျ စီရင်ကြောင်း မပါရှိချေ။ သို့ရာတွင် ကဝိလက္ခဏ ဒီပနီ (၃၀၃) ၌ "မဟာနိပါတ်၊ ဥမင်္ဂဇာတ်၊ မင်းဝံရှင်ဥပါလိမထေရ် ရေးသည့် ရှေးနိသျဟောင်းတွင်" ဟု လည်းကောင်း၊ မုံရွေးဆရာတော်၏ ပါရမီခန်း ပျို့ဋ္ဌိကာ (လင်္ကာနိပ်စက်မူ–၂၀) တွင် "အရှင်ဥပါလိ နိဿယဇာတ်တော်များတွင် အတ္ထိ–ဟိ၏၊ နိတ္ထိ–မဟိဟု အနက် ရေးတော်မူ၏" ဟု လည်းကောင်း တွေ့ရသဖြင့် ရှင်ဥပါလိမထေရ်သည် မဟာနိပါတ် ဇာတ်ကြီးဆယ်ဘွဲ့ အဋ္ဌကထာနိသျ ရေးသားကြောင်း အခိုင်အမာ ဆိုနိုင်လေသည်။

ယခုမူ ဆင်ကောင်ကြီးကို တွေ့ရပြီ ဖြစ်သောကြောင့် ဆင်ခြေရာ ခံနေဖို့ မလိုတော့ချေ။ ဝေဿန္တရာဇာတ် အဋ္ဌကထာနိသျ နိဂုံးတွင်–

"ဣတိ၊ ၏–(ဤသို့)။ ဥပါလိထေရေန၊ (ဥပါလိထေရ်) သည်။ ရစိတံ၊ စီရင်အပ်သော။ ဒသဇာတကံ၊ ဇာတ်ဆယ်ဆောင် (ဇောင်) သည်။" ဟူ၍ လည်းကောင်း၊ "သောတုဇနာနံ၊ ဇာသင်သားတို့ဝ်အား။ အတိဝိယ၊ အလွန်လျှင်။ ဟိတကာမေန၊ အစီးအပွားကို လိုသော။ ဥပါလိထေရေန၊ (ဥပါလိထေရ်) သည်။ ကတော၊ (ရေးသားပြုစုအပ်) သော။ ဒသဇာတက နိဿယော၊ (ဇာတ်

ယင်းနိသျမှာ တောင်ဘီလာ ဆရာတော် ရေးသော နိသျ မဟုတ်ဘဲ အရှင်ဥပါလိထေရ် ရေးသော နိသျ ဖြစ်နေသည်ကို တွေ့ရသဖြင့် ဝေဿန္တရာပျို့ ကိစ္စကို ခဏထားပြီး တောင်ဘီလာ ဆရာတော်နှင့် ရှင်ဥပါလိထေရ်ကို ခွဲခြားဖို့ကိစ္စ ပေါ်လာလေသည်။ [တွေ့ရှိထားသော ဝေဿန္တရာပျို့ကိုကား မုံရွေးဆရာတော်၏ ပါရမီပျို့ဋ္ဌိကာတွင် "တောင်ဘီလာဆရာတော် သာမဏေကာမုနိန္ဒယောသ ခံ၍ ဆိုတော်မူသည် သမ္မာသမ္ဗုဒ္ဓချီ ဝေဿန္တရာ" ဟု (နောက်မှ) တွေ့ရသဖြင့် တောင်ဘီလာဆရာတော် ရေးသော ပျို့ဟု ယာယီမှတ်ထားသည်။ ထိုဝေဿန္တရာပျို့ကို မြန်မာနိုင်ငံသုတေသနအသင်းက ပုံနှိပ်ရန်အတွက် တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး ဘာသာပြန်နှင့် စာအုပ် ထုတ်ဝေရေးဌာန စာတည်းဦးတင်လှ တည်းဖြတ်နေသည်။]

တောင်ဘီလာ ဆရာတော်နှင့် ရှင်ဥပါလိကို ပုဂ္ဂိုလ်အားဖြင့် တစ်ပါးတည်းဟု ထင်မြင်ယူဆ အမှတ်အသား ထားတတ်ကြသဖြင့် တစ်ပါးတည်း ဟုတ် မဟုတ် စိစစ်ဖို့ လိုလိမ့်မည်ဟု သဘောရသည်။ မြန်မာ့စွယ်စုံကျမ်း၌လည်း တောင်ဘီလာဆရာတော်အကြောင်း ဖော်ပြရာတွင်–

"ထိုနောက် စလင်းမြို့သို့ ကြွတော်မူ၍ မြို့အရှေ့မျက်နှာဦးရီးတော် မဟာထေရ်ကျောင်း၌ ဥပါလိဟူသော အမည်ကိုခံ၍ နေတော်မူသည်။" (အတွဲ ၅၊ စာမျက်နှာ ၉၇) ဟု တောင်ဘီလာနှင့် ဥပါလိကို တစ်ပါးတည်းအဖြစ် ဖော်ပြထားသည်ကို တွေ့ရသည်။ ကျွန်ုပ်၏ ကျေးဇူးရှင်ဖြစ်သော ဟင်္သာတမြို့ စတုတ္ထမြစ်ကွေ့ ဆရာတော်၏ မှတ်စုများတွင် တောင်ဘီလာ ဆရာတော်၏ ဦးရီးအရင်း ရှင်ဥပါလိ မဟာထေရ်သည် သဒ္ဒါရုစ်စောင်နိသျ၊

မင်္ဂလာကဗျာ

၁၃၃၁ ခု ကဆုန်လပြည့်ကျော် ၁၁ ရက် (၁၁-၅-၆၉) တနင်္ဂနွေ နေ့က ရန်ကုန်မြို့ ဝိုင်အမ်ဘီအေ အသင်းကြီးက ကျင်းပသည့် အကြိမ် ၂၀ မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုနှင်းသဘင် အခမ်းအနားတွင် အထူးအစီအစဉ် တစ်ရပ်အဖြစ် ဖြင့် ကျွန်တော့်ကိုလည်း မင်္ဂလာ ကဗျာကလေးများကို ရေးခဲ့သည့် အတွက် ဥဏ်ပူဇော်သောအားဖြင့် ဝိုင်အမ်ဘီအေ အသင်းကြီး က ဆငွေ ၂၅၀ ချီးမြှင့်လေသည်။

ထိုအကြောင်းမှာ သတင်းစာများတွင် ပါသဖြင့် အချို့ မိတ်ဆွေများက ကျွန်တော်နှင့် တွေ့သောအခါ မေးကြသည်။ မိတ်ဆွေ တော်တော်များမှာ မင်္ဂလာ ကဗျာကလေးများကို ကလေး တွေ ဆိုနေသဲကြား၍ သဘောကျနေသော်လည်း ကျွန်ုပ် ရေးမှန်း ကိုကား ယခုမှ သိသည်ဟု ဆိုလေသည်။ မင်္ဂလာ ကဗျာ အကြောင်း မေးကြသော မိတ်ဆွေတိုင်းကပင် ဒီကဗျာကလေး တွေကို ရေးတာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်တုန်းက ရေး တာလဲဟု မေးကြသည်။ မင်္ဂလသုတ် ပါဠိတွေ၊ အနက်တွေ ဆိုလျှင် ကျက်ဖို့လည်း ဝန်လေးသည်။ ဆရာက ကျက်ခိုင်းလို့

ဆယ်စောင်နိသျ) သည်။ သတ္တနဝကာဓိကဋ္ဌသတ သက္က ရာဇေ၊ ၉၇ နှစ်ခု အလွန်ရှိသော ၈၀၀ သော သက္ကြစ်၌ ... နိဋ္ဌိတော၊ ပြီး၏။" ဟူ၍ လည်းကောင်း အသေအချာ ပါ ရှိလေသည်။

တောင်ဘီလာ ဆရာတော်သည် သက္ကရာဇ် ၉၄၀ ပြည့် တွင် ဖွားတော်မူသည်ဟု ဆိုသည်။ ဤဝေဿန္တရာ ဇာတ်အဋ္ဌ ကထာ နိဿကို သက္ကရာဇ် ၈၉၇ ခုနှစ်က ရေးပြီးသည် ဆိုသဖြင့် တောင်ဘီလာ ဆရာတော် ဖွားတော်မမူမီ နှစ်ပေါင်း လေးဆယ် ကျော်လောက်ကပင် ဆရာတော် အရှင်ဥပါလိမထေရ် ရေးသား ပြီးသည်ဟု ဆိုရပေမည်။

ဤစကားများကို ထောက်၍ ဥပါလိ ဆိုသည်မှာ တောင် ဘီလာ ဆရာတော်၏ အမည် မဟုတ်ဘဲ တောင်ဘီလာ ဆရာ တော်၏ ဦးရီးတော်အရင်း ဖြစ်သော မဟာထေရ်၏ ဘွဲ့အမည် ဖြစ်ကြောင်း ကောင်းစွာ သိနိုင်လေသည်။

[ဌေတာရီ၊ စက်တင်ဘာ ၁၉၇၀]

ကျက်ရသည် ဆိုဦး၊ ဆိုချင်ကြမည် မဟုတ်။ အဓိပ္ပာယ်ကိုလည်း နားလည်ကြမည် မဟုတ်။ ဒီကဗျာကလေးတွေကတော့ ဆိုလို့ ကောင်းသဖြင့် ကလေးတွေ ကျက်ချင် ဆိုချင်ကြသည်၊ အဓိပ္ပာယ် ကိုလည်း နားလည်နိုင်ကြသည် စသည်ဖြင့် ချီးကျူးစကား ပြော ကြသည်။

အထူးအားဖြင့် ကဗျာဆရာ ကိုရင်ဂျမ်းကမူ မင်္ဂလာ ကဗျာ ကလေးများမှာ တောရွာများအထိ ပျံ့နှံ့ကြောင်း၊ ကလေးများ အတွက် အလွန်ကျေးဇူးများကြောင်း၊ မန္တလေး ဆရာအတတ် သင်ကျောင်းက မင်္ဂလာကဗျာကို သီချင်းရေးသားပြီး အရပ်ဒေသ အတော်များများကို ပျံ့အောင် လုပ်ခဲ့ကြောင်း ပြောကြားပြီး အလွန် ကျေးဇူးများသော ကဗျာကလေးဖြစ်၍ ဘယ်တုန်းက ရေးသည်၊ ဘာကြောင့် ရေးသည် စသည့် မင်္ဂလာကဗျာ ဖြစ်လာပုံအကြောင်း ကို ဆောင်းပါးရေးရန်ပင် တိုက်တွန်းလေသည်။ ကဗျာဆရာ ကိုရင်ဂျမ်း၏ တိုက်တွန်းချက်ကြောင့်ပင် ဤဆောင်းပါးကို ရေးသားဖြစ်ခြင်း ဖြစ်သည်။

မင်္ဂလာကဗျာ ဖြစ်ပေါ်လာသည်မှာ ၁၉၅၀ ပြည့်နှစ် (လွန် ခဲ့သော အနှစ် ၂၀) က ဖြစ်သည်။ ထိုအချိန်မှာ လွတ်လပ်ရေး ရပြီးစ၊ စစ်ဒဏ်ကြောင့် ပြာပုံဘဝ ရောက်နေသော တိုင်းပြည်ကြီး ကို အဘက်ဘက်က ပြန်လည် ထူထောင်နေသော အချိန်ဖြစ် သည်။ ထိုအချိန်တွင် ရန်ကုန်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်ကြီး (ဝိုင် အမ် ဘီ အေ) က ကလေးသူငယ်များအား မြန်မာ့ပုံစံ ယဉ်ကျေးမှုပုံမှန်အတိုင်း ကြီးပွားလာစေရန် ရည်ရွယ် ချက်ဖြင့် မင်္ဂလာတရားတော် ပြန့်ပွားရေးကို အပူတပြင်း စတင် ဆောင်ရွက်လျက် ရှိလေသည်။ ရန်ကုန်မြို့ပေါ်နှင့် ဆင်ခြေဖုံး

အရပ်ရှိ စာသင်ကျောင်းများတွင် မင်္ဂလသုတ်ကို ဟောပြောခြင်း၊ ဆရာများ စေလွှတ်၍ သင်ကြားပို့ချခြင်းများ ပြုလုပ်ပြီး မင်္ဂလာ တရားတော် စာမေးပွဲ ကျင်းပပေးလေသည်။ စာမေးပွဲ ကျင်းပ ပြီးနောက် ပထမဆုံး မင်္ဂလာတရားတော် စာမေးပွဲ ဆုနှင်းသဘင် ကို ထိုနှစ် (၁၃၁၁ ခု၊ တန်ခူးလဆန်း ၂ ရက်၊ ၁၉၅၀ ပြည့်) မတ်လ ၁၉ ရက် တနင်္ဂနွေနေ့တွင် နိုင်ငံတော်သမ္မတကြီး အိမ် တော်၌ ကျင်းပခဲ့လေသည်။

ယင်း မင်္ဂလာ ဆုနှင်းသဘင် အခမ်းအနား မတိုင်မီ တစ် ရက် နှစ်ရက်လောက်တွင် ဝိုင် အမ် ဘီ အေ အသင်းကြီး၏ နာယကဖြစ်သော မီးရထားကုန်ရုံ ဝန်ထောက် ဦးဘသန်းက ကျွန်ုပ်အား သမ္မတကြီးအိမ်တော် မင်္ဂလာ စာမေးပွဲ ဆုနှင်းသဘင် သို့ ဆုယူဖို့ ကျောင်းသားတွေ သွားသောအခါ ဆိုသွားရအောင် မင်္ဂလသုတ် ပါဋိဂါထာများ၏ အဓိပ္ပာယ်ကို ဆိုလို့ကောင်းသည့် ကဗျာကလေးတွေ ရေးပေးစမ်းပါဟု ခိုင်းလေသည်။ အချိန်နီးကပ် နေသော်လည်း မင်္ဂလသုတ်စာမေးပွဲ ဆုနှင်းသဘင်အတွက် အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသောကြောင့် ခိုင်းသည့်နေ့ ၌ပင် အားလုံး ရေးပြီးသွားလေသည်။ မင်္ဂလသုတ် ပါဋိဂါထာ တစ်ပုဒ်ကို သူ့အဓိပ္ပာယ်အတိုင်း ကလေးများ နားလည်အောင် ကဗျာတစ်ပုဒ် ပြန်ဆိုရေးသားသဖြင့် ကဗျာ ၁၁ ပုဒ် ရသည်။ ထိုနေ့ ညတွင် ဦးဘသန်း ရောက်လာသဖြင့် ဖတ်ပြရာ အချို့ စကား နှစ်လုံး သုံးလုံးကို သဘောမကျ ဖြစ်နေသဖြင့် သူ သဘော ကျသည့်အတိုင်း ပြင်ရေးပေးရသည်။

ဦးဘသန်းသည် ကဗျာကလေးများကို ညတွင်းချင်းပင် စာကူးစက်ဖြင့် လှည့်ပြီး ရန်ကုန်နယ်နိမိတ်အတွင်းရှိ ကျောင်း

များသို့ သွားပြီး ရွတ်ဆိုပြသည် ဟု သိရသည်။ နောက်တစ်နေ့ (၁၃၁၁ ခု တန်ခူးလဆန်း ၂ ရက်) နံနက် ၇ နာရီလောက်တွင် ရန်ကုန်နယ်နိမိတ်အတွင်းရှိ ကျောင်းများမှ မင်္ဂလာစာမေးပွဲ အောင်သော ကျောင်းသားများ ဘတ်စ်ကားကြီးတွေဖြင့် မင်္ဂလာ ကဗျာကလေးများကို ဆိုပြီး သမ္မတကြီး အိမ်တော်သို့ လာကြရာ တစ်မြို့လုံး မင်္ဂလာ ကဗျာသံတွေ လွှမ်းသွားသည်ဟု ထင်ရသည်။ အချိန်ကျ၍ မင်္ဂလာဆုပေးရန် သမ္မတကြီး ထွက်လာသော အခါ၌လည်း အိမ်တော်ရှေ့ မြက်ခင်းပြင် မင်္ဂလာဆုနှင်းသဘင် ကျင်းပရာ အခမ်းအနား၌ တစ်မြို့လုံးရှိ ကျောင်းသားများနှင့် ဧည့်ပရိသတ် လူကြီးများပါ အားလုံး မတ်တတ်ရပ်ပြီး မင်္ဂလာ ကဗျာများကို ရွတ်ဆိုကြသည်။

ထိုအခါမှစ၍ ရန်ကုန်မြို့ရှိ စာသင်ကျောင်းများတွင် ဝိုင်အမ်ဘီအေ မင်္ဂလာ စာမေးပွဲအတွက် မင်္ဂလာ ကဗျာကလေးများကို သင်ကြားပေးလေသည်။ ထိုမှ နောက်၌ကား မြန်မာပြည် အရပ်ရပ်ရှိ ကျောင်းများတွင်လည်း သင်ကြားပေးကြလေသည်။ ဤသို့ဖြင့် မင်္ဂလာ ကဗျာကလေးများမှာ တစ်ပြည်လုံး ပျံ့နှံ့သွားလေသည်။ မင်္ဂလာစာမေးပွဲ မဝင်သော ကျောင်းသားကလေးများလည်း မင်္ဂလာကဗျာကို ရွတ်ဆိုနေကြလေသည်။

ကျွန်ုပ်တို့ ငယ်စဉ်က–

အသေဝနာစ ဗာလာနံ၊
ပဏ္ဍိတာ နဉ္စ သေဝနာ၊
ပူဇာစ ပူဇနေယျာနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

ဆိုသော မင်္ဂလသုတ် ပါဠိကို အလွတ်ကျက်ခဲ့ရသည်။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဗာလာနံ၊ လူမိုက်တို့ကို။ ယာအသေဝနာစ၊ အကြင် မမှီဝဲ မဆည်းကပ်ရခြင်းသည် လည်းကောင်း။ ပဏ္ဍိတာနံ၊ ပညာရှိတို့ကို။ ယာသေဝနာစ၊ အကြင် မှီဝဲ ဆည်းကပ်ရခြင်းသည် လည်းကောင်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သော သူတို့ကို။ ယာပူဇာစ၊ အကြင် ပူဇော်ရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသော မင်္ဂလာ တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာ မည်၏ ဟူ၍။ တွဲ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

ဟူသော အနက်ကိုလည်း အလွတ်ကျက်ခဲ့ရသည်။ ဆရာဘုန်းကြီးကို ကြောက်၍ အော်ကျက်ခဲ့ကြရသော်လည်း စိတ်ပါလှသည် မဟုတ်ချေ။ အဓိပ္ပာယ်ကိုလည်း နားမလည်ချေ။ ယင်းဂါထာကို–

လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့
မမှီဝဲနဲ့ ကင်းအောင်နေ၊
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ၊
သုံးပါးရတနာ မိဘများနှင့်
ဆရာသမားကို ပူဇော်လေ၊
ချမ်းသာကိုပေး ဆက်ဆံရေး
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။ ။

ဟု ကဗျာကလေး ဖွဲ့ထားသဖြင့် ကျောင်းသားများ စိတ်ပါ လက်ပါ ဆိုကြလေသည်။

မင်္ဂလာ ကဗျာကလေးများသည် မြန်မာတစ်ပြည်လုံး (ပြည်မ) ရှိ ကျောင်းများသာမက တောင်တန်း သာသနာပြု အဖွဲ့၏ ကျေးဇူးကြောင့် ချင်းတောင် အစရှိသည့် ပြည်နယ်များအထိ ပျံ့နှံ့နေကြောင်း သိရသည်။ မင်္ဂလာ ကဗျာကလေးများကို သုဓမ္မဝတီ စာပုံနှိပ်တိုက်က စာအုပ်ကလေး ရိုက်နှိပ်ထားသည် ဖြစ်ရာ အုပ်ရေပေါင်း သိန်းနှင့်ချီပြီး ရိုက်နှိပ်ဖြန့်ဖြူးရကြောင်း သိရသည်။ သုဓမ္မဝတီ ပုံနှိပ်တိုက်သည် မင်္ဂလာကဗျာ ရိုက်နှိပ်သည့် စာဖောင်ကို မဖျက်ဘဲ စက်အားသော အချိန်တိုင်း တင်၍ ရိုက်နှိပ်နေကြောင်း သိရသည်။

မင်္ဂလာ ကဗျာကလေးများမှာ ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းတွင်သာ မကဘဲ ပြည်ပသို့ပင် ရောက်ရှိနေကြောင်း အဲ့သြဝမ်းမြောက်စွာ သိရသည်။ သိရပုံကား ဤသို့ ဖြစ်သည်။

၁၃၂၀ ပြည့် ဒုတိယဝါဆိုလ (၁၉၅၈ ခု၊ ဇူလိုင်လ) လောက်က ဦးဘလှိုင်နှင့် ဦးချစ်ဖေ ဆိုသော မိတ်ဆွေနှစ်ယောက် ကျွန်ုပ်ထံသို့ ရောက်လာကြသည်။ သူတို့နှင့်အတူ မျက်နှာစိမ်း ဧည့်သည်တစ်ယောက်လည်း ပါလာသည်။ မျက်နှာစိမ်း ဧည့်သည်မှာ ကမ္ဘောဒီးယားက ခေတ္တ လာရောက်သော ဦးပန်ချာ ခေါ် ဦးပန်းကျော် ဖြစ်ကြောင်း၊ ဦးပန်းကျော်မှာ ကမ္ဘောဒီးယားနိုင်ငံ ဓမ္မစရိယ ဝတ်အသင်း၏ ဦးဆောင်ပုဂ္ဂိုလ် တစ်ယောက်ဖြစ်ကြောင်း မိတ်ဆွေများက မိတ်ဆက်ပေးသဖြင့် သိရသည်။ ကျွန်ုပ်ထံ လာသည့်ကိစ္စကား ကမ္ဘောဒီးယားနိုင်ငံ ဓမ္မစရိယ ဝတ်အသင်းတွင် ရွတ်ဆိုနေသော ဝတ်ရွတ်စဉ် စာများကို စာအုပ်ရိုက်နှိပ်လို သဖြင့် တည်းဖြတ်သုတ်သင်ပြီး စာအုပ်ဖြစ်အောင် ဆောင်ရွက်ပေးရန်အတွက် ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဝတ်အသင်း ရှိသည်။ အမြဲ ရွတ်နေကြသည်ဟု သိရသဖြင့် ဝမ်းသာအားရဖြစ်ကာ တတ်နိုင်သမျှ ကူညီလိုသဖြင့် ဆောင်ရွက်ပေးပါမည် ဟု ဝမ်းမြောက်စွာပင် တာဝန်ယူလိုက်သည်။ ဝမ်းမြောက်စွာ တာဝန်ယူလိုက်သော်လည်း ကမ္ဘောဒီးယားတွင် ရွတ်ဆိုသည့် ဝတ်ရွတ်စဉ် ဆိုသဖြင့် မိမိ မကြားဖူးသော စာတွေများ ဖြစ်နေပါက တည်းဖြတ် သုတ်သင်ဖို့ အခက်တွေ့လေမည်လားဟု တွေးမိသဖြင့် ဦးပန်းကျော်ယူလာသော ဝတ်ရွတ်စဉ် စာမူများကို အနည်းငယ် လှန်လှောကြည့်ရာ၊ ကျွန်ုပ်တို့ မြန်မာနိုင်ငံ ဝတ်အသင်းများ ရွတ်ဆိုကြသည့် ပရိတ်နှင့် ပရိသတ်အမွှမ်းမျိုးစုံ ဝတ်ရွတ်စဉ်များပင် ဖြစ်သည်ကို တွေ့ရလေသည်။

ယင်းဝတ်ရွတ်စဉ် မာတိကာ၌ မင်္ဂလာကဗျာဟု ပါသည်ကို တွေ့ရသဖြင့် "အင်း... ကမ္ဘောဒီးယားမှာလည်း မင်္ဂလာကဗျာ ရှိပါကလား" ဟု တွေးပြီး ထိုမာတိကာအရ စာသားကို လှန်ကြည့်ရာ ကျွန်ုပ် ရေးသည့် မင်္ဂလာ ကဗျာများပင် ဖြစ်နေသည်ကို တွေ့ရသဖြင့် အဲ့အားသင့်မိသည်။ ကျွန်ုပ်က မအောင့်နိုင်ဘဲ 'ဒီ မင်္ဂလာကဗျာကိုလည်း ဦးပန်းကျော်တို့ ဝတ်အသင်းမှာ ရွတ်ဆိုတာပဲလား' ဟု မေးရာ ဦးပန်းကျော်က 'ရွတ်တယ် ဆရာ၊ ဟာ့... ဒီစာကို မိန်းမတွေက သိပ်ကြိုက်တယ်' ဟု အသံခပ်ဝဲဝဲဖြင့် ပြောလေသည်။

မြန်မာနိုင်ငံ၌လည်း မင်္ဂလာ ကဗျာကလေးများကို ကလေးများသာ မဟုတ်၊ လူကြီးများကလည်း သဘောကျကြသည်ဟု သိရသည်။ ဤဆောင်းပါး အစတွင် ဖော်ပြခဲ့သည့်အတိုင်း မန္တလေး ဆရာအတတ်သင်ကျောင်းက မင်္ဂလာ ကဗျာကလေးများကို–

(လူမိုက်ဆိုရင် ရှောင်သွေလွဲလို့၊ ပညာရှိမှ ဆည်းကပ်ကြစေ။ ငါးဖြာအနန္တ၊ နေ့ညပူဇော်လေ။ ကုသိုလ်, ပညာ, ဥစ္စာ ရရာနေ)[၂]။ ပြုဖူးခဲ့တဲ့ ရှေးကကောင်းမှု ရှိပါစေ၊ မိမိကိုယ်ကို ကောင်းအောင် အမြဲနေ၊ ကောင်းသော ဗဟုသုတ ပြည့်ဝစေ၊ ဝမ်းစာရေးအတွက် အသက်မွေးဝမ်းကျောင်း ကောင်းစွာ မှန်ကန်စေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

စသည်ဖြင့် သီချင်းရေးပြီး ဆရာအတတ်သင် ကျောင်းသူ ကျောင်းသားများကို သင်ပေးကြောင်း၊ ထိုကျောင်းသူ ကျောင်းသားတို့က နယ်အနှံ့အပြားတွင် တစ်ဖန် သီဆိုဖြန့်ဖြူးကြောင်း ကဗျာဆရာ ကိုရင်ဂျမ်းထံမှ သိရသည်။ တစ်ခါက ရန်ကုန်မြို့ ဗဟန်းရပ် ဘုန်းတော်ကြီး ဦသကျဝံသက မင်္ဂလာ ကဗျာကလေးများကို သူ့အသွားအတိုင်း အင်္ဂလိပ်ကဗျာကလေးများ ပြန်ဆိုရေးသားပြီး ကလေးများအား သင်ကြားပေးသည်ကိုလည်း တွေ့ခဲ့ရဖူးသည်။ ၁၉၆၉ ဇွန်လထုတ် ငွေတာရီမဂ္ဂဇင်းတွင် ရှမ်းပြည်နယ် တောင်ပိုင်း ပဲရင်းတောင် ဆရာတော်က မင်္ဂလာ ကဗျာကလေးများကို သူ့အသွားအတိုင်း ပအိုဝ့်ဘာသာဖြင့် ပြန်ဆိုပြီး ကဗျာရေးသားထားကြောင်း ဆရာရန်အောင်၏ "မြေခြား ဖောင်တော်ဦး" ဆောင်းပါးတွင် ဖတ်လိုက်ရသည်။

ကလေးများကို မင်္ဂလာကဗျာ သင်ပေးသော ကျောင်းအုပ်ဆရာကြီး တစ်ယောက်က မင်္ဂလာ ကဗျာကလေးများကို သူကိုယ်တိုင် အလွန် သဘောကျကြောင်း၊ အထူးအားဖြင့် ဖုဋ္ဌသလောကဓမ္မေဟိ ဂါထာကို ဖွဲ့ဆိုထားသည့်–

ဆင်းရဲချမ်းသာ သဘာဝ
တွေ့ကြုံနေကျ လူတိုင်းပေ၊

ကောင်းဆိုးနှစ်တန် အစုံတွဲလို့
တလဲစီလဲ့ အမြဲနေ၊
လောကဓံကြုံ မဖြုန်တမ်းပေါ့
မတုန်စမ်းနဲ့ စိတ်ခိုင်စေ၊
သောကကိုထိန်း ရမ္မက်သိမ်း
အေးငြိမ်းချမ်းသာ နေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

ဆိုသော ကဗျာကို အလွန် သဘောကျကြောင်း ကျွန်ုပ်ထံ စာရေးဖူးသည်။

အများ သိပြီး ဖြစ်သည့်အတိုင်း မင်္ဂလာတရားတော်မှာ ဘာသာရေးတရား သက်သက် မဟုတ်။ ပေါင်းသင်းဆက်ဆံရေး၊ နေထိုင်ရေး၊ စီးပွားရေး၊ ပညာသင်ကြားရေး၊ မိသားစုစိတ်ဓာတ် ဖြစ်ပေါ်ရေး၊ စည်းရုံးရေး၊ စိတ်ဓာတ်ခိုင်မာရေး စသည့် မြန်မာ့လူ့ဘောင်လောက၏ အခြေခံအချက်များ ပါဝင်လျက် ရှိလေသည်။ ထိုအချက်များမှာ မြန်မာနိုင်ငံ၌ မည်သည့်ခေတ်တွင် မဆို အသုံးဝင်သည့် အချက်များ ဖြစ်သည်။ သို့ဖြစ်၍ မင်္ဂလာ ကဗျာကလေးများသည် ယခု ဖော်ပြသည့် ပေါင်းသင်းဆက်ဆံရေး စသော မြန်မာ့ယဉ်ကျေးမှုအတွက် ထာဝစဉ် အထောက်အကူ ပြုနေလိမ့်မည်ဟု ကောင်းစွာ ယုံကြည်ထားပေသည်။ ယင်းသို့ မြန်မာ့ယဉ်ကျေးမှုအတွက် မင်္ဂလာ ကဗျာကလေးများ အသုံးဝင်နေခြင်းမှာ ကျွန်ုပ်အတွက် တန်ဖိုးမဖြတ်နိုင်သော ဆုလာဘ်ပင် ဖြစ်သည်။ ဝိုင်–အမ်–ဘီ–အေ အသင်းကြီက ကျွန်ုပ်အား ဉာဏ်ပူဇော်ခ ဆုငွေချီးမြှင့်ခြင်းမှာလည်း တန်ဖိုး မဖြတ်နိုင်သော

နိဂုံး

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့
ပျက်ပြားနေကြ ကမ္ဘာမြေ
ဟိုတိုင်း ဒီပြည် ရန်စစ်ခင်းလို့
လူနှင့်လူချင်း သတ်ကာနေ၊
ငြိမ်းချမ်းပါစေ အာသီသနှင့်
စွမ်းနိုင်ရာက ကူညီသလေ
သုံးဆယ့်ရှစ်ပါး မင်္ဂလာတရား
ရေးသားဖြန့်ကာ ဝေ၊
အဖိုးတန်တဲ့ ဗုဒ္ဓဝါဒ ကမ္ဘာက သိပါစေ။

[ဇွတ်ရီ၊ ဒီဇင်ဘာ ၁၉၆၉]

အဆိုပါ ဆုလာဘ်၏ အထိမ်းအမှတ်သာ ဖြစ်သည်ဟု ယူဆလိုပေသည်။

ဖော်ပြခဲ့သည့်အတိုင်း မင်္ဂလသုတ် ပါဠိဂါထာ တစ်ပုဒ်ကို ကဗျာတစ်ပုဒ် သီကုံးထားသဖြင့် မင်္ဂလသုတ်ဂါထာ ၁၁ ပုဒ် အတွက် ကဗျာ ၁၁ ပုဒ်၊ နောက်ထပ်ဖြည့်သော (ယခု ဆောင်းပါး အဆုံးတွင် ပါသည့်) နိဂုံးကဗျာနှင့်မှ စုစုပေါင်း ကဗျာကလေး ၁၂ ပုဒ်သာ ရှိသဖြင့် စာအုပ်ကလေးမှာ အလျား ၄ လက်မ၊ အနံ ၃ လက်မအရွယ် စာမျက်နှာ ၁၂ မျက်နှာသာ ရှိသည့် စာအုပ်ငယ်ကလေး ဖြစ်သဖြင့် မြန်မာပြည် ဆုရစာအုပ် ရာဇဝင်တွင် ဤမင်္ဂလာကဗျာ စာအုပ်ကလေးမှာ အငယ်ဆုံး ဆုရစာအုပ်ကလေး ဖြစ်သည်ဟု ဆိုနိုင်သည်။ မင်္ဂလာ ကဗျာကလေးကို ရေးခဲ့သည်မှာ နှစ်ပေါင်း ၂၀ ရှိလေပြီ။ ရေးပြီးနောက် အနှစ်နှစ်ဆယ် ကြာမှ ဆုရခြင်းမှာလည်း ထူးခြားချက်တစ်ခု ဖြစ်သည်ဟု ဆိုရပေမည်။ နှစ်ပေါင်းနှစ်ဆယ် အတွင်းတွင် မင်္ဂလာ ကဗျာကလေးများသည် ထောင်ပေါင်းများစွာသော ကလေးသူငယ်များ၏ နှုတ်ထဲသို့ ရောက်နေခဲ့လေပြီ။ မင်္ဂလာကဗျာကို နှုတ်ရဆိုဖူးသော ကလေးသူငယ်ပေါင်း ထောင်ပေါင်းများစွာ ရှိခဲ့လေပြီ။ ကျွန်ုပ်သည် မင်္ဂလာကဗျာ ရေးပြီး အနှစ်နှစ်ဆယ် ကြာမှ ဆုရသကဲ့သို့ပင် မြန်မာပြည်ရှိ ထောင်ပေါင်း များစွာသော ကလေးသူငယ်များသည် သင်ရသည့် အခိုက်အတန့်မျှ နှုတ်တွင် ရသည်ဆိုစေဦး၊ နောင် နှစ်ပေါင်းနှစ်ဆယ်လောက် ရှိသောအခါ မိမိတို့ ရဖူးသည့် မင်္ဂလာကဗျာအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုလာဘ်များကို မုချ ရကြလိမ့်မည်ဟု ယုံကြည်ပါသတည်း။

ရတု၊ ပေစာ (ဂေါ်၊ ဂံချပ်) တို့က ရှင်တေဇောသာရ ရေးဟု ခေါင်းတပ်ထားသဖြင့် အချို့က ရှင်တေဇောသာရ ရေးသော ရတုဟု ဆိုသည်။ ဤကဲ့သို့ပင် စာခေါင်းတပ် မတူကွဲလွဲနေသော စာများ အတော်များများ ရှိနေသည်ကို စာပေလိုက်စားသူတို့ သိပြီး ဖြစ်သည်။

ယောဘုယျသဘောကို ပြောရလျှင် ရှေးက စာပေကို ဖတ်ရှုလေ့လာရာ၌ မည်သူ ရေးသည်ဆိုသော အချက်မှာ အဓိက မဟုတ်ဘဲ စာ၏အရည်အသွေးကိုသာ အဓိက ထားကြလေသည်။ ယခုခေတ်၌ကား ထိုသို့ မဟုတ်ချေ။ ယခုခေတ်၌ စာပေကို အရသာခံပြီး ဖတ်ဖို့လောက်သာ သဘောမထားဘဲ ခေတ်အကြောင်း၊ လူအကြောင်းကို လေ့လာရန်ပစ္စည်း အဖြစ်လည်း သဘောထားလာကြလေသည်။ စာပေဆိုသည်မှာ ရေးသားဖွဲ့ဆိုထားသည့် အကြောင်းအရာကို သိရုံ၊ ရေးသားဖွဲ့ဆိုပုံ အရည်အသွေးကို လေ့လာ ခံစားရုံလောက်သာ အသုံးဝင်သည် မဟုတ်။ ထိုစာပေါ်ပေါက်သည့် ခေတ်အကြောင်းကိုလည်း တစေ့တစောင်း လေ့လာနိုင်ရုံတွင်မက စာဆိုပုဂ္ဂိုလ်၏ အကြောင်းကိုပါ အကဲခတ်နိုင်သည့် မှတ်ကျောက်သဖွယ် ဖြစ်လေသည်။ ခေတ်အကြောင်းကို လေ့လာသည့် သမိုင်းသုတေသီ ပုဂ္ဂိုလ်များလည်း စာပေကို လက်မလွတ်နိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် စာပေ၌ ထိုခေတ်၏ အလေ့အထ အသုံးအနှုန်း စသည့် သမိုင်းနှင့်ဆိုင်သော အချက်များ ပါတတ်သောကြောင့် ဖြစ်သည်။ စာဆိုပုဂ္ဂိုလ်တို့၏ အကြောင်းကို လေ့လာသော သုတေသီ ပုဂ္ဂိုလ်များ အတွက်မှာကား အထူးပြောရန်ပင် မလိုတော့ပေ။ စာဆိုတစ်ယောက်၏ အကြောင်းကို

ကင်းဝန်မင်းကြီးစာ မဟုတ်ပါ

ဤအကြောင်းကို တစ်နေ့နေ့တွင် ထုတ်ဖော်မည်ဟု ကြံခဲ့သော်လည်း အကြောင်း မပေါ်ပေါက်သဖြင့် မထုတ်ဖော်ဖြစ်ခဲ့ပါ။ ထုတ်ဖော်မည်ဟု ကြံခဲ့ခြင်းမှာလည်း အခြားကြောင့် မဟုတ်၊ နောင်လာ နောက်သား စာပေသုတေသနသမားတို့ အမှတ်အသား လွဲမည်ကို စိုးသောကြောင့် တစ်ကြောင်း၊ အမည်တပ်ခံရသော ကင်းဝန်မင်းကြီး၏ ဂုဏ်ကို ထိခိုက်မည် စိုးသောကြောင့် တစ်ကြောင်း ဖြစ်သည်။

မြန်မာစာပေနယ်၌ ခေါင်းတပ် လွဲမှားသဖြင့် စာပေသမားတို့ အမှတ်အသား မှားနေသောစာများ ရှိသည်။ သာဓက ပြရသော် "နှစ်ကူးလည်၍" ချီသောရတုကို ကဗျာသာရတ္ထ ၂၇၇။ မြန်မာစာညွှန့်ပေါင်း (ပ) ၆၆။ ကဗျာညွှန့်ပေါင်း ၆၄ တို့က ရှင်မဟာရဋ္ဌသာရ ရေး ဟု ခေါင်းတပ်ထားသဖြင့် အချို့က ရှင်မဟာရဋ္ဌသာရ ရေးသော ရတုဟု ထင်မှတ် ပြောဆိုနေကြသည်။ ပေါရာဏကထာဋ္ဌီကာ ၁၄၂။ လက်ဝဲနော်ရထာ စုသည့် စာဆိုတော်များ ရတုပေါင်းချုပ် ၆၄။ ရှိမ်းမကားဆရာတော် စု

သိလိုလျှင် သူရေးသောစာကို အရင်းခံထား၍ လေ့လာရလေသည်။

သုတေသန ခေတ်စားလာသော ယခုအခါ၌ စာပေကို အနုပညာ အတွက်လောက်သာ အသုံးဝင်သည်ဟု မယူဆတော့ချေ။ ထိုစာရေးသည့် ခေတ်အကြောင်းနှင့် စာဆို အပါအဝင်ဖြစ်သော ထိုခေတ်က လူတို့အကြောင်းကို လေ့လာရန်အတွက် အသုံးဝင်သော သုတေသန ပစ္စည်းသဖွယ် သဘောထားလာကြလေသည်။ သို့ဖြစ်လေရာ သမိုင်းကို လေ့လာသော သုတေသီတို့အတွက် အိုးခြမ်းကွဲကလေး တစ်ခုကပင်လျှင် တန်ဖိုးမဖြတ်နိုင်အောင် ဖြစ်နေသော ယခုခေတ်တွင် လူအကြောင်းကို လေ့လာသော သုတေသီတို့အတွက် စာတိုပေစကလေးတစ်ခုမှာ အိုးခြမ်းကွဲထက် အဆပေါင်းများစွာ ပို၍ တန်ဖိုးရှိသောပစ္စည်း ဖြစ်နေလေသည်။ ဤသို့အားဖြင့် စာပေမှနေ၍ ခေတ်ကို လည်းကောင်း၊ လူကို လည်းကောင်း လေ့လာနိုင်သည် ဖြစ်ရာ ခေတ်သစ်ထူ၍ လူသစ်ဖန်တီးနေသော ယခုခေတ်တွင် စာပေမှာ လွန်စွာ အသုံးဝင်သော ပစ္စည်းဖြစ်နေလေသည်။

အကယ်၍ ရေးသူအမည်ကို လွဲမှားတပ်မိပါက ထိုစာကို အထောက်အထားပြုပြီး ခေတ်နှင့်လူကို လေ့လာရာ၌ အမှန်ကို ရဖို့ ခက်လေသည်။ ဥပမာ–မန္တလေးခေတ်က စာဆိုတစ်ယောက် ရေးသော စာကို ကုန်းဘောင်ခေတ်ဦးပိုင်းက စာဆိုအမည် တပ်ထားပါက ထိုစာကို ထောက်၍ ကုန်းဘောင်ခေတ်ဦးကို လေ့လာလျှင် မှန်ကန်လိမ့်မည် မဟုတ်ပေ။ ထို့အတူပင် သာမန်စာဆိုတစ်ယောက် ရေးသောစာကို နာမည်ကျော် စာဆိုကြီးအမည် တပ်ထားလျှင် စာဆိုကြီး၏ ဂုဏ်သိက္ခာကို များစွာ ထိခိုက်နိုင်

ရုံတွင် မက ထိုစာအရ စာဆိုအပါအဝင် ထိုခေတ် လူတို့၏ သဘောကို လေ့လာလျှင် လွဲမှားသွားနိုင်လေသည်။

၈၉ဗလမင်းကြီး မေးသဖြင့် ရှင်ဥက္ကံသမာလာ ဆရာတော် ဖြေကြားသည့် မန်ကျည်းကန်စား ၈၉ဗလမင်းကြီး အမေးပုံ ပေစာ (၄ချပ်) တွင်–

> "ရှင်သီလဝံသ စီရင်တော်မူသည် ကမ္ဘာလောင်ပြို့ သုံးပိုဒ်နှင့် စကားပြေ မှာ ထား၍ ပါသည် စကားများကိုလည်း ကျမ်းများက လာသည်နှင့် မညီ။ သည်စာသည် ရှင်သီလဝံသ စာတော် ဟုတ်ဟံ မရှိ၊ ရှိမ်ခို၍ ဆိုသည်သာ ဖြစ်မည် ဟူ၍ အောင်မြေဘုန်ကျော် ပထမ ဘုန်းတော်ကြီးဘုရား မိန့်တော်မူသည်။"

ဟူ၍ "ကမ္ဘာလောင်ပျို့" ကို ရှင်သီလဝံသ ရေး ဟု အမည်တပ်ထားသော်လည်း ကျမ်းဂန်နှင့် မညီသော အရာများ ပါနေသဖြင့် ရှင်သီလဝံသ ရေးသောစာ ဟုတ်ပုံ မရဟု ဆိုထားသည်ကို တွေ့ရသည်။

စာရေးသူ အမည်တပ် လွဲလျှင် ယခု ပြောခဲ့သည့်အတိုင်း စာပေသုတေသနသမားများလည်း အယူအဆ အမှတ်အသား လွဲနိုင်သည်။ အမည်တပ်ခံရသူ၏ ဂုဏ်ကိုလည်း ထိခိုက်နိုင်သည်။ ထို့ကြောင့်ပင် ဤကိစ္စကို တစ်နေ့နေ့ ထုတ်ဖော်မည်ဟု ကျွန်တော်ကြံခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် အကြောင်းမပေါ်သဖြင့် ယနေ့အထိ မထုတ်ဖော်ဖြစ်ခဲ့ပေ။ ယခုမှသာ အကြောင်းပေါ်လာသဖြင့် ထုတ်ဖော်လိုက်ရတော့သည်။ အကြောင်းပေါ်ပုံကား ဤသို့ ဖြစ်သည်။

တစ်နေ့တွင် ဆရာကြီး ဦးအုန်းရွှေ (သတ်ပုံ အဘိဓာန်ကျမ်းပြု) နှင့် စကားစမြည် ပြောရာမှ ဆရာကြီး ဦးအုန်းရွှေက သူ

အကြောင်း ပေါ်လာလေပြီ။ ဤကိစ္စကို မထုတ်ဖော်ဘဲ ထား၍ မဖြစ်တော့ပေ။ အကယ်၍ မထုတ်ဖော်ပါက ဆရာ ဦးအုန်းရွှေသည် သူပြုစုမည့် စာပြုပုဂ္ဂိုလ်များ အတ္ထုပ္ပတ္တိတွင် ကင်းဝန်မင်းကြီး ရေးသည့် စာများစာရင်း၌ ဤ "ဂုဏ်တော်ဘွဲ့ လူးတား" ကို ထည့်ထားပေတော့မည်။ ဆရာဦးအုန်းရွှေ ကဲ့သို့ပင် ဤဂုဏ်တော်ဘွဲ့ လူးတားကို ကင်းဝန်မင်းကြီး ရေးသော လူးတားဟု မှတ်သားထားသူ ဘယ်နယောက် ရှိနေလိမ့်မည် မပြောတတ်ပေ။ ဤဂုဏ်တော်ဘွဲ့ လူးတားကား ကင်းဝန်မင်းကြီး ရေးသောစာ မဟုတ်ပေ။

လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး မကွယ်လွန်မီက ခန့်မှန်းချေအားဖြင့် ၁၂၉၁–၉၂–၉၃ ခုနှစ်လောက်က ဆရာ ဦးမောင်ကြီးသည် သူရေးသော ကဗျာများမှ သင့်လျော်သော ကဗျာတို့ကို ရွေးပြီး "ကဗျာမဋ္ဌရီ" ဟူသော အမည်ဖြင့် စာအုပ်ရိုက်ရန် စီစဉ်သည်။ ထိုစာအုပ်အတွက် အခြားကဗျာမျိုးစုံ ပါသော်လည်း လူးတား ကဗျာတစ်မျိုး လိုနေသဖြင့် ကျွန်တော့်အား ဂုဏ်တော်ကိုးပါးကို တစ်ပါးလျှင် တစ်ပုဒ်ကျစီ လူးတားကဗျာ ၉ ပုဒ် ရေးပေးရန် ခိုင်းသည်။ ခိုင်းသည့် အတိုင်းပင် "နတ်လူဦးခိုက် ဖူးထိုက်လေ" ဟု အစချီကာ ဂုဏ်တော်ဘွဲ့လူးတား ၉ ပုဒ်၊ နိဂုံးတစ်ပုဒ်နှင့်တကွ လူးတား ၁၀ ပုဒ် ကျွန်တော် ရေးပြီး ဆရာဦးမောင်ကြီးကို ပေးလိုက်သည်။ "ကဗျာမဋ္ဌရီ" စာအုပ်ကို စ၍ ရိုက်နှိပ်သည်ဟု ကြားရပြီး မကြာခင်ပင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ကွယ်လွန်သွားလေသည်။

ထို့နောက် ပထမကျော် ပုပ္ပါး ဦးကျော်ရင် (လယ်တီဦးကောဝိဒ) ရေးသော "ကဝိဘာရတီ" ဒုတိယအုပ် ထွက်လာ

ရှေးက မြန်မာစာပြု ပုဂ္ဂိုလ်များ၏အကြောင်း အတ္ထုပ္ပတ္တိကို စုဆောင်းနေကြောင်း၊ ယင်းသို့ စုဆောင်းရာ၌ ပို၍ ပြည့်ပြည့်စုံစုံ ဖြစ်အောင် သူတို့ရေးသော စာတွေကိုပါ ရနိုင်သမျှ ရှာဖွေဖော်ပြကြောင်း၊ တချို့စာတွေမှာ တစ်နေရာတွင် ရေးသူအမည် တစ်မျိုး ဖြစ်ပြီး တစ်နေရာတွင် တစ်မျိုးဖြစ်နေသည်ကို တွေ့ရကြောင်း စသည်တို့ကို ဆွေးနွေးပြောဆိုရင်း ကျွန်တော်က ဆရာဦးအုန်းရွှေ ရေးသား စုဆောင်းထားသည်ကို တစေ့တစောင်း ကြည့်လိုက်မိသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် **ကင်းဝန်မင်းကြီး ရေးသော စာစုများ** ဟူသော စာရင်းကို တွေ့မိသဖြင့် ချက်ချင်း သတိရကာ သေသေချာချာ ဖတ်ကြည့်ရာ၊ ကျွန်တော် ထင်သည့်အတိုင်းပင် ကင်းဝန်မင်းကြီး ရေးသော စာများစာရင်းတွင် "ဂုဏ်တော်ဘွဲ့ လူးတား ၉-ပုဒ်" (ကဝိဘာရတီ၊ ဒု-၃၈၂) ဟု ပါနေသည်ကို တွေ့ရတော့သည်။

ကျွန်တော်က အဆိုပါ စာကြောင်းကို လက်နှင့်ထောက်ပြီး-

'ဆရာ၊ ဒါ ကင်းဝန်မင်းကြီး ရေးတာ မဟုတ်ဘူး၊ မှားနေတယ်' ဟု ပြောလိုက်ရာ ဆရာ ဦးအုန်းရွှေသည် ကျွန်တော့်ကို အကြောင်သား ကြည့်နေလေသည်။ ပြီးမှ 'ကျွန်တော် ကဝိဘာရတီ ထဲမှာ ဒီအတိုင်း တွေ့တာပဲ' ဟု ဆိုလေသည်။

'ဟုတ်ပါတယ် ဆရာ၊ ဆရာ မှားတယ်လို့ ပြောတာ မဟုတ်ပါဘူး၊ ကဝိဘာရတီက ခေါင်းတပ် မှားနေတာကို ပြောတာပါ' ဟု ကျွန်တော်က ဆက်ပြောလိုက်သောအခါ ဆရာ ဦးအုန်းရွှေမှာ ခဏမျှ စဉ်းစားနေပြီး-

'ဟုတ်လား၊ ဒါဖြင့် ဘယ်သူ ရေးတာလဲ' ဟု မေးလေသည်။

သောအခါ အဆိုပါ ကျွန်တော် ရေးသော လူးတားများမှာ "မန္တလေးမြို့ ကင်းဝန်မင်းကြီးရေး၊ ဂုဏ်တော်တွဲ့ လူးတားကဗျာများ" ဟု ခေါင်းတပ်လျက် ပါလာလေသည်။ ယင်းသို့ ပါလာခြင်းကို ကျွန်တော်နှင့် အလွန်ရင်းနှီးသော ဦးဉာဏ်သရ (ယခု မန္တလေးတက္ကသိုလ် ဦးဆန်းထွန်း) က ကျွန်တော့်ထံ စာရေး အကြောင်းကြားသဖြင့် "ကဝိဘာရတိ" စာအုပ်ကို ရှာ၍ ကြည့်ရာ ဟုတ်မှန်နေသည်ကို တွေ့ရသောအခါ ဦးကောဝိဒထံသို့ အထက်ပါ အကြောင်းကို ဖော်ပြပြီး ထိုလူးတားများမှာ တပည့်တော် ရေးသော လူးတားများ ဖြစ်ကြောင်း၊ နောင်လာ နောက်သားတို့ အမှတ်အယူ မှားမည်ကို စိုးသဖြင့် အကြောင်းကြားရခြင်း ဖြစ်ကြောင်း ကျွန်တော် စာရေးလိုက်သည်။

ထိုအခါ ဦးကောဝိဒထံမှ ၁၃၀၁ ခု၊ တော်သလင်းလဆုတ် ၇ ရက် နေ့စွဲဖြင့်–

"...တချက်မှာ ကိုယ်တော်၏ စာ၌ ကဝိဘာရတိ ဒုတိယ တွဲတွင် ကိုယ်တော် ရေးသည့် ကဗျာကို ကင်းဝန်မင်းကြီး ရေးဟု ခေါင်းတပ်မှားကြောင်းကို ဆိုပါသည်။ ဟုတ်ပါလိမ့်မည်။ ထိုစဉ်က သတိချုတ်ယွင်း၍ မှားယွင်းပါသွားပါသည်။ သို့ရာတွင် နောက်တကြိမ် ရိုက်လျှင် 'ရေးသူအမှန်' ကို ပြင်ဆင်ရန် ဘာမှ ဝန်လေးဘွယ် မရှိပါ။ ပြင်ဆင်ထည့်ရန် ရှိပါသည်။"

ဟု သတိချုတ်ယွင်းသဖြင့် မှားယွင်းပါသွားကြောင်း၊ နောက်တစ်ကြိမ်ရိုက်လျှင် ရေးသူအမှန်ကို ပြင်ထည့်မည့်အကြောင်း စာပြန်လာသည်။ ဦးကောဝိဒမှာလည်း ကဝိဘာရတိကို ဒုတိယအကြိမ် ရိုက်သည့် အဖြစ်သို့ မရောက်မီ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက ကွယ်လွန်သွားရှာသည်။

ထိုအခါက ကျွန်တော်မှာ သင်္ကန်းဝတ်နှင့် အရှင်တေဇော သာရ အဖြစ်ဖြင့် ဟင်္သာတ မြစ်ကွေ့ကျောင်းတိုက်တွင် နေထိုင် လျက် ရှိပါသည်။ လူးတားကဗျာ ရေးစဉ်က အသက်နှစ်ဆယ် ကျော်မျှသာ ရှိသေးသဖြင့် ထိုကဗျာမှာ ကောင်းမွန်လှသည် မဟုတ်ပါ။ သတ်စပ်ကာရန် ညီလောက်သာ ရှိပါသည်။ ဘဂဝါ ဂုဏ်တော်ဘွဲ့တွင် "လူနှင့်နတ်များ၊ ပါးစပ်ဖျား၌၊ ပြောကြား ကျေညာ၊ ဘဂဝါ" ဟု ဆိုသောစကား ပါပါသည်။ ကင်းဝန် မင်းကြီးသာ ရေးလျှင် **ပါးစပ်ဖျား** ဆိုသော စကားမျိုးကို ထည့် ပြီး ရေးမည် မဟုတ်ပါ။ ကျွန်တော်ပင်လျှင် ယခုအခါ ရေးရလျှင် ဤကဲ့သို့သော ဂုဏ်တော်ဘွဲ့ လူးတားကဗျာမျိုး၌ **ပါးစပ်ဖျား** ဆိုသော စကားကို သုံးတော့မည် မဟုတ်ပါ။

ဤအကြောင်းကို ထုတ်ဖော်လိုက်ရခြင်း အကြောင်းမှာ ဆိုခဲ့သည့်တိုင်း နောင်လာနောက်သား စာပေသုတေသနသမား တို့ အမှတ်လွဲမှားမည်ကို စိုးသောကြောင့် တစ်ကြောင်း၊ ကင်းဝန် မင်းကြီး၏ဂုဏ်ကို ထိခိုက်မည် စိုးသောကြောင့် တစ်ကြောင်း၊ ဤအကြောင်းနှစ်မျိုးကြောင့်သာ ဖြစ်ပါသည်။

ကျွန်တော်က အထက်ပါအတိုင်း ဖြစ်ပုံအကြောင်းကို ပြောပြလိုက်သဖြင့် ဆရာ ဦးအုန်းရွှေမှာ သူ ရေးမှတ်ထားသည့် ကင်းဝန်မင်းကြီး စာစုစာရင်းတွင် ဂုဏ်တော်ဘွဲ့ လူးတားများ ဆိုသော စာကြောင်းကို ဖျက်လိုက်လေတော့သည်။

[ငွေတာရီ၊ မေ ၁၉၆၉]

စကားလုံးသံခိပ်ရေးနည်း

တစ်နေ့တွင် စာရေးဆရာ နန်းညွှန့်ဆွေက အတိုင်းအတာ ပမာဏ ကို ဆိုရာ၌ ဂဏန်းပေါ်က ကင်းစီးထားခြင်း၊ လုံးကြီးတင် ထား ခြင်း၊ သေးသေးတင် ထားခြင်း၊ ဂဏန်းကို နှစ်ချောင်းငင် ထား ခြင်း တို့ကို ဘယ်လို ဖတ်ရသလဲဟု မေးသည်။ ကင်းစီးမှာ အတောင်ကို ပြသော သင်္ကေတဖြစ်၍ ၁-ဟု ၁-ဂဏန်းပေါ် ကင်းစီးတင်ထားလျှင် တစ်တောင် ဖတ်ရသည်ဟု မှတ်ထား သည်။ သို့ရာတွင် လုံးကြီးတင်နှင့် သေးသေးတင်တို့ကို ထွာလား၊ မိုက်လား၊ လက်သစ်လားဟု သေချာစွာ မသိပေ။ သေးသေးတင် မှာ ပေစာကို ရေတွက်ရာ၌ ပေချပ်ကို ဆိုခြင်း ဖြစ်ကြောင်း မှတ် သားဖူးသော်လည်း အတောင်အထွာ ပမာဏကို ဆိုရာ၌ကား ဘာကိုဆိုကြောင်း မသိပေ။ သူ့အမေး၌ နှစ်ချောင်းငင်လည်း ပါနေပြန်သည်။ ပိုက်ဆံ တစ်မူး၊ နှစ်မူးကို ရေးရာ၌ ၁။း၊ ၂။း- ဟု ရေးသည်ကိုတော့ တွေ့ဖူးသည်။ အတိုင်းအရှည် ပမာဏကို ဆိုရာ၌ကား ဘာကို ဆိုသည်ဟု မသိချေ။

ကျွန်ုပ်မှာ ပေစာများကို မကြာမကြာ ဖတ်နေရသူ ဖြစ်သည်။ ပုရပိုက်များကိုလည်း တစ်ခါတလေ ဖတ်ရတတ်သည်။ အချို့သော ပေပုရပိုက်များတွင် ယခုမေးသော တောင်၊ ထွာ၊ မိုက်၊ လက်သစ် စသည်တို့ကို လည်းကောင်း၊ အခြင်အတွယ်နှင့် စပ်၍ တင်း၊ ပြည်၊ စိတ် စသည်တို့ကို လည်းကောင်း စာဖြင့်မရေးဘဲ ဂဏန်းဖြင့် ရေးရာ၌ ဂဏန်းပေါ်တွင် ကင်းစီး၍ လည်းကောင်း၊ လုံးကြီးတင်၍ လည်းကောင်း၊ သေးသေးတင်၍ လည်းကောင်း ရေးသားသည်ကို တစ်ခါတစ်ရံ တွေ့ရသည်။ တွေ့သော်လည်း ယခုခေတ်တွင် အသုံးမပြုကြတော့ပြီ ဖြစ်သဖြင့် သေသေချာချာ မှတ်သားမနေဘဲ ဆိုလိုသောအဓိပ္ပာယ် နားလည်ရုံသာ ဖတ်ခဲ့သဖြင့် ယခုလို အကြောင်း ပေါ်လာသောအခါ သေသေချာချာ မပြောနိုင်ခြင်း ဖြစ်သည်။

ထိုအရေးအသားများနှင့် စပ်၍ စာအုပ်တစ်ခုထဲတွင် တွေ့ဖူးသည်ဟု ထင်သဖြင့် ရှာဖွေကြည့်သော်လည်း မည်သည့်စာအုပ်တွင် ပါကြောင်း မမှတ်မိသဖြင့် ရှာ၍ မတွေ့ချေ။ ဆရာဦးဝန် (မင်းသုဝဏ်) ကို မေးကြည့်တော့မှ သိသောဝါဒ သိပ္ပသမူဟကျမ်းတွင် ပါကြောင်း သိရသဖြင့် ဆရာနန်းညွန့်ဆွေကို ပြန်ပြီး ဖြေကြားနိုင်တော့သည်။

ကျွန်ုပ်မှာ ပေပုရပိုက်များကို မကြာမကြာ ဖတ်မိသဖြင့် ရှေးခေတ် စာရေးသားပုံများနှင့် များစွာ စိမ်းလှသူ မဟုတ်ပေ။ ကျွန်ုပ်ပင်လျှင် လုံးကြီးတင်မှာ မိုက်ကိုဆိုခြင်း ဖြစ်၍ သေးသေးတင်မှာ လက်သစ်ကို ဆိုခြင်းဖြစ်ကြောင်း သေချာစွာ မသိ ဖြစ်နေရာ ရှေးက စာရေးသားပုံများနှင့် လုံးလုံး အဆက်ပြတ်နေသော ယခုခေတ်လူများ အဖို့မှာ ဆိုဖွယ်ရာ မရှိတော့ပေ။

ဤနေရာ၌ စကားအလျဉ်းသင့်၍ ကျွန်ုပ်၏ ကျေးဇူးရှင် ဟင်္သာတမြို့ စတူတ္ထမြစ်ကွေ့ဆရာတော် မိန့်ကြားတော်မူခဲ့သော စကားကို ဖော်ပြလိုပေသည်။ ဆရာတော်က–

"၁ဂ်ါ၌ ၁၈–အဂ်ါ ဘာသ်ရမည်ကို ပေစာ ခေါ်ဝေါ်ရေးသားပုံ နားမလည်သော... စာစီဆရာနှင့် ပါဠိဆရာ အယ်ဒီတာတို့က (၁–အဂ်ါ) ဟု ပြင်မိသဖြင့် စာအုပ် ၁၀၀၀ အမှားခံရလေသည်။... ၈အဂ်ါ၊ ၄၊ ရွှေပိန်းချစာဟု ၄–ဂဏန်းပေါ်၌ သေးသေးတင်နှင့် ၄ ချပ်ဟု ဘာသ်ရန် ရေးလိုက်မိရာ (၄ မတ်) ဟု စာလုံး ပြင်ပြီး စီကြသောကြောင့် ပညာအုပ်မင်း ဦးဖိုးစိန်က ဝေါဟာရတ္ထပကာသနီကျမ်း၊ ဧရာဝတီတိုက်နှိပ်၊ စာမျက်နှာ ၃၆၆၊ စာကြောင်း ၅၊ ၁၈၊ ၂၀–ရှိ (သိုက်တူမြင်တူ) ကို တိုးစာပုံနှိပ်တိုက်နှိပ်၊ ယခင်ကျမ်း၊ ဒုတိယအုပ် ၄၇၁–၌ (ဆိတ်တူမြင်းတူ) ဟူ၍ ပြင်မှားမိလေသည်။ သိုက်ဝါးနှင့်လည်း တူ၊ မြင်ဝါးနှင့်လည်း တူသော ဝါးမျိုး ဆိုလိုသည်။ (သိုက်တူ မြင်းတူ) ဟူသော ပုံနှိပ်မူများကို ထပ်၍ မှားသကဲ့သို့ ပေတည်း။"

ဟု သဒ္ဒနီတိနိဒါန်း ၃၄၊ ၃၅–တွင် မိန့်ဆိုထားလေသည်။

[သိုက်တူ မြင်တူ၌ ဧရာဝတီမူတွင် သိုက်တူမြင်းတူဟု မြင်တွင် ဝိသဇ္ဇနီနှင့် ရှိနေသည်။ ဦးဖိုးစိန်က မြင်းတူကို ထောက်၍ ရှေ့က သိုက်တူကို ဆိတ်တူဟု ပြင်လိုက်သဖြင့် ဦးဖိုးစိန် တည်းဖြတ်သော ဝေါဟာရတ္ထပကာသနီ၌ ဆိတ်တူမြင်းတူ ဖြစ်နေသည်။ လယ်တီမဏ္ဍိုင် (၁၃၂၀–ခု) ပုံနှိပ်သော မူ၌လည်း ဦးဖိုးစိန်မူအတိုင်း ဆိတ်တူမြင်းတူဟု ရှိနေသည်။ ကျွန်ုပ် တည်းဖြတ်သော ၁၉၆၆–ခုနှိပ် လယ်တီမဏ္ဍိုင်မူ၌လည်း ထိုအချက်ကို သတိမထားမိသဖြင့် ၎င်းအတိုင်းပင် ပါရှိနေသည်။]

"နောက်ဆိုလတ္တံ့ ၆ အက္ခရာတို့၌လည်း" ဟု ဖြစ်သည်။ ဤ၌ 'သော' ကို အကျဉ်းချုံး၍ '၆' ဟု သဝေထိုးရေးမည့်အစား "ခြောက်ကို သဝေ" ဟူသော သေလအက္ခရာ ရေးနည်းအတိုင်း ၆ ဟု ရေးထားခြင်း ဖြစ်သည်။ 'နောက်ဆိုလတ္တံ့သော အက္ခရာတို့၌လည်း' ဟု ဆိုလိုသည်။ ဤအချက်ကို သတိမမူမိသဖြင့် '၆' ကို '၎' ဟု ပြင်လိုက်သောကြောင့် အဓိပ္ပာယ် နားမလည်နိုင်ဖြစ်ရလေသည်။

ရှေးကရေးသော စာတို့၌ တောင်၊ ထွာ၊ မိုက်၊ လက်သစ်တို့ကို ရေးသောအခါ တောင်ကို အဆုံးက ငသတ် (င်) ကိုသာ ယူပြီး ံ် (တစ်တောင်) ဟု ရေးတတ်သည်။ ထွာကို ဝဆွဲရေးချကိုသာ ယူပြီး ွာ (တစ်ထွာ)၊ မိုက်ကို လုံးကြီးတင်ကိုသာ ယူပြီး ဒိ (တစ်မိုက်)၊ လက်သစ်ကို သေးသေးတင်နှင့် ံ (တစ်လက်သစ်) ဟု ရေးတတ်သည်။

ဤ၌ လက်သစ်ကို အဘယ့်ကြောင့် သေးသေးတင်ဖြင့် ပြသည်ကို မတွေးတတ်ပေ။ ကော် (ကောက်)၊ လုံ့ (လက်နက်)၊ သွော် (သွေးသောက်) စသည့် ရေးပုံတို့ကို ထောက်၍ ကသတ်ကို သေးသေးတင် ရေးသည်ဟု ဆိုရန် ရှိသော်လည်း ငွေတစ်မတ်၊ ပေတစ်ချပ်တို့ကိုလည်း ံ ဟု သေးသေးတင်နှင့် ရေးသည်ကို တွေ့ရသောကြောင့် ကသတ်ကို သေးသေးတင် ရေးသည်ဟု တထစ်ချဆိုဖို့ ခက်သည်။

ထို့အတူပင် အခြင်အတွယ်ကို ရေးရာ၌ တင်း၊ တောင်းတို့ကို အဆုံး ငသတ်ကိုသာ ယူ၍ ံ် (တစ်တင်း၊ တစ်တောင်း)၊ ခွဲကို ဝဆွဲ နောက်ပစ်ကိုသာ ယူ၍ ွဲ (တစ်ခွဲ)၊ စိတ်ကို လုံးကြီးတင်ကိုသာ ယူ၍ ဒိ (တစ်စိတ်)၊ ပြည်ကို ညသတ်မှ အသတ်ကို

ဆရာတော် မိန့်ကြားသည့်အတိုင်း ပေအင်္ဂါကို ဆိုရာ၌ ၄-ဂဏန်း သေးသေးတင်ထားသည်ကို ၄-ချပ်ဟု ဖတ်ရမည် ဖြစ်ရာ ၄ မတ်ဟု ဆိုလိုက်သဖြင့် အဓိပ္ပာယ် နားမလည်နိုင်အောင် ဖြစ်သွားရလေသည်။ သို့သော်လည်း ထိုစာပြင်ဆရာမှာ ရှေးက စာရေးသားပုံနှင့် စပ်၍ လုံးလုံး ဗဟုသုတ မရှိသူ မဟုတ်ပေ။ ငွေအရေအတွက်ကို ဆိုရာ၌ သေးသေးတင်လျှင် မတ်ဟု ဖတ်ရကြောင်းကိုကား သိထားသူ ဖြစ်သည်။ အကယ်၍ ရှေးက စာရေးသားပုံတို့၌ လုံးလုံး ဗဟုသုတ မရှိသူ ဖြစ်က ပို၍ပင် ဆိုးပေလိမ့်မည်။

ဤဖြစ်ရပ်ကလေးကို ထောက်၍ ရှေးက စာရေးသားပုံများကို ယခုခေတ်တွင် သုံးဖို့မလိုတော့သော်လည်း သိထားဖို့တော့ လိုသည်ဟု ဆိုရပေမည်။ အထူးအားဖြင့် သုတေသန ခေတ်စားနေသော ယခုအခါတွင် ရှေးက စာရေးသားပုံများကို သိမထားပါက သုတေသနပြုရာ၌ အခက်အခဲ တွေ့နိုင်ပေသည်။ အကြောင်းအရာတစ်ခုကို သုတေသန လုပ်သောအခါ အများအားဖြင့် ထိုအကြောင်းအရာနှင့် စပ်၍ ရှေးက ရေးသားခဲ့ဖူးသော စာပေများကို ရှာဖွေ ဖတ်ရှုရလေသည်။ တစ်ခါတစ်ရံ ပုံနှိပ်ပြီး စာအုပ်တို့ကို ဖတ်ရုံနှင့် မပြည့်စုံသဖြင့် ပေပုရပိုက်တို့ကို ရှာဖွေပြီး ဖတ်ရတတ်လေသည်။ ထိုသို့ ဖတ်သောအခါ တစ်ခါတစ်ရံ ရှေးက ရေးသားနည်းအတိုင်း အတိုချုံး၍ ရေးထားသော စကားတို့ကို တွေ့ရမည် ဖြစ်သောကြောင့် ထိုအရေးအသားတို့ကို သိမထားလျှင် အဓိပ္ပာယ် နားလည်လိမ့်မည် မဟုတ်ချေ။

ဝေါဟာရတ္ထုပကာသနီ၌ "နောက်ဆိုလတ္တံ့ ၎ အက္ခရာတို့၌လည်း" ဟူသော စာပိုဒ်တစ်ခု ပါရှိသည်။ မူလရှိရင်းမှာ

သာယူ၍ ၁ (တစ်ပြည်)၊ ခွက်ကို ဝဆွဲ ကသတ်ကိုသာ ယူ၍ ဒွက် (တစ်ခွက်)၊ စလယ်ကို ယသတ်ကိုသာ ယူ၍ နောက်ပစ်နှင့် လဲလှယ်ကာ ၁ (တစ်စလယ်) ဟု ရေးတတ်သည်။

အချိန်အတွယ်၌လည်း တစ်ပိဿာကို ရေးရာ၌ အဆုံးက ရေးချကိုသာ ယူပြီး ၁၊ (တစ်ပိဿာ) ဟု ရေးတတ်သည်။

ဤရေးနည်းတို့မှာ စကားလုံးတွင် ပါသည့် ငသတ်၊ လုံးကြီးတင်၊ ရေးချ စသည်တို့ကိုသာ ယူ၍ ရေးသဖြင့် သင်္ကေတ ရေးနည်းဟု ဆိုနိုင်သည်။ စကားလုံး အပြည့်အစုံ မဟုတ်ဘဲ တစ်စိတ်တစ်ဒေသကိုသာ ဖော်ပြသဖြင့် အကျဉ်းသံခိပ်ရေးနည်း ဟု ဆိုလျှင်လည်း ရလိမ့်မည်ဟု သဘောရသည်။

သောကို ၆၊ ကြောင့်ကို ငှေ့၊ ကြောင်းကို ငင်း၊ လည်းကောင်းကို လကောင်း၊ ၎င်း၊ သွေးသောက်ကို သွေး၊ လက်နက်ကို လုံ၊ အနက်ကို နံ၊ ကောက်ကို ကော် စသည်ဖြင့် ရေးခြင်းတို့ကား စကားလုံးကို အကျဉ်းချုံး၍ရေးသော စကားလုံး သံခိပ်ရေးနည်းများ ဖြစ်သည်။ သောကို ၆ ဟု ရေးခြင်းမှာ ဆိုခဲ့သည့်အတိုင်း ခြောက်ကို သဝေ ဟူသော သေလအက္ခရာ ရေးနည်းအရ သောမှ သဝေထိုးကို ၆ ဟု လဲလှယ်ရေးခြင်း ဖြစ်သည်။ လည်းကောင်းကို ၎င်းဟု ရေးခြင်းမှာ ဖြည်းဖြည်းကို ဖြေးဖြေး၊ စိုပြည်ကို စိုပြေ၊ ဆိုသကဲ့သို့ ညသတ်အစား သဝေထိုးနှင့် လေးကောင်းဟု ဆိုရာမှ လေးကို ၄ ဂဏန်းနှင့် လဲလှယ်ကာ ကောင်းမှ အဆုံး ငသတ် (င်း) နှင့် တွဲပြီး ၎င်းဟု ရေးခြင်း ဖြစ်သည်။ ရှေးကရေးသော စာများ၌ ၄–ဂဏန်းပေါ် ကင်းစီးတင်၍ ၎်း ဟု ရေးသည်ကို တွေ့ရဖူးသည်။

ဤမှတစ်ပါး သည်ကို သှ်၊ မည်ကို မှ်၊ တည်းကို တှ်း၊ နည်းကို န်၊ ပစ္စည်းကို ပစ္စိုးဟု အကျဉ်းချုံး ရေးပုံများ။ သမားကို သွား၊ သမီးကို သွီး၊ သခင်ကို သွင်၊ ဆရာကို ဆြာ၊ တရားကို တြား၊ လဘက်ကို လ္ဘက်၊ လက်ယာကို လက်ျာ၊ လက်ဝဲကို လကွဲ စသည်ဖြင့် အက္ခရာဆင့်၍ ရေးပုံများလည်း ရှိသေးသည်။

သို့ဖြစ်၍ "ကျပ်စိတ်မိုက်တွင်၊ လုံးကြီးတင်၊ မြဲပင် မှတ်ကုန်ဘိ" ဆိုသည့်အတိုင်း ၁ ဟု ရေးထားသည်ကို တွေ့သောအခါ ငွေဖြစ်လျှင် တစ်ကျပ်၊ ဆန်ဖြစ်လျှင် တစ်စိတ်၊ အတိုင်းအရှည်ဖြစ်လျှင် တစ်မိုက်ဟု ဖတ်ရလေသည်။

"လက်သစ်မတ်လံ၊ သေးတင်ပြန်၊ ဧကန် မှတ်အပ်၏" ဆိုသည့်အတိုင်း ၁ ဟု ရေးထားသည်ကို တွေ့သောအခါ အတိုင်းအရှည်ဖြစ်လျှင် လက်တစ်သစ်၊ ငွေဖြစ်လျှင် တစ်မတ်၊ အတိုင်းအတာဖြစ်လျှင် တစ်လံဟု ဖတ်ရလေသည်။

"တင်းနှင့် တောင်းတွင်၊ ကင်းစီးတင်၊ မှန်ပင် မယွင်းသိ" ဆိုသည့်အတိုင်း ၁်း ဟု ၁–ဂဏန်း ပေါ် ကင်းစီးတင်၍ ရေးထားသည်ကို တစ်တင်း၊ တစ်တောင်းဟု ဖတ်ရသည်။

"ရေးချပြီးခါ၊ ကင်းစီးပါ၊ အင်္ဂါ ခေါ်အပ်၏" ဆိုသည့်အတိုင်း င်္ဂါ ဟု ၈–ဂဏန်းကို ကင်းစီးတင် ရေးချထားလျှင် ရှစ်အင်္ဂါဟု ဖတ်ရလေသည်။

"တစ်ချပ်တလံ၊ ခေါ်ဝေါ်ဟန်၊ ရေးရန် သေးတင်ဘိ" ဆိုသည့်အတိုင်း ၁ ဟု ၁–ဂဏန်းကို သေးသေးတင် ရေးထားသည်ကို တွေ့လျှင် ပေစာဖြစ်လျှင် တစ်ချပ်၊ အတိုင်းအတာဖြစ်လျှင် တစ်လံဟု ဖတ်ရသည်။

"ပြည်မှာမူကား၊ တံခွန်လွှား၊ အများ မှတ်ကုန်ဘိ" ဆို သည့်အတိုင်း ဝ–ဟု ၁–ဂဏန်းကို တံခွန်လွှား ရေးထားသည်ကို တွေ့လျှင် တစ်ပြည်ဟု ဖတ်ရသည်။

"မောက်ချပိသာ၊ ရှေးဝေါဟာ၊ တထာ ဤနည်းသိ" ဆို သည့်အတိုင်း ၁၀–ဟု ၁–ဂဏန်းကို မောက်ချ (ရေးချ) ထားလျှင် တစ်ပိသာဟု ဖတ်ရလေသည်။

ဤရေးနည်းတို့ကို သိမထားလျှင် ဆန် ၁ ဟု ရေးထား သည်ကို ဆန်တစ်ကျပ်ဟု ဖတ်မိပါက အခြင်အတွယ် မှားယွင်း သွားပေမည်။ အလှား ၅–ဟု ရေးထားသည်ကို အလျားနှစ်ကျပ် ဟု ဖတ်မိပါက အတိုင်းအရှည် လွဲမှားသွားပေလိမ့်မည်။

ဤရေးနည်းတို့ကို ယခုခေတ်တွင် အသုံးပြုရန် မလိုတော့ သော်လည်း သိထားဖို့ကား လိုပေသည်။ ဤရေးနည်းတို့ကို သိ မထားပါက ထိုနည်းဖြင့် ရေးထားသော စာတို့ကို တွေ့လျှင် မှန်ကန်အောင် ဖတ်တတ်မည် မဟုတ်ပေ။ အဖတ် မှားသွားလျှင် လည်း အနက်အဓိပ္ပာယ် လွဲမှားသွားပေလိမ့်မည်။ အဓိပ္ပာယ် လွဲမှားသွားလျှင် အကောက်အယူ လွဲမှားသွားပေလိမ့်မည်။

သို့ဖြစ်၍ သုံးရန် မဟုတ်သော်လည်း သိရန် လိုအပ်သည် ဟု သဘောရသဖြင့် ဗဟုသုတ လိုလားသူနှင့် သုတေသန လိုက် စားသူများအတွက် ရေးသားဖော်ပြလိုက်ရပါသည်။

[ဌေတာရီ၊ ဇူလိုင် ၁၉၇၁]

ငင်း ပြဿနာ

တစ်နေ့တွင် စာပေမိတ်ဆွေ တစ်ယောက်နှင့် ဆုံမိ၍ စပ်မိစပ်ရာ ပြောကြရာမှ 'ငင်း' အကြောင်းကို စကားစပ်မိသဖြင့် အချိန်တော် တော် ကြာအောင်ပင် ဆွေးနွေးမိကြသည်။

ရှေးက ငင်းနှင့်ယင်းကို အလျဉ်းသင့်သလို ရေးသားလေ့ ရှိကြသော်လည်း ယခုခေတ်၌ ငင်းအစား 'ယင်း' ကို ပို၍ ရေး သား သုံးစွဲလာကြသည်ကို တွေ့ရသောကြောင့် တစ်ကြောင်း၊ အချို့က အညွှန်းနာမ်စား အဖြစ်ဖြင့် ငင်းကို မသုံးသင့်၊ ယင်း ကိုသာ သုံးသင့်သည်ဟု ဆိုကြသောကြောင့် တစ်ကြောင်း ငင်းနှင့် ယင်း အသုံးကို ဆွေးနွေးမိကြခြင်း ဖြစ်သည်။

နှစ်ယောက်တည်း အစီအစဉ် မရှိဘဲ လွတ်လွတ်လပ်လပ် ဆွေးနွေးကြခြင်း ဖြစ်သောကြောင့်–

ငင်းနှင့်ယင်း အဓိပ္ပာယ် အတူတူပဲလား။

ငင်းကို သုံးသည့်နေရာတိုင်းမှာ ယင်းကို သုံးနိုင်သလား။

ယင်းကို သုံးသည့် နေရာတိုင်းမှာ ငင်းကို သုံးနိုင်သလား။

ငင်းနှင့် ယင်းတို့သည် ထို ဆိုသော စကားနှင့် အတူတူပဲ လား။

အစရှိသည့် မေးခွန်းကလေးများလည်း အစီအစဉ် မရှိဘဲ ပေါ်လာလေသည်။

ငင်း ဆိုသော စကားသည် လည်းကောင်း ဆိုသော စကား နှင့် တူ မတူ။

ငင်း ဟူသော စကားကို အဘယ့်ကြောင့် ၄–ဂဏန်း ငေတ် နှင့် ရေးသလဲ စသည့် အချက်များလည်း ပါလာလေသည်။

ငင်းနှင့်ယင်း အတူတူပဲလား ဆိုသည့် မေးခွန်းနှင့် စပ်၍ ပြောရလျှင် စကားအသုံးကို လိုက်၍ တူသည်လည်း ရှိသည်၊ မတူသည်လည်း ရှိသည်ဟု ဖြေရလိမ့်မည်။

"ငင်းလူသည်"၊ "ငင်းရွာသည်"၊ "ငင်းတို့သည်" ဆိုသော စကားကို "ယင်းလူသည်"၊ 'ယင်းရွာသည်'၊ "ယင်းတို့သည်" ဟူ၍လည်း ရေးသားနိုင်သဖြင့် ငင်းနှင့်ယင်းသည် တူသည်ဟု ဆိုနိုင်လေသည်။

"ငင်းနောက်"၊ "ငင်းပြင်"၊ "ငင်းအတိုင်း ရေးပါ" ဆိုသော စကားများကို "ယင်းနောက်"၊ "ယင်းပြင်"၊ "ယင်းအတိုင်း ရေးပါ" ဟု ဆိုခြင်းထက် ပထမ ရေးနည်းအတိုင်း ငင်းနှင့် ရေးခြင်းကို ပို၍ တွေ့ရသဖြင့် ပို၍ သင့်လျော်သည်ဟု သဘောရသည်။

"ထိုနည်းငင်းပင်"၊ "ဤအတူငင်း မေးပြန်၏" ဆိုသော စကားများကို ငင်းအစား ယင်းနှင့် "ထိုနည်းယင်းပင်"၊ "ဤအတူ ယင်းမေးပြန်၏" ဟု ရေးသည်ကို မတွေ့ဖူးချေ။

"ယင်းသို့ တပြီးကား"၊ "ယင်းသို့ ဖြစ်လျှင်"၊ "ယင်းသို့ ဆိုသောကြောင့်" ဆိုသော စကားများကို ယင်းအစား ငင်းနှင့် "ငင်းသို့ တပြီးကား"၊ "ငင်းသို့ ဖြစ်လျှင်"၊ "ငင်းသို့ ဆိုသောကြောင့်" ဟု မရေးတတ်ကြချေ။ "ထိုသို့ တပြီးကား"၊ "ထိုသို့

ဖြစ်လျှင်"၊ "ထိုသို့ ဆိုသောကြောင့်" ဟု ယင်းအစား ထိုနှင့် ရေးကြ၏။

"ကံကိုငင်း ကံ၏ အကျိုးကိုငင်း ယုံကြည်သဖြင့်" ဆိုသော စကားမျိုးဌ်ကား ယင်းကို လုံးဝ သုံး၍ မဖြစ်ချေ။

ထိုမိတ်ဆွေနှင့် ကျွန်ုပ်တို့ ဆွေးနွေးသည့် ငင်းမှာ ဤနောက် ဆုံးပုံစံ (ကံကိုငင်း၊ ကံ၏ အကျိုးကိုငင်း) ကဲ့သို့သော ပုဒ်အဆုံး ငင်း မဟုတ်ပေ၊ အညွှန်းနာမ်အဖြစ်ဖြင့် ပုဒ်၏ ရှေ့က ထားရသည့် ငင်းအကြောင်းသာ ဖြစ်သည်။ သို့ရာတွင် ငင်းနှင့်ယင်း အတူတူပဲလား ဟူသော မေးခွန်းနှင့်စပ်၍ ငင်းကို သုံးသည့်နေရာတိုင်းမှာ ယင်းကို သုံးနိုင် မသုံးနိုင်၊ယင်းကို သုံးသည့် နေရာတိုင်းမှာ ငင်းကို သုံးနိုင် မသုံးနိုင် စုံစုံလင်လင် စဉ်းစားနိုင်ရန် အတွက်သာ ထည့်သွင်းဆွေးနွေးရခြင်း ဖြစ်သည်။

ယခု နမူနာအဖြစ် ဖော်ပြခဲ့သော စကားသုံးနှုန်းပုံများကို ထောက်၍ ငင်းနှင့်ယင်းသည် စကားအသုံးကို လိုက်၍ တူသည်လည်း ရှိသည်၊ မတူသည်လည်း ရှိသည်ဟု ဆိုရပေမည်။

ငင်းနှင့် ယင်းတို့သည် 'ထို' ဆိုသော စကားနှင့် အတူတူပဲလား ဟူသော မေးခွန်း၌ သဒ္ဒါနည်းအားဖြင့် ပြောရလျှင် ငင်းနှင့် ယင်းတို့သည် အညွှန်းသဘောနှင့် သုံးသည့် နာမ်စားပုဒ် ဖြစ်သည်။ ထို–ကား အညွှန်းသဘောနှင့် သုံးသည့် နာမဝိသေသန ပုဒ် ဖြစ်သည်။ ဆိုခဲ့ပြီးသော အရာကို ညွှန်းပြခြင်းအားဖြင့် တူကြသော်လည်း ငင်းနှင့် ယင်းတို့က နာမ်စား၊ ထိုက နာမဝိသေသန သဘောဖြစ်၍ လုံးဝ တူသည်ဟု မဆိုနိုင်ပေ။ ငင်းနှင့် ယင်းတို့သည် နာမ်၏အစား သုံးသော နာမ်စားပုဒ်များ ဖြစ်၍ ဆိုခဲ့ပြီးသော ယောကျ်ားကို ဆိုလိုသောအခါ 'ငင်းယောကျ်ား

လော့” ဟူ၍ လည်းကောင်း၊ “ငါသည်” ဟု ဆိုမည့်အစား ‘ငါ မင်းမြတ်သည်’ ဟူ၍ လည်းကောင်း နိဿယတို့၌ ကိုယ်စား ပြုသည့် နာမ်ပုဒ်ပါ တွဲဖက်ရေးသားသည်ကို တွေ့ရသည်။ ဤသို့ နာမ်ပုဒ်ကို တွဲဖက် ရေးသားခြင်းမှာ လေးနက်ထင်ရှား စေလိုသော ကြောင့် ဖြစ်သည်ဟု ယူဆနိုင်သည်။

အချုပ်အားဖြင့် ဆိုရသော် ငင်းနှင့် ယင်းသည် အညွှန်းနာမ်စား ဖြစ်သောကြောင့် တွဲဖက်နာမ်ပုဒ် မပါဘဲ ရေးနိုင်သည်။ ပါလျှင်လည်း လေးနက်ထင်ရှားစေလိုသောကြောင့် ဖြစ်သည်ဟု ယူဆနိုင်သည်။ ထိုကား ဆိုခဲ့ပြီးသည်ကိုလည်း ညွှန်းသည်၊ တွဲဖက် နာမ်ပုဒ်ကိုလည်း အထူးပြုသည်။ ဆိုခဲ့ပြီးသည်ကို ညွှန်းသည့် အဓိပ္ပာယ်ကို ဆောင်ခိုက် တွဲဖက်နာမ်ပုဒ် ပါဖို့ မလိုသော်လည်း နာမဝိသေသန အဓိပ္ပာယ်ကို ဆောင်ခိုက် တွဲဖက်နာမ်ပုဒ် ပါဖို့ လိုသည်။ မပါလျှင်လည်း သိသာသောကြောင့် မြှုပ်ထားသည်ဟု ယူဆနိုင်သည်။

ငင်း ဆိုသော စကားသည် လည်းကောင်း ဆိုသော စကား နှင့် တူ မတူ ဟူသော ပြဿနာ၌ ငင်းသည် ပုဒ်အဆုံး၌ရှိသော ငင်း၊ ပုဒ်အစ၌ရှိသော ငင်းဟူ၍ နှစ်မျိုးရှိ၏။ “ကံကိုငင်း ကံ၏ အကျိုးကိုငင်း ယုံကြည်သဖြင့်”၊ “အသက်ကုန်သဖြင့် လည်းကောင်း ကံကုန်သဖြင့် လည်းကောင်း စုတေ၍” ဆိုသော ပုံစံများ၌ ပါသော ငင်းမှာ ပုဒ်အဆုံး ငင်းဖြစ်သည်။ ပုဒ်အဆုံး ငင်းကို အထက်ပါ ပုံစံများမှာကဲ့သို့ ငင်း ဟူ၍ငင်း၊ လည်းကောင်း ဟူ၍ငင်း နှစ်မျိုး ရေးကြသဖြင့် ငင်းနှင့်လည်းကောင်း အတူတူ ပင် ဖြစ်သည်ဟု ဆိုရမည်။ ထိုပုဒ်အဆုံး ငင်းကား ကံကိုသာ

သည်’၊ ‘ယင်းယောက်ျားသည်’ ဟု ယောက်ျား ဟူသော နာမ်ပုဒ် ကို တွဲဖက်မဆိုဘဲ ‘ငင်းသည်’၊ ‘ယင်းသည်’ ဟု ဆိုနိုင်လေသည်။ ထိုကို သုံးလျှင်ကား ‘ထိုယောက်ျားသည်’ ဟု တွဲဖက်နာမ်ပုဒ် နှင့် တကွ ဆိုရသည်။ တွဲဖက်နာမ်ပုဒ် မပါဘဲ ‘ထိုသည်’ ဟု ဆိုခဲသည်။ ဤအချက်မှာ အညွှန်းနာမ်စား ငင်း၊ ယင်းတို့နှင့် အညွှန်း နာမဝိသေသန ထို၏ ထူးခြားချက် ဖြစ်သည်ဟု ဆိုနိုင် လေသည်။ သို့ဖြစ်ရာ အကြမ်းအားဖြင့် ငင်းနှင့် ယင်းကို တွဲဖက် နာမ်ပုဒ် မပါဘဲ သီးခြားတစ်ပုဒ်တည်း သုံးနိုင်သည်။ ထိုကို တွဲဖက်နာမ်ပုဒ် မပါဘဲ သုံးခဲသည်ဟု ခွဲခြားလျှင် ဖြစ်နိုင်လိမ့် မည်ဟု သဘောရသည်။

တစ်ခါတစ်ရံ “ထိုစကား၌” ဟု ရေးသားမည့်အစား ‘ထို၌’ ဟု ရေးသားသည်ကို တွေ့ရသည်။ ယင်းသို့ ရေးသားခြင်းကား သိသာသောကြောင့် စကား ဟူသောပုဒ်ကို မြှုပ်၍ ရေးသားခြင်း ဖြစ်သည်ဟု ယူဆနိုင်သည်။ ထိုနည်းအတူပင် ‘ငင်း၌’၊ ‘ယင်း၌’ ဟု ဆိုမည့်အစား ‘ငင်းစကား၌’၊ ‘ယင်းစကား၌’ ဟု ရေးသားကြ သည်ကိုလည်း တွေ့ရသည်။ ‘ငင်းစကား၌’၊ ‘ယင်းစကား၌’ ဟု ငင်းနှင့် ယင်းတို့ကို စကားဟူသော နာမ်ပုဒ်နှင့် တွဲဖက်၍ ရေးသားခြင်းကား ထို သုံးရမည့်နေရာ၌ ငင်းနှင့် ယင်းတို့ကို ပြောင်းလဲသုံးစွဲခြင်း ဖြစ်သည်ဟု ယူဆနိုင်ပေသည်။ အဘယ် ကြောင့်ဆိုသော် ငင်းနှင့်ယင်းသည် သူ၊ သင် ဆိုသော စကားများ ကဲ့သို့ ဆိုခဲ့ပြီးသော နာမ်၏ အစား သုံးသည့် နာမ်စားပုဒ်သာ ဖြစ်၍ နာမဝိသေသနပုဒ်ဟု မဆိုနိုင်သောကြောင့် ဖြစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံ ရိုးရိုးနာမ်စားပုဒ်များ၌ပင် ‘သင်သည်’ ဟု ဆိုမည့်အစား “တွဲ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေ

၏။ ဗြဟ္မဒတ်မင်းသားလည်း နောက်မှရောက်၍ **ထိုဧရပ်တွင် ၎င်း** နားလာ၏။"

မဏိကုဏ္ဍလဝတ္ထု ၁၉။ (၉၉၁၃)

၃။ "**မမ၊ ငါ၏**။ ဝံသ၊ အနွယ်ကိုဝ်။ အဟမေဝ၊ **ငါ သည်လည်းကောင်း**လျှင်။ ဃဋ္ဌေသာမိ၊ စေ့ဆော်အံ့။"

နေမိဇာတ် အဋ္ဌကထာနိဿယ၊ ပေမူ (၁၀၄၄၃)

၄။ "**မနုဿသ၊ လူတကာ၏**။ ဗန္ဓု၊ အဆွေမည်သည်ကား။ အတ္တာ၊ **ကိုယ်**တည်း။ ဇန္တုနံ၊ သတ္တဝါတို့၏။ ရိပု၊ ရန်သူသည်ကား။ အတ္တာဝ၊ **ကိုယ် လည်းကောင်း**တည်း။"

မဟာရဟန်တိ နိဿယ ၂၄။

၅။ "ယေဝါပန ကုသလမူလာ ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရကား **ကုသလမူ သုံးခု**ရ၏။ သဗ္ဗေ တေဓမ္မာ ကုသလာ ဟူသော သံသယပုဒ် အရလည်း **ကုသလမူ သုံးခု ၎င်း** ရ၏။"

ယမိုက်အရကောက်ကျမ်း ၂၃။ (၁၁၂၁၃)

၆။ "သွာ သို့ ဟူ၍ အထက် သဗ္ဗညုးအသံ မပျောက်သည်ကား မူလဝိဘတ်ရင်းက ပါသည်ဖြစ်လျက် **အဝဏ်နှင့် ဝဏ်ဗျည်း** သံယုတ်ဖြစ်၍ အသံမပျောက်ဘတ်ရလေသည်။ တွာန၊ တွာ၊ မှ၊ မှာ၊ မေ့ ဟူသော ပစ္စည်းဝိဘတ်တို့နှိုက်လည်း **အဝဏ်နှင့် ဝဏ်ဗျည်း လည်းကောင်း** ဖြစ်၍ အသံမပျောက်သည်ပင်။"

ဝေါဟာရတ္ထပကာသနီ ၂၁။ (၁၁၃၁၃)

မဟုတ်၊ ကဲ့၏ အကျိုးကိုပါ ယုံကြည်သည်ဟု ထပ်လောင်း ပေါင်းထည့်ခြင်းအနက် ဖြစ်သည်။ ပါဠိသဒ္ဒါ၌ သမုစ္စည်းအနက်ဟု ဆိုသည်။ ပေါင်းစည်းခြင်းအနက်ဟု ဆိုလိုသည်။

ကျွန်ုပ်နှင့် ထိုမိတ်ဆွေတို့ ဆွေးနွေးရာ၌ အဆိုပါ ပုဒ်အဆုံးငင်းကို အထူး မဆွေးနွေးဘဲ ပုဒ်အစ၌ ရှိသော ငင်းကိုသာ အဓိကထား၍ ဆွေးနွေးကြသည်။ ပုဒ်အစ၌ ရှိသော ငင်းကို လည်းကောင်းဟု ရေးသားလေ့ မရှိချေ။ ငင်းဟူ၍သာ ရေးသားလေ့ ရှိကြသည်။ ထိုပုဒ်အစ ငင်းကား ပေါင်းစည်းခြင်းအနက်ကို ပြသော ပုဒ်လည်း မဟုတ်ချေ။ ဆိုခဲ့သည့်အတိုင်း အညွှန်းနာမ်စားသာ ဖြစ်သည်။ ပုဒ်အစ ငင်း ဖြစ်ပေါ်လာပုံကို စစ်ရှောက်လေ့လာသောအခါ ယင်းပုဒ်အစ ငင်းသည် ပုဒ်အဆုံး ငင်းမှ ရွှေ့လျောလာသောပုဒ် ဖြစ်သည်ဟု ဆိုနိုင်ကြောင်း တွေ့ရလေသည်။ ရှေးက ရေးသားသော မြန်မာစာပေများ၌ ငင်းကို 'က်ကိုငင်း၊ က်၏ အကျိုးကိုငင်း" ဟူသော ပုံစံမျိုးမှာကဲ့သို့ ထပ်လောင်းပေါင်းထည့်သည့် အရာ၌သာ သုံးသည် မဟုတ်ဘဲ အလားတူ စကားကို ထပ်၍ ဆိုရာ၌လည်း သုံးစွဲသည်ကို တွေ့ရသည်။

၁။ "**အရှင်သာရိပုတ္တရာ** တောင်းပန်သောကြောင့် ဗုဒ္ဓဝင်တရားကို ဟောတော်မူ၏။ ထိုဗုဒ္ဓဝင်ကို ဟောတော်မူသည်၏ အဆုံး၌ပင် **အရှင်သာရိပုတ္တရာ လည်းကောင်း** တောင်းပန်သောကြောင့် အနာဂတဝင် တရားကို ဟောတော်မူ၏။"

ယသဝမုနဝတ္ထု ၁၇။ (၉၈၁၃)

၂။ "သုတသောမ မင်းသားသည် တက္ကသိုလ်ပြည်သို့ အလျင်ရောက်၍ မြို့အဝင်တံခါး၊ **ဧရပ်တွင်** နားလင့်

အထက်ပါ ပုံစံများ၌ ဆိုပြီးသော စကားကို ထပ်၍ ဆိုသောအခါ အဆုံး၌ လည်းကောင်း ထည့်၍ ဆိုသည်ကို တွေ့နိုင်လေသည်။ ဤ၌ လည်းကောင်းသည် ပင်လျှင် ဟူသော စကားနှင့် အနက်တူလေသည်။ ပုစံ ၁–၌ 'အရှင်သာရိပုတ္တရာလည်းကောင်း တောင်းပန်သောကြောင့်' သည် ယခုခေတ် အရေးအသားအားဖြင့် 'အရှင်သာရိပုတ္တရာပင်လျှင် တောင်းပန်သောကြောင့်' နှင့် အတူတူပင် ဖြစ်သည်။ ပုံစံ ၂–၌ 'ထိုဇရပ်တွင်ငင်း' သည် 'ထိုဇရပ်တွင်ပင်' နှင့် အတူတူ ဖြစ်သည်။ ၃–'ငါသည်လည်းကောင်းလျှင်' သည် 'ငါသည်ပင်လျှင်' နှင့်၊ ၄–'ကိုယ်လည်းကောင်းတည်း' သည် 'ကိုယ်ပင်တည်း' နှင့်၊ ၅–'ကုသလမူသုံးခုငင်းရ၏' သည် 'ကုသလမူသုံးခုပင် ရ၏' နှင့်၊ ၆–'အဝဂ်နှင့် ဝဂ်ဗျည်းလည်းကောင်း ဖြစ်၍' သည် 'အဝဂ်နှင့် ဝဂ်ဗျည်းပင် ဖြစ်၍' နှင့် အတူတူပင် ဖြစ်သည်။

အထက်ပါ သာဓကများသည် သက္ကရာဇ် ၉၈၁–မှ ၁၁၃၁–ခု အတွင်း ရေးသားကြသည့် ခိုင်ခဲ့သော စာပေများမှ ထုတ်နုတ်ထားသော သာဓကများဖြစ်သည်။ ထိုသာဓကများကို ထောက်၍ သက္ကရာဇ် ၉၀၀–ကျော်မှ ၁၁၃၀–ကျော်အထိ နှစ်ပေါင်း ၁၅၀–ခန့်လောက် ကြာအောင် ဆိုပြီးသော စကားကို ထပ်၍ ဆိုသော အခါ အဆုံး၌ လည်းကောင်း ထည့်၍ ရေးသားကြသည်ဟု ဆိုနိုင်လေသည်။

ဤသို့ ဆိုပြီးသော စကားကို ထပ်၍ဆိုရာ၌ အဆုံးတွင် လည်းကောင်း ထည့်၍ ရေးသားရာမှ နောင်သောအခါ ယင်းသို့ ထပ်ဆိုသောအခါ ဆိုပြီးသား ပုဒ်ကို ထပ်၍ မရေးတော့ဘဲ လည်းကောင်း ဟူ၍သာ ရေးသားလာလေသည်။ ဥပမာ–

"အရှင်သာရိပုတ္တရာ တောင်းပန်သောကြောင့် ဗုဒ္ဓဝင် တရားကို ဟောတော်မူ၏။ အရှင်သာရိပုတ္တရာ လည်းကောင်း တောင်းပန်သောကြောင့် အနာဂတဝင် တရားကို ဟောတော်မူ၏။"

အထက်ပါ စကားတွင် ထပ်နေသော အရှင်သာရိပုတ္တရာကို ဖယ်လိုက်လျှင် အောက်ပါပုံစံအတိုင်း ဖြစ်လာလေသည်။

"အရှင်သာရိပုတ္တရာ တောင်းပန်သောကြောင့် ဗုဒ္ဓဝင် တရားကို ဟောတော်မူ၏။ ... လည်းကောင်း တောင်းပန်သောကြောင့် အနာဂတဝင် တရားကို ဟောတော်မူ၏။"

အခြား ပုံစံများ၌လည်း ဤနည်းအတူ ထပ်ဆိုသောစကားကို ဖယ်လိုက်လျှင် လည်းကောင်းသာ ကျန်သည်ကို သိနိုင်လောက်ပြီ။

ဤကဲ့သို့ ထပ်ဆိုသော စကားကို ဖယ်ပြီး လည်းကောင်း ဖြင့်သာ ရေးသားသည်ကို ရှေးကရေးသော စာများ၌ တွေ့ရသည်။

ယမိုက်အရကောက်ကျမ်းတွင် စာမျက်နှာ ၂၉ ၌–

"သန္နိဋ္ဌာန်ပုဒ်၏ အရကား အကုသလမူ သုံးခုသာ ရ၏။ သံသယလည်း အကုသလမူ သုံးခုငင်း ရ၏။"

ဟု ဆိုသော်လည်း စာမျက်နှာ ၅၈ ၌ကား–

("ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရ)ကား ဝေဒနာကမ္မဋ္ဌာန ရ၏။ သံသယ ငင်း ရ၏"

ဟု ဝေဒနာကမ္မဋ္ဌာန ဆိုသော စကားကို ထပ်၍ မရေးဘဲ ငင်းကိုသာ ရေးသားသည်ကို တွေ့ရသည်။

ယင်းစာမျက်နှာ ၃၂၅ ၌လည်း–

ကောင်း ငါ့မြေးလည်းကောင်း" ဟု တွေ့ရသည်။ စောမင်းလတ်ဘုရား ကျောက်စာ၌ "ယောက်ျားလေးကောင်း မိန်းမလေးကောင်း" ဟု တွေ့ရသည်။ ယင်းကို ထောက်၍ ပုဂံခေတ်က လည်းကောင်းဟု ညွှန်းသည်။ လေးကောင်းဟု သဝေထိုးနှင့်လည်း ရေးသည်ဟု ဆိုနိုင်သည်။ ပုဂံခေတ်က ညသတ်နှင့် သဝေထိုးကို လဲလှယ် ရေးသားလေ့ ရှိကြသည်။ သတည်းဟု လည်းကောင်း၊ သတေးဟု လည်းကောင်း နှစ်မျိုး ရေးသည်ကို တွေ့ရသည်။ သို့ဖြစ်၍ လည်းကောင်းမှ လေးကောင်း ဖြစ်လာသည်ဟု ဆိုနိုင်သည်။ တစ်ဖန် လေးကို ၄-ဂဏန်းနှင့် ရေးသဖြင့် ၄-ကောင်းဟု ဖြစ်လာသည်။ ပေစာရေးသည့်ခေတ်က နေရာ (ပေ ပုရပိုက်) ကို ချွေတာရသည် ဖြစ်သောကြောင့် တတ်နိုင်သမျှ အကျဉ်းရေးလေ့ ရှိကြသည်။ ဥပမာ-သောကို ဖ၊ ကြောင့်ကို ငှ့်၊ ကောက်ကို ကော်၊ လက်နက်ကို လှံ့၊ အနက်ကို အုံ့၊ အနက်အကျဉ်းကို နံကျဉ်း၊ သွေးသောက်ကို သွေ့က်၊ သွေ့ခ် စသည်ဖြင့် အကျဉ်းရေးလေ့ ရှိကြသည်။

၄-ကောင်းကိုပင် ထပ်၍ အကျဉ်းချုံးကာ ၄ ငင်း၊ ငင်း ဟူ၍ ရေးသားကြသည်။ ဤသို့ ဖြစ်လာပုံကို ထောက်သော် ငင်းကို လကောင်းဟု ဖတ်ခြင်းထက် လေးကောင်းဟု ဖတ်ခြင်းက ပို၍ မှန်ကန်သည်ဟု ဆိုရပေမည်။ သို့ရာတွင် ယခုခေတ်၌ကား လေးကောင်းဟု မဖတ်ကြတော့ပြီ၊ လကောင်း ဟူ၍သာ ဖတ်နေကြလေသည်။ ရှေးကရေးသော အချို့စာများ၌လည်း လကောင်းဟု ရေးသားသည်ကို တွေ့ရသည်။

'ဒီနေ့ ဆွေးနွေးရတာ သိပ်အကျိုးရှိတာပဲ ဆရာ၊ ကျွန်တော့် စိတ်ထဲမှာ ပုဒ်အစမှာ အညွှန်းနာမ်စား အဖြစ်နဲ့ ငင်းလို့ ရေးတာ

"အနုလောမ သန္နိဋ္ဌာန်ကား ကာမာဝစရပုဂ္ဂိုလ်၊ ရူပါဝစရ ပုဂ္ဂိုလ် ရ၏။ သံသယ လည်းကောင်း ရ၏။" ဟု တွေ့ရသည်။

"အိမ်ရှေ့တော်ပါ စာရေးကြီး မည်သူကို လွှတ်တော်တွင် စာရေးကြီးခန့်။

လည်းကောင်း စာရေးကြီး မည်သူကို မြန်မာ မြင်းစာရေးကြီး ခန့်။

လည်းကောင်း စာရေးကြီး မည်သူကို လွှတ်တော်တွင် အစု စာရေးကြီး ခန့်။

လောကဗျူဟာ အင်ရဲစာတမ်း ၇၉။ (၁၁၁၃)

အထက်ပါ သာဓကဥ်လည်း အိမ်ရှေ့တော်ပါ ဆိုသော စကားကို ထပ်၍မရေးဘဲ လည်းကောင်း စာရေးကြီး မည်သူကို ဟု လည်းကောင်းသာ ရေးသားသည်ကို တွေ့ရလေသည်။

ဤနည်းအားဖြင့် ပုဒ်အဆုံး လည်းကောင်းသည် ပုဒ်အစ လည်းကောင်း အဖြစ်သို့ ရောက်လာလေတော့သည်။

'သာဓကအဖြစ် ထုတ်ပြတဲ့ ပုံစံတွေမှာ လည်းကောင်းလို့လည်း ပါတယ်။ ငင်းလို့လည်း ပါတယ်၊ အတူတူပဲလား' ဟု ထိုမိတ်ဆွေက ထောက်ပြန်သည်။

'လည်းကောင်းနဲ့ ငင်း အတူတူပါပဲ၊ လည်းကောင်းကို အကျဉ်းရေးနည်းနဲ့ ငင်းလို့ ရေးတာပါပဲ။ သို့ပေမဲ့ အခုခေတ်မှာတော့ ပုဒ်အဆုံးမှာ နှစ်မျိုးလုံးကို ရေးပေမဲ့ ပုဒ်အစမှာ ငင်း တစ်မျိုးတည်းကိုသာ ရေးကြပါတယ်၊ လည်းကောင်းကို မရေးကြတော့ပါဘူး' ဟု ကျွန်ုပ်က ဖြေရသည်။

မြန်မာစာ အရေးအသားတွင် အစောဆုံးဟု ပညာရှိအများ ယူဆထားကြသည့် မြစေတီကျောက်စာ၌ "ငါ့သား လည်း

ကို ဘဝင်မကျ ဖြစ်နေတာ ကြာပြီ။ အခု ဆွေးနွေးလိုက်တော့ ၎င်း အရေးအသား ဖြစ်လာပုံ သမိုင်းစဉ်ကို သိရတဲ့အတွက် ကျွန်တော် ဘဝင်ကျသွားပါပြီ။ တစ်ခု မေးပရစေဦး ဆရာ၊ ၄-ဂဏန်း ငသတ်နဲ့ ၎င်း အရေးအသားကို ဘယ်ခေတ်လောက်က စပြီး ရေးလာကြသလဲ'

ထိုမိတ်ဆွေက မေးပြန်ပါသည်။ ၎င်း အရေးအသားကို ဘယ်ခေတ်လောက်က စပြီး သုံးစွဲလာသည်ဟု ကျွန်ုပ် မသိပါ။ တွေ့ရသလောက် ပြောရလျှင် သက္ကရာဇ် ၉၉၁ ခု ရေး မဏိ ကုဏ္ဍလဝတ္ထု ပုံနှိပ်မူ၌လည်း တွေ့ရသည်။ သက္ကရာဇ် ၁၀၉၇ ခု မန်ကျည်းကန်စား ဂဇဗလမင်းကြီး အမေး၊ ဆရာတော် ရှင်ဥက္ကံ သမာလာ အဖြေ ပေမူ၌လည်း ၎င်းအရေးအသားကို တွေ့ရသည်။ သို့ဖြစ်၍ တွေ့ရသလောက်ကို ပြောရလျှင် သက္ကရာဇ် ၉၀၀ ကျော် တစ်ထောင် (လွန်ခဲ့သော့ နှစ်ပေါင်း ၃၀၀ ကျော်) လောက်ကပင် ၄ ဂဏန်း ငသတ်နှင့် ၎င်း အရေးအသားကို ရေးသားနေကြပြီဟု ယူဆနိုင်သည်။ သို့ရာတွင် ထိုခေတ်က ကျမ်းပြုပုဂ္ဂိုလ်များ ကိုယ်တိုင် ရေးသားခဲ့ခြင်း ဟုတ် မဟုတ်ကိုကား အမှန် မပြောနိုင်ပေ။ ဤကိစ္စကား မြန်မာစာ အရေးအသားသမိုင်းကို လေ့လာသော ပညာရှင်တို့၏ အရာသာ ဖြစ်သည်။

[ငွေတာရီ၊ အောက်တိုဘာ ၁၉၆၆]

မုမုနှစ်ဆင့် ခ-နှင့်တွက်ရေ ခုနစ်နေ

ရက်စွဲ။ ၂၉၊ ၁၂၊ ၅၆

ဆရာ ဦးထွန်းမြင့်။

မြန်မာနိုင်ငံ သမိုင်းကော်မရှင်မှ ဒေါ်ကြန်က အာသံနိုင်မော်ကွန်း အပိုဒ် ၉ လာ- "မုမုနှစ်ဆင့်၊ ခနှင့်တွက်ရေ၊ ခုနစ်နေတည့်၊ ဘုံရွှေနန်းဆီ၊ ဝေသာလီက" ဆိုသော စကားရပ်၏ အဓိပ္ပာယ်ကို မေးလာပါသည်။ ကျွန်တော် မကြံဖူးပါ။ ယခု အခိုက် မကြံလည်း မကြံအားပါ။ ထို့ကြောင့် တစ်ဆိတ် လေ့လာကြံဆ ပေးစေလိုပါသည်။

မင်းသုဝဏ်

.....

နေ့စွဲ။ ၁၅၊ ၁၊ ၅၇

ဆရာ မင်းသုဝဏ်ထံသို့။

ဆရာ ခင်ဗျား။

ဆရာ မေးမြန်းသော အာသံနိုင်မော်ကွန်း၊ အပိုဒ် ၉ ပါ စကားကို ကြံစည်လေ့လာ ရှာဖွေစူးစမ်း ညှိနှိုင်းဆင်ခြင်ပြီး အောက်ပါအတိုင်း အဓိပ္ပာယ် ယူဆသင့်သည်ဟု သဘောရကြောင်း အစီရင်ခံပါသည် ခင်ဗျား။

စာသွားစာလာ အဓိပ္ပာယ်

ပထမ စာသွားစာလာကို ဆင်ခြင်ပါက ခ-နှင့် တွက်ရေ ဟု "တွက်ရေ" ဟူသော စကားပါသည်ကို ထောက်၍ ဤစကား သည် ရေတွက်ယူရမည့် သန်းကာဖြစ်သည်ဟု ယူဆနိုင်ပါသည်။ စာမူ၌ "မုမုနှစ်ဆင့်၊ ခနှင့်တွက်ရေ၊ ခုနစ်နေတည့်" ဟု ပါရှိနေ သဖြင့် ဤစကားသည် ခုနှစ်သက္ကရာဇ်ကို ပြဆိုသောစကား ဖြစ် လေမည်လားဟု စဉ်းစားဆင်ခြင်သော် ဤမော်ကွန်းစာပိုဒ်ဖြင့် ပြဆိုလိုသည့် ဘကြီးတော်ဘုရား နန်းတက်သည့် ခုနှစ်သက္ကရာဇ် သန်းကာအရေအတွက်ကို အစနားတွင် "ရတနာမည်ခံ၊ ပြည်နံဓာတ် ပန်း၊ မြတ္တဆန်းနှိုက်၊ ပိုင်မြန်းစိုးမှူး၊ သတိုးဦးမှ၊ ရှည်ကြူးကဲဆ၊ ခွပါမျှသား၊ ငါးရာစတေ၊ မင်းနေသရစ် (မင်းနေသက္ကရာဇ်)၊ မြို့သက်နှစ်တွင်" ဟု ပြဆိုခဲ့ပြီး ဖြစ်သောကြောင့် ဤ "မုမုနှစ် ဆင့်" စသော စကားမှာ နန်းတက်နှစ် သက္ကရာဇ် အရေအတွက် ပြသော စကားလည်း မဟုတ်နိုင်ကြောင်း သိသာပါသည်။

အဆိုပါ "ရတနာ မည်ခံ" စသော စကား၏ အဓိပ္ပာယ်မှာ ရတနာပူရ (အင်းဝ) မြို့ကို ပထမဆုံး စ၍ သတိုးမင်းဖျား နန်း တည်ခဲ့သည့် ခုနှစ် ၇၂၆ မှ ရေတွက်လျှင် အခွဲနှင့်တကွ ငါးရာ ခန့် ဖြစ်သော မြို့သက်နှစ် (သက္ကရာဇ်) တွင်ဟု ဆိုသဖြင့် ၇၂၆ တွင် ၄၅၇ (အခွဲနှင့်တကွ ငါးရာခန့်ကို) ကို ထည့်က ၁၁၈၃ ခု ဖြစ်ပါသည်။ (ကုန်းဘောင်ဆက်ရာဇဝင်၊ ဒု ၃၇၅ ၌ ၁၁၈၅ ခု တွင် ဘကြီးတော် ရန္ဓာဘိသေက ခံကြောင်း ပြဆိုပါသည်။ ယင်း နှစ်ဖြစ်လျှင် ၇၂၆+၄၅၉=၁၁၈၅ ဟု ယူရပါမည်) ယင်းသို့ နန်း တက်နှစ် သက္ကရာဇ် အရေအတွက်ကို အထက်က ဆိုခဲ့ပြီး ဖြစ်

သောကြောင့် ဤမုမုနှစ်ဆင့် စသော စကားမှာ သက္ကရာဇ် အရေ အတွက် မဟုတ်ကြောင်း သိနိုင်ပါသည်။

ခုနှစ်ကို ခုနစ်ဟု ယူဆပြီး "မုမုနှစ်ဆင့်၊ ခနှင့်တွက်ရေ၊ ခုနစ်နေတည့်" ဟူသော စကားကို "ဘုံရွှေနန်းဆီ၊ ဧသာလိက" ဟူသော ရှေ့အဆက် စကားများနှင့် ဆက်စပ်ဆင်ခြင်လျှင် "မုမု နှစ်ဆင့်၊ ခ-နှင့်တွက်ရေ၊ ခုနစ်နေတည့်၊ ဘုံရွှေနန်းဆီ၊ ဧသာလိ က"၊ "မု-မု-ခနှင့် ခုနစ်တို့ နေသည့် ဧသာလီ ရွှေဘုံနန်းဆီက" ဟု အဓိပ္ပာယ် သက်ရောက် ဖြောင့်တန်းနေပါသည်။

ဤအာသံနိုင်မော်ကွန်းကို ရေးသားသည့် ဒုတိယ နဝဒေး ပင် ရေးသားသော ရခိုင်နိုင်မော်ကွန်း အပိုဒ် ၃၈ ၌လည်း "မုမု နှစ်ဆင့်၊ ခနှင့်ခုနှစ် (ခုနစ်)၊ ကောရာဇ်တို့၊ တိုင်းဝဒ္ဓိလယ်၊ နန်းရိုး နွယ်လည်း" ဟု စပ်ဆိုထားသည်ကို တွေ့ရသဖြင့် ဤမုမုနှစ် ဆင့် စသော စကားသည် "မု-မု-ခ-ခုနစ်သော မင်းတို့နေသည့် ဧသာလီဘုံနန်း" ဟု ဆိုလိုကြောင်း ထင်ရှားသိသာနိုင်ပါသည်။

သန်းကာယူဆပုံ

အထက်ပါ မု-မု-ခ-ခုနစ် တို့တွင် မု-မု-ခ ဟူသော စကားတို့မှာ ပိဋကတ်သန်းကာ၊ ဗေဒင်သန်းကာ၊ သင်္ကေတသန်းကာ စ သော သန်းကာတို့တွင် သင်္ကေတ သန်းကာများ ဖြစ်သည်ဟု ယူရပါ မည်။ မု-သည် သင်္ကေတသန်းကာတွင် ပါသည့် မုနိ၏အတိုကောက် ဖြစ်ပါသည်။ မုနိသဒ္ဒါသည် ခုနစ်ဟူသော အနက်ကို ဟောသည့် သင်္ကေတသန်းကာ ဖြစ်ပါသည်။

အထောက်အထားများမှာ "ရသကဏ္ဍမုနိသင်္ကေ" ရာဇဝင် ပါဠိ ၁၉။ "မုနိသဒ္ဒေနသတ္တသံခ်ာ (ဒီပေတိ)" မဟာရာဇဝင်ကြီး

ဋီကာပါဠ် ၆၉။ "မုနိသဒ္ဒေန၊ မုနိသဒ္ဒါဖြင့်။ သတ္တသံချံ၊ ခုနစ်ခုသံချာကို။ ဒီပေတိ၊ ပြ၏။" ယင်းနိဿယ ၃၄၃။ "မုနိသဒ္ဒါသည် စက္ခုမ်ဂီရသော မုနိ–ဟူသည်နှင့် အညီ၊ ယင်းသည် ဘုရားဟော ဖြစ်၍၊ ဝိပဿီက စသည်ရေမူ ခုနစ်ဆူ ရှိရကား ခုနစ်ခုသံချာကို ဟော၏။" ဆန်းဂဏ္ဌိ ၈၅။

မုနိသဒ္ဒါသည် ဘုရားဟူသော အနက်ကို ဟောပါသည်။ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူသော ဘုရား ၇–ဆူကို သတ္တန့်၊ ဗုဒ္ဓါနံ စသည်ဖြင့် သီးခြားဟောတော်မူလေ့ ရှိသောကြောင့် မုနိသဒ္ဒါကို ယင်းဘုရား ၇–ဆူကို ရည်၍ ၇–ခုသံချာ အဖြစ်ဖြင့် ဆန်းကျမ်းတို့၌ ပြဆိုခြင်း ဖြစ်ပါသည်။ "ဝိပဿီတျာဒီ နမ္ပိသမ္ပတိ ဘူတေန အမှာကံ တထာဂတေန သဒ္ဓိံ သတ္တဝိဓတ္တာ" ဟူ၍ ဆန်းဋီကာ၌ မိန့်ဆိုထားပါသည်။

သို့ဖြစ်၍ မု–ဟူသော စကားကို ၇–ခု သံချာဟု ယူဆရပါမည်။ ဒုတိယ မု–လည်း နည်းတူပင် ဖြစ်ပါသည်။ သို့ဖြစ်၍ "မုမုနှစ်ဆင့်" သည် ၇၇–ဟု အဓိပ္ပာယ် ရပါသည်။

ဤ၌ ၇–ဂဏန်း ၂–လုံးကို ဆိုလိုက အဘယ့်ကြောင့် မုနိနှစ်ဆင့်ဟု မဆိုသနည်းဟု စောဒကတက်ဖွယ် ရှိပါသည်။ အဖြေကား မုနိနှစ်ဆင့်ဟု ဆိုလျှင် မု–တစ်လုံး၊ နိ–တစ်လုံး ခွဲ၍ ယင်းမုနှင့်နိ နှစ်ဆင့်ဟု အဓိပ္ပာယ် ကောက်ယူမည် စိုးသောကြောင့် မုနိနှစ်ဆင့်ဟု မရေးဘဲ မုမုနှစ်ဆင့်ဟု ရေးသည်ဟူ၍ ယူဆဖွယ် ရှိပါသည်။ ယင်းကို အတုယူ၍ပင် ပိဋကတ်တော်အုပ် မင်းကြီး ဦးယမ်က မန်လည်ဆရာတော်ထံ မိမိ၏ ဖွားသက္ကရာဇ် ရက်ချုပ်ဇာတာကို အချိုးကဗျာရေးသား၍ ဆက်ကပ်ရာ၌လည်း အောက်ပါ အတိုင်း သုံးနှုန်းဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။

"ပဋိလုံ **မုမုနှင့်**၊ ဧက်နှစ်ခုဝေါဟာ။ ။ ဝါဆိုယွန်း၊ ငွေဝန်းနှင့် ရောင်စုံချီ၊ ပုဏ္ဏမီပြည့်ကျော်ထွက်လို့၊ ငါးရက်ကယ် တိထီလုမှာမှ၊ ဣန္ဒုလျှံအလင်း၊ စန်းမင်းနေ့မှာ။ ။ နန်းပဟိုရ် ရွှေစည်နှက်လို့၊ ညဉ့်သုံးချက် ကျော်ပါတယ်၊ နာရီသာပါဓ် ဗီယွန်း။ ။ အောင်ဇေယျာ၊ မင်္ဂလာအချိန်မြတ်နှင့်၊ သိဟ်မှတ်တဲ့ မကိုင့်နွယ်၊ ကြာတိုက်လယ် ရွှေညံ့က၊ ဖွားသန့်စံကျွန်း။

ပညာဝီမံသနကထာ၊ ဝဇီရဂ္ဂဒီပနီကျမ်း ၁၈၉။

(၁၁၇၇–ခု၊ ဝါဆိုလပြည့်ကျော် ၅–ရက် တနလ်ာနေ့တွင် ဖွားမြင်သည်ဟု ဆိုလိုပါသည်။)

ခ–သဒ္ဒါသည် သုညအနက်ကို ဟောသည့် သင်္ကေတသံချာ ဖြစ်ပါသည်။ တက္ကသိုလ် မြန်မာအဘိဓာန် အပိုင်း ၂၊ (ခ–အက္ခရာ) စာမျက်နှာ ၁၆၁ ၌ "ခ²–နံ၊ ၁၊ သုညဂဏန်း။ "ခဆပဋ္ဌာတိ ဧတ္တ၊ ခဆပဋ္ဌ ဟူသော ဤပုဒ်၌။ သမဘိနိဝိဋ္ဌော၊ ကောင်းစွာ အကျုံးဝင်သော။ ခသဒ္ဒေါ၊ ခသဒ္ဒါသည်။ သုညတ္တော၊ သုညအနက် ရှိ၏" ဟု ပါရှိပါသည်။

ခသဒ္ဒါ သုညအနက်ကို ဟောကြောင်းမှာ ခ–ဆပဋ္ဌ ဟူသော သက္ကရာဇ်ဖြိုကိန်းအားဖြင့် ထင်ရှားသိသာနိုင်ပါသည်။ ဧကက္ခရကောသပါဠ်၊ ဂါထာနံပါတ် ၂၀ ၌ "ခမိန္ဒြိယေ သုခေ သဂ္ဂေ၊ သုညာကာသေစ ဝိဝရေ။" ဟု ခသဒ္ဒါသည် သုညအနက်ကို ဟောကြောင်း ပြဆိုထားပါသည်။ သဒ္ဒနီတိ၌လည်း "ခန္တိ တုစ္ဆံသုညံ ဝိဝိတ္တံရိတ္တံ" ဟု ခသဒ္ဒါ သုညအနက် ဟောကြောင်း ပြဆိုထားပါသည်။ "ခံသဒ္ဒေါပနတုစ္ဆေ" ဟူသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ တုစ္ဆ 'အချည်းနှီး' ဆိုသည်မှာလည်း သံချာအရာ၌ သုညပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ခ–ဟူသော စကားကို သုညဟု

ယူရပါမည်။ ခုနစ် ဆိုသည်မှာ ၇-ဂဏန်းကိုပင် စာဖြင့် ရေးသား သည့်စကား ဖြစ်ပါသည်။ သို့ဖြစ်၍ မု-မု-ခ-ခုနစ် ဟူသော စကားသည် ၇၇၀၇-ဟု ဆိုလိုကြောင်း သိနိုင်ပါသည်။

ယင်းသို့ ဖြစ်နေသောကြောင့် "မုမုနှစ်ဆင့်၊ ခနှင့်တွက်ရေ၊ ခုနစ်နေတည့်၊ ဘုံရွှေနန်းဆီ၊ ဝေသာလီက" ဟူသော စကားသည် ၇၇၀၇-ယောက်သော လိစ္ဆဝီမင်းတို့နေရာ ဝေသာလီ ရွှေဘုံနန်း က ဟု အဓိပ္ပာယ် ကောက်ယူရပါမည်။ ဝေသာလီပြည်၌ လိစ္ဆဝီ မင်းပေါင်း ၇၇၀၇-ယောက် ရှိဖူးကြောင်း ဓမ္မပဒ အဋ္ဌကထာ၊ ပကိဏ္ဏကဝဂ်၊ ၆-ဝဇ္ဇိပုတ္တက ဝတ္ထု၌ အောက်ပါအတိုင်း မိန့်ဆို ထားပါသည်။

"ယာနိဝေသာလိယံ သတ္တရာဇသဟဿာနိ သတ္တ ရာဇ သတာနိ သတ္တရာဇာနော၊ တတ္တကာဧဝစ နေသံ ဥပရာဇသေနာ ပတိ အာဒယော။"

ဓမ္မပဒ အဋ္ဌကထာ၊ ဒု-၂၈၇။

"ဝေသာလီပြည်၌ အကြင်မျှလောက်ကုန်သော ခုနစ်ထောင့် ခုနစ်ရာ ခုနစ်ယောက် ကုန်သော မင်းတို့သည် ယှိသည် ဖြစ်ကုန် ၏။ ထိုမျှလောက်သာလျှင် ဖြစ်ကုန်သော ထိုမင်းတို့၏ အိမ်ရှေ့ မင်း စစ်သူကြီး အစယှိသည်တို့သည် ယှိသည် ဖြစ်ကုန်၏" ဓမ္မပဒဝတ္ထု၊ စ-၃၃၂။ ယင်းသို့ ကျမ်းဂန်လာသည့်အတိုင်း ၇၇၀၇ ယောက်သော လိစ္ဆဝီမင်းတို့၏နေရာ ဝေသာလီမှ လိစ္ဆဝီမင်း အမျိုးအနွယ်ဖြစ်သော သမီးကညာများကို ဆိုလိုသည် ဖြစ်သော ကြောင့် "မုမုနှစ်ဆင့်၊ ခ-နှင့်တွက်ရေ၊ ခုနစ်နေတည့်" ဟူသော စကားသည် ဝေသာလီမင်းပေါင်း ၇၇၀၇-ယောက်ကို ပြဆိုသော စကားဖြစ်ကြောင်း၊ ဤအာသံနိုင်မော်ကွန်းနှင့် ရခိုင်နိုင်မော်ကွန်း

ပါ "ခုနှစ်" ဟူသော စကားမှာလည်း "ခုနစ်" ဟူ၍သာ ရှိသင့် ကြောင်း တင်ပြပါသည် ခင်ဗျား။

[ဤဆောင်းပါး၌ ပါသည့် ပိဋကတ်တော်အုပ် ဦးယမ်၏ ဇာတာဖွဲ့အချိုးကို ညွှန်ကြား ရှာဖွေပေးသူ နိုင်ငံတော် ဗုဒ္ဓ သာသနအဖွဲ့၊ ဗုဒ္ဓဝင်ဌာန၊ ဆရာဦးဘသန်း (သျှင်သန်းမေ) အား ကျေးဇူးတင်ကြောင်း ဖော်ပြပါသည်။]

[မြဝတီ၊ မတ် ၁၉၅၇]

မြန်မာ့ရိုးရာ ဂဏန်းသင်္ချာ

၁၉၇၁ ခု မေလထုတ် ငွေတာရီမဂ္ဂဇင်းပါ မောင်အုန်းသောင်း၏ "မြန်မာ့ရိုးရာ ဉာဏ်စမ်းသင်္ချာ" ဆောင်းပါးကို ဖတ်ရသဖြင့် ကျွန်ုပ် တွေ့ထားသော မြန်မာ့ရိုးရာ ဂဏန်းသင်္ချာများကိုလည်း ဗဟုသုတ လိုလားသူများအတွက် တင်ပြလိုသောဆန္ဒ ဖြစ်လာသည်။

ကျွန်ုပ် တွေ့ရသော ဂဏန်းသင်္ချာမှာ "ယုဝဓာရဏကျမ်း" (ပေမူ) မှ ဖြစ်သည်။ ယင်းကျမ်းမှာ "ကတ္တီပါ ဂိုဏ်းအုပ် ဆရာတော်သည် သူငယ် ကျောင်းသားကလေးများတို့၊ သင်ကြားလေ့ကျက်၊ ဆောင်ရွက်စိမ့်ငှာ၊ ကျမ်းများစွာမှ၊ ထုတ်ခါပြ၍၊ ယုဝဓာရဏ၊ နာမသညီ၊ ကျမ်းဂမ္ဘီကို၊ ကုံးစီ ရေးသားထားပေအံ့သတည်း" ဟု အစချီကာ သုတိသမုတိသင်္ချာစ၊ အစရှိသော ဂါထာကို မူတည်ပြီး အဌာရသ သိပ္ပကို အကျယ်ရေးသားထားသော ကျမ်းငယ်တစ်စောင် ဖြစ်သည်။

ထိုကျမ်း၌ သင်္ချာအရ ဓည် စပါးဂဏန်း၊ တဏ္ဍုလံ ဆန်ဂဏန်း၊ သုဝဏ္ဏံ ရွှေဂဏန်း၊ ဥဒကံ ရေဂဏန်း၊ ဒီပံ ဆီမီးဂဏန်း၊

ရထဥ္ဇ ရထားဂဏန်း၊ ရုက္ခံ သစ်ပင်ဂဏန်း၊ နာဝါ လှေဂဏန်း၊ တစ သားရေဂဏန်း၊ ဘူမိ မြေဂဏန်း–ဟူ၍ ဂဏန်းသင်္ချာ ဆယ်ပါးရှိကြောင်း ပြဆိုထားလေသည်။

စပါးဂဏန်းတွင် စပါးတစ်တင်းသည် အစေ့ ၃၈၄၀၀၀–ရှိ၏။ အလျား အနံ ဇောက် တစ်တောင်ကို အစေ့ ၇၆၈၀၀၀–ရှိ၏။ ၎င်းတစ်တောင်သည် စပါး ၂ တင်း ရှိ၏ စသည်ဖြင့် ပြဆိုထားလေသည်။

ရေဂဏန်းတွင် အလျား အနံ အစောက် ၄–တောင်ရှိသော ရေကန်ကို ဇောက် ၁–တောင်၊ အနံ ၁–တောင် ရှိသော မြောင်းတွင် လွှတ်သော် အလျားအနံ ဘယ်မျှနည်း၊ အမေး၏ အတွက်ကား အလျား ၄–တောင် တည်၊ အနံ ၄–တောင် မြောက်၊ ၁၆။ ထု ၄–တောင်လည်း မြောက်၊ ၆၄ ရ၏။ ၄–ခု စား၊ ၁၆–လံ ရ၏ဟု ရေးထားလေသည်။ (တစ်လံလျှင် ၄–တောင် ရှိသောကြောင့် ၄–နှင့် စားသည်ဟု ထင်သည်။)

ဆီမီးဂဏန်း၌ အလျား အနံ ဇောက် ၁–တောင်စီရှိသော ဖယောင်းကို အရှည်တစ်မိုက်၊ အလုံး လက်တစ်သစ်ရှိသော ဖယောင်းတိုင်လုပ်သော် တိုင်ပေါင်း မည်မျှ ထွက်မည်နည်း ဟူသော အမေး၏ အတွက်လည်း ပါသည်။ တွက်နည်းမှာ ၈–လက်သစ် တစ်မိုက်၊ ၃–မိုက် တစ်တောင် ဆိုသဖြင့် တစ်တောင်တွင် ၂၄–လက်သစ် ရှိသောကြောင့် အလျား ၂၄–သစ် တည်၊ အနံ ၂၄–လက်သစ်နှင့် မြောက်၊ ၅၇၆။ ယင်းကို ဇောက် ၂၄–လက်သစ် မြောက်၊ ၁၃၈၂၄–လက်သစ် ရ၏။ ၈–နှင့် စား၊ ဖယောင်းတိုင်ပေါင်း ၁၇၂၈ တိုင် ရ၏ ဟူ၍ ဖြစ်သည်။

နည်း၊ ဝိဏာရနည်း၊ အာနိစ္စနည်း၊ အပစ္စကနည်း၊ အာမန္တနည်း၊ ဝိလုပ္ပနည်း၊ ပရကိဏ္ဏနည်းတို့ ဖြစ်သည်။

ဗျူဟာကရဏနည်း၌ ကြက်မတစ်ကောင်သည် ပထမနေ့ တစ်လုံး၊ နောက်နေ့ နှစ်လုံး၊ နောက်နေ့ သုံးလုံး စသည်ဖြင့် တစ်နေ့တစ်လုံး တိုး၍ အသော် တစ်လရှိလျှင် ဥပေါင်း မည်မျှရှိမည်နည်း ဟူသော ပုစ္ဆာ၏ တွက်နည်း ပါသည်။ တွက်နည်းမှာ ၃၀–တည်၊ ၁–ခုရော၊ ၃၁။ ၃၀ နှင့်မြှောက်၊ ၉၃၀။ ၂–နှင့်စား၊ ဥပေါင်း ၄၆၅–ဖြစ်သည်။

ရက်ကန်းသည်တစ်ယောက်သည် ပထမနေ့ ချည်တစ်ဝင်၊ နောက်နေ့ ၂–ဝင်၊ နောက်နေ့ ၃–ဝင် စသည်ဖြင့် တစ်နေ့တစ်ဝင် တိုး၍ ဝင့်သော် ၇–ရက်ရှိလျှင် ချည်ဝင်မည်မျှ ရမည်နည်း ဟူသော ပုစ္ဆာ၏ အတွက်လည်း ပါသည်။ တွက်နည်းမှာ ၇–တည်၊ ၁–ခု ရော၊ ၇–နှင့်မြှောက်၊ ၅၆။ ၂ ခုစား၊ လဒ် ချည်ဝင်ပေါင်း ၂၈–ရ၏ ဟူ၍ ဖြစ်သည်။

အနန္တဝိဇ္ဇာနည်း၌ တဲခါး သုံးပေါက်ရှိသော ဆင်တင်းကုပ်မှ ဆင်တို့ကို တဲခါး သုံးပေါက်မှ အညီအမျှ ထွက်စေ၍ တော ၅ တောင် အညီအမျှ လွှတ်၏။ ဆင်ပေါင်းမည်မျှနည်း ဟူသော ပုစ္ဆာ ပါသည်။ တွက်နည်းမှာ ဆင်တင်းကုပ် ၁–ကို တဲခါး ၃ ပေါက်နှင့် မြှောက်။ တော ၅–တောနှင့်လည်း မြှောက်၊ ဆင် ၁၅–စီးဖြစ်သည် ဟူ၏။

ဆင်ကို တဲခါး ၃ ပေါက်မှ အညီအမျှ ထွက်စေပြီး၊ ရေဆိပ် ၅–ခု၌ အညီအမျှ ရေချိုးစေပြီး၊ နောက် ညောင် ၇ ပင်၌ အညီအမျှ စားစေ၏။ ဆင်ပေါင်းမည်မျှနည်း ဟူသော ပုစ္ဆာ၏ အတွက်လည်း ပါသည်။ တွက်နည်းမှာ တင်းကုပ် တည်၊ ၃–တဲခါး

မြေဂဏန်း၌ စတုရန်းလေးထောင့် အလျား အနံ ထု တစ်တောင်စီရှိသော မြေကို အလျား တစ်တောင်၊ အနံ တစ်ထွာ၊ ထု ၄ လက်သစ် ထူသော အုတ်လုပ်သော် အုတ်ပေါင်းမည်မျှ ရမည်နည်း ဟူသော ပုစ္ဆာကို ၈–လက်သစ် တစ်မိုက်၊ ၃–မိုက် တစ်တောင် ဆိုသဖြင့် တစ်တောင်တွင် ၂၄–လက်သစ် ရှိသောကြောင့် အလျား ၂၄–လက်သစ် တည်၊ အနံ ၂၄ လက်သစ် မြှောက်၊ ထု ၂၄–လက်သစ် ထပ်၍မြှောက်၊ ၁၃၈၂၄–ရ၏။ မြေ၏ လက်သစ်ပေါင်း ဖြစ်၏။ အလျား ၂၄ လက်သစ် တည်၊ အနံ ၁၂–လက်သစ် မြှောက်၊ ထု ၄–လက်သစ် ထပ်မြှောက်၊ ၁၁၅၂–ရ၏။ အုတ်၏ လက်သစ်ပေါင်း ဖြစ်၏။ မြေ၏ လက်သစ်ပေါင်း ၁၃၈၂၄–ကို တည်၊ အုတ်၏ လက်သစ်ပေါင်း ၁၁၅၂–နှင့် စား၊ လဒ် ၁၂–သည် အုတ်ပေါင်းဖြစ်၏ဟု တွက်ပြထားလေသည်။ အလျား အနံ အစောက် တစ်တောင်စီရှိသော မြေကျင်း၌လည်း အထက်ပါအုတ်မျိုး ၁၂ ချပ် ဝင်သည် ဟူ၍လည်း ပြဆိုထားသည်။

စေတီအုတ်ဝင်ကို မေးရာ၌ တွက်ပုံကား စေတီအဝန်း တည်၊ ၃–ခု စား၊ လဒ်ကို လဒ်ချင်း မြှောက်၊ ၄–ခု စား၊ ၃–ခု မြှောက်၍ထား။ အစောက်ကို တည်၊ ၂–ခုစား၊ လဒ်ကို အလျင်စားရာတွင် မြှောက်၊ တစ်တောင်ဝင်သည် အုတ်ချပ် ၁၂–မြှောက်၊ အုတ်ချပ်ပေါင်း ဖြစ်၏ ဟူ၍ ပြဆိုထားလေသည်။

ဂဏန် ၁၀–ပါးအပြင် ဂဏန်းနည်း ၁၆–ပါးလည်း ပါသေးသည်။ ဂဏန်းနည်း ၁၆–ပါးကား စန္ဒပတ်နည်း၊ ဟြမကိုက်နည်း၊ ဗျူဟာကရဏနည်း၊ ဝိဘင်္ဂနည်း၊ အနန္တနယနည်း၊ ကိဏ္ဏဝိကိဏ္ဏနည်း၊ သေသဝိဇ္ဇာနည်း၊ ကုပ္ပကနည်း၊ ဗောဇ္ဈင်္ဂနည်း၊ အနန္တဝိဇ္ဇာ

မေးသော် တစ်လုံးစီ စုလည်း သင့်၏၊ ၂–လုံးစီ ၃–လုံးစီ ၄–လုံးစီ ၅–လုံးစီ ၆–လုံးစီ စုလည်း သင့်၏၊ ၇–လုံးစီ စုရာတွင် မှ တစ်လုံးကျန်သည်၊ ဝမ်းဘဲ့ မည်မျှနည်း။ အမေး၏ အတွက်ကား ကိန်း ၁၇–တည်၊ ၇–မြောက်၊ ၁–ရောက်၊ ဝမ်းဘဲ့ ၁၂၀–ရှိ၏။

တစ်ယောက်သော မိန်းမသည် သရက်သီးရွက်၍ ကူးတို့စီး၏၊ အခ မပေး၍ မွေ့ယမ်း ယမ်းရာတွင် ရေတွင်ကျ၍ မင်းထံလျှောက်သော် လျော်စေ စီရင်၏။ သရက်သီး တစ်လုံးစီ စုလည်း သင့်၏၊ ပ၊ ၇–လုံးစီ စုရာတွင်မှ ၃–လုံးကျန်၏၊ အဘယ်မျှနည်း။ အမေး၏ အတွက်ကား ၁၇–တည်၊ ၃–မြောက်၊ ၇– မြောက်၊ ၃–ရော၊ ၃၆၀ ရှိ၏။”

ခေါင်းစဉ် ဖော်ပြစဉ်က ဝိလုပ္ပနည်းဟု ပါသည်။ အကျယ် ဖော်ပြရာ၌ ဝိလုပ္ပကနည်းဟု ဆိုသည်။ ဝိလုပ္ပမှာ လုယက်ဖျက်ဆီးခြင်းဟု အဓိပ္ပာယ်ရသည်။ သို့ရာတွင် ပေတွင် ပါသည့်အတိုင်း ရေးသားလိုက်သည်။ ယင်းသို့ ပေတွင် ပါသည့်အတိုင်း ကူးယူဖော်ပြလိုက်ခြင်းမှာ မော်ဘီဆရာသိန်းကြီး၏ “ရှေးဖြစ်စာတမ်း” တွင် အထက်ပါ ဘဲ့သည်ပုစ္ဆာကို “ဆယ်ရေး တစ်ရေး၊ ကိုးရေး တစ်ရာ” ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြထားသဖြင့် နှိုင်းယှဉ်စဉ်းစား စေလိုသောကြောင့် ဖြစ်သည်။ ရှေးဖြစ်စာတမ်း (၁၉၆၈ ခု၊ ဇွန် လထုတ်၊ ၁၄၆) ၌ အောက်ပါအတိုင်း ပါရှိသည်။

ဆယ်ရေး တစ်ရေး၊ ကိုးရေး တစ်ရာ

“အမရပူရမြို့ ကောင်းစားစဉ်က ကသဓ တစ်ယောက်သည် ဝမ်းဘဲ့များကို တောင်းနှင့်ရွက်၍ ရောင်းချရန် မြို့တွင်းသို့ နံနက်စောစော ဝင်လာရာ၊ မြို့တံခါးမှူးက ဖယ်ရှားရာ၊

မြောက်၊ ရေဆိပ် ၅ – မြောက်၊ ညောင် ၇ မြောက်၊ ဆင် ၁၀၅ စီး ဖြစ်သည် ဟူ၏။

အာမန္တ နည်း၌ “သိကြား နတ်ကြော်၊ ရှိပူဇော်သည်၊ စွယ်တော်မွေတော်၊ စေတီမြတ်ကို၊ ရည်မှတ်ပန်းပေါင်း၊ ရွှေပန်းတောင်း နှင့်၊ ညှတ်ပျောင်း ကြည်လင်၊ ရှေ့ရှင်ပြင်က၊ ဖြူစင်လှတင့်၊ ၁၆–ပွင့်လျှင်၊ ပူဇော်တင်မှ၊ နတ်ရှင်မှန်ကင်း၊ လက်တွင်ကြွင်းသည်၊ ပန်းရင်းထပိုး၊ ဘုန်းကြောင့်တိုး၏၊ မြတ်နိုးကြည်လင်၊ တောင်ရင်ပြင်ဝယ်၊ ဖြူစင်လှတင့်၊ ၁၆–ပွင့်လျှင်၊ ပူဇော်တင်က၊ နတ်ရှင်မှန်ကင်း၊ လက်တွင်ကြွင်းသည်၊ ပန်းရင်းထပိုး၊ ဘုန်းကြောင့်တိုး၏၊ မြတ်နိုးကြည်လင်၊ နောက်ရင်ပြင်ဝယ်၊ ဖြူစင်လှတင့်၊ ၁၆–ပွင့်လျှင်၊ ပူဇော်တင်က၊ နတ်ရှင်မှန်ကင်း၊ လက်တွင်ကြွင်းသည်၊ ပန်းရင်းထပိုး၊ ဘုန်းကြောင့်တိုး၏၊ မြတ်နိုးကြည်လင်၊ မြောက်ရင်ပြင်ဝယ်၊ ဖြူစင်လှတင့်၊ ၁၆–ပွင့်လျှင်၊ စွယ်ရှင်မြတ်စွာ၊ လေးမျက်နှာကို၊ လက်ယာရစ်ပင်၊ လှည့်၍တင်သည်၊ နတ်ရှင်ပန်းကား၊ ပွင့်ပန်းဘယ်မျှ ပါရင်းနည်း” ဟု အမေးပုစ္ဆာကို လက်ံစီ၍ ထားလေသည်။ တွက်နည်းကား ၁၆–တည်၊ ၂–စား၊ လဒ် ၈–ရ၏။ ၁၆–ရော၊ ၂၄–ရှိ၏။ ၂–စား၊ လဒ် ၁၂–ရ၏။ ၁၆–ရော၊ ၂၈–ရှိ၏။ ၂–ခုစား၊ လဒ်– ၁၄ ရ၏။ ၁၆ ရော၊ ၃၀–ရှိ၏။ ပန်းရင်း ၃၀–တည်းဟု ပြဆိုထားလေသည်။

ဝိလုပ္ပနည်း၌ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရသည်။

“ဝိလုပ္ပကနည်းကား–တစ်ယောက်သော မိန်းမသည် ဝမ်းဘဲ့ရွက်၍ မြို့သို့ဝင်လာ၏၊ တံခါးစောင့် ရိုက်ရာ ကွဲ၍ ကုန်၏၊ မင်းထံ အယူခံသော် လျော်စေ စီရင်၏၊ ဝမ်းဘဲ့ကို

၄။ ရန်သူ ချောင်းမည်၊ မချောင်းမည်ကို ချောင်းမြောင်းကြည့်ခြင်း။

၅။ မပျင်းမရိခြင်းတို့ ဖြစ်သည်။

ယင်းကိုထောက်၍ ပညာရှိတို့သည် ကျီးကို စကားပြောရာ၊ ဝေါဟာရ တီထွင်ရာတို့၌ ထည့်သွင်းသုံးစွဲရုံသာ မဟုတ်ဘဲ ကျီးကို သေချာစွာ လေ့လာကြကြောင်း ထင်ရှားလေသည်။

အမှုအကျင့် အားဖြင့်လည်း မုန်းစရာကောင်း၍ အဆင်းအားဖြင့်လည်း ကျက်သရေမင်္ဂလာ မရှိသဖြင့် လူအများ၏ ချစ်ခင်ခြင်းကို မခံရသော ကျီးကန်းသည် လူနှင့်နီးစပ်၍ လူတိုင်း၏ ပတ်ဝန်းကျင်တွင် ပါဝင်နေသဖြင့် ရွှေကျီးညိုဟူသော အမည်ဖြင့် ကဗျာဆရာတို့၏ ချစ်စနိုးခေါ်ခြင်းကို ခံရသည့်အပြင် စာပေများ၊ ကျမ်းဂန်များ၊ မြန်မာစကားပုံများနှင့် မြန်မာဝေါဟာရများ၌ ထည့်သွင်း အသုံးပြုခြင်းကို ခံရသည်သာမက ပညာရှိတို့၏ အရေးတယူ လေ့လာခြင်းကိုပင် ခံရလေသည်။

မိလိန္ဒပဉှာပါဠိတော်၌ကား-၁။ ကျီးသည် ယုံမှားစိုးနှောင့်ခြင်း ရှိလျက် လုံ့လထုတ်၍ ကျက်စားရသည်။ ၂။ ကျီးသည် အစာကို မြင်သည်ရှိသော် ဆွေမျိုးကျီးအပေါင်းနှင့် ခွဲခြမ်းဝေမျှ၍ စားသည်။ ဤနှစ်ချက်မှာ လူတို့ အတုယူလောက်သည့် ကျီး၏ ဂုဏ်အင်္ဂါများ ဖြစ်သည် ဟူ၍ပင် မိန့်ဆိုထားလေသည်။

[ဌေတာရီ၊ ဧပြီနှင့် မေ ၁၉၆၇]

ဝမ်းဘဲဥများ ကျကွဲကုန်လေသည်။ လွတ်တော်သို့ ဦးတိုက်သွားရောက် လျှောက်ထားရာ မယ်မင်း ဝမ်းဘဲဥလုံးရေ မည်မျှလဲဟု မေးစစ်ရာ ကသဲမက ကျွန်တော်မ ဝမ်းဘဲဥသည် ၇-လုံးစီ ပုံလျှင် တစ်လုံး ကြွင်းပါသည်။ ၉-လုံးစီ ပုံလျှင် သုံးလုံး ကြွင်းပါသည်ဟု လျှောက်ထားလေသော် လွတ်တော် အရာရှိတို့က ဝမ်းဘဲဥ အရေအတွက်ကို သိနိုင်ရန် ပုံပါသော်လည်း အကြွင်းမမှန် ဖြစ်သည်ကို တစ်စတစ်စ စကားကျယ် ပွားလာသဖြင့် ဆီသည် ယောကျ်ားတစ်ယောက် သို၍ ဆီသည်က လွတ်တော် စာရေးတစ်ယောက်ကို ပရိုက်ဖြန့်စေ၍ ဂဏန်း 'တစ်ဆယ်' ရေးလိုက်၊ ၎င်အောက်က 'တစ်' ရေးလိုက်၊ ၎င်းအောက်က 'ကိုး' ရေးလိုက်၊ ၎င်းအောက်က 'တစ်ရာ' ရေးလိုက်၊ ပြီးလျှင် ပေါင်း ၁၂၀-ဖြစ်မည်။ ၎င်းကို ကသဲမ လျှောက်ချက်အရ ၇-လုံးစီ ပုံလျှင် 'တစ်' လုံး ကြွင်းမည်။ ၉-လုံးစီ ပုံလျှင် သုံးလုံး ကြွင်းလိမ့်မည် ပြောသည့်အတိုင်း ပြုလုပ်ကြရာ ဟုတ်မှန်သောကြောင့် ဆီသည်ကို သင့်လျော်သော ဆုလာဘ်များကို ပေးသနားတော်မူသည်။ ၎င်းဆီသည် အပြောကိုထောက်၍ 'တစ်ဆယ်ရေး တစ်ရေး၊ ကိုးရေး တစ်ရာရေး' ကို ယခု 'ဆယ်ရေး တစ်ရေး၊ ကိုးရေး တစ်ရာ' ဟူ၍ ပြောဆိုလေ့ ရှိကြသည်။"

ယခု ဖော်ပြသည့် "ရှေးဖြစ်စာတမ်း" တွင် ပါသော စကားဌ ဆီသည် ယောကျ်ားက ၁၂၀-ကို (၄၀-ရေးလိုက်၊ ၆၀-ရေးလိုက်၊ ၂၀-ရေးလိုက် စသည်ဖြင့်) အခြားနည်းဖြင့် မပြောဘဲ အဘယ့်ကြောင့် တစ်ဆယ် ရေးလိုက်၊ တစ် ရေးလိုက်၊ ကိုး ရေးလိုက်၊ တစ်ရာ ရေးလိုက်ဟု ပြောသနည်းဟု စဉ်းစားစရာ ဖြစ်နေ

ကရဝိက်ဖောင်

မြန်မာတို့တွင် ကရဝိက်ဖောင်ကို တွေ့ဖူးသူ များကြသည်။ ညောင်ရွှေမြို့ အင်းလေးရှိ ဖောင်တော်ဦး ဘုရားများကို နှစ်စဉ် သီတင်းကျွတ်လ ရောက်တိုင်း ကရဝိက်ဖောင်ဖြင့် လှည့်လည် ပူဇော်သည့်ပုံကို သတင်းစာများ၌ တွေ့ရတတ်သည်။ ဘုန်းကြီးပျံများ၌ လည်းကောင်း၊ ဓာတ်တော်စွယ်တော် လှည့်ပွဲများ၌ လည်းကောင်း ကရဝိက်ဖောင် ပုံသဏ္ဌာန် ပြုလုပ် လှည့်လည်ကြသည်ကို တွေ့ရတတ်သည်။ ကရဝိက်ဖောင်သည် မြန်မာတို့နှင့် အတော်အတန် အကျွမ်းဝင်နေသေးသည့် ရှေးဟောင်း ယဉ်ကျေးမှု တစ်ခု ဖြစ်သည်။ မြန်မာဘုရင်များ လက်ထက်က ရေလမ်းဖြင့် ထွက်တော်မူသည့် မင်းခမ်းမင်းနားများတွင် ကရဝိက်ဖောင်ကို အသုံးပြုခဲ့ကြသည်။

ကရဝိက်ဖောင် ဆိုသည်မှာ ကရဝိက်ငှက်ပုံ ပြုလုပ်ထားသော မင်းစီးလှေတစ်မျိုးပင် ဖြစ်သည်။ ဦးပိုင်းမှာ ကရဝိက်ငှက်နှုတ်သီး၊ လည်ဆစ်နှင့် ပဲ့ပိုင်းမှာ ကရဝိက်ငှက် အမြီးပုံ ဖြစ်သည်။ အလယ်တွင် လူစီးရန် ပြာသာဒ်ဆောင်ပါသည်။ ကရဝိက်ဖောင်

အကြောင်းကို လေ့လာလျှင် ရှေးဦးစွာ ကရဝိက်ငှက်အကြောင်း သိထားဖို့ လိုသည်။ ကရဝိက်ဆိုသည်မှာ ဟိမဝန္တာ၌ ရှိသည့် အလွန် အသံသာသော ငှက်တစ်မျိုး ဖြစ်သည်။ ဗုဒ္ဓ၏ ပါဠိစာပေများ၌ ဟိမဝန္တာ၌ ကရဝိက်မည်သော ငှက်မျိုးသည် သာယာသောအသံ၊ ညင်းပျောင်းသောအသံ၊ ချိုအေးသောအသံ၊ နှစ်သက်ဖွယ်သော အသံရှိကြောင်း (သုတ်မဟာဝါ၊ မဟာပဒါနသုတ်) ဟောထားသည်ကို တွေ့ရသည်။

ကရဝိက်ငှက် အသံသာပုံနှင့် စပ်၍ အဋ္ဌကထာများ၌ (သုတ်မဟာဝါ၊ ဗုဒ္ဓဝင်၊ မဇ္ဈိမပဏ္ဏာသ) ဤသို့ ဖွင့်ဆိုကြလေသည်။

ကရဝိက်ငှက်သည် ချိုမြိန်သော သရက်သီးမှည့်ကို နှုတ်သီးဖြင့် ပေါက်ဆိတ်ကာ အရည်ကို သောက်ပြီး အတောင်ခတ်လျက် တွန့်ကျူးသည်ရှိသော် ကြားသမျှ သတ္တဝါတို့သည် ကဖို့ရန် ပြင်ကြလေ၏။ မြက်စားနေသော သားသမင်တို့သည် ခံတွင်းသို့ ရောက်နေသော မြက်ကို ထွေးထုတ်ပြီး ကရဝိက်သံကို နားထောင်ကြလေ၏။ သမင် ဒရယ် စသော သားကောင်များကို စားရန် လိုက်နေကြသော ခြင်္သေ့ သစ် ကျား စသည့် သားရဲတိရစ္ဆာန်တို့သည် ကရဝိက်သံကို ကြားရသောအခါ မြှောက်ချီထားသော ခြေထောက်များကိုပင် ပြန်မချနိုင်ဘဲ ထုထားသည့် ပန်းပုရုပ်ပမာ ရပ်နေကြလေ၏။ ရှေ့ကပြေးသော သားကောင်များကလည်း သေဘေးကို ဖယ်ထားပြီး ကရဝိက်သံကို ရပ်၍ နားထောင်နေကြလေ၏။ ကောင်းကင်၌ ပျံနေသော ငှက်တို့သည် အတောင်ကို ဖြန့်တန်းလျက် ကရဝိက်သံကို နားထောင်နေကြ

လေ၏။ ရေထဲက ငါးများပင် နားရွက်မခတ်ဘဲ ကရဝိက်သံကို နားထောင်နေကြလေသည်။

ၦင်းပြင် သီရိဓမ္မာသောကမင်း၏ မိဖုရားကြီး အသန္ဓိမိတ္တာသည် သံဃာတော်များအား မြတ်စွာဘုရား၏ အသံနှင့်တူသော အသံရှိပါသလားဟု မေးလျှောက်ရာ 'ရှိသည်၊ ကရဝိက်ငှက်၏ အသံသည် မြတ်စွာဘုရား၏ အသံနှင့်တူသည်' ဟု မိန့်တော်မူသဖြင့် မင်းကြီးအား ကရဝိက်ငှက်ကို ကြည့်ချင်ကြောင်း လျှောက်ထားသည်။ မင်းကြီးက ရွှေချိုင့်ကိုလွှတ်၍ ဖမ်းယူပေးသည်။ သို့ရာတွင် အသံမပြုသဖြင့် ပညာရှိများ၏ အကြံပေးချက်အရ မှန်များဖြင့် ဝိုင်း၍ပြမှ မှန်များတွင် တွေ့ရသော သူ့အရိပ်ကို အဖော် ကရဝိက်တွေဟု ထင်ပြီး အတောင်ခတ်ကာ ပတ္တမြားပလွေကို မှုတ်သကဲ့သို့ သာယာသောအသံဖြင့် တွန်ကျူးလေသည်။ ထိုအခါ တစ်မြို့လုံးရှိ လူတို့သည် သာယာသော ကရဝိက်သံ၌ ယစ်လျက် ကကြလေသည်ဟု (သုတ်မဟာဝါ၊ မဇ္ဈိမပဏ္ဏာသ) အဋ္ဌကထာတို့၌ ရေးသားထားသည်ကို တွေ့ရသည်။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ (၂၆၃) ၌ လောကဋ္ဌ ကရဝိက်သံထက် ချိုသာသောအသံ မရှိ ဟူ၍ ဆိုထားလေသည်။

ကရဝိက်ငှက်၏ နေရာအရပ်

ဝေါဟာရလိနတ္ထဒီပနီတွင် သီရိဓမ္မာသောကမင်း လက်ထက်တွင် ဟိမဝန္တာမှ လာ၍ သာယာစွာတွန်ကြောင်း မဟာဝင်ဋီကာတွင် ဆိုသောကြောင့် ကရဝိက်ငှက်သည် ကာသိတိုင်း၊ ကောသလတိုင်း စသော မဇ္ဈိမဒေသနှင့် ရာမညတိုင်း အပါအဝင်

ငါတို့ မြန်မာတိုင်းပြည်၌ ရှိဟန် မထင်၊ ကျမ်းဂန် ရာဇဝင် မတွေ့-ဟူ၍ ပြဆိုပြီးလျှင် သံယုတ်အဋ္ဌကထာ၊ သာရတ္ထသင်္ဂဟ ကျမ်းများတွင် ကရဝိက်တို့သည် ဟိမဝန္တာ၌သာလျှင် ရှိကြကြောင်း ထွက်ဆိုသည်ဟု အသေအချာ ပြဆိုထားသည်။ ထိုစကားသည် သုတ္တနိပါတ် အဋ္ဌကထာ (၃-၉၀) တွင် ပါသည့် မြတ်စွာဘုရားသည် သာကီဝင်မင်းသား ရဟန်းငါးရာကို ဟိမဝန္တာသို့ ခေါ်ဆောင်ပြီးလျှင် ဤတောင်က ရွှေတောင်၊ ဤတောင်က ငွေတောင် စသည်ဖြင့် တောင်တို့ကို ပြသည်။ ထိုနောက် ငှက်တို့ကို ဤငှက်တွေက ဟင်္သာ၊ ဤငှက်တွေက ကြိုးကြာ၊ ဤငှက်တွေက စက္ကဝါဂ်၊ ဤငှက်တွေက ကရဝိက်၊ ဤငှက်တွေက ငှက်ဆင် စသည်ဖြင့် ပြတော်မူသည် ဆိုသော စကားနှင့် ညီညွတ်သဖြင့် ကရဝိက်ငှက်သည် လူ့ရပ်လူ့ရွာ၌ မရှိ၊ ဟိမဝန္တာ၌သာ ရှိသည်ဆိုသော စကားမှာ ခိုင်လုံသည်ဟု ဆိုရပေမည်။

ကရဝိက်ငှက်

ဝေါဟာရလိနတ္ထဒီပနီ ဆရာက မဟာဝင်ဋီကာတွင် ကရဝိက်ငှက် ဆိုသည်မှာ ကရဝိက်ဟု အမည်တွင်သော ဥဩငှက်ပင် ဖြစ်သည်ဟု ဆိုသဖြင့် မဟာဝင်ဋီကာ အလို ကရဝိက်ငှက် ဆိုသည်မှာ ဥဩငှက်မျိုး အထူးဟု သိရာသိသင့်ဟု မဟာဝင်ဋီကာ စကားကို ကိုးကား၍ ဖော်ပြထားလေသည်။ အလင်္ကာကျမ်း၌ သဒ္ဒအလင်္ကာကို ပြဆိုရာတွင် ကောကိလ ဆိုသော စကားပါရှိသည်။ ကောကိလသဒ္ဒါသည် ဥဩငှက်ကို ဟောရင်းပုဒ် ဖြစ်သော်လည်း နိဿယဆရာတို့က ကရဝိက်ငှက်ဟု ပြန်ဆိုကြသည်။ ယောအတွင်းဝန် ဦးဖိုးလှိုင်ကမူ "ကောကိလသဒ္ဒါ ဥဩ

ငှက်ကို ဟောရင်းပုဒ်။ ဆက်ရက်နှင့် သာလိကာကဲ့သို့ အမျိုးတူ ဖြစ်၍ ကရဝိက်ငှက်ဟု ဋီကာတွင် ဖွင့်တိုင်း အနက်ပေးရသည်။ ရူပသိဒ္ဓိနာမ် ဋီကာတွင်လည်း ဥသြငှက်သည် ကရဝိက်မျိုး ဖြစ်ကြောင်းကို ဖွင့်သည်" ဟူ၍ပင် အမှာအထားနှင့် တကွ ဆိုထားလေသည်။

သို့ဖြစ်၍ ကရဝိက်ငှက် ဆိုသည်မှာ ဥသြငှက်မျိုးအဝင်ငှက်တစ်မျိုး ဖြစ်သည်ဟု ဆိုနိုင်လေသည်။ တိတိကျကျဆိုလျှင် ဟိမဝန္တာ၌ ရှိသော ဥသြငှက်တစ်မျိုးဟု ဆိုရလိမ့်မည်။ P.T.S ပါဠိ–အင်္ဂလိပ် အဘိဓာန်၌လည်း ကရဝိက်ကို ဥသြငှက် ဟု အနက်ပေးထားသည်ကို တွေ့ရသည်။ ဝေါဟာရလိနတ္ထဒီပနီ ဆရာက "ကရဝိက်ငှက်၏ ပမာဏမှာ မဟာဝင်ဋီကာတွင် ဥသြငှက်မျိုး ဆိုသောကြောင့် ဥသြငှက် ပမာဏရှိရာတန်၏ ဆင်ခြင်" ဟု ကရဝိက်ငှက်သည် ဥသြငှက်လောက်ပင် ရှိလိမ့်မည်ဟု ဆိုထားလေသည်။ ဤနေရာ၌ ရွာကျီးကန်းနှင့် တောကျီးကန်း ကွာခြားပုံကို နှိုင်းယှဉ်စဉ်းစားသင့်သည်ဟု သဘောရသည်။ အချို့အရပ်များ၌ တစ်ခါတစ်ရံ တောကျီးကန်းကို တွေ့ရတတ်သည်။ တောကျီးကန်းသည် ရိုးရိုးကျီးကန်းထက် အကောင်ကြီးသည်။ ယင်းကိုထောက်၍ ကရဝိက်ငှက်မှာ ဟိမဝန္တာ၌သာ နေသည် ဆိုသဖြင့် ယခု တွေ့နေကျ ဖြစ်သော ဥသြငှက်ထက် ပို၍ အကောင်အထည် ကြီးလိမ့်မည်ဟု စဉ်းစားနိုင်သည်။ ၎င်းပြင် ကရဝိက်ငှက်ကို ဥသြငှက်တစ်မျိုး ဖြစ်သည်ဟု ဆိုသဖြင့် တွေ့နေကျ ဥသြငှက်များကဲ့သို့ မည်းနက်နေလိမ့်မည်ဟု ထင်စရာ ရှိသည်။ သို့ရာတွင် ဝိမာနဝတ္ထု အဌကထာ (၅၀) ၌ မည်းသော

ဥသြ၊ ဖြူသောဥသြဟု နှစ်မျိုးရှိကြောင်း ပြဆိုထားသည်ကို ထောက်၍ ဥသြဖြူလည်း ရှိကြောင်းသိရသည်။ အဘိဓာန်ဋီကာ နိဿယ (၃–၃၂၈) ၌လည်း အထက်ပါ အဌကထာ စကားကို ပင် ကိုးကား၍ "ဥသြသည် အမည်းအဖြူ နှစ်ပါးရှိ၏ဟု ယူရန်ရှိ၏" ဟူ၍ ဆိုထားလေသည်။

အသီတိနိပါတ်၊ ကုဏာလဇာတ်၌လည်း ဟိမဝန္တာတွင် ကုဏာလ ဥသြမျိုးနှင့် ဖုဿဥသြမျိုး ဟူ၍ ဥသြငှက် နှစ်မျိုးရှိရာ ကုဏာလ ဥသြမျိုးကို ပြဆိုရာ၌ ဒွေစိတြကောကိလာဟု ဆန်းကြယ်သော ဥသြငှက်မ နှစ်ကောင်ဟု ဆိုပြီးလျှင်၊ ဖုဿဥသြမျိုးကို ပြဆိုရာ၌ ဒွေကာဌကောကိလာဟု မည်းသော ဥသြငှက်မ နှစ်ကောင်ဟု ခွဲခြားပြဆိုသည်ကို တွေ့ရသည်။ ယင်းကို ထောက်၍ ဖုဿဥသြမျိုးမှာ အမည်းဖြစ်၍၊ ကုဏာလ ဥသြမျိုးမှာ ဆန်းကြယ်သော အဆင်းရောင် ရှိသည်ဟု ယူဆရသည်။ ကုဏာလ ဆိုသည်မှာ ဥသြငှက်ပင် ဖြစ်သည်။ ဤစကားများကို ထောက်၍ ဥသြသည် အမည်း–အဖြူ နှစ်မျိုးရှိသည်ဟု ဆိုနိုင်သည်။ ယင်းသို့ ဥသြနှစ်မျိုး ရှိသည့်အနက် ကရဝိက်မှာ ဥသြအမည်းတစ်မျိုး ဖြစ်သည်၊ သို့မဟုတ် အဖြူမျိုး (ဆန်းကြယ်သော အဆင်းရောင်ရှိသော ဥသြမျိုး) ဖြစ်သည်ဟု သေချာစွာ မသိရသော်လည်း မင်္ဂလာယူသည့် မင်းခမ်းမင်းနားများတွင် အသုံးပြုသော လှေဖောင်ကို ကရဝိက်ပုံ ပြုလုပ်ခြင်းကို ထောက်လျှင် ဥသြမည်းမျိုး မဟုတ်တန်ရာဟု ယူဆရသည်။ အဘယ့်ကြောင့် ဆိုသော် မြန်မာတို့သည် မည်းနက်သော အဆင်းကို မင်္ဂလာမရှိဟု ယူကြသောကြောင့် ဖြစ်သည်။

အုပ်လုပ်၍ တည်ထားလေသည်ဟု ဆိုလေသည်။ ကရဝိက်ဖောင်နှင့် စပ်၍ကား ရွှေဘုံနိဒါန်းတွင် အထူး မဆိုချေ။ မြန်မာရာဇဝင်များ၌ ကရဝိက်ဖောင် အသုံးပြုပုံကို–

"သက္ကရာဇ် ကိုးရာခြောက်ဆယ့်သုံးခု၊ ကဆုန်လဆန်း နှစ်ရက် စနေနေ့၊ မြို့ရွှေစည်းခုံ ကူတော်သစ်သည် ဘုရားနှစ်ဆူကို ထီးတင်တော်မူသည်။ ပြာသိုလပြည့်ကျော် တဆယ့်သုံးရက် စနေနေ့ ကရဝိက် ရွှေဖောင်တော် စီးတော်မူသည်။" ဟု အရေးတော်ပုံ ငါးစောင်တွဲ ၄၉၂ (ညောင်ရမ်းအရေးတော်ပုံ) တွင် တွေ့ရသည်။

ဦးကုလား ရာဇဝင် (တ) ၁၀၉–တွင်လည်း "အင်းတော်သို့ ရောက်တော်မူလျှင် ကရဝိက် ရွှေလှေနှစ်စင်းကို ရှင်ဘုရင်မှာ ကရဝိက်ဖို၊ ရှင်မိဖုရားမှာ ကရဝိက်မ လှေကို စီးတော်မူသည်။" ဟု နတ်ရှင်နောင်၏ ခမည်းတော် တောင်ငူဘုရင် ကရဝိက် လှေစီးကြောင်း တွေ့ရသည်။ ထိုနောက် "သက္ကရာဇ် တထောင့် ခုနစ်ဆဲ့ခြောက်ခု၊ ပြာသိုလပြည့်ကျော် လေးရက် အင်္ဂါနေ့ နံနက် ၁–ချက်တီးကျော်တွင် ကရဝိက် ရွှေဖောင်တော်နှင့် (ရွှေကြက်ယက်သို့ ထွက်တော်မူ၍ သကြ်န်ခေါ်တော်မူသည်။") (ဦးကုလား ရာဇဝင်၊ တ–၃၉၂) ဟူ၍ လည်းကောင်း။

"သက္ကရာဇ် တထောင်နှစ်ရာ လေးဆဲ့သုံးခု၊ တပေါင်းလပြည့်ကျော် လေးရက်၊ ကရဝိက် ရွှေဖောင်တော်ကို လှော်လှော်တော်ရှစ်စင်း ဆွဲစေ၍ ထိုကရဝိက် ရွှေဖောင်တော်ထက် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား၊ အသျှင် နန်းမတော် မိဖုရားခေါင်ကြီးနှင့်တကွ စံပယ်တော်မူလျက်…" (ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ တ–၄၀၆) စသည်ဖြင့် လည်းကောင်း မင်းခမ်း

ကရဝိက်ဖောင်

ကရဝိက်ဖောင် ဆိုသည်မှာ ကရဝိက်ငှက်ပုံ ပြုလုပ်ထားသော မင်းစီးလှေတစ်မျိုး ဖြစ်သည်ဟု ဤဆောင်းပါး အစနားတွင် ဆိုခဲ့ပြီ။ အဘယ့်ကြောင့် မင်းစီးလှေတော်ကို ကရဝိက်ငှက်ပုံ ပြုလုပ်ကြောင်း မသိရချေ။ ရွှေဘုံနိဒါန်း (၄၆) ၌ "ခြင်္သေ့၊ တိုး၊ ကရဝိက်၊ စာမရီ၊ ဧကီ ဖောင်များမှ တစ်စင်း ဖောင်စု ဖြစ်သည်" စသည်ဖြင့် ဆိုသောကြောင့် မြန်မာဘုရင်များ လက်ထက်က ကရဝိက်သာ မဟုတ်၊ ခြင်္သေ့၊ တိုး၊ စာမရီ၊ ဧကီတို့၏ ပုံပြုလုပ်ထားသော ဖောင်များ (လှေများ) လည်း ရှိကြောင်း သိရသည်။ မြန်မာဘုရင်များ လက်ထက်က လှေတော်ဖောင်တော်များကို သတ္တဝါတို့၏ပုံ ပြုလုပ်လေ့ ရှိသည်။ ပဥ္စရူပဖောင် ဆိုသည်မှာ ဆင်၊ နွား၊ ငကြင်း၊ တိုး၊ မြင်း ဟူသော သတ္တဝါငါးမျိုး၏ပုံ ပါအောင် ပြုလုပ်ထားသော ဖောင်ဖြစ်သည်။ ထိုနည်းအတူ ပင် သတ္တဝါ ခုနစ်မျိုးပုံ ပါသော သတ္တရူပဖောင်၊ သတ္တဝါကိုးမျိုးပုံ ပါသော နဝရူပဖောင် စသည်ဖြင့် သတ္တဝါတို့၏ ပုံကို ဖောင်လုပ်လေ့ ရှိသည်။ သတ္တရူပဖောင် စသည်တို့၌ ကရဝိက်နှုတ်သီး၊ လည်ဆစ်၊ အတောင်ပုံများ ပါရှိသည်။

ဖောင်ကိုသာ မဟုတ်၊ ကွမ်းအုပ်ကိုလည်း ကရဝိက်ရုပ် ပြုလုပ်လေသည်။ မြန်မာမင်းခမ်းတော်တွင် ကရဝိက်ကွမ်းအုပ် ပါသည်။ ကရဝိက်ကွမ်းအုပ်နှင့် စပ်၍ ရွှေဘုံနိဒါန်းတွင် သီရိခမ္မာသောကမင်းကြီး၏ မိဖုရားကြီး အသိန္ဓိမိတ္တာသည် ကရဝိက်ငှက်သံကို ကြားရသဖြင့် မြတ်စွာဘုရား၏ အသံတော်ကို မှန်းဆကြည်ညိုပြီး သောတာပန် ဖြစ်သွားကြောင်း ပြဆိုပြီးလျှင် ငှက်နိမိတ်ကို အကြောင်းပြုသဖြင့် ကရဝိက်ငှက်သဏ္ဌာန် ရွှေကို ကွမ်း

မင်းနားဖြင့် ထွက်တော်မူရာ၌ ကရဝိက်ဖောင်စီး၍ ထွက်တော်မူကြောင်း တွေ့ရသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တ–၄၀၄) ၌ ကရဝိက်ဖောင်တော်ပုံ ပါရှိသည်။ ပုံအောက်တွင် "ကရဝိက် ရွှေဘောင်တော်၊ ယင်းသည့် ဘောင်တော်ကို ဧကရာဇ် မင်းမြတ်တို့သာ စီးတော်မူရသည်။" ဟူသော စာလည်း ပါသည်။

အထက်ပါ ရာဇဝင် စကားများကို ထောက်၍ ကရဝိက်ဖောင်မှာ မြန်မာဘုရင်များ ရေလမ်းခရီးတွင် မင်းခမ်းမင်းနားဖြင့် ထွက်ရာ၌ အဓိကဖြစ်သော ဖောင်တော်ဖြစ်ကြောင်း သိနိုင်သည်။ ယင်းသို့ မြန်မာဘုရင်များခေတ်က မင်းခမ်းမင်းနား၌ အဓိကထား၍ အသုံးပြုခဲ့သော ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် အတိုင်း ယခုခေတ် တိုင်အောင်လည်း ရတနာသုံးပါးနှင့် စပ်သည့် အခမ်းအနားများ၌ အသုံးပြုနေကြသော ကရဝိက်ဖောင်ကို မည်သည့်ခေတ်က စ၍ အသုံးပြုခဲ့ကြောင်း၊ အဘယ့်ကြောင့် မြတ်စွာဘုရား၏ အသံတော်နှင့် တူသည်ဟု နှိုင်းခိုင်းလောက်အောင် အသံသာယာသော ကရဝိက်ငှက်၏ ပုံကို ဖောင်တော်ပြုလုပ်ကြောင်း သုတေသန ပညာရှင်များက လေ့လာသင့်ပေသည်။

[ဤဆောင်းပါးအတွက် မြန်မာရာဇဝင်ပါ အချက်အလက်များကို ထောက်ပြသော ယဉ်ကျေးမှုဗိမာန် ညွှန်ကြားရေးမှူး ဦးသန်းထွတ်အား ကျေးဇူးတင်ပါကြောင်း။]

[ဓွေတာရီ၊ စက်တင်ဘာ ၁၉၇၂]

စာအုပ်နှင့် ပုံနှိပ်နှစ်

အယ်ဒီတာ ခင်ဗျား။

ယခုခေတ် ရေးသား ရိုက်နှိပ်ကြသည့် အချို့စာအုပ်များတွင် ခုနှစ်သက္ကရာဇ် မပါခြင်းနှင့် စပ်လျဉ်း၍ စာအုပ်ရေးသူနှင့် ပုံနှိပ်တိုက်တို့ကို သတိပေးသည့် အနေဖြင့် ကျွန်တော်၏ ဆန္ဒကို ဖော်ပြပါရစေ ခင်ဗျား။

ယခုခေတ်တွင် စာပေပညာမှ စ၍ ပညာရပ် အမျိုးမျိုးကို ဆည်းပူးလေ့လာရာ၌ စာအုပ်စာတမ်းများကို များစွာ အားကိုးအားထား ပြုရပါသည်။ သုတေသနသမားများ အဖို့လည်း ဆိုင်ရာဆိုင်ရာ စာအုပ်စာတမ်းများတွင် ရှာဖွေကာ လိုအပ်သော အချက်အလက်တို့ကို ဆည်းပူးစုဆောင်း မှတ်သားကြရပါသည်။ ပညာရှာသူနှင့် သုတေသနသမားများသာ မဟုတ်။ ပညာရှင် ပုဂ္ဂိုလ်များလည်း စာအုပ်စာတမ်းများကိုပင် အထောက်အထားပြုကာ ပညာဖြန့်ဖြူးနေကြသည်ကို တွေ့နိုင်ကြပါသည်။ သို့ဖြစ်၍ စာအုပ်စာတမ်းသည် များစွာ အရေးပါ အရာရောက်ကြောင်း သိသာနိုင်ပါသည်။

စာအုပ် တစ်အုပ်ဆိုလျှင် အနည်းဆုံး ဆယ်ခါလောက် အသုံးဝင်နိုင်ပါသည်။ စာကလေးတစ်ပုဒ်သည်ပင် တစ်ယောက်ယောက် အတွက် အသုံးဝင်နိုင်ပါက စာအုပ် တစ်အုပ်ဆိုလျှင် အနည်းဆုံး ဆယ်ယောက်လောက်အတွက် အသုံးဝင်နိုင်ပါသည်။ မည်သူမဆို စာအုပ် ရေးသားပါက မိမိရေးသည့် စာအုပ်ကို အသုံးမဝင်ဟု မမှတ်ထင်ထိုက်ပါ။ ယင်းသို့ မှတ်ထင်လိမ့်မည်လည်း မဟုတ်ပါ။

သို့ဖြစ်လျှင် အသုံးဝင်နိုင်သည့် စာအုပ်ကို အသုံးဝင်သည်ထက် ပို၍ အသုံးဝင်စေရန် ခုနှစ်သက္ကရာဇ်ကို ရေးသားဖော်ပြသင့်သည်ဟု ထင်ပါသည်။ ခုနှစ်သက္ကရာဇ် ထည့်ရန် ဝန်လေးဖွယ်လည်း မရှိပါ။ မိမိ ရေးသားသည့် စာအုပ်အဆုံးတွင် မည်သည့် ခုနှစ်၊ မည်သည့်လက ရေးပြီးကြောင်း ဖော်ပြရန်သာ ဖြစ်ပါသည်။

စာအုပ်အဆုံးတွင် ခုနှစ် သက္ကရာဇ်ကို ဖော်ပြရမည် ဆိုရာ၌ ကျမ်းဂန်စာအုပ်များကဲ့သို့ ကျမ်းပြီးနိဂုံး အဖြစ်ဖြင့် ရေးသား ဖော်ပြရမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ မြန်မာသက္ကရာဇ်ဖြင့် ဖြစ်စေ၊ ခရစ်နှစ်ဖြင့် ဖြစ်စေ မည်သည့်နှစ်၊ မည်သည့်လတွင် ရေးသည်ဟု ဖော်ပြရန်လောက်သာ ဆိုလိုပါသည်။ ယခုခေတ်တွင် ရေးသည့် ခုနှစ် မပါသော စာအုပ်များကို မကြာမကြာ တွေ့ရပါသည်။

ပုံနှိပ်တိုက်များကလည်း ပုံနှိပ်သည့် ခုနှစ် သက္ကရာဇ်ကို မြန်မာသက္ကရာဇ်ဖြင့် ဖြစ်စေ၊ ခရစ်နှစ်ဖြင့် ဖြစ်စေ ထည့်သွင်း ဖော်ပြကြရန် သတိပေးလိုပါသည်။ ယခုခေတ်တွင် ပုံနှိပ်သည့် ခုနှစ် မပါသော စာအုပ်များတွင် တွေ့ရပါသည်။ အချို့ စာအုပ်

အချက်အလက် တစ်ခုကို ဖြစ်စေ၊ စကားဝါကျ တစ်ပိုဒ်ကို ဖြစ်စေ၊ အယုတ်သဖြင့် စကားလုံး တစ်လုံးကိုဖြစ်စေ 'မည်သည့် စာအုပ်၌ တွေ့ရသည်' ဟု ညွှန်ပြလိုက်ရခြင်းမှာ စာပေ ပညာဆိုင်ရာ၌ များစွာ လေးနက် ထိရောက်ပါသည်။ ထိုထက်ပင် မည်သည့် နှစ်က မည်သူရေးသည့် မည်သည့်စာအုပ်ဟု သေသေချာချာ ညွှန်ပြနိုင်လျှင်ကား ပို၍ပင် ထိရောက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပညာရေး ဆိုင်ရာ၌ သေချာတိကျခြင်းကို လိုအပ်သောကြောင့် ဖြစ်ပါသည်။

ၚင်းပြင် ရှေးကရေးသော စာအုပ်နှင့် နောက်မှရေးသော စာအုပ်ဟု ခွဲခြားကာ စဉ်းစား နှိုင်းချိန်ရသည့် အရာမျိုးလည်း ရှိတတ်ပါသည်။ ထိုပြင် စာအုပ်ရေးသော ခုနှစ်သက္ကရာဇ် ခေတ်အခြေအနေနှင့် ဟပ်ပြီး ဆင်ခြင်ယူဆရသည့် အရာမျိုးလည်း ရှိတတ်ပါသည်။

အကယ်၍ စာအုပ်တွင် ခုနှစ်သက္ကရာဇ် မပါပါက အခြား စာအုပ်တစ်ခု အဆိုနှင့် နှိုင်းယှဉ်စဉ်းစားရန်လည်း မဖြစ်နိုင်။ ခေတ်အခြေအနေနှင့် ဟပ်၍ ဆင်ခြင်စဉ်းစားရန်လည်း မဖြစ်နိုင်သဖြင့် အရာ ရောက်သင့်လျက်နှင့် အရာမရောက် ဖြစ်တတ်ပါသည်။

ၚင်းပြင် ပိဋကတ် သုံးပုံသမိုင်း စာတမ်း ကဲ့သို့ တစ်ဦးဦးက စာအုပ်များကို သမိုင်းတင်မည် ဆိုလျှင်လည်း ခုနှစ်သက္ကရာဇ်ပါ ဖော်ပြနိုင်ပါက ပို၍ ပြည့်စုံပေမည်။

စာအုပ်စာတမ်း မဆိုထားဘိ၊ စာကလေး တစ်ပုဒ်သည်ပင် တစ်ခါတစ်ရံ တစ်ယောက်ယောက်အတွက် အသုံးဝင်နိုင်ပါသည်။ စာကလေး တစ်ပုဒ်သည်ပင် တစ်ခါတစ်ရံ အသုံးဝင်နိုင်ပါက

များတွင် ပုံနှိပ်တိုက်အမည်ပင် မပါသည်ကို တွေ့ရသဖြင့် ယင်းစာအုပ်ကို အထောက်အထားပြုကာ ညွှန်ပြရာ၌ပင်လျှင် မည်သည့် ပုံနှိပ်တိုက်က ရိုက်နှိပ်သည့် စာအုပ်ဟု ခြေခြေမြစ်မြစ် မဖော်ပြနိုင်သဖြင့် မလေးနက်သကဲ့သို့ ဖြစ်နေပါသည်။ သို့ဖြစ်၍ မည်သည့်စာအုပ်ကို ဖြစ်စေ၊ အယုတ်သဖြင့် ဝတ္ထုစာအုပ်ကိုပင် ဖြစ်စေ ပုံနှိပ်သည့်အခါ ပုံနှိပ်သည့် ခုနှစ် သက္ကရာဇ်၊ လတို့ကို ပုံနှိပ်တိုက်အမည်နှင့် တွဲ၍ ထည့်သွင်း ဖော်ပြရန် သတိပေးပါသည်။

[ငွေတာရီ ဩဂုတ် ၁၉၆၀]

[မည်သူမဆို စာပေအနုပညာ တိုးတက်ရေးအတွက် ပြုပြင်ရန် လိုအပ်သော အချက်များကို တွေ့ရှိပါက အယ်ဒီတာမှတစ်ဆင့် တင်ပြဆွေးနွေးနိုင်ပါသည်။ ။ **ငွေတာရီမဂ္ဂဇင်း အယ်ဒီတာ**]

လယ်တီပဏ္ဍိတ ဦးမောင်ကြီး

ရှေးပညာရှိ ကဝိပုဂ္ဂိုလ် စာဆိုတော်ကြီးများ၏ အမွေအနှစ်ဖြစ်သော မြန်မာစာပေကို ယခုခေတ် လူများ ခံစားသုံးဆောင် နိုင်ကြသည်မှာ ခေတ်အဆက်ဆက်တွင် ပေါ်ပေါက်ခဲ့သော ပညာရှိ ပုဂ္ဂိုလ်များက အဆက်ဆက် ထိန်းသိမ်း ယူဆောင် ဖြန့်ဖြူးခဲ့သော ကြောင့်ပင် ဖြစ်သည်။ ခေတ်တိုင်း ခေတ်တိုင်း၌ စာပေဆိုင်ရာ ပညာရှိ ပုဂ္ဂိုလ်များ ပေါ်ပေါက်လာကြလျက် ထိုပညာရှိ ပုဂ္ဂိုလ်များသည် ရှေးရှေးသော ပညာရှိ ကဝိပုဂ္ဂိုလ် စာဆိုတော်ကြီးများ၏ စာပေအမွေအနှစ်ကို ထိန်းသိမ်း စောင့်ရှောက်လျက် နောက်လူနောက်သားများအား တစ်ဆင့် ဖြန့်ဖြူးခဲ့ကြလေသည်။

ယင်းသို့ ရှေးရှေးသော ပညာရှိကြီးများ၏ မြန်မာစာပေအမွေအနှစ်ကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြသော ပညာရှိများ ခေတ်တိုင်း ခေတ်တိုင်း၌ ပေါ်ပေါက်လာခဲ့ကြသည် ဖြစ်ရာ၊ ကျွန်ုပ်တို့ သိမီလိုက်သည့် အင်္ဂလိပ်ခေတ်၌ ပေါ်ပေါက်ခဲ့သော ပညာရှိ ပုဂ္ဂိုလ်ကြီးများအနက် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးလည်း တစ်ဦးအပါအဝင် ဖြစ်ပေသည်။

လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးသည် အထက်မြန်မာပြည် မုံရွာမြို့တောင်ဘက် ခုနစ်မိုင်ကွာ ညောင်ဖြူပင် ရွာကြီး၌

ဆန်း ၈ ရက်နေ့တွင် မုရွာမြို့ လယ်တီဆရာတော်ဘုရားကြီးထံသို့ ရောက်ရှိသွားလေသည်။

လယ်တီဆရာတော်ဘုရားကြီးက ရှင်ပဏ္ဍိစ္စအား ရှင်ပဏ္ဍိတ ဟူ၍ ပြင်ဆင် မှည့်ခေါ်လေသည်။ ရှင်ပဏ္ဍိတသည် လယ်တီဆရာတော်ဘုရားကြီးထံ၌ ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ကြားရာ ဆရာတော်ကြီးကိုယ်တိုင် ထုတ်ဖော် ချီးကျူးရလောက်အောင် ထူးချွန်ခဲ့လေသည်။ အသက် ၂၀ ပြည့်သော အခါ (၁၂၆၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၈ ရက်နေ့၌) ရဟန်းအဖြစ်သို့ ရောက်လျက် မကြာမီပင် လယ်တီတိုက်ကြီးထဲ၌ စာချုပ်ဂိုလ် ဖြစ်လေသည်။

ငယ်စဉ်ကပင် လောကနီတိချိုး၊ ဓမ္မနီတိချိုးများကို သင်ကြားခဲ့ရ၍ ကဗျာဌေ့ မိလာခဲ့သော ဦးပဏ္ဍိတသည် လယ်တီဆရာတော်ဘုရားကြီး၏ ကဗျာများကို လေ့လာခွင့် ရသောအခါ ကဗျာအရာ၌ ဝါသနာဉာဏ်ရှိသူ ဖြစ်သည့်အလျောက် တတ်မြောက်ကျွမ်းကျင်လာလေသည်။ ဦးပဏ္ဍိတသည် ပါဠိစာပေဘက်တွင် သဒ္ဒါအရာ၌ လွန်စွာ အမြင်သဲ့သဖြင့် သဒ္ဒါပဏ္ဍိတ ဟူ၍ ကျော်စော သကဲ့သို့ပင် ကဗျာအရာ၌လည်း ကဗျာပဏ္ဍိတ ဟူ၍ ကျော်စောခဲ့လေသည်။

လယ်တီပဏ္ဍိတဟု တွင်ခြင်းမှာ ရဟန်း ၃ ဝါရသောအခါ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးထံတွင် သက္ကတ ဘာသာကို သင်ကြားစဉ်က ဖြစ်သည်။ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးက ဦးပဏ္ဍိတအား လယ်တိတိုက်မှ လာသူ ဖြစ်သောကြောင့်လည်းကောင်း၊ လယ်တီဆရာတော်၏ တပည့် ဖြစ်သောကြောင့်

မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့တွင် ဦးရောက်၊ ဒေါ်ထပ် ဟူသော မိဘနှစ်ပါးမှ ဖွားမြင်လာသည့် တစ်ဦးတည်းသောသား ဖြစ်သည်။ ထူးခြားသည်ကား ဖခင်ဦးရောက် အသက် ၆၀ အရွယ်၊ မိခင်ဒေါ်ထပ် ၄၂ နှစ် အရွယ်တွင် ဆရာဦးမောင်ကြီးကို ဖွားမြင်ခြင်းပင် ဖြစ်သည်။ ဆရာကြီး၏ ငယ်မည်မှာ မောင်သန့်စင် ဖြစ်သည်။

မောင်သန့်စင် ၇ နှစ်သား အရွယ်တွင် ညောင်ဖြူပင်ရွာ မရမ်းပင်ကျောင်း ဘုန်းတော်ကြီးထံ အပ်နှံ ပညာသင်ကြား၍ ၉ နှစ်သား အရွယ်တွင် ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့လေသည်။ ရှင်သာမဏေဘဝ၌မှာ ရှင်ပဏ္ဍိစ္စ ဟူ၍ ဖြစ်သည်။ ရှင်ပြုပြီး၍ မကြာမီပင် မိခင်ဒေါ်ထပ် ကွယ်လွန်အနိစ္စ ရောက်သဖြင့် လူဝတ်လဲကာ ဖခင်ကြီးနှင့်အတူ နေထိုင်ခဲ့လေသည်။ သို့ရာတွင် ထိုအချိန်၌ မရမ်းပင်ကျောင်း ဘုန်းတော်ကြီးထံ၌ပင် သဒ္ဒါသင်ဂြိုဟ် စသော စာပေများကို ဆက်လက် သင်ကြားလျက်ပင် နေသည်။ ထိုနောက် ၁၃ နှစ်သား အရွယ်တွင် ဖခင်ဦးရောက် ကွယ်လွန်ပြန်သဖြင့် မွေးချင်းပေါက်ဖော် မရှိသော မောင်သန့်စင်သည် တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်လျက် လောကကြီးအလယ်တွင် ညှိုးငယ်စွာ ကျန်ရစ်ခဲ့လေသည်။

မောင်သန့်စင်သည် မိဘမဲ့သားတို့၏ အများအားဖြင့် ဖြစ်တတ်သည့် သဘာဝအတိုင်း တစ်နေရာရာ၌ တည်တံ့ခြင်း မရှိဘဲ သာမဏေ ဝတ်လိုက်၊ လူထွက်လိုက်ဖြင့် ပြောင်းလဲနေခဲ့ရာ အသက် ၁၇ နှစ်၊ ၁၈ နှစ်အရွယ်သို့ ရောက်သောအခါ စတုတ္ထ အကြိမ်မြောက် သာမဏေဝတ်ပြီးလျှင် ၁၂၅၈ ခု တပေါင်းလ

သည်။ ပညာအလင်း မဂ္ဂဇင်းတွင် သန်းသန်းဝတ္ထုနှင့် တကွ အခြား ဝတ္ထုတိုကလေးများကိုလည်း ရေးသည်။ ဆရာဦးမောင်ကြီး ရေးသော ဝတ္ထုတိုများ အနက် "အလင်းနှင့် အမှောင်" ဟူသော ဝတ္ထုတိုကလေးကို ဦးအုန်းမောင် လက်ထက်က "စိတ်အာရုံ" ဟူသော အမည်ဖြင့် ဒါရိုက်တာ ဦးတုတ်ကြီးက ရုပ်ရှင်ရိုက်ဖူးကြောင်း ဧဝမ်း ဦးတင်နွယ် (ရုပ်ရှင်နှင့် ပြဇာတ် အစည်းအရုံး ဥက္ကဋ္ဌ) ထံမှ သိရသည်။ ဒါရိုက်တာ ဦးတုတ်ကြီးမှာ ထိုစဉ် အခါက ပညာအလင်းတွင် မန်နေဂျာဖြစ်၍ ၎င်းဝတ္ထုတိုကလေးများ ဆရာ ရေးကြောင်း ပြောပြသဖြင့် သိရသည်ဟု ဦးတင်နွယ်က ပြောပါသည်။

ဆရာ ဦးမောင်ကြီးသည် မြန်မာ့အလင်းတွင် ရိုက်စပီးယား ဝတ္ထုများကိုလည်း ဘာသာပြန်ခဲ့သည်။ ဦးရွှေကြူးက အင်္ဂလိပ်မှ ဘာသာပြန်၍ ဖတ်ပြသည်ကို ဆရာ ဦးမောင်ကြီးက ရေးသည်ဟု သိရသည်။ ယင်းကိုထောက်၍ လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးသည် ပဋ္ဌကတ်နယ်ပယ်တွင် ထိုင်နေသည့် ပါဠိဘာသာတတ် မြန်မာပညာရှိကြီးတစ်ယောက် ဖြစ်သော်လည်း တစ်ယူသန် တစ်ဖက်သတ်သမား မဟုတ်။ ခေတ်ပညာတတ် အနောက်နိုင်ငံ ပညာရှိများ၏ အဆိုအမိန့်များကိုလည်း လေ့လာကြောင်း ထင်ရှားပေသည်။ 'ဆရာဟာ ခေတ်မီတယ်၊ ခေတ် အယူအဆများကို လက်ခံတယ်၊ ခေတ်လူများ (အနောက်နိုင်ငံ ပညာရှိများ)၏ အတွေးအခေါ်ကို မိအောင် လိုက်တွေးနိုင်တယ်' ဟူ၍ စက်ရှင်တရားသူကြီးဟောင်း ဦးဘသော် (ဝတ်လုံတော်ရ) က ပြောဖူးသည်။

လည်းကောင်း လယ်တီပဏ္ဍိတ ဟူ၍ ခေါ်ဝေါ်လေသည်။ ထိုအခါမှ စ၍ လယ်တီပဏ္ဍိတဟု တွင်လေသည်။

လယ်တီပဏ္ဍိတသည် ရဟန်း ၅ ဝါ အရတွင် ပါဠို ပိဋကတ် ဆိုင်ရာ၌ လည်းကောင်း၊ သင်္ကရိုက်ဘာသာ ဆိုင်ရာ၌ လည်းကောင်း ပညာရှိတစ်ဦးဟု ချီးကျူးရလောက်အောင် စုံလင်စွာ သင်ကြားတတ်မြောက်ခဲ့ပြီး ဖြစ်ရာ ပစ္စယမဋ္ဌရီ၊ ဝိထိမဋ္ဌရီ၊ ပရမတ္ထသင်္ခေပ်ဋီကာ၊ ပါဠိအဘိဓာန် စသော ကျမ်းများကို ရေးသားပြုစုခဲ့လေသည်။

လယ်တီပဏ္ဍိတသည် အသက် ၃၀ အရွယ်သို့ ရောက်သောအခါ ရဟန်း ၉ ဝါ အရ ၁၂၇၀ ခု၊ တပို့တွဲလ၊ ၁၉၀၈ ခု ဖေဖော်ဝါရီလတွင် လူထွက်ခဲ့သည်။ အမည်မှာလည်း ငယ်မည်မောင်သန့်စင် မဟုတ်ဘဲ မောင်ကြီး ဟူ၍ တွင်လေသည်။ လူ့အဖြစ်သို့ ရောက်ပြီးနောက် ပျဉ်းမနားမြို့ ဦးအောင်ဒွန်း၊ ခေါ်ညိမ်းတို့၏ သမီး မမကြီးနှင့် လက်ထပ်ခဲ့သည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ပျဉ်းမနားတွင် ၃ နှစ်ခန့်၊ မန္တလေးတွင် တစ်နှစ်ခန့် နေပြီး၊ ၁၉၁၁ ခုနှစ်တွင် မြန်မာ့အလင်း ဦးရွှေကြူးက ခေါ်လာသဖြင့် ပထမဆုံး မြန်မာ့အလင်း မဂ္ဂဇင်းတွင် အယ်ဒီတာ လုပ်သည်။ မောင်သောက ဝတ္ထု၊ သကုဏ္ဍာလ ဝတ္ထု၊ ခင်မြင့်ကြီး ဝတ္ထုတို့ကို ထိုအခါကပင် မြန်မာ့အလင်း မဂ္ဂဇင်း၌ ရေးသည်။ မောင်သောက ဝတ္ထုမှာ ဆရာဦးမောင်ကြီး၏ ပထမဆုံးဝတ္ထု ဖြစ်ဟန်တူသည်။ ဒုတိယတွဲကိုကား ပညာအလင်းသို့ ရောက်မှ ရေးသည်။ သို့ရာတွင် စာအုပ်အဖြစ် ရောက်ဟန် မတူ။

လယ်တီ ပဏ္ဍိတ ဆရာ ဦးမောင်ကြီးသည် မြန်မာ့အလင်း မဂ္ဂဇင်း ပျက်သွားသောအခါ ပညာအလင်း မဂ္ဂဇင်းသို့ ရောက်လေ

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် လောကီ လောကုတ္တရာ၊ ပါဠိ မြန်မာ ကျမ်းပြု ပုဂ္ဂိုလ်ကြီးသာ မဟုတ်၊ ကဗျာ ဆရာကြီးလည်း ဖြစ်သည်။ အထက်တွင် အနည်းငယ် ဖော်ပြခဲ့သော ကျမ်းစာအုပ်များ ရေးသားနေသည့် အတွင်းမှပင် ဆရာဦးမောင်ကြီးသည် ကဗျာပုဒ်ရေပေါင်း မြောက်မြားစွာကိုလည်း ဖွဲ့ဆိုခဲ့လေသည်။ ဆရာဦးမောင်ကြီးသည် စာအရေးသားနိုင်ဆုံး ပညာရှိကြီး တစ်ယောက်သာ မဟုတ်၊ ကဗျာ အဖွဲ့နိုင်ဆုံးသော စာဆိုကြီးတစ်ယောက်လည်း ဖြစ်သည်။ ဆရာဦးမောင်ကြီးသည် ကဗျာဖွဲ့ဆိုရာ၌ စကားလုံး အယဉ်အနုတို့ကို သိမ်မွေ့စွာ သိကုံးလေ့ ရှိပေသည်။ များစွာသော ပုဂ္ဂိုလ်တို့ကပင် ဆရာဦးမောင်ကြီးအား မြန်မာနိုင်ငံတွင် ထီးသုံးနန်းသုံး စကားလုံး အယဉ်အနုတို့ဖြင့် ထီးသံနန်းသံ ကြွင်းသံပါအောင် သိမ်မွေ့စွာ အရေးနိုင်ဆုံးသော စာဆိုကြီးဟု အသိအမှတ် ပြုထားကြသည်။

လယ်တီ ပဏ္ဍိတ ဆရာဦးမောင်ကြီးသည် စာရေးရာ၌ စဉ်းစားရပ်နာ မနေရဘဲ တောက်လျှောက် တစ်ရှိန်တည်း ရေးသားလေ့ရှိသည်။ 'စာရေးမယ်လို့ စက္ကူပေါ် ကလောင် တင်လိုက်ရင် စာလုံးကလေးတွေက သူ့အရင် ရေးပါ၊ ငါ့အရင် ရေးပါ ဆိုပြီး စုရုံးဝိုင်းအုံလာကြတယ်။ အဲဒီအထဲက လိုချင်တဲ့ အလုံးကလေးတွေကို ဆွဲယူလိုက်ရုံပဲ' ဟု ဆရာဦးမောင်ကြီး ပြောဖူးသည်။ 'သူ့ခေါင်းက သိပ်ထွက်နေတယ် ထင်ပါရဲ့၊ စာရေးရင် အနားမရှိဘဲ တစ်ခါတည်း တောက်လျှောက် ရေးသွားတာပဲ။ ဖောင်တိန်ကို မသုံးဘူး၊ ကလောင်တံကိုသာ သုံးတယ်။ ဖောင်တိန်က နစ်ကို ချွတ်ပြီး ကလောင်တံမှာ တပ်ပေးရတယ်။ "တစ်ခါတည်း

ဆရာဦးမောင်ကြီးသည် ပညာအလင်း ရောက်ပြီးနောက် ဦးတင် အမှုကြောင့် စိတ်ပျက်သဖြင့် အထက်မုံရွာသို့ ပြန်သွားသည်။ ၁၉၂၃ ခုနှစ်တွင် ဒဂုန်က ခေါ်ယူသဖြင့် ထိုနှစ်ကစ၍ ဒဂုန်မဂ္ဂဇင်းတွင် အယ်ဒီတာ လုပ်သည်။ ဆယ်နှစ်ခန့်လောက် ဆရာဦးမောင်ကြီး ဦးစီးအုပ်ချုပ် ရေးသားခဲ့သည့် ဒဂုန်မဂ္ဂဇင်းကြီးမှာ ယနေ့တိုင်အောင်ပင် မြန်မစာပေလောက၌ ရနံ့ထုံလျက် ရှိပေသေးသည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ပါဠိမြန်မာ စွယ်စုံပုဂ္ဂိုလ်ကြီး ဖြစ်လျက်၊ စာအုပ်ပေါင်းများစွာ ရေးသားပြုစုသည့် ကျမ်းပြုပုဂ္ဂိုလ်ကြီး တစ်ဦးလည်း ဖြစ်သည်။ ယမိုက်အဖြေကျမ်းကြီး၊ ပရမတ္ထ သံခိပ်ဋီကာကျမ်းကြီး၊ ပါဠိ အဘိဓာန်၊ ဝိထိမဉ္စရီ၊ ပစ္စယ မဉ္စရီ၊ သဒ္ဒ မဉ္စရီ စသော ပိဋကတ်ဆိုင်ရာ ကျမ်းဂန်များ၊ နိတိမာလာ၊ နိတိမဉ္စရီ၊ သူရဿတီနိတိ၊ စာဏက္ကနိတိ စသော နိတိကျမ်းများ၊ ဓေဿန္တရာဂိတိ၊ ကုသဂိတိ၊ ဘဂဝါဂိတိ စသော ဂိတိ (ပါဠိကဗျာ) ကျမ်းများ၊ သောတမာလာ၊ ဒေသနာမဉ္စရီ၊ သာစုသုန္ဒရီ စသော တရားစာအုပ်များ၊ ခင်မြင့်ကြီး၊ တင်တင်မြ၊ သန်းသန်း၊ ရွှေပြည်ကြီး စသော ဝတ္ထုများ၊ နတ်သျှင်နောင်ဝတ္ထု၊ ဗညားနွဲ့ဝတ္ထု၊ တပင်ရွှေထီးဝတ္ထု စသော ရာဇဝင်ဝတ္ထုကြီးများ၊ မမွှစကြာ အမေးအဖြေ၊ ပဋ္ဌာန်း အမေးအဖြေ၊ အနုတ္တစက္ခု စသော စာအုပ်များ၊ ထေရာ ဘာသာပြန်၊ ထေရီ ဘာသာပြန် စသော ဘာသာပြန် စာအုပ်များ စသည်ဖြင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးသား ပြုစုခဲ့သည့် စာအုပ်ပေါင်းမှာ ၄၀၀ နီးပါးခန့် ရှိသည်ဟု သိရပေသည်။

လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးသည် ဇြိတိသျှခေတ် ဒုတိယ ကမ္ဘာစစ် မဖြစ်မီ အထိ မြန်မာနိုင်ငံ၌ လွန်စွာ ထင်ရှားကျော်ကြားသည့် စာရေးဆရာကြီးတစ်ယောက် ဖြစ်သည်။ ဆရာကြီး ရေးသားပြုစုခဲ့သည့် စာအုပ်ပေါင်း များစွာ၊ မြန်မာစာပေပေါင်း များစွာ ပေါ်ထွန်းလာသကဲ့သို့ပင် ဆရာကြီး၏ စာပေတပည့် ပေါင်းလည်း အများအပြား ပေါ်ထွန်းလာခဲ့သည်။ ဤစာရေးသူ ကျွန်ုပ်လည်း လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ စာပေနည်းခံတပည့်ပင် ဖြစ်ပါသည်။ ဆရာကြီး ကွယ်လွန်သည်မှာ ၁၇ နှစ်လောက်မျှသာ ရှိသေးသည်။ သို့ဖြစ်ပါလျက် စာအုပ်ပေါင်း များစွာ ရေးသားပြုစုခဲ့သော၊ မကြာမီကလေးက ကွယ်လွန်သွားသည့် နိုင်ငံကျော် စာရေးဆရာကြီး တစ်ယောက်၏ အကြောင်းအရာ အတ္ထုပ္ပတ္တိစာအုပ် ဟူ၍ ပြောလောက်အောင် မရှိသေးသည်မှာ လွန်စွာ ဝမ်းနည်းဖွယ် ကောင်းလှသည်။ ဆရာဦးမောင်ကြီး ကွယ်လွန်စဉ်က ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော လယ်တီ ဦးကောဒိဒ (ပထမကျော် ပုပ္ပား ဦးကျော်ရင်) ရေးသားသည့် "ဇနပ္ပတ္တိကထာ" ဆိုသော စာအုပ်မှာလည်း ဆရာကြီး၏ ဈာပနပွဲတွင် ဝေငှရန် အမြန် ရေးသားရိုက်နှိပ်ရသည့် စာအုပ်ကလေးသာ ဖြစ်သည်။ အတ္ထုပ္ပတ္တိ စာအုပ်ဟု မဆိုလောက်ပေ။ သို့ဖြစ်၍ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး အတ္ထုပ္ပတ္တိစာအုပ် ထွက်ပေါ်ထိုက်ပြီဖြစ်ကြောင်းကို မြန်မာစာပေသမားတို့ သတိရကြစေရန် ကျွန်ုပ် စုံစမ်းရသလောက် အကြောင်းအရာ အနည်းငယ်ကို အကျဉ်းချုံး၍ ရေးသားလိုက်ပါသည်။ ။

[မြဝတီ၊ ဒီဇင်ဘာ ၁၉၅၆]

တောက်လျှောက် ရေးရင် လက်ညောင်းတယ်၊ ကလောင်တံမှ မင် အိုးကို လှမ်း လှမ်း တို့ရတော့ အညောင်းပြေတယ်ကွ"လို့ ပြောဖူးတယ်' ဟု ဧဝမ်းဦးတင်နွယ် ထံမှလည်း သိရသည်။

ယင်းသို့ ရေးနိုင်စွမ်းသောကြောင့်လည်း စာအုပ်ပေါင်း များစွာ ပြုစုခဲ့သည့် ကြားမှပင် ကဗျာပေါင်း မြောက်မြားစွာကိုလည်း အဲ့သြလောက်အောင် ဖွဲ့ဆိုနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ဆရာဦးမောင်ကြီးသည် နေ့စဉ် ၁၂ နာရီမှ ညနေ ၄ နာရီအထိ စာရေးလေ့ရှိသည်။ ထေရီ ဘာသာပြန် စသော စာအုပ်များကိုကား နံနက်အချိန်တွင် ဆရာ ဦးမောင်ကြီးက နှုတ်က ပြောပေး၍ ဒေါ်အေးကြည် ခေါ်သော စာရေးမကို အရေးခိုင်းသည် ဟု သိရသည်။ လယ်တီ ပဏ္ဍိတ ဆရာ ဦးမောင်ကြီးသည် စာအလွန်ရေးသည့် အတွက် အသက် ၅၅ နှစ် အရွယ်လောက်တွင် အမူးရောဂါ စွဲကပ်လာသည်။ ထိုအခါ၌ စာကို ကောင်းစွာ မရေးနိုင်တော့ဘဲ နောက်ဆုံးတွင် စာရေးခြင်းအလုပ်ကို ဖြတ်ကာ (၁၉၃၃ ခုနှစ်) ၁၂၉၄ ခုနှစ်၊ နတ်တော်လတွင် မုံရွာသို့ ပြောင်းရွှေ့နေထိုင်လေသည်။

လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးသည် မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ်က မုံရွာမြို့၌ပင် ကွယ်လွန်အနိစ္စ ရောက်လေသည်။ ဆရာကြီးတွင် ပထမ ဇနီး ဒေါ်မမကြီးနှင့် မောင်တင်ဦး (ဦးတင်ဦး) ဆိုသော သားတစ်ယောက် ထွန်းကား၍ ဒေါ်မမကြီး ကွယ်လွန်သဖြင့် ဆရာကတော် ဒေါ်အေးနှင့် လက်ဆက်ရာတွင် မတင်ဦး ဆိုသော သမီးတစ်ယောက် ထွန်းကားပြန်သည်။ ဦးတင်ဦးမှာ ရန်ကုန်တွင် နေ၍ မတင်ဦးမှာ မိခင်ဖြစ်သူ ဆရာကတော် ဒေါ်အေးနှင့်အတူ မုံရွာမြို့၌ နေသည်။

အလျားမှောက် ရေးသော်လဲ

"ဒေါက်–ဒေါက်–ဒေါက်"

ရဟန်းတော်တစ်ပါးသည် ရန်ကုန်အရှေ့ပိုင်း ၅၃ လမ်း၊ တိုက်နံပါတ် ၂၉၊ ဒုတိယအထပ် အခန်းတံခါးကို အတွင်းကလူ ကြားလောက်ရုံ ဖြည်းဖြည်းခေါက်လိုက်သည်။ တံခါးခေါက်ပြီး တံခါးအပွင့်ကို စောင့်ရင်း "အချိန်သည် အဖိုးအတန်ဆုံး ဖြစ်၏။ ၁၂ နာရီမှ ၅ နာရီအထိ အလုပ်ချိန်" ဟု ၆ လိုင်း စာလုံးကြီး များဖြင့် ရိုက်နှိပ်ကာ ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်စာတန်းကို ဖတ်နေသည်။

ရဟန်းတော်သည် ရွေးကလည်း အကြိမ်များစွာ ရောက် ဖူး၍ ရောက်တိုင်းလည်း ဤဆိုင်းဘုတ်ကို ဖတ်မိသည်။ သို့ရာ တွင် ထူးခြားခြင်း မရှိလှ။ ယခုအကြိမ်ကား နေ့လယ် ၁ နာရီ အချိန်ဖြစ်၍ စာတန်းကိုဖတ်ရင်း အနောင့်အယှက်များ ဖြစ်နေ မလား ဟူသော အတွေးကလေးများ ဝင်လျက် ရှိသည်။

မကြာမီ တံခါးပွင့်လာသည်။ အသက်ငါးဆယ်ကျော်ခန့်၊ အရပ်နိမ့်နိမ့်၊ အသားအရေ ပြည့်ပြည့်ဝဝရှိ၍ နှုတ်ခမ်းမွေး ခပ်

ကားကားနှင့် ခဲ့ညားသော လူတစ်ယောက်သည် ရဟန်းတော်ကို မြင်လျှင်–

'ဟင်... ကိုယ်တော်၊ ဘယ်တုန်းက ကြွလာသလဲ။ ကိုယ် တော် ကြွလာတာဟာ ကိုယ်တော်က လာချင်လို့ လာတာ မဟုတ် ဘူး၊ တပည့်တော်စိတ်က ညှို့လို့ လာတာ' ဟု ပြောရင်း တံခါး ကို ပြန်ပိတ်ပြီး ရဟန်းတော်အား နေရာညွှန်ပြလျက် မိမိကမူ ပက်လက်ကုလားထိုင်တွင် ထိုင်လိုက်သည်။

ဆရာကြီးက 'အခုပဲ ကိုယ်တော့်ကို သတိရနေသေးတယ်။ ဟော ဒီမှာ ကြည့်၊ ဟောဒီမှာ ကြည့်' ဟု ဆိုကာ အနားတွင် ရှိသည့် ရေးလက်စ စာကို ယူ၍ ရဟန်းတော်ကို ပြသည်။ ထို စာကား ဒဂုန်မဂ္ဂဇင်း ယုဝတီစက္ခု အခန်းအတွက် "ခင်ညိုညို ဒေါင်ရှေ့မကိုလ၊ တောင်ခြေက မှန်းရွယ်" အစချီသော တေးထပ် ဖြင့် အစပြုကာ ရေးသားထားသည့် မန္တလေးခင်တုတ် ဆောင်းပါး အစ ဖြစ်သည်။ (ထိုရဟန်းတော်ကား ဆရာကြီး တောင်းပန် တိုက်တွန်းချက်အရ ယုဝတီစက္ခုခန်းတွင် ဟသံတခင်ညို အမည် ဖြင့် ရေးသားနေသူ ဖြစ်သည်။)

'ဆရာ မကျန်းမာဘူး ကြားလို့ လာတာ၊ အခု ကျန်းမာ သွားပြီလား'

ရဟန်းတော်က ပြောလျှင် ဆရာကြီးသည် အံ့သြသော အမူအရာဖြင့်–

'ဟင်၊ တပည့်တော် မကျန်းမာဘူးလို့ ကိုယ်တော့်ကို ဘယ်သူက ပြောသလဲ' ဟု မေးလေသည်။

'ဒီလိုပဲ ကြားတာပေါ့'

ရဟန်းတော်သည် ဘေးနားရှိ ဆရာကြီး စာရေးသော နေရာကို စောင်းလှည့်ကြည့်ရှုပြီး-

'ဆရာ မူးဝေသလိုလို ဖြစ်တယ်ဆိုရင် ဒီလို မှောက်ပြီး စာရေးတော့ ပိုမဆိုးဘူးလား' ဟု ပြောပြန်သည်။

'ကိစ္စမရှိပါဘူး၊ အခုလည်း မမူးတော့ပါဘူး။ ပျောက်သွားပါပြီ'

ရဟန်းတော်ကား ဆရာကြီး စာရေးသည့် နေရာကို ထပ်၍ ကြည့်ပြန်သည်။ သင်ဖြူးဖျာချောပေါ်တွင် ခေါင်းအုံးတစ်လုံးချ၍ ခေါင်းအုံးရှေ့တွင် ရေးလက်စ စာရွက်ထပ် တစ်ခုနှင့် ရေးပြီး စာရွက်ထပ်တစ်ခု ရှိသည်။ အနီးတွင် မင်အိုးကြီးတစ်လုံးနှင့် ဖောင်တိန်နစ်သွား တပ်ထားသည့် ကလောင်တံ တုတ်တုတ် တစ်ချောင်း ရှိသည်။ ဆရာကြီးသည် ခေါင်းအုံးကို ရင်အောက်တွင် ထားကာ ဘယ်ဘက်တံတောင်ဖြင့် ထောက်၍ အလျားမှောက်ပြီး ရေးသားခြင်း ဖြစ်သည်။

ထို့နောက် ရဟန်းတော်သည် ဆရာကြီးနှင့် အနည်းငယ် စကားစမြည် ပြောပြီး ပြန်ကြွသွားလေသည်။

ဤကား လွန်ခဲ့သော ၁၂၉၂ ခုနှစ်က ဤစာရေးသူကိုယ်တိုင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးနှင့် တွေ့ခန်းတစ်ခု ဖြစ်သည်။ ထိုအခါက စာရေးသူမှာ သက်ိန်းဝတ်နှင့် ဟသ်ာတမြို့ မြစ်ကွေ့ကျောင်းတိုက်တွင် နေခိုက်ဖြစ်သည်။ ဆရာဦးမောင်ကြီး မကျန်းမာကြောင်း သတင်းကြား၍ ရန်ကုန်သို့ လာခြင်း ဖြစ်သည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် နေ့လယ် ၁၂ နာရီမှ ညနေ ၅ နာရီအထိ စာရေးလေ့ရှိသည်။ စာရေးနေသည့်

'နောက်ကို တပည့်တော် မကျန်းမာဘူးလို့ ကြားရင် ကိုယ်တော်က ကျန်းမာတဲ့ဘက်က နေပြီး ငြင်းပါ။ တပည့်တော်ဟာ ဘယ်တော့မှ မကျန်းမာမဖြစ်ဘူး။ မကျန်းမာဘူး ဆိုတာ ကိုယ့်ဓာတ်ကို ကိုယ်မသိတဲ့ လူတွေသာ ဖြစ်တာ ကိုယ်တော်။ ကိုယ်တော်လည်း မှတ်ထား။ ကိုယ့်ဓာတ် ကိုယ်သိအောင် လုပ်၊ ဘယ်တော့မှ မကျန်းမာ မဖြစ်ဘူး။ လူတွေဟာ အသက်လေးဆယ်ကျော်ရင် ကိုယ့်ဘာသာကိုယ် ဆရာဖြစ်ရမယ်တဲ့ ကိုယ်တော်'

'ဆရာကသာ ကျန်းမာတယ် ဆိုပေမဲ့ ဆရာ့ ကြည့်ရတာ နည်းနည်းချောင်သွားသလိုပဲ'

ရဟန်းတော်သည် မကျန်းမာဘူးဟု အပြောခံရသည်ကို ဆရာကြီး နှစ်သက်ပုံ မရကြောင်း သိသော်လည်း ရင်းနှီးခင်မင်သူ ဖြစ်သဖြင့် ထပ်၍ ပြောပြန်သည်။ ဆရာကြီးကား မည်သို့မျှ မပြောချေ။

ရဟန်းတော်က အသင့်ပါလာသော ဝါးဆေးထည့်သည့် သံဘူးကလေးကို ဖွင့်ကာ ဆေးဝါးသောအခါ ဆရာကြီးသည် နေရာမှထ၍ တစ်နေရာတွင် ထားသော သူ အမြဲဝါးသည့် ဆေးဘူးကို ယူပြီး ကပ်သည်။ ထိုဆေးဘူးမှာ စီးကရက် ၅၀ ဝင် သံဘူးတွင် ကွမ်းယာဆေးများ ထည့်ထားသည့် ဆရာကြီး အမြဲဝါးသော ဆေးဘူးဖြစ်သည်။

'ဆရာ အခု ဆေးမဝါးတော့ဘူးလား'

ရဟန်းတော်က ဆေးဘူးကို လှန့်ဝေးသော နေရာမှ ယူလာသည်ကို မြင်သဖြင့် မေးလိုက်သည်။

'ဟုတ်တယ် ကိုယ်တော်၊ အရင်တလောက နည်းနည်း မူးဝေသလိုလို ဖြစ်တာနဲ့ ဆေးဝါးတာကို ဖြတ်ထားတယ်'

အချိန်တွင် ဧည့်သည်လာသည်ကို မနှစ်သက်တတ်။ အကယ်၍ မလွဲသာသဖြင့် ဧည့်ခံစကားပြောစေကာမူ ခပ်မြန်မြန်ပြန်ရန် တစ်နည်းနည်းဖြင့် သိစေတတ်သည်။

ဆရာဦးမောင်ကြီးသည် ကိုယ်တိုင် စာရေးသောအခါ သင်ဖြူးဖျာပေါ်တွင် ခေါင်းအုံးတစ်လုံးချ၍ အလျားမှောက် ရေးလေ့ရှိသည်။ နောက် အမူးရောဂါ ပေါ်လာသဖြင့် စားပွဲခုံ နိမ့်ကလေးနှင့် ကြမ်းပြင်ပေါ်တွင် ထိုင်ပြီး ရေးသည်ဟု သိရသည်။

ဆရာဦးမောင်ကြီးသည် ထေရီဘာသာပြန်၊ ထေရာဘာသာ ပြန် စသော ဘာသာပြန်များကို ကိုယ်တိုင် မရေးဘဲ စာရေးမ အား နှုတ်က ပြောပေးပြီး အရေးခိုင်းသည်။ ထိုအခါက ဆရာကြီး အသုံးပြုသည့် စာရေးမမှာ ဒေါ်အေးကြည် ဆိုသူ ဖြစ်သည်။ ဒေါ်အေးကြည်ကား သီလရှင် ဝတ်ဖူး၍ ပထမလတ် အောင်သည် ဟု သိရသည်။ ဒဂုန်မဂ္ဂဇင်း စာပြင်ဆရာ (ယခု သုဓမ္မဝတီ ပါဠိဆရာကြီး) ဒဂုန်ဦးစံထွန်း၏ဇနီး ဖြစ်သည်။

ယင်း ဘာသာပြန်များကို မနက်ပိုင်း အချိန်တွင် ရေးသည်။ ဆရာဦးမောင်ကြီးက ပက်လက်ကုလားထိုင်ပေါ်က နေလျက် ကျမ်းရင်း ပါဠိစာအုပ်ကို ကိုင်ပြီး ဒေါက်ဒေါက် ဒေါက်ဒေါက် ဖြင့် လျှောက်ပြောသည်ကို ဒေါ်အေးကြည်က ဆရာကြီး ရှေ့နား တွင် ဝပ်၍ ရေးရသည်။ ဆရာကြီးသည် လက်တစ်ဖက်ဖြင့် စာအုပ်ကို ကိုင်ပြီး ကုလားထိုင်တွင် ပက်လက်လှန်၍ အခြားလက် တစ်ဖက်ကို ကုလားထိုင် နောက်မှီထိပ်သို့ တင်ကာ ပုတီးစိပ်နေ တတ်သည်။ ဤသို့အားဖြင့် တစ်ဖက်ညောင်းလျှင် တစ်ဖက် ပြောင်း၍ စာအုပ်ကိုင်ပြီး ပြောပေးရင်း အားနေသောလက်ကို ကုလားထိုင်နောက်မှီသို့ တင်ကာ ပုတီးစိပ်နေတတ်သည်။ ယင်း

သို့ တစ်လှည့်စီ ပုတီးစိပ်နိုင်ရန်အတွက် ကုလားထိုင် နောက်မှီတွင် တစ်ဖက်လျှင် ပုတီးတစ်ကုံးစီ ချိတ်ထားသည်။

တစ်ခါတစ်ရံ စင်္ကြံလျှောက်ရင်း ပြောပေးသည်။ ယင်းသို့ စင်္ကြံလျှောက်ရင်း ပြောပေးသောအခါ၌ ပထမ ထေရီဂါထာ၊ သို့မဟုတ် ထေရာဂါထာ ပါဠိတော်စာအုပ်နှင့် သီဟိုဠ်အက္ခရာ ဖြင့် ရိုက်နှိပ်ထားသော အဌကထာ စာအုပ်တို့ကို ဖတ်ရှုပြီး စာအုပ် ကို ချကာ စင်္ကြံလျှောက်ရင်း အလွတ်ပြောလေတော့သည်။ ၎င်း ကို ဒေါ်အေးကြည်က ရေးရသည်။

ဆရာ ဦးမောင်ကြီးသည် ဘာသာပြန်မှ တစ်ပါး ကိုယ်တိုင် ရေးသော စာများကိုကား နေ့လယ် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အချိန်တွင် အထက်က ပြောခဲ့သည့်အတိုင်း အလျားမှောက်၍ ရေးသည်။ ဆရာဦးမောင်ကြီးကား ငယ်စဉ်အခါက ဆရာ ဘုန်းကြီး ခြေရင်းတွင် ဝပ်၍ စာသင်ခဲ့ရသူ ဖြစ်သည်။ နောက် ရဟန်းဘဝ ရောက်သောအခါလည်း လယ်တီဆရာတော်ဘုရား ကြီး၏ ခြေရင်းတွင် ဝပ်၍ပင် စာသင်ခဲ့ရပေမည်။

ရဟန်းတော်များ စာသင်ပုံကား ဆရာ့ရှေ့တွင် ထိုင်ခုံ၌ ထိုင်ကာ ခါးကို မတ်မတ်ထား၍ ဆောင့်ကြွားကြွားထိုင်ပြီး သင် ယူရသည့် သင်ပုံသင်နည်းမျိုး မဟုတ်ချေ။ ဆရာ့ခြေရင်းတွင် ဝပ်၍ စာအုပ်ကို မျက်နှာအောက်တွင် ထားကာ သင်ယူရသည့် သင်ပုံသင်နည်းမျိုး ဖြစ်သည်။ ဝပ်၍နေခြင်းမှာ ဆရာ့ခြေကို ရိုသေစွာ ဦးတိုက်သည့် အခြင်းအရာ ဖြစ်သည်။ မာန်စောင်ချ၍ စိတ်နှလုံး ပျော့ပျောင်းစွာဖြင့် သင်ပေးသမျှ နာခံမှတ်သားပါမည် ဟူသော အဓိပ္ပာယ်လည်း ရှိသည်။ မြေမာ၌ တံဆိပ်ခတ်နှိပ်၍ မထင်။ ရွှံ့ပေါ်၌ ခတ်နှိပ်လျှင် ပီသစွာ ထင်သကဲ့သို့ မာန်စောင်

ဦးမောင်ကြီး ရေးသော စာများမှာ ဖတ်လို့ အလွန်ကောင်းသည်။ ဖတ်မိလျှင် မဆုံးမချင်း စာအုပ်ကို လက်က မချချင်လောက် အောင်ပင် ဖတ်လို့ ကောင်းသည်ဟု အများက ပြောကြသည်။ ကုလားထိုင်တွင် ပက်လက်လှန်ကာ လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး၏ စာကို ဖတ်ရခြင်းသည် ငြိမ့်ညောင်းသာယာသည့် တူရိယာသံကို နားထောင်ရသည့်ထက်ပင် အရသာရှိသည်ဟု ထင်ကြသည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် စာကို အလျား မှောက်၍ ရေးသော်လည်း သူရေးသော စာများကား ပက်လက် ကုလားထိုင်တွင် ပက်လက်လှန်ကာ အရသာခံ၍ ဖတ်ရသည့် စာမျိုးတွေသာ များသည်။

[ဌေတာရီ၊ ဧန်နဝါရီ ၁၉၆၁]

တက်ကြွ၍ စိတ်နှလုံး တောင့်တင်းခက်မာနေက ပညာသင်၍ အရာမထင်နိုင်ပေ။ မာန်ဝောင်နှိမ့်ချ၍ စိတ်နှလုံး ပျော့ပျောင်း နေမှသာ ပညာသင်၍ အရာထင်နိုင်သည်။

စာအုပ်ကို မျက်နှာအောက်က ထားခြင်းမှာ မျက်စိရော စိတ်ပါ တခြားသို့ အာရုံမပြားဘဲ စာပေါ်တွင်သာ ကျရောက် နေစေရန် အဓိပ္ပာယ်ပင် ဖြစ်သည်။ ဤကား ရဟန်းတော်များ၏ စာသင်ပုံ အခြင်းအရာနှင့် ရည်ရွယ်ချက် အဓိပ္ပာယ်ဖြစ်သည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ငယ်စဉ်ကလည်း ဘုန်းကြီးကျောင်းတွင် စာသင်ခဲ့ရသည်။ ရဟန်းဝတ်ဖြင့်လည်း ဆယ်နှစ်ခန့် နေခဲ့ရသည်။ သို့ဖြစ်၍ ရဟန်းတော်များ စာသင်ပုံ နည်းအတိုင်း ဝပ်၍ စာသင်ခဲ့ရပေမည်။ ဝပ်၍ စာရေးခဲ့ရပေမည်။ အထူးအားဖြင့် လယ်တီပဏ္ဍိတသည် ရဟန်းဘဝက စာအုပ် ပေါင်း များစွာကို ရေးသားခဲ့သည် ဖြစ်ရာ ထိုအခါကလည်း ငယ်စဉ်က အကျင့်ပါလာသည့်အတိုင်း ဝပ်၍ ဖြစ်စေ၊ အလျား မှောက်၍ ဖြစ်စေ ရေးသားတော်မူသည်ဟု ဆိုရပေမည်။ အဘယ့် ကြောင့်ဆိုသော် လယ်တီပဏ္ဍိတ ရဟန်းတော်တို့ခေတ်က ဘုန်း ကြီးကျောင်းများ၌ စားပွဲ၊ ကုလားထိုင်နှင့် စာရေးခြင်းကို ပြုလုပ် လေ့ မရှိသေးချေ။ ယင်းသို့ အလျားမှောက်၍ စာရေးသော အလေ့ အကျင့် ပါလာသည့်အတွက် နိုင်ငံကျော် ပညာရှိ စာရေးဆရာကြီး အဖြစ် ရောက်လာသည်တိုင်အောင် ကိုယ်တိုင် ဉာဏ်ထုတ် ရေး သားရသည့် စာမျိုးကို အလျားမှောက်၍ အားရပါးရ ရေးသားခြင်း ဖြစ်သည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးသော စာများသည် ထိုခေတ်က အလွန်လူကြိုက်များသော စာများ ဖြစ်သည်။ ဆရာ

စိတ်ချပါငွေတာရီ

လေအဝှေ့မှာ လ

ဝှေ့–မှာ အောက်မြစ်ပါရဲ့လား၊ ဝှေ့–ပါတယ်။

နေသွေ့ကာ အညာလိမ်တဲ့

သွေ့–အောက်မြစ်ပါတယ်။ အညာလိမ်၊ လိမ်–မသတ်၊ ဟုတ်တယ်။

ဝါမှိန်မှိန် ပွင့်လွှာဟောင်းယဲတို့

မှိန်မှိန်–နသတ်၊ ဟုတ်ပြီ၊ ပွင့်–အောက်မြစ်ပါတယ်။

ရင့်ညောင်းကာ ဘဝကူးသည်ထင့်

ရင့်–အောက်မြစ်နဲ့၊ ညောင်း–ညနဲ့၊ ဟုတ်ပြီ။ ဘဝကူးသည်ထင့်၊ ထင့်–အောက်မြစ်ပါတယ်။

မူးဝေအောင် ချာချာလည်၍

ချာချာလည်–ယပင့်၊ ဟုတ်ပြီ။

သည်မြေဆီ ရွှေရည်ပွင့်ငယ်လို့

သည်မြေဆီ၊ ဆီ–လုံးကြီးတင်၊ ဟုတ်ကဲ့လား၊ 'မဲဇော တောင်ခြေ၊ စီးတွေတွေတည်း၊ မြစ်ရေဝန်းလည်၊ မြိုင်တော ဆည်က၊ ရွှေပြည်ကိုသာ…' ဟာ၊ ညသတ်ပါလား။ 'သည်တွင်

ရွှေမြို့၊ သည်သို့စေတိ၊ သည်ဆီရွှေနန်း' ဟင်၊ လုံးကြီးတင်နဲ့၊ ဟာ… ငါနှုတ်ထဲက ရထားတာက မှန်မှ မှန်ရဲ့လား၊ 'မြိုင်တောစည်က' များလား။ နေဦး၊ "ဗာရာဏသီ၊ ပြည်ဆီခရီး၊ မနီးမဝေး၊" ဘူရိဒတ်လင်္ကာ* ၁၁၇။ "သည်ကချိ၍၊ သူ့ဆီတိုင်းခွင်၊ လုပ်ကြံလျှင်လည်း" မင်းရဲနရာဇောင်း* ၂၇။ အဲ ဟုတ်ပြီ၊ လုံးကြီးတင်ပဲ၊ 'သည်မြေဆီ' မှန်ပြီ။ ရွှေရည်ပွင့်ငယ်တို့–ရည်–ညသတ်၊ ဟုတ်ပြီ။

ကြွေလွင့်၍ နေစဉ်ဝယ်

ကြွေ–ရရစ်၊ ဟုတ်ပြီ။

လွန်ခဲ့သောနှစ် (၁၉၆၀) ဇန်နဝါရီလက ဖြစ်သည်။ ကိုဝင်းမောင်က "ငွေတာရီ ကဗျာ ၁၀၀" ရိုက်နှိပ်ရန်အတွက် လက်နှိပ်စက်ဖြင့် ရိုက်ထားသော စာမူများကို စာ အကျအပေါက်၊ စာလုံးပေါင်း သတ်ပုံသတ်ညွှန်း ကြည့်ပေးရန် ပေးထားသဖြင့် အားလပ်သော အချိန်များတွင် ဖတ်ရှုနေရသည်။

စာလုံးအကွာရာ မှန် မမှန်နှင့် အသတ် အလတ်တို့ကိုသာ ဂရုစိုက် ဖတ်ရှုနေရသဖြင့် ကဗျာ၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို သတိမပြုအားပေ။

ထိုနေ့ကား တနင်္ဂနွေနေ့ ဖြစ်သည်။ စာမူကို အပြီးသတ်အောင် ဖတ်ရှုတော့မည်ဟု ဆုံးဖြတ်ကာ တစ်ပုဒ်ပြီးတစ်ပုဒ် စိစစ် ဖတ်ရှုခဲ့ရာ "ကြွေပွင့်ကောက်စဉ်က" ကဗျာသို့ ရောက်လာလေသည်။

ယင်း ကဗျာကိုလည်း အခြားကဗျာ စာမူများကို ဖတ်ရှုစိစစ်သကဲ့သို့ပင် အထက်တွင် ဖော်ပြသည့်အတိုင်း ဖတ်ရှုစိစစ်သည်။ ပထမအချီး ပြီး၍–

အပင်အောက်
တစ်ယောက် သည်စာဆိုဖြင့်
ရွှင်မချို မြေ့မချမ်းနိုင်ဘူ့
ကြွေပန်းလွှာ မြေမှာစီတော့
သီကရီ ကောက်ယူနမ်းမိငဲ့
သြော်–အလွမ်း သည်လို ထွေတော့
ပွင့်ဝါကြွေ သူလေ သိမှာလဲ့
တွေးမိပြန်တယ်။

ဟူသော ဒုတိယ အချိုးကိုလည်း အထက်ပါအတိုင်း အနက်အဓိပ္ပာယ်ကို မတွေးအားဘဲ စာလုံးအက္ခရာ ပင့်ရစ်သတ်ပုံ စသည်တို့ကိုသာ စိစစ်ဖတ်ရှုလေရာ အဘယ်စာလုံးက ကျွန်ုပ်၏ စိတ်နှလုံးကို တို့လိုက်လေသည် မသိ၊ စိတ်တွင် တစ်မျိုးတစ်မည် ဖြစ်လာလေသည်။

အနက်အဓိပ္ပာယ်ကို သတိမထားအားသော်လည်း ငွေတာရီ၏ ကဗျာကလေးများကို ဖတ်နေရသည် ဖြစ်သောကြောင့် ငွေတာရီကိုကား ကြိုးကြား ကြိုးကြား သတိရလျက် ရှိသည်ဖြစ်ရာ ဤအချိုးကလေးကို ဖတ်လိုက်မိသော အခါ၌ကား ပို၍ သတိရလာလေသည်။

အကြွေစာသူငဲ့

ဒုတိယ အချိုးပြီး၍ တတိယ အချိုးကို ဖတ်လိုက်ရာ "အကြွေစာသူငဲ့" ဟု တွေ့လိုက်ရသဖြင့် ရုတ်တရက် ဆက်မဖတ်နိုင်ဘဲ ဖြစ်သွားသည်။ စောစောက တွေ့ခဲ့သည့် "ရင့်ညောင်းကာ ဘဝကူးသည်ထင့်" ဆိုသော အပိုဒ်ကလေးကိုလည်း ပြန်၍ ဖတ်မိသည်။ ပထမ ဖတ်စဉ်က ညောင်း–၌ ညဟုတ်

ကြောင်းနှင့် ထင့်–၌ အောက်မြစ် ပါ မပါ တို့ကိုသာ သတိပြုခဲ့သော်လည်း ယခုတစ်ကြိမ် ပြန်ဖတ်သောအခါ၌ကား အပင်မှ ပန်းကလေးတစ်ပွင့် ချာလည်ချာလည်နှင့် ကြွေကျသွားပုံကို မြင်ယောင်လာလေသည်။ ကွယ်လွန်သွားရှာသူ ကဗျာစာဆို ငွေတာရီကိုလည်း မြင်ယောင်လာလေသည်။

တစ်ဖန် ဒုတိယ အချိုးဆီသို့ မျက်စိရောက်သွားကာ အပင်အောက်တွင် လူတစ်ယောက် ကြွေကျလာသော ပန်းပွင့်ကလေးကို ကောက်ယူကာ ပူဆွေးဒုက္ခ ရောက်နေရှာသည့် ပုံကို မြင်ယောင်ယောင် ဖြစ်လာသည်။ ထိုအခိုက်၌ ကိုဝင်းမောင် (ငွေတာရီ၏ ခင်ပွန်း) ၏ မျက်နှာကို ကွက်ခနဲ မြင်ယောင်လိုက်မိသည်။

အကြွေစာသူငဲ့
နှမြော တွယ်တာတာဖြင့်
ဘယ်အခါ ဘယ်မှာ ဆုံးနိုင်လိမ့်
နှလုံး ဘဝင်ဆူပေါ့
မရှင်သူ နှုတ်ခြွေလွှတ်ပါလို့
တတွတ်တွတ် ဆိုကာရယ်
ဖြေဖွယ်ဖြင့် ရှိလိမ့်လား။

ကြွေကျသော ပန်းကလေးနှင့် ကောက်ယူ ပူဆွေးတသနေသည့် အပင်အောက်က လူကို မြင်နေသဖြင့် တတိယအချိုးကို ဖတ်သောအခါ စာလုံးပေါင်းနှင့် သတ်ပုံတို့ကို မနည်းကြိုး သတိထား၍ ကြည့်နေရသည်။ တတိယ အချိုး ဆုံးသွားသောအခါ တစ်ပိုဒ်စီ ထပ်၍ ဖတ်ရပြန်သည်။ ယင်းသို့ ဖတ်ရင်းပင် ကြွေကျသော ပန်းကလေးနှင့် အပင်အောက်က လူကို တွေးမိနေပြန်သဖြင့် အချို့ အပိုဒ်များကို ၂–ထပ်ကျော့ ၃–ထပ်ကျော့ ဖတ်ရသည်။

လေညင်း-၌ ညတွင် ဟထိုး ပါ မပါကိုလည်း ကျွန်ုပ် သတိမထားမိတော့ချေ။ ဘယ်ယိုင်ညာယိုင်၌ ရကောက် ရိုင်လား၊ ယပက်လက် ယိုင်လား ဟူ၍လည်း ကျွန်ုပ် မတွေးမိတော့ချေ။ ကုန်ကုန်ပြောရလျှင် ဖူးငုန်ပျို-ဟု ငုန်တွင် နသတ်နှင့် ရှိသည် တိုင်အောင် ယင်းနသတ် ငုန်ကို ကျွန်ုပ် မြင်လိမ့်မည် မထင်။ အဘယ့်ကြောင့်ဆိုသော် လေညင်းကလေး တမျှဉ်းမျှဉ်း တိုက်ခတ် နေရာတွင် ဘယ်ယိုင်ညာနဲ့ တိမ်းငဲ့လှုပ်ရှားနေသော ပန်းငုံကလေး များကို မြင်နေရသောကြောင့် ဖြစ်သည်။ ပန်းငုံကလေးများကို စိတ်အာရုံဖြင့် ကြည့်နေစဉ် ယင်းပန်းငုံကလေးများကို မော့ကြည့် နေရာသည့် အပင်အောက်က ပန်းကောက်သူ အပူသည်ကိုလည်း မြင်ယောင်မိသည်။ ပန်းငုံကလေးများက သူ့ကို-

"ငိုမနေပါနဲ့၊ ပန်းပွင့်ကို ခင်မင်မြတ်နိုးရင် အပင်ကို ရေ လောင်းပါ။ ကြွေလေတဲ့ အပွင့်ကို တွယ်တာမနေပါနဲ့တော့။ အပင်မှာ ကျန်တဲ့ အဖူးကလေးတွေ ကားကားစွင့်စွင့် ပွင့်လန်း လာအောင် အပင်ကိုသာ မြေတောင်မြှောက်ပေးပါ" ဟု ပြောနေ သကဲ့သို့ ထင်ဟန်တူသည်။ သူသည် ပန်းငုံကလေးများကို မမှိတ် သော မျက်စိဖြင့် ကြည့်နေလေသည်။

ကျွန်ုပ်သည် ပန်းပွင့်ကောက်သူ၏ အမူအရာကို မြင်ယောင် နေရင်း ကိုဝင်းမောင်က သမီးကလေး ခင်ရီဝင်းအား ချစ်ခင် ယုယပုံ အခြင်းအရာကို တွေးမိနေလေသည်။

ကျွန်ုပ်သည် စာလုံးအက္ခရာ အမှားအမှန်တို့ကို မမြင်တော့ ချေ။ အတန်ငယ်မြင့်သည့် ပန်းပင်ထက်မှ ပန်းကလေးတစ်ပွင့် ချာလည်ချာလည်နှင့် ကြွေကျသွားပုံ၊ ညှိုးငယ်စွာသော လူတစ် ယောက် ပန်းပွင့်ကလေးကို နမြောတသကာ ယုယုယယ ကောက်

"ငါ သည်လို လွမ်းနေလို့ကော ကြွေရာတဲ့ ပန်းကလေးက သိမှာတဲ့လား။ သည်လိုသာ နှမြောတသပြီး သောကမီး တောက် ရင် ဘယ်အခါမှ ဆုံးမှာ မဟုတ်ဘူး။ ငါ့ နလုံးသားတွေလည်း ဆူပွက်နေပြီ"

ကျွန်ုပ်သည် စာလုံးပေါင်း သတ်ပုံတို့ကို ဂရုတစိုက် ကြည့် နေရင်းကပင် အပင်အောက်ကလူ တိုးတိုးကလေး ညည်းညူနေ သံကို ကြားယောင်ယောင် ဖြစ်နေသည်။

သည်အခိုက်မှာကို
ပင်ထက် ငွေရောင်စိုတဲ့
ဖူးငုံပျို ထိုတသင်းတွေက
လေညင်းမှာ တကြိုင်ကြိုင်နဲ့
ဘယ်ယိုင် ညာယိုင် ငဲ့ရာမှ
'နောင်ရဲ့ မငိုပါနှင့်
ကြည်ညိုကာ နောင်မြတ်နိုးတာဖြင့်
ဝေဖြိုးအောင် ရေစင်ဖြာပါ့
ကြွေပွင့်ကို မတွယ်တာနဲ့
ဖူးညာသာ ထူးစွာ ပွင့်အောင်လို့
ပင်မွေးကို စဉ်အခြေ မြှင့်ပါ' တဲ့
ကူရှင့်အောင် သူက ပြောလေတော့
ပင့်လေမှာ ပွင့်ကြွေနဲ့ မျောရာက
ဖူးဆီကို ဦးလည်လို့ စောမိရဲ့
လှသော ပင်ယံမွေက
ငုံတံတွေ ရွှေရည်လျှမ်းမှာဖြင့်
စာဆိုမောင် မျှော်ယောင်မှန်းလို့ရယ်
လွမ်းခဲ့မိတကား။

ယူနေပုံနှင့် အပင်ထက်ရှိ ဖူးငုံကလေးများကို မော့ကြည့်နေပုံတို့ကို မြင်ကာ ကိုဝင်းမောင်နှင့် လူမမည် သမီးကလေး ခင်ရီဝင်းကိုလည်း သတိရနေသည်။ ငွေတာရီစာစဉ်နှင့် ငွေတာရီ မဂ္ဂဇင်းတို့ကိုလည်း မျှော်မှန်းတမ်းတနေမိသည်။

ငွေတာရီသည် ဤကဗျာကလေးကို အဘယ်အခါက ရေးစပ်ခဲ့လေသနည်း။ သူကိုယ်တိုင် ပန်းပွင့်ကြွေကလေးများကို ကောက်ရင်း ဤကဗျာကို စပ်ခဲ့ခြင်း ဖြစ်လေသလား။ အမှန်စင်စစ် ပြောရလျှင် ထိုစဉ်အခါက ငွေတာရီမှာ မြန်မာစာပေပန်းဉယျာဉ်တွင် ရှင်သန်ကြီးထွားဆဲ ဖြစ်သည့် ကဗျာပင်မှ ထက်ဝန်းကျင် ရနံ့သွေးနေသည့် လှပသော ပန်းကလေးတစ်ပွင့် ဖြစ်သည်။ မှန်ပေသည်။ ငွေတာရီသည် ပန်းပွင့်ကလေး ဖြစ်သည်။

စာဆို ငွေတာရီသည် ပန်းကလေး ငွေတာရီကို "အကြွေစောသူငဲ့" ဟု တသဖွဲ့ဆိုခြင်း ဖြစ်လေသလား။ ငွေတာရီက ငွေတာရီကို အကြွေစောသူငဲ့ဟု တသခဲ့သလား။

ကျွန်ုပ်၏ အတွေးများမှာ ချာချာလည်နေလေသည်။ ပန်းဉယျာဉ်ကလေးကိုလည်း တွေးမိသည်။ ကဗျာပင်ကလေးကိုလည်း မြင်သလိုလိုရှိသည်။ ကြွေကျသွားရှာသော ပန်းပွင့်ကလေးကိုလည်း မြင်ယောင်လာသည်။ ငွေတာရီ၏ မျက်နှာကိုလည်း မြင်ယောင်မိသည်။ ကျွန်ုပ် ဉာဏဗလ ရပ်ကွက်တွင် နေစဉ်က ငွေတာရီသည် ကိုဝင်းမောင်နှင့်အတူ ကျွန်ုပ်အိမ်ကို လာဖူးသည်။ ထိုအခါက ငွေတာရီ (မခင်ရီ) ၏ အမူအရာမှာ ကွက်သစ် အရပ်ကလေးပင် ဖြစ်သော်လည်း မိမိ၏ ဆွေမျိုးဉာတိများ ရပ်ကွက်ကို လာရသလို နှစ်နှစ်ခြိုက်ခြိုက်ရှိပုံ ပေါ်နေသည်ကို ကျွန်ုပ် ကောင်းစွာ အမှတ်ရနေသည်။ ထိုစဉ်က ငွေတာရီ၏အသွင်သည်

ယခု ကျွန်ုပ်၏ စိတ်အာရုံတွင် ပေါ်၍လာလေသည်။ ကဗျာပင်ပေါ်က ဖူးငုံကလေးများကို ကျွန်ုပ်ကိုယ်တိုင် လှမ်းမျှော် ကြည့်ရှုနေရသလိုလိုလည်း ထင်မိသည်။ ပန်းဉယျာဉ်၊ ကဗျာပင်၊ အငုံကလေးများနှင့် ကြွေကျသည့် အပွင့်ကလေးများသည် စိတ်အာရုံတွင် တစ်ခုပြီးတစ်ခု ပေါ်လိုက်ပျောက်လိုက် ဖြစ်နေစဉ် ကိုဝင်းမောင်နှင့် သမီးကလေး ခင်ရီဝင်းကိုလည်း တွေးမိသည်။ ငွေတာရီစာစဉ်နှင့် ငွေတာရီ မဂ္ဂဇင်းတို့ကိုလည်း မျှော်မှန်း ရမ်းရော်မိပြန်သည်။ နောက်ဆုံးတွင် ကျွန်ုပ်စိတ်မှာ ဘယ်လို ဖြစ်လေသည်မသိ။ "နောင်ရဲ့ မငိုပါနှင့်၊ ကြည်ညိုကာ နောင်မြတ်နိုးတာဖြင့်၊ ဝေဖြိုးအောင် ရေစင်ဖြာပါ၊ ကြွေပွင့်ကို မတွယ်တာနဲ့၊ ဖူးညှာသာထူးစွာ ပွင့်အောင်လို့၊ ပင်မွေကို စဉ်အခြေ မြွင့်ပါတဲ့" ဟူသော အပိုဒ်ကလေးကို ပြန်၍ ဖတ်ပြီး "စိတ်ချပါ ငွေတာရီ" ဟု ရောင်ရမ်း ရွတ်ဆိုလိုက်မိပါတော့သည်။

[ငွေတာရီ၊ မတ် ၁၉၆၁]

ကိုယ့်အိမ်က မုန့်တစ်မျိုးကိုသာ လုပ်သော်လည်း လေးငါးခြောက်မျိုး စားရသည်။ မုန့်မလုပ်သော အိမ်များလည်း ထိုနည်းငင်းပင် မုန့်လေးငါးမျိုး စားရသည်။ ကျွန်တော်တို့တစ်တွေမှာ ဝါဆိုလပြည့် အဖိတ်နေ့က စ၍ ဝါဆိုမုန့်များ လိုင်ဘောလယ်နေတော့သည်။

ကျွန်တော်တို့ အမေကြီးသည် အဖိတ်နေ့ ရောက်လျှင် မနက် ထမင်းစားပြီးချိန်က စ၍ အလုပ်များနေတော့သည်။ မုန့်လုပ်ရာ၌လည်း သူ ပါရသေးသည်။ သီးသန့်ဖယ်ထားသော ဆန်ရင်းသားကိုလည်း ဆန်ကောဖြင့် ဝိုင်းသေးသည်။ ဆန်ရင်းသားဆိုသည်မှာ ဆန်ပြာရာ၌ ဆန်ကောဏ်၏ လက်ရင်းပိုင်းတွင် ကျန်နေသော ဆန်ကို ဆိုခြင်း ဖြစ်သည်။ ကျွန်တော်တို့ ငယ်ငယ်က မောင်းထောင်း ဆန်များကို စားရသေးသည်။ လက်ထိုးကြိတ်ဆုံဖြင့် ကြိတ်ထားသောဆန်ကို မောင်းဖြင့် ထောင်း၍ဖွပ်ပြီး ဖွဲနုများ စင်အောင် ပြာရသည်။ ယင်းသို့ ပြာသောအခါ ဆန်ကျိုး ဆန်ကွဲများသည် ဆန်ကောဏ်၏ ရှေ့ပိုင်း (အဖျားဘက်) သို့ ရောက်၍ ဆန်လုံးကောင်းကောင်းများမှာ ဆန်ကောဏ်၏ လက်ရင်းဘက်တွင် ကျန်နေလေသည်။ ၎င်းကို ဆန်ရင်းသားဟု ခေါ်သည်။ ဆန်ရင်းသားသည် ဆန်လုံးအကောင်းဆုံး ဆန်များချည်း ဖြစ်သည်။ သို့ရာတွင် စပါးလုံး ပါတတ်သည်။ ဆန်ကျိုး ဆန်ကွဲများကို မုန့်လုပ်ရန် ထား၍ ဆန်အလယ်သားကို နေ့စဉ် ချက်စားကြသည်။ ဆန်ရင်းသားကိုကား ဆွမ်းချက်ရန်နှင့် ဧည့်ကောင်း စောင်ကောင်းများကို ချက်ကျွေးရန် ဖယ်ထားလေ့ရှိသည်။

အမေကြီးသည် ယင်းသို့ ဖယ်ထားသော ဆန်ရင်းသားများကို ဆန်ကောတွင်ထည့်၍ ဝိုင်းပြီးလျှင် အလယ်၌ စုတက်လာ

ဟိုတုန်းက ဝါဆို

ကျွန်တော်တို့ ငယ်ငယ်က ဝါဆိုလပြည့်နေ့ ရောက်လျှင် တစ်ရွာလုံး ကျောင်းသို့ ဥပုသ်စောင့် ထွက်ကြသည်။ ကလေးများပါ ကျောင်းသို့ လိုက်ရသည်။ ကျွန်တော်တို့တစ်တွေမှာ အဖိတ်နေ့ (ဝါဆိုလဆန်း ၁၄ ရက်) ကပင် နက်ဖြန်ခါ ဘုန်းကြီးကျောင်း လိုက်ရတော့မည် ဆိုပြီး ဝမ်းသာအူမြူးနေကြသည်။

အချို့အိမ်က မုန့်ဖက်ထုပ် လုပ်ကြသည်။ အချို့အိမ်က မုန့်ဆီကြော် ကြော်ကြသည်။ အချို့အိမ်က မုန့်ချိုသွင်း၊ အချို့အိမ်က မုန့်ကတိုးဝါ၊ အချို့အိမ်က မုန့်ကြာခွက် စသည်ဖြင့် နက်ဖြန်ခါ ဥပုသ်စောင့် သွားလျှင် ဘုန်းကြီးကို လှူရန်၊ ဥပုသ်သည်များကို ကျွေးမွေးရန် မုန့်များကို လုပ်ကြသည်။ မုန့်ဖက်ထုပ်၊ မုန့်ဆီကြော်၊ မုန့်ချိုသွင်း စသည်တို့မှာ ဝါဆိုမုန့်ဟု ဆိုရလောက်အောင်ပင် ဝါဆိုလပြည့်နေ့ ရောက်တိုင်း မြန်မာတို့ လုပ်လေ့ရှိသော မုန့်များ ဖြစ်သည်။

မုန့်လုပ်ပြီးသောအခါ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် ဆိုသလို လိုက်ပြီး ကမ်းကြသည်။ အိမ်တိုင်း အိမ်တိုင်းသည်

ခုနစ်နာရီ၊ ရှစ်နာရီ အချိန်လောက်တွင် ဘုန်းကြီးကျောင်း ဥပုသ်ဧရပ်၌ ဥပုသ်သည်များ အတော် ရောက်လေပြီ။ ဘယ်သူတို့ မရောက်ကြသေးဘူးလား။ ဘယ်သူ့အိမ် လှမ်းတောင် ကြည့်ခဲ့သေးတယ်။ ဘယ်ဝါတို့ သွားနှင့်ကြပြီ ဆိုလို့ စသော စကားသံများ၊ ကလေးများ၏ ဆူသံများ၊ အချို့ အိမ်များက ပါလာသော ခွေးများ၏ အချင်းချင်း ကိုက်သံများဖြင့် ဧရပ်တစ်ခုလုံး ဆူညံနေလေပြီ။ ကျွန်တော်တို့တစ်တွေလည်း ကျောင်းတလင်း မြေပြောင်ပြောင်တွင် မုန့်ဖက်ထုပ်ကြေး ဂေါ်လီရိုက်ကာ အကြိုက်တွေ့နေကြလေပြီ။

ကိုးနာရီ အချိန်ခန့်တွင် ဥပုသ်သည် အားလုံး စုံပြိုဖြစ်၍ သီလခံယူရန် လူကြီးတစ်ယောက်က ကျောင်းသို့သွားပြီး ဘုန်းကြီးပင့်သည်။ ဧရပ်၏ ခေါင်းရင်းဘက်က တစ်ပေခန့် မြင့်သော အပိုင်းတွင် ဘုန်းကြီးထိုင်ဖို့ရန် နေရာခင်းထားသည်။ ရှေ့တွင်ကား မုန့်အမျိုးမျိုး ထည့်ထားသော သုံးချောင်းထောက်ကြီးများ၊ တောင်းများ၊ ဆွမ်းနှင့် ဆွမ်းဟင်းခွက်များ တင်ထားသော သုံးချောင်းထောက်များ၊ လင်ပန်းများ အများအပြား စီတန်းချထားသည်။ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းနှင့် ဝါဆိုဖယောင်းတိုင်ကြီးများလည်း ပါသေးသည်။

ဘုန်းကြီး ကြွလာ၍ သီလပေး၊ တရားဟောပြီး ပြန်ကြွသွားသောအခါ ဥပုသ်သည်များသည် ထမင်းစားရန် ပြင်ဆင်ကြလေသည်။ လေးငါးခြောက်ဦးလျှင် တစ်ဝိုင်း ဆွမ်းအုပ်များကို စု၍ချကာ ဝိုင်း၍စားကြသည်မှာ ပျော်စရာကြီးပင် ဖြစ်သည်။ ဒီဟင်းကလေး မြည်းပါဦး၊ ဒီဟင်းကလေး နှိုက်ပါဦး စသည်ဖြင့်

သော စပါးလုံးများကို ဆန်အချို့နှင့်တကွ လက်ခုပ်ဖြင့် သုံ့ယူကာ ဗန်းတစ်ခုထဲသို့ ထည့်လေသည်။ ပြီးလျှင် ကျွန်တော်တို့ကို စပါးလုံး ရွေးခိုင်းလေသည်။ အခြားနေ့များ၌ စပါးလုံး ရွေးခိုင်းလျှင် ကျွန်တော်တို့သည် ကာတိကာတိနှင့် ကျီး (ကြေး) များနေတတ်ကြသော်လည်း ဝါဆိုလပြည့် အဖိတ်နေ့၌ကား အမေကြီး ခိုင်းသမျှကို ကျီး(ကြေး)မများဘဲ လုပ်ပေးကြသည်။

အမေကြီးသည် ဆန်ဝိုင်းပြီးလျှင် ရေခပ်ပြန်သည်။ နေ့စဉ် သုံးသော ရေအိုးထဲက ရေကို မသုံးဘဲ ဆွမ်းချက်ရန်အတွက် သတ်သတ်ခပ်ပြီးလျှင် သီးသန့်ထားသော အိုးထဲသို့ ပိတ်စိမ်းပါးခေါသော အဝတ်ပါးပါးဖြင့် စစ်၍ထည့်သည်။ ပြီးလျှင် ရေအိုးကို ၎င်းပိတ်ဖြင့်ပင် ပိတ်၍ စည်းပြီးလျှင် မနက်ဖြန်ခါ ဆွမ်းချက်ရန် အတွက် သတ်သတ်ထားလေသည်။

လပြည့်နေ့ မနက် မိုးလင်းသောအခါ အိမ်တိုင်း အိမ်တိုင်းမှ ဆွမ်းအုပ်ကိုယ်စီ ရွက်ကာ ထွက်ကြလေတော့သည်။ ယောကျ်ားကြီးများက မုန့်ထည့်သော ဇလုံများ၊ လင်ပန်းများကို ကိုင်လျက် မိန်းမများက ဆွမ်းအုပ်ရွက်ကြသည်။ လူငယ်များက ဝါဆိုပန်း၊ ဝါဆိုဖယောင်းတိုင် စသည်တို့ကို ကိုင်ကြသည်။ အိမ်များကိုကား ပိတ်ထားခဲ့ကြသည်။ အိမ်ဝင်ခြံပေါက်များကိုလည်း ပိတ်ထားခဲ့ကြသည်။ ပိတ်ထားခဲ့ကြသည် ဆိုသော်လည်း ယခုအခါကဲ့သို့ ဝင်းတံခါးကို သော့ခတ်ပိတ်ခြင်းမျိုးကား မဟုတ်ပေ။ ဝင်းခြံဝတွင် တစ်ဖက်တစ်ချက် စိုက်ထားသော တိုင်များ ရှိ၍ ဟိုဘက်တိုင်နှင့် သည်ဘက်တိုင်ကို ဝါးလုံးရှည်နှစ်လုံး ထိုးထားလိုက်ခြင်းသာ ဖြစ်သည်။ နွားများ မဝင်နိုင်အောင် တားထားသည့် သဘောပင် ဖြစ်သည်။

အောင် ဝါးလုံး နှစ်လုံးဖြင့် တားထားရုံဖြင့် အိမ်အတွက် စိတ်ချ ရခြင်း ဖြစ်သည်။ မြန်မာတို့၏ အဖိုးမဖြတ်နိုင်သော ဤယဉ်ကျေး မှုသည် ဥပုသ်ဇရပ်က စ၍ ဖြစ်ပေါ်လေသလား မသိပေ။

ညနေအချိန်သို့ ရောက်သောအခါ အသီးအသီး အိမ်သို့ ပြန်ကြသည်။ သို့ရာတွင် အချို့သော ယောကျ်ားကြီးများကား ကျောင်းမှာပင် အိပ်နေရစ်ခဲ့ကြလေသည်။ ကျွန်တော်တို့ ငယ်ငယ် က ဥပုသ်နေ့ညတွင် ကျောင်းမှာ အိပ်သော လူကြီးလေးငါးဆယ် ယောက် ရှိသည်။ ယခုအခါ၌ကား ဝါဆိုလပြည့်နေ့၌ပင် လူ ကုန် ဥပုသ်စောင့်လေ့ မရှိကြတော့ဘဲ ကျောင်းမှာ အိပ်သူလည်း မရှိသလောက် ဖြစ်နေလေပြီ။

(ညောင်ရွှေနယ် အင်းလေး၌ကား ဝါတွင်းအခါ၌ ဥပုသ်နေ့ တွင် တစ်ရွာလုံး လူကုန် ကျောင်းသို့ ဥပုသ်စောင့် သွား၍ ယောကျ်ားတွေ ဟူသမျှ ကျောင်းမှာပင် အိပ်ကြောင်း ကျွန်တော် ရောက်စဉ်က သိခဲ့ရသည်။)

အိမ်သို့ ပြန်ရောက်ကြသော်လည်း ရွာထဲရှိ အိမ်များမှာ ခါတိုင်းနေ့များလို ဆူဆူညံညံအသံ မကြားရဘဲ ဥပုသ်ဇရပ်ပမာ တိတ်ဆိတ်နေလေသည်။ ကျွန်တော်တို့ တစ်တွေလည်း ခါတိုင်း နေ့များလို ဆူဆူညံညံ မကစားရပေ။ လူကြီးများက ပုတီးစိပ် နေကြသဖြင့် ကျွန်တော်တို့လည်း တိတ်တိတ်ဆိတ်ဆိတ်ပင် နေ ကြရသည်။ လူကြီးများကား သူတို့ ရရှိလာသည့် ဥပုသ်ကို တွေး ကာ ကျေနပ်နှစ်သိမ့်နေကြသကဲ့သို့ ထင်ရသည်။ ရုစ်ပါးသီလ ဥပုသ်အပြင် အဖိုးမဖြတ်နိုင်သော မြန်မာ့ယဉ်ကျေးမှု တစ်ခုကိုပါ ရခဲ့ခြင်းကိုကား သူတို့ စဉ်းစားမိချင်မှ စဉ်းစားမိကြပေမည်။

ကိုယ့်ဟင်း သူ့ပေး၊ သူ့ဟင်း ကိုယ့်ပေး ကမ်းကြ လှမ်းကြသည် မှာလည်း တကယ့် ဆွေရင်းမျိုးချာ အိမ်သူအိမ်သားချင်းတွေလို ပင် ဖြစ်နေလေသည်။ မိမိတို့ စုစားသည့်ဝိုင်းမှ တစ်ပါး အခြား ဝိုင်းသို့လည်း လှမ်း၍ ဟင်းခွက်ကမ်းလိုက်ကြသေးသည်။ အထူး အားဖြင့် သက်ကြီး ဝါကြီးများကို ဟင်းကောင်းကလေးများ ဝိုင်း ၍ ပေးကြသည်။ ဟင်းခွက်ကမ်းသော ဧလေ့မှာ ဥပုသ် ဇရပ်၌ သာ မဟုတ်ပေ၊ အိမ်မှာ နေစဉ်လည်း ဟင်းကောင်းကလေး ချက် သောအခါ ဟိုအိမ် သည်အိမ်သို့ ဟင်းခွက်ကမ်းလေ့ ရှိကြသည်။ ဥပုသ် ဇရပ်၌ကား ကောင်းသည် ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ မိမိ၏ ဟင်းကို အခြားသူများအား ကမ်းလှမ်းကြလေသည်။

ဟင်းခွက် ကမ်းခြင်းကား မြန်မာတို့၏ အလေ့အထတစ်ခု၊ ယဉ်ကျေးမှုတစ်ရပ် ဖြစ်သည်။ ဤယဉ်ကျေးမှု၌ အဖိုးမဖြတ် နိုင်သည့် အဓိပ္ပာယ်တစ်ခု ပါသည်။ ၎င်းမှာ အခြားမဟုတ်၊ ကိုယ်စားရသလို သူ့ကို စားစေချင်သည့် စေတနာပင် ဖြစ်သည်။ ကိုယ် စားရသလို သူ့ကို စားစေချင်သည့် စေတနာ၌ ကိုယ့်ပစ္စည်း ကို ဝန်တိုခြင်း မရှိ ဟူသော သဘောအဓိပ္ပာယ် ပါဝင်လေသည်။ ပေးသူက ဝန်တိုခြင်း မရှိသဖြင့် အပေးခံသူကလည်း ပေးသူ အပေါ်၌ "သူတို့တော့ စားနိုင် သောက်နိုင်လိုက်တာ" ဟူသော ငြူစူစိတ် မဖြစ်တော့ချေ။ ဤနည်းအားဖြင့် တစ်ယောက်နှင့် တစ်ယောက် ဝန်တိုခြင်း မရှိ၊ ငြူစူခြင်း မရှိဘဲ တစ်ယောက်၏ အကျိုးစီးပွားကို တစ်ယောက်က လိုလားကြသည်။ စောင့်ရှောက် ကြသည်။ ကူညီကြသည်။ ထို့ကြောင့်ပင် တစ်အိမ်လုံး ဥပုသ် စောင့် ထွက်ကြသော်လည်း ဝင်းတံခါးပေါက်ကို နွားမဝင်နိုင်

နှစ်ပေါင်း လေးဆယ်ကျော် ငါးဆယ်နီးပါး ရှိခဲ့လေပြီ။ ကျွန်တော်တို့သည် ကလေးအရွယ်ကို ပြန်၍ မရနိုင်တော့ပြီ။ သို့သော် ဝါဆိုလပြည့်နေ့ကိုကား တစ်နှစ်တစ်ခါ ပြန်၍ ရနိုင်ပါသေးသည်။

[ဌေတာရီ၊ စူလိုင် ၁၉၆၂]

ထမင်းလက်ဆုံစားခြင်း

လွန်ခဲ့သော တစ်နှစ်က သင်္ကြန်တွင်း အချိန်တွင် သုံးခွမြို့သို့ သွားရောက်လည်ပတ်ခဲ့ရာ အသိတစ်ယောက်က ထမင်းစားဖိတ်သဖြင့် တကောရွာသို့လည်း ရောက်ခဲ့ရသည်။ တကောရွာမှာ သုံးခွမြို့ အရှေ့ဘက် တစ်မိုင်ခန့်တွင် ရှိ၍ ဒေါက်တာဘွဲ့ရ သူဌေးဦးညီ၏ ဇာတိရွာ ဖြစ်သောကြောင့် စစ်မဖြစ်မီက အတော်စည်ကားသော ရွာကြီးတစ်ရွာ ဖြစ်သည်။

ကျွန်တော်တို့သည် တည်းအိမ်ရှင်တို့က လိုက်ပို့သဖြင့် ရွာထိပ်ရှိ ပုညဘုရားနှင့် တကွ ဘုန်းကြီးကျောင်းများကို လိုက်လံကြည့်ရှု ဖူးမြော်ကြသည်။ သင်္ကြန်အကျနေ့ ဖြစ်သောကြောင့် ပုညဘုရားနှင့်တကွ ဘုန်းကြီးကျောင်းများတွင် ဥပုသ်သည်များ ရှိနေသည်ကို တွေ့ရသည်။

အုန်းပင်ကျောင်း ခေါ်သော မြောက်ကျောင်းသို့ ရောက်သောအခါ အချိန်မှာ ဆယ်နာရီခွဲခန့် ဖြစ်၍ ဥပုသ်ဓရုပ်ထဲသို့ ကျွန်တော်တို့ ရောက်သွားချိန်တွင် ဥပုသ်သည် ဘကြီး တစ်ယောက် ထမင်းစားနေသည်ကို တွေ့ရသည်။ ဘကြီးရှေ့တွင် ဟင်းခွက် လေးငါးဆယ်လောက်ကို လင်ပန်းများဖြင့် ထည့်ကာ

'ဩော်... ဟုတ်လား၊ ယောကျ်ားတွေ စားပြီးမှ မိန်းမတွေ စားရသလား' ဟု မေးလိုက်မိသည်။

'ဟုတ်တယ်၊ ဒီအရပ်က ဥပုသ်စောင့်ရင် ထမင်းစားတဲ့ အခါ ဥပုသ်သည်တွေ အားလုံး ပါလာတဲ့ ဆွမ်းအုပ်တွေကို ပေါင်းပြီး ယောကျ်ားတွေက အရင် စားရတယ်၊ ယောကျ်ား ဥပုသ်သည်တွေ စားပြီးမှ မိန်းမ ဥပုသ်သည်တွေ စားရတယ်' ဟု ထိုအမျိုးသမီးက ပြောပြလေသည်။

ထိုအခါမှပင် ဧရပ်ပေါ်ရှိ ဥပုသ်သည်များကို သတိထားပြီး ကြည့်လိုက်ရာ ယောကျ်ားဥပုသ်သည်မှာ စောစောက ထမင်းစားနေသည့် ဘကြီးတစ်ယောက်တည်းသာ ပါ၍၊ ကျန်ဥပုသ်သည်များမှာ မိန်းမဥပုသ်သည်တွေချည်း ဖြစ်ကြသည်ကို တွေ့ရလေသည်။

တောရွာများတွင် ဥပုသ်စောင့်သောအခါ ဥပုသ်သည်များ ထမင်းဝိုင်းဖွဲ့ စားကြသည်ကို ကျွန်တော် တွေ့ဖူးပါသည်။ သို့ရာတွင် ကျွန်တော် တွေ့ဖူးသည့် ဝိုင်းဖွဲ့စားခြင်းကား ယောကျ်ား မိန်းမလည်း မခွဲ၊ ဥပုသ်သည် အားလုံး တစ်ဝိုင်းတည်း စားခြင်းလည်း မဟုတ်ဘဲ လေးငါးခြောက်ဦးလျှင် တစ်ဝိုင်း အဆင်ပြေသလို၊ သင့်လျော်သလို ဝိုင်းဖွဲ့စားခြင်းမျိုးသာ ဖြစ်သည်။

ယခု တကောရွာတွင် တွေ့ရသည်မှာကား ဥပုသ်သည် ရှိသမျှ အားလုံး တစ်ဝိုင်းတည်းစားခြင်း ဖြစ်သည်။ ၎င်းပြင် ယောကျ်ား ဥပုသ်သည်များ စားပြီးမှ မိန်းမ ဥပုသ်သည်များ စားကြသည်။ နှစ်ခုလုံးမှာ ကျွန်တော့်အဖို့ အလွန် စိတ်ဝင်စားစရာ ဖြစ်နေသည်။ ဥပုသ်စောင့်ခြင်းမှာ ဘာသာရေး ဖြစ်သော်လည်း ဥပုသ်သည်တွေ အားလုံး ထမင်းတစ်ဝိုင်းတည်း စားခြင်းကား

ချထားလျက် တစ်ယောက်တည်း စားနေလေသည်။ အခြားဥပုသ်သည် အဒေါ်ကြီးများက အောက်ဘက်နားတွင် ထိုင်ကာ စကားစမြည် ပြောနေကြသည်။ ကျွန်တော်တို့ ရောက်သွားသောအခါ ကျွန်တော်တို့နှင့် အာလာပ သလ္လာပ စကားပြောကြသည်။ ဥပုသ်သည် အဒေါ်ကြီးများမှာ အားလုံး အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ် အရွယ်ချည်း ဖြစ်ကြသည်။ အသက် ရှစ်ဆယ်ကျော်ရှိ ဒေါ်ဧမြ ဆိုသော အမေကြီး တစ်ယောက်လည်း ပါသည်။ အခြား ငယ်ရွယ်သူများမှာ ဥပုသ်သိလ ခံယူပြီး အိမ်သို့ ပြန်သွားကြသည်ဟု သိရသည်။

ကျွန်တော်တို့သည် အမေကြီးဒေါ်ဧမြ အနားတွင် ထိုင်ပြီး အနည်းငယ် စကားစမြည် ပြောဆိုလျက် အမေကြီးကို ကန်တော့၍ ပြန်မည်ဟု အထတွင် ယခင်က ထမင်းစားနေသော ဥပုသ်သည်ဘကြီး ထမင်းစားပြီးသွားသဖြင့် ဥပုသ်သည် အဒေါ်ကြီးများက ထမင်းပွဲ ဟင်းပွဲများကို ယူကာ ဧရပ်ခြေရင်းဘက် ဆယ်ပေလောက်ကွာသော နေရာတွင် ထမင်းပွဲ ပြင်နေကြသည်ကို တွေ့ရလေသည်။ ဟင်းပန်းကန်များကို လင်ပန်းများ၊ ဇန်းများဖြင့် ထည့်ကာ စီတန်းချပြီး တစ်ဖက်တစ်ချက်တွင် ထမင်းပွဲများ ချ၍ ထမင်းစားပွဲရှည်ကြီး ခင်းကျင်း ပြင်ဆင်နေသည်ကို မြင်သဖြင့် ကျွန်တော် ရပ်၍ ကြည့်နေမိသည်။

ကျွန်တော် ကြည့်နေသည်ကို မြင်သဖြင့် အတူပါသူ အမျိုးသမီး တစ်ယောက်က ကျွန်တော့်အနားသို့ ကပ်ကာ–

'ဥပုသ်သည်တွေ ထမင်းစားကြမလို့ ပြင်နေတာ၊ ခုနယောကျ်ားဥပုသ်သည် စားပြီးသွားပြီလေ၊ အခု ဒါ မိန်းမဥပုသ်တွေ စားမလို့ ပြင်နေတာ' ဟု ပြောသဖြင့်–

ကို ရပ်ပြီး ကိုယ်ရှိန်သတ် နေကြရသည်။ လူကြီး လွန်သွားမှ ဆက်ပြီး ဆော့ဝံ့ ဆူဝံ့ကြသည်။ ကျွန်တော်တို့ ကလေးများသာ မဟုတ်၊ ကာလသားအရွယ် လူပျို အပျိုတွေနှင့် အိမ်ထောင်ရှင် လူရွယ် လူလတ်များပါ ရပ်ရွာထဲက လူကြီးများရှေ့တွင် အပျော်အပြက် နောက်ပြောင်မှုကို မလုပ်ဝံ့ကြချေ။ ကလေးများနှင့်တကွ လူငယ် လူရွယ်အားလုံး ရပ်ရွာထဲက လူကြီးများကို ရိုသေကြောက်ရွံ့ကြရသည်။ လူကြီးများကလည်း ရိုသေကြောက်ရွံ့လောက်အောင် သီလ သမာဓိ ရှိကြသည်။ သြဇာလည်း ရှိကြသည်။ ရပ်ရွာထဲတွင် မည်သူ့ သားသမီးကို ဖြစ်ဖြစ် မတော်တာ မြင်လျှင် ဆုံးမသွားကြသည်။ လူငယ်များကလည်း နားထောင်ကြသည်။

ယောကျ်ားဥပုသ်သည်တွေ အလျင်စားပြီးမှ မိန်းမဥပုသ်သည်တွေ စားကြသည့် အလေ့အထကို သေသေချာချာ အဖြေရှာ၍ မရသော်လည်း ကျွန်တော်တို့ငယ်ငယ်က သိမီလိုက်ရသည့် ရပ်ရွာထဲတွင် လူကြီးတွေကို ရိုသေကြောက်ရွံ့ရသည့် ဖြစ်ပုံနှင့် ဆက်စပ်ကြည့်လျှင် ရှေးက မြန်မာများသည် ယောကျ်ားတွေကို၊ အထူးသဖြင့် လူကြီးတွေကို နေရာတကာမှာ အဦးထားကြသည့် အလေ့အထ ရှိခဲ့သည်ဟု တွေးဆနိုင်ပေသည်။

တစ်ဖန် ဥပုသ်သည်များ အားလုံး ထမင်းဝိုင်းဖွဲ့စားခြင်းကို စဉ်းစားကြည့်သည်။ မြန်မာများသည် ရှေးအခါက မိသားစုတွေ အားလုံး ဝိုင်းဖွဲ့ကာ ဒေါင်းလန်းကြီးနှင့် ထမင်းစားခဲ့ကြသူများ ဖြစ်သည်။ ယင်းသို့ ထမင်းဝိုင်းဖွဲ့ စားသောက်သော အလေ့အထ ရှိသဖြင့် မိသားစု မဟုတ်သော်လည်း အလုပ်ကိစ္စ အား

ဘာသာရေး မဟုတ်။ ဘာသာရေးအရ တစ်ဝိုင်းတည်း စားခြင်း မဟုတ်ပေ။ ယောကျ်ားတွေ စားပြီးမှ မိန်းမတွေ စားခြင်းမှာလည်း ဘာသာရေးအရ ပြုလုပ်ခြင်း ဟုတ်အံ့ မထင်။ ဥပုသ် ဆောက်တည်ထားကြသဖြင့် ယောကျ်ားနှင့် မိန်းမ အတူနေ၊ အတူစားသည့် အဖြစ်မျိုးကို တတ်နိုင်သမျှ ကင်းရှင်းအောင် ရှောင်ကြဉ်သည့်သဘော ဖြစ်လေသလား ဟူ၍ကား မပြောတတ်ပေ။ ယင်းသို့ ဆိုကလည်း ယောကျ်ားတစ်ဝိုင်း၊ မိန်းမတစ်ဝိုင်း ခွဲ၍ စားလျှင် ဖြစ်နိုင်သည်။

အမှန်ပြောရလျှင် ကျွန်တော့်အဖို့ ဥပုသ်သည်တွေ အားလုံး ဝိုင်းဖွဲ့စားခြင်းထက် ယောကျ်ားတွေ အလျင်စားပြီး မိန်းမတွေက နောက်မှ စားခြင်းက ပို၍ ထူးဆန်းနေလေသည်။ ဥပုသ်သည်တွေ အားလုံး တစ်ဝိုင်းတည်း မဟုတ်သော်လည်း လေးငါးခြောက်ဦး စီ ဝိုင်းဖွဲ့စားခြင်းကို ကျွန်တော် မြင်ဖူးသည်။ ယောကျ်ားများ စားပြီးမှ မိန်းမများ စားသည်ကိုကား တစ်ခါမျှ မမြင်ဖူးပေ။

သို့ဖြစ်၍ ဘာကြောင့် ယောကျ်ားတွေက အလျင်စားပြီး မိန်းမတွေက နောက်မှ စားကြတာလဲ၊ ဒီအလေ့အထဟာ ဘယ်တုန်းက စတင်ဖြစ်ပေါ်လာသလဲ၊ ဘာအဓိပ္ပာယ် ရှိသလဲဟု တစ်လမ်းလုံး စဉ်းစားလာခဲ့သည်။ အဖြေကား မထွက်ချေ။

အဖြေမထွက်တိုင်း ထပ်တလဲလဲ စဉ်းစားမိသည်။ ယင်းသို့ စဉ်းစားနေစဉ်အတွင်း ကျွန်တော်တို့ ငယ်စဉ်က ရပ်ထဲရွာထဲတွင် လူကြီးတွေ သြဇာရှိပုံ၊ ထိုလူကြီးတွေကို ကျွန်တော်တို့ ကလေးတွေနှင့်တကွ မိန်းမတွေကပါ ရိုသေကြောက်ရွံ့ခဲ့ရပုံတို့ကို တွေးမိလာသည်။ ကျွန်တော်တို့ ကလေးတွေ ဆူဆူညံညံနှင့် ဆော့နေသည့်အခါ လူကြီးတစ်ယောက် လာသည်ကို မြင်လျှင် အဆူအညံ

လျော်စွာ အတူ ဆုံမိကြသောအခါ ထမင်းဝိုင်းဖွဲ့စားသည့် အလေ့ ရှိကြသည်။

ရှေးက မြန်မာ လယ်သမားကြီးများသည် မိုးမကျမီ တော သို့ တက်ပြီး လယ်လုပ်ကိရိယာအတွက် ထွန်တုံး ထွန်တံများ၊ အိမ်ပြင်ရန်၊ တဲဆောက်ရန်အတွက် သစ် ဝါး သက်ငယ်များ၊ ထင်းများကို ခုတ်ကြသည်။ လှည်းပေါင်း သုံးဆယ်လေးဆယ် တောတက်၍ သစ်ဝါး ခုတ်ကြသည့်အခါ ထမင်းစားချိန်ကျလျှင် အားလုံးစုပြီး ပါလာသည့် ထမင်းထုပ်များကို ဖြေကာ ဝိုင်းဖွဲ့ စားကြသည့်အလေ့ ရှိသည်။

မိသားစုအားလုံး ဒေါင်းလန်းကြီးနှင့် ထမင်းဝိုင်းဖွဲ့စားသည့် အလေ့အထ ပျောက်ကွယ်သွားသော်လည်း အလုပ်ကိစ္စ အား လျော်စွာ အတူ ဆုံမိကြသောအခါ ဝိုင်းဖွဲ့စားသည့် အလေ့ကား လုံးလုံးပျောက်ကွယ် မသွားသေးချေ။ ယခုတိုင်အောင်ပင် အချို့ သော အရပ်များ၌ အလုပ်ကိစ္စ အားလျော်စွာ အတူ ဆုံမိကြသော အခါ ထမင်းဝိုင်းဖွဲ့ စားသောက်လေ့ ရှိကြသေးသည်။ အထူးအား ဖြင့် ဥပုသ်စောင့်သော အခါ၌ကား အရပ်တိုင်းမှာပင် ထမင်းဝိုင်း ဖွဲ့ စားသောက်သည့်အလေ့ ရှိကြသည်။

ဤသို့ ပါလာသော ထမင်းဟင်းများဖြင့် အတူ ဝိုင်းဖွဲ့စား ခြင်းကို ထမင်း လက်ဆုံစားသည်ဟုလည်း ခေါ်သည်။ ထမင်း လက်ဆုံစားခြင်းမှာ ကိုယ့်ဟင်း သူစား၊ သူ့ဟင်း ကိုယ်စား စား ရသဖြင့် အဖျင်းဆုံး ဟင်းအမည် များများ စားရသည့် အကျိုးရှိ သည်။ ပျော်လည်း ပျော်သည်၊ အချင်းချင်း ရင်းနှီးချစ်ခင်မှုလည်း ရသည်။

ကျွန်တော်တို့ ငယ်ငယ်က လူကြီးတွေ အလုပ်သွားသဖြင့် အိမ်စောင့်ရသောအခါ နေ့လယ်နေ့ခင်းတွင် ဟိုဘက်အိမ်က အိမ် စောင့်နှင့်အတူ ထမင်းလက်ဆုံ စားကြသည်ကို မှတ်မိသေးသည်။ ဟင်းကျန်သော အိမ်က ဟင်းယူခဲ့ရသည်။ ဟင်းမကျန်သော အိမ်က ငါးပိရည် ယူခဲ့ရသည်။ တစ်ခါတလေ နှစ်အိမ်လုံး ဟင်း မကျန်လျှင် ငါးပိရည်နှင့် ငရုတ်သီး၊ ကြက်သွန်တို့ကို ယူကာ ခြံထဲက မန်ကျည်းရွက်ကို ခူးပြီး သုတ်စားကြသည်။ နှစ်ယောက် တည်းပင် ဖြစ်သော်လည်း ပျော်ကြသည်၊ ခင်လည်း ခင်မင်ကြ သည်။ အထူးသဖြင့် နေ့လယ်နေ့ခင်း အပျင်းပြေ ထမင်းလက် ဆုံ စားခြင်းကို အမျိုးသမီးကလေးများက ပို၍ ပြုလုပ်လေ့ ရှိ သည်။ မြန်မာအမျိုးသမီးများသည် ငယ်စဉ်က ထမင်းလက်ဆုံ စားခဲ့ပုံတို့ကို အိုသည့်တိုင်အောင် မမေ့နိုင်ဘဲ တစ်ခါတစ်ရံ ပြန် ပြောင်း ပြောပြတတ်ကြလေသည်။

မြန်မာတို့သည် ထမင်းလက်ဆုံ စားခြင်းကို တန်ဖိုးထား လေ့ ရှိကြသည်။ ယခုကဲ့သို့ ခင်မင်ရင်းနှီးစွာ ထမင်းလက်ဆုံ စားခြင်းကို မဆိုထားဘိ၊ တစ်ခါတစ်ရံ နာမည်ကြီး ပုဂ္ဂိုလ်များ နှင့် ထမင်းတစ်ဝိုင်းတည်း အတူ စားရခြင်းကိုပင် ဂုဏ်ယူပြော ဆိုတတ်ကြသည်။ ထမင်းလက်ဆုံစားခြင်းကို မည်မျှ တန်ဖိုးထား ကြသနည်း ဆိုလျှင် ဓမ္မသတ်ကျမ်းများ၌ ထမင်းခွက် တစ်ခု တည်း နှစ်ယောက်အတူ နှိုက်စားလျှင် လင်မယားအရာ မြောက် သည်ဟု အသိအမှတ် ပြုသည်အထိ တန်ဖိုးထားကြလေသည်။ ရှေးက ဤမျှအထိ မွန်မွန်မြတ်မြတ် အသိအမှတ်ပြုကာ တန်ဖိုး ထားခဲ့ကြသော်လည်း ယခုအခါ၌ကား ထမင်းလက်ဆုံစားသည့် အလေ့အထ မြန်မာမှုမှာ ပျောက်ကွယ်လုနီးနီး ဖြစ်နေလေပြီ။

ဥပုသ်စောင့်ရာ၌ အတူ ဝိုင်းဖွဲ့စားကြသည့် အလေ့အထလောက်သာ ကျန်ရှိလေတော့သည်။

အဓိပ္ပာယ်အားဖြင့်လည်း မွန်မြတ်လှ၍ မိသားစု စိတ်ဓာတ်လည်း ပိုမိုခိုင်မြဲစေနိုင်သည့် ထမင်းလက်ဆုံစားခြင်း ဟူသော မြန်မာမှုကလေးကို ပြန်လည်ဖော်ထုတ် ပြုလုပ်ကျင့်သုံးပါက စုပေါင်းထွန်ယက်ခြင်း၊ စုပေါင်းရိတ်သိမ်းခြင်း၊ ဝိုင်းဝန်းကူညီလုပ်အားပေးခြင်းတို့ ခေတ်စားနေသည့် ယခုခေတ်နှင့် ပိုမို၍ အဆင်ပြေလိမ့်မည်ဟု သဘောရပေသည်။

[ဇွေတာရီ၊ ဧပြီ ၁၉၆၆]

တန်ဆောင်တိုင် ပွဲတော်

တန်ဆောင်မုန်း လပြည့်နေ့တွင် မြန်မာပြည်ရှိ များစွာသော မြို့ကြီးတို့၌ မီးထွန်းပွဲ ကျင်းပကြသည်။ ၎င်းကို တန်ဆောင်တိုင် ပွဲတော်ဟု ခေါ်ကြသည်။ ထိုနေ့တွင် စေတီများ၊ တိုက်တာ နေအိမ်များ၊ ရပ်ကွက်ဆိုင်ရာ လမ်းများ၌ မီးထွန်းကြသည်။ ဘာကို ရည်စူး၍ ထွန်းသလဲဟု မေးလျှင် ဘုရားကို ရည်စူး၍ ထွန်းသည်ဟု ဖြေကြပေလိမ့်မည်။ မီးထွန်းခြင်း၏ အဓိပ္ပာယ်မှာ မြတ်စွာဘုရားကို ဆီမီးဖြင့် ပူဇော်ခြင်းပင် ဖြစ်သည်ဟု ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ နားလည်ထားကြသည်။ သို့ဖြစ်၍ တန်ဆောင်တိုင်ပွဲသည် ဗုဒ္ဓဘာသာနှင့် ဆိုင်သည့် ဘာသာရေး ပွဲတစ်မျိုးကဲ့သို့ ဖြစ်နေသည်။ တန်ဆောင်တိုင်ပွဲတော် ဟူ၍ "တော်" တပ်၍ပင် ခေါ်ဝေါ်နေကြလေသည်။

တန်ဆောင်တိုင်ပွဲတော်နှင့် စပ်၍ ၁၂ ရာသီဘွဲ့ ကဗျာများတွင်–

"ကထိန်ပုံသကူ၊ ပွဲတော်မှာ ဆူရောပ၊ ကြူတတန်ငယ်၊ ရွှေလျှံထွန်းညီသဘင်နှင့်" ဟူ၍ လည်းကောင်း။

စပ်သည့် ဘာသာရေးပွဲတော် အဖြစ်ဖြင့် မြန်မာပြည်တွင် အသိအမှတ် ပြုထားသော ပွဲတော်တစ်ခု ဖြစ်နေလေတော့သည်။

သို့ရာတွင် တန်ဆောင်တိုင်ပွဲတော်သည် သီတင်းကျွတ်မီးထွန်းပွဲကဲ့သို့ ဗုဒ္ဓမြတ်စွာဘုရားနှင့် စပ်၍ ထင်ရှားသော အထိမ်းအမှတ် မရှိချေ။ တန်ဆောင်မုန်း လပြည့်နေ့တွင် မီးထွန်းပွဲ ကျင်းပပြုလုပ်သော အလေ့သည် မြတ်စွာဘုရား မပွင့်မီ ရှေးနှစ်ပေါင်း မရေမတွက်နိုင်သော ခေတ်မှ စ၍ ရှိခဲ့လေသည်။ ရှေးခေတ်က နက္ခတ်သဘင် ဟူ၍ လည်းကောင်း၊ တောင်ထိပ်ပွဲ ဟူ၍ လည်းကောင်း ခေါ်လေသည်။

ကိုးကွယ်မှုနှင့် ပတ်သက်၍ တိုးတက်ခြင်း မရှိသေးသော ရှေးခေတ်လူများသည် နေ၊ လ၊ နက္ခတ်များကို ကိုးကွယ်ကြကြောင်း ကျမ်းဂန်များတွင် တွေ့ရလေသည်။ နေ၊ လ၊ နက္ခတ်တို့ကို ကိုးကွယ်ခြင်းများ ဖြစ်ပေါ်လာသည်နှင့် မရှေးမနှောင်းပင် ပူဇော်ပသပုံ အစီအရင်များ၊ ဆုတောင်း ဆုယူ ပြုလုပ်ပုံ အစီအရင်များ၊ ယတြာချေနည်းများလည်း ပေါ်ပေါက်လာခဲ့သည် ဖြစ်ရာ ဤနက္ခတ်သဘင်မှာလည်း ကြတ္တိကာနက္ခတ်ကို ဆီမီးဖြင့် ပူဇော်ပသလျက် ကောင်းကျိုးချမ်းသာ ဖြစ်စေကြောင်း ဆုတောင်းဆုယူ ပြုလုပ်သည့် အစဉ်အလာ ပွဲသဘင်တစ်ခု ဖြစ်လာခဲ့ဟန် ရှိသည်။

တစ်နည်းအားဖြင့် စဉ်းစားရန် ရှိသည်မှာ ရှေးဝတ္ထု ဇာတ်လမ်းများတွင် ဖော်ပြပုံ အခြေအနေကို ထောက်သောအားဖြင့် ဤနက္ခတ်ပွဲသဘင်မှာ လူသားတို့၏ ပျော်ပွဲသဘင်ကြီးပင် ဖြစ်သည်ဟု ယူဆနိုင်စရာ ရှိလေသည်။

"တန်ဆောင်ငယ်ညီးလင့်၊ ဆီမီးပွင့်လို့၊ ချိုးမြင့်သရေ" ဟူ၍ လည်းကောင်း ဖွဲ့ဆိုကြသည်ကို တွေ့ရသည်။

သို့ဖြစ်၍ မြန်မာပြည်တွင် ရှေးနှစ်ပေါင်းများစွာ အခါကပင် တန်ဆောင်တိုင်ပွဲ ကျင်းပခဲ့ကြကြောင်း သိနိုင်လေသည်။

တန်ဆောင်တိုင် ဟူသော စကားဌ 'တန်ဆောင်' မှာ 'ဆီမီး' ဖြစ်၍ 'တိုင်' မှာ မူလ အမည်အတိုင်း 'တိုင်' ပင် ဖြစ်သည်။ ဆီမီးတိုင်ဟု အဓိပ္ပာယ်ရသည်။ ဆီမီးကို တိုင်ဖြင့် ထွန်းညှိပူဇော်သည်ဟု ဆိုလိုသည်။ အင်းဝမြို့ဘွဲ့ ၁၂ ရာသီ လူးတား တန်ဆောင်မုန်းလဘွဲ့တွင် "တိုင်ထွတ်ဖျားဝယ်၊ ငါးပါးကျိုးရှိ၊ မီးပွင့် ညှိ၍" ဟု စပ်ဆိုထားသည်ကို တွေ့ရသည်။

ရခိုင်ပြည်တွင် တန်ဆောင်မုန်း လပြည့်နေ့၌ ဝါးလုံးကြီးများကို မြေတွင် ဖြစ်စေ၊ သစ်ပင်တွင် ဖြစ်စေ သူ့ထက်ငါ မြင့်အောင် စိုက်ထူလျက် မီးအိမ်များ တပ်ဆင်ချိတ်ဆွဲကာ ထွန်းညှိပူဇော်ကြသည်ဟု သိရပေသည်။ အချို့က ဝါးလုံးအဖျားတွင် အဆင့်ဆင့်အားဖြင့် (အရင်းဘက်မှ ရှည်ရှည်၊ အဖျားဘက်မှ တိုတို) စေတီပုံ၊ သို့မဟုတ် မီးပြာသာဒ်ပုံ ပြုလုပ်ကာ မီးအိမ်များ ချိတ်ဆွဲလျက် တာဝတိံသာတွင် ရှိသော စူဠာမဏိ စေတီကို ရည်စူး၍ ပူဇော်ကြသည်။ ၎င်းမှာ တန်ဆောင်တိုင် ဟူသော အမည်အရ အဓိပ္ပာယ် ထင်ရှားသော ပူဇော်ပုံ ဖြစ်သည်။

မြန်မာပြည်၌ကား ယခုအခါတွင် ဝါးတိုင်များ စိုက်ထူခြင်း မရှိဘဲ ရိုးရိုးပင် မီးထွန်းကြသည်။ မည်သို့ပင် ညှိထွန်းကြသော်လည်း စိတ်အာရုံကား မြတ်စွာဘုရားကို ရည်စူး၍ ပူဇော်ကြသည်သာ ဖြစ်သည်။ ထို့ကြောင့် တန်ဆောင်တိုင်ပွဲမှာ ဗုဒ္ဓဘာသာနှင့်

ရွှင်မြူးထူးနေကြသည်။ သိဝိမင်းကြီးသည် နက္ခတ်သဘင် ပျော်ရွှင်ပွဲကြီးကို ရှုစားတော်မူရန် ရထားဖြင့် လှည့်လည်လေရာ စစ်သူကြီး အဘိပါရက အိမ်ရှေ့သို့ ရောက်သောအခါ ပန်းများဖြင့် ကြဲပက်သော ဥမ္မာဒန္တီကို မြင်၍ ရာဇဓွေဖျက်ကာ နန်းတော်သို့ ပြန်လာပြီးလျှင် အရူးကြီးသဖွယ် ဖြစ်လေတော့သည်။

ဥမ္မာဒန္တီနှင့် သိဝိမင်းကြီး၏ အဖြစ်အပျက်မှာ တန်ဆောင်တိုင်ပွဲကို ဘုရင်တစ်ဦး၏ အဖြစ်အပျက်ဖြင့် သရုပ်ဖော်ထားသည့် ဇာတ်ဟု ဆိုနိုင်သည်။ ထို့အတူပင် ဆင်းရဲသားတစ်ယောက်၏ အဖြစ်အပျက်ဖြင့် တန်ဆောင်တိုင်ပွဲကို သရုပ်ဖော်ထားသည့် ဝတ္ထုဇာတ်လမ်းကလေး တစ်ခုလည်း ငါးရှဉ်းဆယ်ဇာတ်တွင် ပါရှိလေသည်။

ရှေးအခါက ဗာရာဏသီပြည်တွင် ဆင်းရဲသား ဇနီးမောင်နှံတို့ ရှိသည်။ တန်ဆောင်တိုင် နက္ခတ်သဘင်ပွဲ နီးမောအခါ မယားဖြစ်သူက ဝတ်ပန်းထည် ဝတ်ဆင်လိုကြောင်း ပူဆာသည်။ လင်ဖြစ်သူမှာ မယား၏ဆန္ဒကို မဖြည့်စွမ်းနိုင်။ ဝတ်ပန်းထည် ရနိုင်လောက်သော အသပြာ သူ့တွင် မရှိချေ။ နောက်ဆုံး၌ မယား၏ အကြံပေး တိုက်တွန်းချက်အရ ဘုရင့်ပန်းဥယျာဉ်ရှိ ဝတ်ပန်းတို့ကို ခိုးယူသည်။ ဥယျာဉ်စောင့်တို့ တွေ့ရှိဖမ်းမိ၍ မင်းပြစ်ခံရသည်။ မယား၏ အလိုဆန္ဒကို ဖြည့်စွမ်းလိုလှ၍ ဘုရင့်ဥယျာဉ်တော်ထဲသို့ပင် ကျူးကျော်မိသော သူဆင်းရဲ ယောကျ်ားခမျာ ကားစင်တင် ကွပ်မျက်ခြင်း ခံရသွားရှာသည်။

ဤသည်လည်း ရှေးခေတ် တန်ဆောင်မုန်း ဇာတ်လမ်း တစ်ပုဒ်ပင် ဖြစ်ပေသည်။ ။

[ဌေးတာရီ၊ နိုဝင်ဘာ ၁၉၆၁]

လူများသည် မိုးရာသီတစ်ချိန်လုံး အနေကျဉ်းကာ လုပ်ငန်းဆောင်တာများကို ပင်ပန်းစွာ လုပ်ကိုင်နေကြရသည် ဖြစ်သောကြောင့် မိုးရာသီ ကုန်ဆုံး၍ လုပ်ငန်းဆောင်တာများ ပြီးစီးသောအခါ လွတ်လပ်စွာ မြူးထူးပျော်ပါး လိုကြပေသည်။ ဤကား သွေးသားဖြင့် တည်ဆောက်ထားသော လူသတ္တဝါတို့၏ သဘာဝ လိုလားချက်တစ်ရပ်ပင် ဖြစ်လေသည်။ ရှေးခေတ်လူများသည် ဤသဘာဝ၏ လိုလားချက်အရ အလိုအလျောက် ဖြစ်ပေါ်နေသော အလုပ်နှား ပျော်ပွဲကို အချိန်သတ်မှတ်ကာ နက္ခတ်ပွဲသဘင် အဖြစ် အသိအမှတ် ပြုလုပ်လိုက်ကြခြင်း ဖြစ်ဟန်ရှိလေသည်။

ထို့ကြောင့် နက္ခတ်ပွဲသဘင်ဟု ဆိုသော်လည်း နက္ခတ်နှင့် ဆိုင်သည့် ပူဇော်ပသခြင်း၊ ဆုတောင်းခြင်း စသော အခြင်းအရာများ ကောင်းစွာ မထင်ရှားဘဲ ပျော်ရွှင်မြူးထူးပုံ အခြင်းအရာသာ ထင်ရှားစွာ သရုပ်ပေါ်နေခြင်း ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူစက ရာဇဂြိုဟ်ပြည်တွင် ဥပတိဿနှင့် ကောလိတ အမည်ရှိသော သူငယ်ချင်းနှစ်ယောက်သည် နှစ်စဉ် ကျင်းပမြဲ ဖြစ်သော တောင်ထိပ်ပွဲသဘင်၌ မြို့သူမြို့သားတို့ ပျော်ပါးနေကြပုံကို ကြည့်ရင်း သေခြင်းတရားကို တွေးမိကာ လောကဌ သေခြင်းတရား ရှိက မသေခြင်း တရားလည်း ရှိရမည်ဟု တွေးလျက် နှစ်ယောက်သား တိုင်ပင်ပြီးလျှင် မသေသော အမြိုက်တရားကို ရှာဖွေခဲ့ကြလေသည်။

ဗုဒ္ဓမြတ်စွာဘုရား မပွင့်မီ ရှေးခေတ်က တန်ဆောင်တိုင်ပွဲကျင်းပခဲ့ခြင်း အကြောင်းများအနက် ဥမ္မာဒန္တီဇာတ်မှာ လူသိများ၍ ထင်ရှားသော ဇာတ်လမ်းတစ်ခု ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် မြို့တော်ကြီးတစ်ခုလုံး ဆီမီးများ ထွန်းကာ ပျော်

ငယ်ဦးမှကြီးရာသည်

'ဆရာဘုန်းကြီးထံမှာ သုံးနှစ်ရှိတော့ နရသုခိ၊ နရမာလာ၊ ဆန့ဝုတိ၊ ဓာနွန္ဒြီကျမ်း၊ ဂွေးဆောင် မဟာနေကွန်ချာ၊ ဓာတုဒီပနီ၊ ဓာတုဝိဘာဂဒီပနီ ဆိုတဲ့ ဆေးကျမ်း ၇ ကျမ်း ကုန်တယ်ကွယ့်။ နောက် ဘုန်းကြီးက "မင်း ကျမ်းတော့ တတ်ပြီ၊ ဒါပေမဲ့ လက်တွေ့ကုထုံး လိုသေးတယ်။ ဗိန္ဓောဆရာဆီမှာ သွားပြီး လက်တွေ့ကုထုံး သင်ချေဦး" ဆိုပြီး လွှတ်လိုက်တယ်။ လူဆရာဆီမှာ သုံးနှစ် လက်တွေ့သင်ရတယ်။

'သုံးနှစ်ရှိတော့ "ဆရာ ကျွန်တော် ဆရာဖြစ်ပြီလား၊ ဆေးကုနိုင်ပြီလား" မေးတော့ "မင်းက ဆေးသာ နားလည်တာ၊ ဘယ်ရောဂါ ဘယ်ဆေးပေးရမယ် ဆိုတာ သိလို့ ဆေးတိုက်နေပေမယ့် မတည့်တဲ့အစာ စားနေရင် ရောဂါပျောက်မှာ မဟုတ်ဘူး၊ ဒီတော့ ဓာတ်ဘက်ကလည်း နားလည်အောင် ဓာတ်ဆရာဆီ တစ်နှစ်သွားပြီး သင်ချေဦးဆိုပြီး ပို့လိုက်တယ်။ တစ်နှစ်ရှိလို့ ရာသီ နက္ခတ်နှင့်တကွ ဓာတ်သဘောတွေကို နားလည်တော့ ဆရာ့ဆီ ပြန်လာတယ်။

'"ဆရာ၊ ကျွန်တော် ဓာတ်ဘက်က သင်ခဲ့ပြီးပြီ၊ ဆရာဖြစ်ပြီလား၊ ဆေးကုနိုင်ပြီလား" မေးတော့ "ဆရာ မဖြစ်သေးဘူး၊ မင်းက ဆေးတိုက်ပေမယ့် မင်းတိုက်တဲ့ဆေး ဝမ်းထဲ မရောက်ရင် အလကားပဲ၊ ဒီတော့ ပယောဂပညာကို သွားသင်ချေဦး" ဆိုပြီး ပယောဂဆရာထံ လွှတ်လိုက်တယ်။

'ပယောဂ ပညာ သင်ပြီးလို့ ဆရာဖြစ်ပြီလား မေးတော့ "အေး... ငါ့တပည့် ပညာတော့ တော်တော်စုံပြီ၊ ဆေးလည်း တတ်ပြီ၊ ဓာတ်လည်း နားလည်ပြီ၊ ပယောဂလည်း နိုင်ပြီ။ သို့ပေမယ့် တစ်ခုရှိတယ်၊ မြွေကိုက်ရင် ဘယ်ဆေးမှလည်း မတတ်နိုင်ဘူး၊ ဘယ်ပယောဂမှလည်း မတတ်နိုင်ဘူး၊ သေတာပဲ။ ဒီတော့ မင်း မြွေကုနိုင်အောင် သင်ဦး" ဆိုပြီး မြွေလမွာယ်ဆရာကြီး ငွေတောင်ပြန် ဦးရန်အေးဆီကို လွှတ်လိုက်တယ်။ သုံးနှစ်နေရမယ်လို့လည်း ပြောလိုက်တယ်။

'ငွေတောင်ပြန်ဆရာကြီး ဦးရန်အေး ဆိုတာ အလွန် နာမည်ကြီးတဲ့ ဆရာကြီးပေါ့ကွ။ သူနေတဲ့ အိမ်ခြံကြီးက ၂ ဧက၊ ၃ ဧကလောက် ရှိလိမ့်မယ်။ အိမ်မှာ ငန်းမြွေ အကောင်လေးဆယ်လောက် ဒီအတိုင်း လွှတ်ထားတယ်။ အခုလို ဝရန်တာတွေမှာ ငန်းတွေ ပြည့်နေတာပဲ၊ အလမွာယ်ပြ သွားခါနီးမှ လိုချင်တဲ့ မြွေကို ခေါ်ပြီး ဖမ်းယူသွားတာ။ တပည့်တွေကလည်း ငါးဆယ်လောက် ရှိတယ်။ ပန်းချီသင်တဲ့လူ၊ ပန်းပုသင်တဲ့လူ၊ ပန်းပဲသင်တဲ့လူ၊ ပန်းထိမ်သင်တဲ့လူ၊ ထိုးကွင်း၊ ခြင်းလုံး၊ မျက်လှည့်အစုံပဲ။ အခုလို ဖျာတွေ၊ ထရံတွေ ရုပ်ပုံပေါ်အောင် စာဆိုနဲ့ ရက်တဲ့ အတတ်လည်း သင်ပေးတယ်'

ကျွန်တော့်မှာ စနေနေ့ မွန်းလွဲအချိန်မှစ၍ တနင်္ဂနွေနေ့ တစ်နေ့လုံး ဆွမ်းကျွေးကိစ္စဖြင့် အလုပ်များပြီး လူပန်းစိတ်ပန်း ဖြစ်နေသောကြောင့် ခါတိုင်းနေ့များလို ရုံးမှာပဲထိုင်ပြီး လုပ်ရိုးလုပ်စဉ် အလုပ်များကိုသာ လုပ်ချင်သည်။ ဆေးဆရာများထံသို့ မသွားချင်ပေ။ ဆေးဆရာများထံသို့ သွားရောက် စုံစမ်းမေးမြန်းရသည့် အလုပ်မှာ သက်သာသောအလုပ် မဟုတ်ပေ။ အထူးအားဖြင့် ကျွန်တော်သည် နေပူကိုလည်း ကြောက်သည်။ မိုးမိမည်ကိုကား ပို၍ပင် ကြောက်သည်။ ဆွမ်းကျွေးကိစ္စကြောင့် နှစ်ရက်တိုင်တိုင် အိပ်ပျက်နေပျက် ဖြစ်နေသဖြင့် အကယ်၍ မိုးမိပါက အအေးမိပြီး ဖျားမည်ကို စိတ်ထဲက ထိတ်နေသည်။ ဆေးဆရာကြီးများထံ ရောက်ပြန်တော့လည်း ကိုယ် မေးချင်တာ မေးပြီးထ ပြန်လာလို့ မဖြစ်သေး။ သူတို့ ပြောချင်တာတွေ လျှောက်ပြောနေတာကို ထိုင်ပြီး နားထောင်နေရတတ်သေးသည်။

နွေရာသီ အလွန်ပူပြင်းသော အချိန်ကလည်း ဆေးဆရာများထံ အဘိဓာန်အတွက် ဆေးနှင့်ပတ်သက်သော ဝေါဟာရများ၏ အနက်အဓိပ္ပာယ်ကို ကျွန်တော် လိုက်လံမေးမြန်း စုံစမ်းခဲ့ရဖူးသည်။ အဘိဓာန်အတွက် ဖြစ်သောကြောင့် ဆရာ တစ်ဦး နှစ်ဦးလောက် မေးရုံဖြင့်လည်း မကျေနပ်၊ လေးငါးခြောက်ဦး မေးရမှ ကျေနပ်သည်။

မြေနီကုန်း အာယုဗေဒ ဆေးဆရာကြီး ဦးစံတင့်ဆီကိုလည်း ရောက်သည်။ စမ်းချောင်း ကျွန်းတောလမ်း သဘာဝမွေဦးတင်ဝင်းထံလည်း ရောက်သည်။ ၎င်းအာယုဗေဒ ဦးမြသီးထံလည်း ရောက်သည်။ ကြည့်မြင်တိုင် ဌာနာလမ်း သိကြားဆေးတိုက် ဆရာကြီး ဦးပန်းမြိုင်နှင့် အာယုဝဏ္ဏဆေးတိုက် ဆရာကြီး

'အဲဒီ ဆရာကြီးက ပန်းပုတွေ၊ ပန်းပဲတွေလည်း သင်ပေးသလား ဆရာကြီး'

'အေး၊ သူက ပညာအမျိုးမျိုး တတ်တယ်ကွ။

'အဲဒီအရပ်က ရေလည်း ရှားတယ်၊ ခြင်လည်း သိပ်ကိုက်တာပဲ၊ ဆင်းရဲလိုက်တာ မပြောနဲ့တော့။ ငါ သုံးနှစ်ပြည့်အောင် မနေနိုင်ဘူး ဟော့၊ နှစ်နှစ်ပဲ နေနိုင်တယ်။ ပညာသင်ရတာ တယ် ဒုက္ခရောက်ပါလားလို့ အောက်မေ့မိတယ်'

အထက်ပါ စကားများမှာ ကြည့်မြင်တိုင် စမ်းချောင်း မင်္ဂလာလမ်း ကျိုက္ကလို့ဆရာကြီး ဦးဘိုးရင် ပြောသော စကားများ ဖြစ်သည်။

ကျွန်တော်သည် ဇူလိုင်လ ၂ ရက်နေ့က ကျိုက္ကလို့ ဆရာကြီး ဦးဘိုးရင်ထံသို့ ရောက်သွားသည်။ ကိစ္စကား ကျွန်တော်တို့ ဌာန (ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေး ဌာန) က ရေးသားပြုစုနေသော တက္ကသိုလ်မြန်မာအဘိဓာန် အတွဲ ၅-(ဆ အက္ခရာ) တွင် ပါဝင်သည့် ဆေးသေ၊ ဆေးရှင်၊ ဆေးရွေ့ ဆိုသော စကားလုံးများအတွက် အနက်အဓိပ္ပာယ်ကို မေးမြန်းစုံစမ်းရန် ဖြစ်သည်။

စာတည်းမှူး (ဆရာဦးဝန်) က ယင်းစာလုံးများ၏ အနက်အဓိပ္ပာယ်ကို ဆေးဆရာကြီးများထံ မေးမြန်းစုံစမ်းရန် ကျွန်တော့်ကို ခိုင်းသည်မှာ စနေနေ့ ရုံးဆင်းခါနီးက ဖြစ်သည်။ သို့ရာတွင် တနင်္ဂနွေနေ့ (၁-၇-၆၂) က ကျွန်တော့်မွေးနေ့အတွက် ဆွမ်းကျွေးနေရသဖြင့် ကျွန်တော် မမေးမြန်းနိုင်ခဲ့ပေ။ တနင်္လာနေ့ (၂-၇-၆၂ နေ့) ရုံးဖွင့်မှပင် ရုံးမှနေပြီး ဆရာများထံ သွားရသည်။

ဦးထင်ကျော်တို့ထံလည်း ရောက်သည်။ ထီးတန်း သဘာဝဓမ္မ ဆရာတော်နှင့် ဆရာကြီးများထံလည်း ရောက်သည်။ ဗဟန်း ဆရာကြွယ်နှင့် သဘာဝဓမ္မ ဆရာသန်း၊ ဆရာစိန်တို့ထံလည်း ရောက်သည်။ ပုဇွန်တောင် မြန်မာအေး ဆေးတိုက်နှင့် ဆရာမောင် ဆေးတိုက်သို့လည်း ရောက်သည်။ ဂွတ္တလစ် နီလာလမ်း မန္တလေး ဆရာခထံကိုလည်း ရောက်သည်။ တစ်ခါတစ်ရံ ဘယဆေးဆိုင်များကို သွား၍ ဘယဆေးများကို ဝယ်လိုက်ရသေးသည်။

ဆေးဆရာကြီးများမှာ များသောအားဖြင့် ဆေးပင်အကြောင်းထက် ဆေးအကြောင်း၊ ရောဂါအကြောင်းကိုသာ ပို၍ စိတ်ဝင်စားကြသောကြောင့် ကျွန်တော် သိချင်သည်က တစ်မျိုး၊ သူတို့ ပြောနေသည်က တစ်မျိုးဖြစ်ပြီး ကိုယ်သိချင်သည့် အချက်ကို ရောက်အောင် တော်တော် လုပ်ယူရသည်။ တစ်ခါတစ်ရံ ကျွန်တော်နှင့်လည်း မဆိုင်၊ နားလည်း မလည်သော ဆေးကောင်စီ အကြောင်းတွေကိုပင် အစမှ အဆုံးအထိ ပြောနေတတ်သဖြင့် ဘုမသိ ဘမသိနှင့် အင်းလိုက်နေရသေးသည်။

ဤအဖြစ်မျိုးကို မကြာမကြာ ကြုံရသဖြင့် ဆေးဆရာများထံသို့ သွားရောက် စုံစမ်းမေးမြန်းရသည့် အလုပ်မှာ သက်သာသော အလုပ် မဟုတ်ဟု ကျွန်တော် ပြောခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း အလုပ်တာဝန် ဖြစ်ရကား ရှောင်လို့ မရချေ။ သို့ဖြစ်၍ မြေနီကုန်း အာယုဗွေဒ ဆေးဆရာကြီး ဦးစံတင့်ထံ ပထမ သွားသည်။ ဆရာကြီး ဦးစံတင့်ကား အဘိဓာန်အတွက် အမြဲ အကူအညီ ပေးခဲ့သော ဆရာကြီးဖြစ်၍ အကြောင်းသိပြီး ဖြစ်နေလေပြီ။ ဆရာကြီး ဦးစံတင့်ထံမှ ကိစ္စပြီးသောအခါ စမ်းချောင်း

မင်္ဂလာလမ်း ကျိုက္ကလို့ဆရာကြီး ဦးဘိုးရင်ထံသို့ သွားသည်။ ဆရာကြီး ဦးဘိုးရင်အား ရှေးက တစ်ခါမျှ မမေးဖူးသေးချေ။

ဆရာကြီး ဦးဘိုးရင်မှာ အသက် ၈၀ ကျော်ပြီဟု သိရသည်။ သို့ရာတွင် ထိုင်းမှိုင်းလေးကန်ခြင်း မရှိ၊ ပေါ့ပါးဖျတ်လတ်လျက်ပင် ရှိသေးသည်။

ကျွန်တော်က ရန်ကုန်တက္ကသိုလ် မြန်မာအဘိဓာန် ရေးသားပြုစုသည့် ဌာနက ဖြစ်ကြောင်း၊ ဆေးနှင့်ဆိုင်သော အခေါ်အဝေါ် စကားကို အဓိပ္ပာယ် နားမလည်သဖြင့် ဆရာကြီးထံ မေးမြန်းရန် ဆည်းကပ်ရခြင်း ဖြစ်ကြောင်း ပြောကာ အသင့် ဆောင်ယူလာသော ကုသပျို့ အပိုဒ် ၁၁၆-မှ "ဘင်နာသုတ၊ ဓာတ်မျိုးစသည်၊ ပယောဂကျေ၊ မူလသေနှင့်၊ ဆေးသေဆေးရှင်၊ စုံလင်ထူးရာ၊ ဆုများစွာကို၊ သာဂလမင်း၊ ယူလော့နှင်းသည်။ ။ ခင်းကျင်းအံ့ဘွယ် သူရဲတည်း" ဟူသော အပိုဒ်ကို ဖတ်ပြီး 'ဒီအပိုဒ်မှာ ပါတဲ့ ဆေးသေ၊ ဆေးရှင်ဆိုတာ ဘယ်လိုဟာကို ခေါ်ပါသလဲ' ဟု မေးသည်။

ဆရာကြီးသည် ကျွန်တော် မေးမြန်းချက်ကို ဖြေကြားရင်းစကား ဆက်၍ ဆက်၍ ပြောသွားလေရာ၊ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည်အတိုင်း သူ ငယ်စဉ်က ပညာသင်ခဲ့ရပုံ အကြောင်းများသို့ ရောက်သွားလေသည်။

ကျွန်တော်သည် ဆရာကြီးရှေ့တွင် ပုဆစ်တုပ် ထိုင်နေရသည် ဖြစ်သော်လည်း ဆရာကြီး၏ ငယ်စဉ်က ပညာသင်ကြားခဲ့ပုံတို့ကို ကြားရသောအခါ အတော် စိတ်ဝင်စားလာသဖြင့် ညောင်းရမှန်း မသိပင် ဖြစ်၏။

'ငါးဆယ့်ငါးခုနှစ် (၁၂၅၅–ခု) က သာခုကန် တူးတယ်ကွ။ လူတွေ မနည်းပါဘူး၊ ငါးသိန်းလောက် ရှိလိမ့်မယ်။ ကုလားတွေ၊ တရုတ်တွေ၊ ရှမ်းတွေ၊ ကချင်တွေလည်း ပါတယ်။ အဲဒီနေရာက တောကြီးကွ၊ သစ်ပင်ကြီးတွေနဲ့ ဟိမဝန္တာတောကြီးပေါ့ကွာ။ နှစ်ဖက်လောက်ရှိတဲ့ ကျွန်းပင်ကြီးတွေလည်း ရှိတယ်၊ ဆင်နေ ကျားအောင်း တောကြီးပဲ။ ကင်းကြီးတွေလည်း ရှိတယ်။ ကင်းအခွံကြီးတစ်ခု ငါ့ကို လာပေးလို့ ရထားတာ အရှည် ၂ တောင်လောက် ရှိတယ်၊ ဗြက်က တစ်ပေ မရှိတရှိလောက် ရှိတယ်။ တောခုတ်သမား တစ်ယောက်ကို ကိုက်တာ သေရော။

'အဲဒီတုန်းက ကန်မင်းကြီး ဆိုတာ ရှိတယ်၊ သူက အုပ်ချုပ်ပြီး တူးတာ။ ၁၀–ပေကျင်းတစ်ကျင်း ခြောက်ပဲရတယ်၊ ကန်ကြီးဟာ ငါးမိုင်ရှိတယ်။ ခြောက်ဆယ့်လေးခု၊ ခြောက်ဆယ့်ငါးခု ကျမှ ပြီးတယ်။ လူတွေ ဖျားလိုက်နာလိုက်ကြတာ မနည်းဘူး၊ ဖျားပြီး သေလိုက်ကြတာလည်း အများကြီးပဲ၊ တောထဲမှာ အလောင်းတွေ မကောက်နိုင်ဘူး။ အဲဒီမှာ တို့ကို လာခေါ်တော့ သွားပြီး ဆေးကုရတယ်၊ အဲဒီ တောထဲက ဆေးပင်တွေနဲ့ပဲ ကုတာပဲ၊ အဲဒီတောထဲမှာ ဆေးပင်တွေလည်း အစုံရှိတယ်'

ဆရာကြီးသည် သူ ပညာသင်ကြားခဲ့ရပုံကို ပြောပြီး ဆေးစ၍ ကုပုံကို ပြောပြန်သည်။ ထိုနောက် သရစိမ်း မိဖုရားကြီးနှင့် တကွ ဆွေတော် မျိုးတော်များကို ဆေးကုရသည့်အကြောင်း ဆက်ပြန်သည်။ ဆရာကြီး ဦးဘိုးရင်၏ ကုနည်းကား လူနာ၏ ဇာတာကို တွက်ချက်ပြီး ဆေးပေးကုသသောနည်း ဖြစ်သည်။

ကျွန်တော်သည် ဆရာကြီး၏ စကားအရပ်တွင် စကားစဖြတ်ကာ ဆရာကြီးအား လက်အုပ်ချီ ကန်တော့ပြီး ထလာခဲ့

သည်။ တစ်လမ်းလုံးတွင် ဆရာကြီး ငယ်စဉ်က ပညာသင်ကြားခဲ့ပုံတို့ကို တွေးပြီး ဇွဲကောင်းကောင်းနှင့် တပည့်ခံနိုင်မှ ဆရာတစ်ယောက် ဆိုစလောက်အောင် ဖြစ်မြောက်နိုင်သည့် အကြောင်းကို စဉ်းစားလာမိသည်။

ဆရာဖြစ်ချင်လျှင် ကိုယ်က အလျင် တပည့်ခံရသည်။ တော်သောတပည့် ဖြစ်ပြီးမှ တော်သောဆရာ ဖြစ်နိုင်သည်။ တော်သောတပည့် မဖြစ်ဘဲ တော်သောဆရာ မဖြစ်နိုင်။ ဤသဘောကို စဉ်းစားရင်း "ငယ်ဦးမှ ကြီးရာသည်" ဆိုသော စကားကို သတိရလာသည်။

လူကြီးဖြစ်ချင်လျှင် အလျင် လူငယ်ဖြစ်ရဦးမည်။ တော်သောလူငယ် ဖြစ်ပြီးမှ တော်သောလူကြီး ဖြစ်နိုင်သည်။ တော်သောလူငယ် မဖြစ်ဘဲ တော်သောလူကြီး မဖြစ်နိုင်။ ယင်းသို့ စဉ်းစားလိုက်သောအခါ လူကြီးလူကောင်း ဖြစ်ဖို့အတွက် ရှေးဦးစွာ လူငယ်လူကောင်း ဖြစ်ရဦးမှာပါတကား၊ ဟု မှတ်ချက် ချမိပါသတည်း။ ။

[မြဝတီ၊ ဒီဇင်ဘာ ၁၉၆၂]

သူ၏ ရင်တွင်း၌လည်း ပီတိလိုင်းတွေ အလိပ်လိပ် တက်လာတတ်သည်။ ဖုံးကြလုံးကြသော စပါးပင်များကို ကြည့်ရှုကာ ဝါဝင်းသည့် စပါးနှံကြီးများ ထွက်ပေါ်လာတော့မည့် အရေးကို မြော်တွေးလျက် ဝမ်းသာနေတတ်သည်။ ဤအခါမျိုး၌ အလှူရေစက် လက်နှင့် မကွာတတ်သော မြန်မာများသည် မရသေးသည့် ချွေးနဲစာကို လှူချင်စိတ် ဖြစ်ပေါ်လာတတ်သည်။ ထိုအချိန်ကား ကထိန်ခင်းနိုင်သည့် ခေတ်နှင့် ကြဲကြိုက် တိုက်ဆိုင်လျက် ရှိလေသည်။ ယင်းသို့ မြန်မာတို့၏ သဘာဝ အခြေအနေနှင့် အဆင်ပြေနေသည့်အတွက် ကထိန်အလှူသည် မြန်မာနိုင်ငံ၌ မရိုးနိုင်အောင် ထာဝစဉ် ခေတ်စားလာခဲ့သည်။

ဆယ့်နှစ်ရာသီဘွဲ့ အမျိုးမျိုး ၂၅-တွင် "ဗိမာန်ကြီး ဘူမိန်မှာ၊ လှူကထိန် တန်ဆောင်ထွန်းသည်နှင့်၊ မှောင်ကျွန်းခြည်လွှဲ ကွန့်ပါဘီ၊ မိုးညွန့်ဗဟို..." ဟူ၍ လည်းကောင်း...။

ယင်း ၃၅-တွင် "ဘုန်းဂုဏ်ကြော့ သမ္ဘိန်မှာ၊ လှူကထိန် သဘင်ခင်းလို့၊ ကျင်းကြတယ်လေး" ဟူ၍ လည်းကောင်း...။

ယင်း ၃၉-တွင် "ခဝဲခိုင် ကြူကြူ ပေါ်တော့ကို၊ အလှူတော် ကထိန်ပွဲပေမို့၊ နွဲကြပျော်ပျော်..." ဟူ၍ လည်းကောင်း...။

ဦးယာ ဆို ၁၂-ရာသီဘွဲ့ လူးတားတွင် "ရွှေပွင့် ခဝဲ၊ ဝတ်မှုံကြဲလျက်၊ ထွတ်ကဲစိန္ဒေ၊ ရှင့်တော်မွေကို၊ ရိုသေညွတ်ကျိုး၊ မသိုးသင်္ကန်း၊ လှူဒါန်းရောင်ရှိန်၊ ကထိန်ပွဲခင်း၊ ကြိုင်သင်းပန်းမာလ၊ ဆုပန်မြွက်ဟ..." ဟူ၍ လည်းကောင်း...။

မယ်ခွေ ဆို ၁၂-ရာသီဘွဲ့ အဲချင်းတွင် "ဆီမီးကထိန်၊ မြောက်လေကကြိမ်သနင့်၊ တိမ်အဆာကျယ်" ဟူ၍ လည်းကောင်း...။

လှူကထိန်

သီတင်းဝါလ ကျွတ်သည် ဆိုလျှင်ပင် မြန်မာပြည် မြို့တိုင်း၊ ရွာတိုင်း၌ အိုးစည်သံ တထုန်ထုန်ဖြင့် ကထိန်ခင်းကြပေတော့မည်။ ဘာသာရေးနှင့် စပ်သည့် အလှူတို့တွင် ကထိန် အလှူသည် မြန်မာတို့ အထူး နှစ်သက်သည့် အလှူဖြစ်သည်။ မြန်မာတို့၏ သဘာဝ အခြေအနေနှင့် အဆင်ပြေနေသည့် အတွက်လည်း ကထိန်အလှူသည် မြန်မာနိုင်ငံ၌ မရိုးနိုင်အောင် ထာဝစဉ် ခေတ်စားခဲ့လေသည်။

လူတစ်ရာလျှင် ရှစ်ဆယ့်ငါးယောက်ခန့် ရှိသော မြန်မာလူမျိုးများမှာ လယ်သမားများ ဖြစ်ကြသည်။ လယ်သမားများတစ်မိုးတွင်းလုံး နွားနှင့်အတူ ကုန်း၍ ရုန်း၍ ထွန်ယက်စိုက်ပျိုးခဲ့ရသည့် စပါးပင်များသည် သီတင်းကျွတ်သော အခါ၌ ကောင်းစွာ ဖြစ်ထွန်းကြီးထွားလျက် အချို့မှာ အသီးအနှံ ထွက်ဖို့ရန်ပင် အရိပ်အယောင် ပြနေကြလေသည်။ ညိုမှောင်သော စပါးတောကြီးကို မြင်ရသောအခါ လယ်သမားသည် တစ်မိုးတွင်းလုံး ပင်ပန်းခဲ့သမျှကို မေ့သွားတတ်သည်။ လေတိုက်သဖြင့် စပါးတောကြီးတွင် လှိုင်းထသကဲ့သို့ အလိပ်အလိပ် ဖြစ်နေပုံကို ကြည့်ရင်း

သို့ရာတွင် ကထိန်ကား ယခု မြတ်စွာဘုရား သာသနာ၌ သာ ဖြစ်ပေါ်လာသည့်အလှူ မဟုတ်ပါချေ။ ရှေးရှေး ဘုရားရှင်တို့လက်ထက်ကလည်း ကထိန်အလှူ ပေါ်ပေါက်ခဲ့ပေသည်။ ယခု ကမ္ဘာမှ ပြန်၍ရေတွက်သော် လွန်ခဲ့သည့် တစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်းထက်ကလည်း ကထိန်အလှူ ဖြစ်ပေါ် ခေတ်စားခဲ့ကြောင်း ဗုဒ္ဓဝင်အရ သိရသည်။ ထိုအချိန်ကား ပဒုမ မည်သော မြတ်စွာဘုရား ပွင့်တော်မူချိန် ဖြစ်သည်။ ပဒုမ မြတ်စွာဘုရားသည် ဥသဘဝတီ မြို့တော်ကြီး၌ ဝါကပ် သီတင်းသုံးလျက် တရားရအေး တိုက်ကျွေးဟောကြားတော်မူလေရာ သာသနာတော်ကို ကြည်ညိုကြသဖြင့် မြို့သူမြို့သား အမြောက်အမြားပင် ရဟန်းပြုကြသည်။ ဝါကျွတ်သောအခါ၌ ရဟန်းသံဃာပေါင်း ၃ သိန်းခန့် ရှိသည်ဟု ဆိုလေသည်။ ရဟန်းမပြုနိုင်ကြသော မြို့သူမြို့သားများသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ကထိန်အလှူကြီးကို ကြီးကျယ်စွာ လှူကြသည်။ ယင်းသို့ ဗုဒ္ဓဝင် ပါဠိတော်နှင့် အဋ္ဌကထာများ၌ ပါရှိသောကြောင့် ရှေးရှေးသော ကမ္ဘာများကလည်း ကထိန်အလှူ ဖြစ်ပေါ် ခေတ်စားခဲ့ကြောင်း သိရလေသည်။

အဘယ့်ကြောင့် ကထိန်မည်သနည်း

ကထိန်ဟူသော အမည်သည် "ကထိန" ဟူသော ပါဠိဘာသာကို မြန်မာသံအားဖြင့် ခေါ်ဝေါ်သော အမည် ဖြစ်သည်။ "ကထိန" ၏ အဓိပ္ပာယ်ကား မြဲမြံခိုင်ခဲ့ခြင်း ဟူ၍ ဖြစ်သည်။ ကထိန်ခင်းလိုက်လျှင် ရဟန်းတော်များအတွက် ဤအလှူကြောင့် ဖြစ်ပေါ်လာသည့် အကျိုးအာနိသင် ငါးပါးသည် ကျောင်းတိုက်

အဝမြို့ဘွဲ့ ၁၂-ရာသီ လူးတားတွင် "အောက်ထက်ကျော် ရှိန်၊ ပြည့်ဆူချိန်သည် ကထိန်သင်္ကန်းတည့်လေး..." ဟူ၍ လည်းကောင်း... ဆယ့်နှစ်ရာသီဘွဲ့များတွင် ကထိန်အကြောင်း စပ်ဆိုကြသည်ကို ထောက်၍ ရှေးမြန်မာမင်းများလက်ထက် အဆက်ဆက်ကပင် ကထိန်အလှူ ခေတ်စားခဲ့ကြောင်း သိနိုင်ပေသည်။

မြန်မာနိုင်ငံ၌ မည်သည့်အခါက စ၍ ကထိန်အလှူ လှူဒါန်း ခေတ်စားခဲ့သနည်း ဆိုလျှင် ပုဂံကျောက်စာများ၌ပင် "တန်ဆောင်မှန် လပလည် ကထိန်ပိယ်သော အစစ်ရစသူနှင့် အငိ" (တန်ဆောင်မုန်းလပြည့် ကထိန်ပေးသော အစောရ စသူနှင့် အညီ) ဟု ပါရှိသည်ကို ထောက်၍ ပုဂံခေတ်ကပင် ကထိန်အလှူ လှူဒါန်းခြင်း ခေတ်စားခဲ့သည်ဟု ဆိုနိုင်ပေသည်။

ကထိန်အလှူသည် မြန်မာတို့၏ သဘာဝ အခြေအနေနှင့် အဆင်ပြေရုံသာ မဟုတ်သေး၊ ဘာသာရေး အလှူများတွင်လည်း ကြီးကျယ်ခမ်းနား ထူးခြားသော အလှူတစ်ခု ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ ဘုရားတိုင်း ချီးကျူးအပ်သော အလှူဖြစ်သည်ဟု ကျမ်းဂန်များ၌ ပါရှိလေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ကထိန်အကြောင်းကို ဝိနည်းပိဋကတ်၌ တစ်ခန်းဖွဲ့၍ ဟောကြားထားတော်မူသည်။ ဝိနည်းမဟာဝါ ပါဠိတော်၌ ကထိန်အခန်း ဟူ၍ စာမျက်နှာ ၂၀ ကျော်ခန့် အခန်းတစ်ခု ပါရှိသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကထိန်ခင်းရန် ခွင့်ပြု မိန့်ကြားတော်မူသည်။ ထိုအချိန်ကစ၍ ယခု သာသနာတော်၌ ကထိန်အလှူ စတင် ပေါ်ပေါက် လာသည်ဟု ဆိုရပေမည်။

အတွင်း၌ ၅ လ တိုင်တိုင် ခိုင်ခိုင်မြဲမြဲ တည်ရှိလေသည်။ ၅ လ အတွင်း ဤကထိန် မပျက်တော့ချေ။ ယင်းသို့ တစ်ကြိမ်တစ်ခါ တည်း ပြုလိုက်ရုံဖြင့် ကျောင်းတိုက်အတွင်း၌ ၅ လ တိုင်တိုင် ခိုင်ခိုင်မြဲမြဲ စွဲစိုက် တည်ရှိနေသော အလှူဖြစ်သောကြောင့် ၎င်း အလှူကို ကထိန်အလှူ၊ ၎င်းသင်္ကန်းကို ကထိန်သင်္ကန်းဟု ခေါ် သည်။

ကထိန်ခေတ်

ကထိန်အလှူသည် သူ့အချိန်နှင့်သူ လှူရသော ကာလဒါန မျိုး ဖြစ်သည်။ ကထိန်ခင်းရသည့် ခေတ်ကာလကား သီတင်း ကျွတ် လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့ အထိ တစ်လသာ ဖြစ်သည်။ သီတင်းကျွတ် လပြည့်နေ့၌ ကထိန် မခင်းရ၊ တန်ဆောင်မုန်း လပြည့်နေ့ည အရဏ်တက်၍ လပြည့် ကျော် တစ်ရက်နေ့ ရောက်သွားလျှင်လည်း ကထိန်မခင်းနိုင်တော့ ချေ။ ဤဆိုခဲ့သော တစ်လအတွင်း၌သာ ကထိန်ခင်းရသည်။ ထို့ပြင် ကျောင်းတိုက်တစ်ခု၌ တစ်ကြိမ်သာ ကထိန်ခင်းရသည်။ ၂ ကြိမ်၊ ၃ ကြိမ် ထပ်၍ မခင်းရ။

ကထိန်သင်္ကန်း

ကထိန်၏ အလှူဝတ္ထုမှာလည်း သင်္ကန်းသာ ဖြစ်သည်။ ရဟန်းတော်များ အသုံးပြုနိုင်သည့် သင်္ကန်း ၉ မျိုးအနက် ၁-သင်းပိုင်၊ ၂-ကိုယ်ဝတ် ဧကစီ၊ ၃-နှစ်ထပ် သင်္ကန်း ဟူသော သင်္ကန်း ၃ မျိုးသာ ကထိန်သင်္ကန်း ဖြစ်နိုင်သည်။ ယင်းသင်္ကန်း ၃ ထည်အနက် တစ်ထည်ထည်ဖြင့် ကထိန်ခင်းရသည်။ ၂ ထည်၊

၃ ထည် မခင်းရ။ အကယ်၍ ဒါယကာက တိစီဝရိတ် သင်္ကန်း ၃ ထည် လှူစေကာမူ ၎င်းတို့အနက် ၂ ထပ်သင်္ကန်းဖြင့် ကထိန်ခင်းရသည်။ ဒွိစုံလှူလျှင်ကား ဧကစီဖြင့် ခင်းရသည်။ စင်စစ်အားဖြင့်ကား ၂ ထည်၊ ၃ ထည် အနက် မိမိခင်းလိုရာ တစ်ထည်ဖြင့်သာ ကထိန်ခင်းရသည်။ ကထိန်ခင်းသည့် သင်္ကန်း ကို ဥတ်သင်္ကန်းဟုလည်း ခေါ်သည်။ သံဃာများက ထိုသင်္ကန်း ကို ကထိန်ခင်းမည့် ရဟန်းအား ဥတ်ကမ္မဝါ ဖတ်၍ ပေးရသော ကြောင့် ဥတ်သင်္ကန်းဟု ခေါ်ခြင်း ဖြစ်သည်။

ကထိန်သင်္ကန်းသည် ဝိနည်းနှင့်ညီအောင် သေချာစွာ ဖြတ် ၍ ချုပ်ပြီး ဆိုးထားသောသင်္ကန်း ဖြစ်ရသည်။ မဖြတ်ဘဲ ချုပ်ရိုး ဖြစ်အောင် ချုပ်ထားသော သင်္ကန်းမျိုး၊ ဆိုးရည်မဝသော သင်္ကန်း ဖြင့် ကထိန်မခင်းရ။ ၎င်းပြင် တစ်စုံတစ်ယောက်က ဟောပြော တိုက်တွန်း ဆွယ်မြှူ အလှူခံသောကြောင့် လှူရသော သင်္ကန်း မျိုးဖြင့်လည်း ကထိန်မခင်းရ။ အလိုအလျောက် သဒ္ဓါပေါက်၍ လှူဒါန်းသော သင်္ကန်းမျိုး ဖြစ်မှသာ ကထိန်ခင်းအပ်သည်။ အမိ အရင်းကို သော်မှ ကထိန်သင်္ကန်း လှူရန် မပြောအပ်။ အလို အလျောက် မိုးပေါ်ကကျသော ပစ္စည်းပမာ စင်ကြယ်သော သင်္ကန်း မှသာ ကထိန်ခင်းအပ်သည်ဟု အဌကထာ၌ ဆိုသည်။

ကထိန်ခင်းပုံ

ဆိုခဲ့သည့် ကထိန်ကာလ တစ်လအတွင်း တစ်ရက်ရက်တွင် ကထိန်ဒါယကာက ကထိန်ခင်းရန် လှူဒါန်းမည့် သင်္ကန်းကို ကျောင်းတိုက်ရှိ သံဃာတော်များထံသို့ ယူဆောင်ပြီး သံဃိက အဖြစ် လှူဒါန်းရသည့်။ ယခုခေတ်၌ အများအားဖြင့် ကထိန်

အခါ ယင်းသံဃာက တစ်ဖန် ကထိန်ခင်းထိုက်သည့် ရဟန်းအား ရွေးချယ်ပြီး သိမ်ထဲတွင် ဥတ်ကမ္မဝါဖတ်၍ ပေးရသည်။ ထို ကျောင်းတိုက်၌ ပထမဝါဆိုပြီး ဝါကျွတ်ခဲ့သော ရဟန်းများသာ ကထိန်ခင်းထိုက်သဖြင့် သံဃာသည် ကထိန်သင်္ကန်း ပေးရန် ပုဂ္ဂိုလ်ကို ရွေးချယ်သောအခါ ဝိနည်းကျွမ်းဂန်အရ ဤကျောင်း တိုက်၌ ပထမ ဝါကျွတ်ခဲ့သော ရဟန်းထဲတွင် သင်္ကန်းမရှိ၊ နွမ်းပါးသော ရဟန်းကို ပထမ ဦးစားပေး၍ ရွေးချယ်ရသည်။ သင်္ကန်း မရှိ၊ နွမ်းပါးသော ရဟန်းကို မတွေ့မှသာ ထေရ်ဝါအကြီးဆုံး ရဟန်းကို ပေးရလေသည်။

မသိုးသင်္ကန်း

သင်္ကန်းကို လက်ခံရရှိသော ရဟန်းသည် ထိုနေ့အတွင်း၌ ပင် ကထိန်ခင်းရသည်။ နေ့မကူးကောင်းပေ။ အကယ်၍ ကထိန် သင်္ကန်းသည် သင်္ကန်းမချုပ်ရသေးသည့် ဖျင်ပိုင်းဖြစ်လျှင် ထိုနေ့ အတွင်း ချက်ချင်း သင်္ကန်းဖြစ်အောင် ချုပ်လုပ်ပြီး နေ့မကူးမီ၊ အရုဏ်မတက်မီ အတွင်း ကထိန်ခင်းရသည်။ ဝိနည်း၌ နေ့ရက်ကို အရုဏ်ဖြင့် ပိုင်းခြားသည်။ အရုဏ်မတက်မီ ဤဘက်သည် ယနေ့ဖြစ်၍ အရုဏ်တက်ပြီးလျှင် နက်ဖြန် ဖြစ်သွားတော့သည်။ ယင်းသို့ အရုဏ်မတက်မီ၊ နေ့မကူးမီ ပြီးအောင် ချုပ်လုပ်ရသော ကြောင့် ကထိန်သင်္ကန်းကို မသိုးသင်္ကန်း ဟူ၍လည်း ခေါ်သည်။ ယခုခေတ်၌ကား ချုပ်ပြီး၊ ဆိုးပြီးသား ဖြစ်သော သင်္ကန်းများကို သာ ကထိန်ခင်းရန် လှူကြသောကြောင့် ကထိန်သင်္ကန်းကို မသိုး သင်္ကန်းဟု မခေါ်ကြဘဲ စေတီ ရုပ်ပွားဆင်းတုများအတွက် ည

သင်္ကန်းကို အခြားသော လှူဖွယ်ဝတ္ထုများနှင့် အတူ ပဒေသာပင် သီးကာ အတီးအမှုတ် အကအခုန်တို့ဖြင့် ကျောင်းသို့ ယူဆောင် ကြသည်။ အချိန် ကျရောက်သောအခါ သံဃာတော်များ ရှေ့၌ ဒါယကာက ကထိန်သင်္ကန်းကို ကိုင်ကာ "ဣမံ ကထိနံ စီဝရံ သံဃဿ ဒေမ" (ဤကထိန်သင်္ကန်းကို သံဃာအား လှူပါ၏)၊ "သံဃော ဣမိနာ ကထိနံ အတ္ထရတု" (သံဃာသည် ဤသင်္ကန်း ဖြင့် ကထိန်ခင်းတော်မူပါ) ဟု ဆို၍ လှူရသည်။ ပထမစာပိုဒ် တစ်ခုတည်းဖြင့်လည်း ဆို၍ လှူနိုင်သည်။ ကထိန်သင်္ကန်းသည် သံဃိကသင်္ကန်း ဖြစ်သည်။ သံဃာကိုသာ လှူရသည်။ ပုဂ္ဂိုလ်ကို ရည်မှန်း၍ မလှူအပ်။ အကယ်၍ ထိုကျောင်း၌ သံဃာပြည့် အောင် မရှိလျှင် အခြားသောကျောင်းမှ ရဟန်းများကို သံဃာပြည့် အောင် ပင့်ရသည်။ ကမ္မဝါဖတ်မည့် ရဟန်း ၄ ပါး၊ ကထိန်ခံမည့် ရဟန်းတစ်ပါးအားဖြင့် အနည်းဆုံး သံဃာ ၅ ပါး ပြည့်အောင် ပင့်ရသည်။

ကထိန်သင်္ကန်း လှူရာ၌ သံဃိက မြောက်ရန် အရေးကြီး သည်။ များသောအားဖြင့် ကထိန်အလှူများတွင် ကျောင်းထိုင် ဘုန်းကြီးကသာ ကထိန်သင်္ကန်းကို ရရှိသောကြောင့် အချို့သော ဒါယကာ၊ ဒါယိကာမတို့၏ စိတ်၌ ကထိန်သင်္ကန်း ဆိုသည်မှာ ကျောင်းထိုင်ပုဂ္ဂိုလ်နှင့်သာ ဆိုင်သည့်သင်္ကန်း ဖြစ်သည်ဟု မှတ် ထင်ကာ မလှူခင်ကပင် ကျောင်းထိုင်ပုဂ္ဂိုလ်သို့ စေတနာ ရောက် နေလျက် လှူသောအခါ၌လည်း ကျောင်းထိုင်ပုဂ္ဂိုလ်သို့ပင် ရည် ညွှန်းတတ်ကြသည်။ သံဃိက မဖြစ်မြောက်ဘဲ ပုဂ္ဂလိကသင်္ကန်း ဖြစ်က ကထိန်မခင်းအပ်ပေ။ ယင်းသို့ သံဃာအား ဆက်ကပ် လှူဒါန်း၍ သံဃာ့လက်သို့ ကထိန်သင်္ကန်း ရောက်သွားသော

၁။ ရဟန်းများသည် နေလွဲသောအခါ ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ဒါယကာအိမ်သို့ မသွားအပ်ချေ။ သွားလျှင် အာပတ်သင့်သည်။ ကထိန်အာနိသင် ရလျှင်ကား သွားနိုင်သည်။ အာပတ် မသင့်ချေ။

၂။ တိစီဝရိတ် ဆောင်သော ရဟန်းသည် ၂ ထပ်သင်္ကန်းကြီးကို သွားလေရာ ဆောင်ယူရသည်။ ကင်းကွာလျှင် အာပတ်သင့်သည်။ ကထိန်အာနိသင် ရလျှင် မဆောင်ဘဲ သွားနိုင်သည်။ အာပတ် မသင့်။

၃။ ရဟန်းသည် သင်္ကန်း ၃ ထည်သာ ရှိရသည်။ အကယ်၍ အပိုရှိလျှင် ဝိနည်းတော်အရ အပ်စပ်အောင် လုပ်ထားရသည်။ ယင်းသို့ မဟုတ်ဘဲ အပိုထားလျှင် အာပတ်သင့်၏။ ကထိန်အာနိသင် ရလျှင်ကား အလိုရှိသလောက် သင်္ကန်းအပို ထားနိုင်သည်။ အာပတ် မသင့်။

၄။ လူတို့၏ အသုံးအနှုန်းမျိုးဖြင့် သုံးနှုန်း၍ ဖိတ်မန်ခြင်းကို ရဟန်းများ မသုံးဆောင်အပ်။ ကထိန်အာနိသင် ရလျှင် အပ်သည်။

၅။ ထိုကျောင်းတိုက်၌ ဖြစ်ပေါ်လာသမျှ သံဃိက သင်္ကန်းများကို ကထိန်အာနိသင် ရသော ရဟန်းများသာ ရနိုင်ခွင့် ရှိသည်။

ဤကား ကထိန်ခင်းခြင်းကြောင့် ရဟန်းတော်များ လက်ငင်း ခံစား ရရှိသည့် အာနိသင်ငါးပါး ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရား ပညတ်တော်မူထားသည့် ဝိနည်းသိက္ခာပုဒ်များကား မည်သူမျှ မဖျက်နိုင်သော ပညတ်များ ဖြစ်သည်။ ယင်း အာဏာတော် ပညတ်ချက်ကိုပင် ကထိန်အလျှူက ၅ လအထိ ကင်းလွတ်ခွင့်

တွင်းချင်း ပြီးအောင် ရက်လုပ်၍ အရာဏ်မတက်မီ လှူသော သင်္ကန်းကိုသာ မသိုးသင်္ကန်းဟု ခေါ်ကြလေသည်။

ကထိန်သင်္ကန်းကို လက်ခံရရှိသော ရဟန်းသည် လက်ရှိ ဝတ်ရုံနေသော သင်္ကန်းကို ဝိနည်းအတိုင်း စွန့်ပယ်ပြီး ကထိန် သင်္ကန်းကို အဓိဋ္ဌာန်တင်ကာ (မိမိသင်္ကန်းဟု အသိအမှတ်ပြုကာ) "ဤ ၂ ထပ်သင်္ကန်းဖြင့် ကထိန်ခင်းပါ၏" ဟု ၃ ကြိမ်ဆို၍ ခင်းရသည်။ ထို့နောက် ဤကျောင်းတိုက်ရှိ ရဟန်းတို့အား "မိမိသည် သံဃာ၏ ကထိန်ကို ခင်းပြီးပြီ ဖြစ်ကြောင်း၊ ယခု ကထိန် ခင်းခြင်းသည် ဝိနည်းတရားတော်နှင့် ညီညွတ်ကြောင်း၊ ဝမ်းမြောက် ကြစေလိုကြောင်း" ပြောကြားရသည်။ ရဟန်းများက ဝမ်းမြောက် ကြောင်း ပြန်၍ ပြောရသည်။ ယင်းသို့ ရဟန်းများက ဝမ်းမြောက် ကြောင်း ပြောကြားပြီးလျှင် ကထိန်ခင်းခြင်းကိစ္စ အလုံးစုံ ပြီးလေ တော့သည်။ ခင်းသော ရဟန်းနှင့် ဝမ်းမြောက်ကြောင်း ပြောကြား ရသော ရဟန်းများ အားလုံးပင် ကထိန်၏ အာနိသင်ငါးပါးကို ခံစားရလေသည်။

ကထိန်အာနိသင်

ကထိန်အလှူကား ထူးခြားသောအလှူ ဖြစ်သည်။ အခြား အလှူများ၌ အလှူကို ခံယူရသော ရဟန်းသည် ထိုဝတ္ထုကို သုံး ဆောင်ရခြင်းမှ တစ်ပါး အခြား အကျိုးကျေးဇူး အထူး မရှိတော့ ချေ။ ကထိန်အလှူကား ထိုသို့ မဟုတ်ချေ။ ကထိန် အာနိသင် ရသော ရဟန်းများသည် တပေါင်းလပြည့်နေ့ အထိ သိက္ခာပုဒ် အချို့မှ လွတ်လပ်ခွင့် ရလေသည်။

ရစေနိုင်သည်။ ကထိန်အလှူကား ထူးမြတ်သော အလှူပေတကား။

ထူးမြတ်သောအလှူ ဖြစ်သောကြောင့်လည်း ရှေးရှေး ဘုရားရှင်တို့၏ လက်ထက်ကစ၍ ခေတ်စားလာခဲ့လျက် ကျွန်ုပ်တို့၏ ဗုဒ္ဓမြတ်စွာဘုရားလည်း တခမ်းတနား ဟောကြား ခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်ပေသည်။ မြန်မာများ အဖို့၌ကား အလှူက ထူးမြတ်သည့်အပြင် မိမိတို့၏ သဘာဝ အခြေအနေနှင့်လည်း အဆင်ပြေနေသောကြောင့် ဤတစ်လ အချိန်အခါတွင် မြန်မာပြည် မြို့တိုင်း၊ ရွာတိုင်း၊ ကျောင်းတိုင်း၌ ကထိန်ပွဲများ ကျင်းပကာ ဥတ်သင်္ကန်းအတွက် သူ့ထက်ငါ အလှူပါဝင်လျက် မြန်မာလူမျိုးတိုင်းပင် ကထိန်ဒကာအဖြစ် ခံယူကြလေသည်။ ။

[မြဝတီ၊ နိဝင်ဘာ ၁၉၅၉]

တစ်ကြိမ်တစ်ခါဖူးမျှ စုစည်းထုတ်ဝေခြင်း
မပြုရသေးသည့် စာများကို -

- ဘာသာရေး စာပန်းချီ
- စာအုပ်စာပေ
- ယဉ်ကျေးမှု အထွေထွေ ဟူ၍

ကဏ္ဍ ခွဲခြား တင်ဆက်ခြင်း။

အုံဖွယ်စာရေးဆရာ

[ထာဆာ စာဝေ၊ ယဉ်ကျေးမှု အထွေထွေ]

ဒဂုန်ဦးထွန်းမြင့်